www.burmeseclassic.com



တက္ကသိုလ်

# နေလင်းဘောင်

သိုင်းတုံ့ပွင့်လျှံ ပလွေသံ

နေဝန်းသစ်စာပေ

စာစဉ် - ၃

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၁၄၆၄/၂၀၀၁)(၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၇၆/၂၀၀၂) (၁)

၂၀၀၂-ခုနှစ်
အုပ်ရေ-၄၀၀
တန်ဖိုး-၃၂၀

ထုတ်ဝေသူ
ဦးညွန့်ဌေး၊ စိန်ပန်းမြိုင်စာပေ
၂၃-အေ၊ ဦးကောင်းလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးလှသိန်း၊ လှသိန်းဦးပုံနှိပ်တိုက်
၁၂-ဒါနလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်၊
အမှတ်-၉၆၊ ၁၁-လမ်း၊ လမ်းမတော်၊
ရန်ကုန်မြို့။

တက္ကသိုလ် နေလင်းအောင်

# သိုင်းတုံပွင့်လျှို ပလွေသံ

စာစဉ် (၃)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

စည်းကမ်းလိုက်နာ သေးကင်းကွာ
ရိုးသား ကြိုးစား လုပ်အားဖြင့် နိုင်ငံတည်
ရပ်ရွာအေးချမ်းစေလို ဥပဒေရိုပ်ကိုခို

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၈

# အခန်း (၃၃)

### ပိတ်စနတ်တဇလးနှစ်ခု

အရှက်ကျင်းနေလေပြီ။

သို့သော် အလင်းရောင်သည် ဝူချန်မြို့ပေါ်သို့ ဖြန့်ခင်းနိုင်ခြင်းမရှိသေးပေ။ အဘယ်ကြောင့်ဆိုသော် သိပ်သည်းစွာ ကျရောက်နေသည် နှင်းများက အလင်းရောင်ကို ကာဆီးထားသောကြောင့် ဖြစ်ပေ၏။

မည်သို့ပင် နှင်းကျနေသည်ဖြစ်စေ ဝူချန်မြို့၏အပြင်ဘက် မြို့ပတ် မြေဝါလမ်းမပေါ်တွင် ရထားလုံးတစ်စီး အပြေးနှင်လျက် ရှိနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တခွပ်ခွပ်မြည်နေသည့် မြင်းခွာသံနှင့် တအီအီမြည်နေသော လှည်းဝင်ရိုးသံများက မြင်းရထားထဲ၌ ပါလာသော ခရီးသည်များ ကိုသာမက မြင်းလှည်းမောင်းသမားကိုပါ အိပ်ငိုက်စေခဲ့ပေသည်။

မြင်းလှည်းမောင်းသူသည် အအေးဒဏ်ခံနိုင်စေရန် ဆိတ်သားရေအင်္ကျီကို ဝတ်ဆင်ထားသည်။ မြက်ဦးထုပ်ရှည်ကြီးကိုလည်း ဆောင်းထားသည်။ သူ[illegible]ထဲမှ ကျာပွတ်ရှည်ကြီးကလည်း လေထဲ၌ အချိန်မှန်မှန် တရွှမ်းရွှမ်း ပျံဝဲနေသည်။

သို့သော် သူ အိပ်ငိုက်နေသည်သာ ဖြစ်၏။ သူ အိပ်ငိုက်နေခြင်းကို ဖုံးကွယ်နိုင်ရန် မြင်းဦးထုပ်ကြီးကို ရှေ့သို့ တမင်စောင်းငိုက်ချထားခြင်းဖြစ်သည်။

သူ ဤကဲ့သို့ အိပ်ငိုက်လျက် လှည်းမောင်းနိုင် စေသည့် အကြောင်းအချက်ကား သူ့ မြင်းကြီးများသည် ဤခရီးလမ်းကို အခေါက်ခေါက် အခါခါကူးသန်းသွားလာဖူးခြင်း ပေတည်း။

မြင်းဇက်ကြိုးကို အသာ ထိန်းပေးထားရုံဖြင့် သူ့ခရီးလမ်း ဝူချန်မြို့ထဲသို့ မြင်းကြီးများက အလိုအလျောက် ပြေးဝင်လာနိုင်ခြင်း ဖြစ်တော့သည်။



မကြာမီ မြင်းရထားသည် ဝူချန်မြို့ထဲသို့ တဝေါဝေါ ပြေးဝင်လာတော့သည်။ မြင်းလှည်းသည်တစ်နေရာ၌တဖြည်းဖြည်း ရပ်သွားရာ အထဲမှ အိပ်မှုန်စုံမွှားဖြင့် မေးလိုက်သည့် အသံပေါ်လာသည်။

"ဝူချန်မြို့ကို ရောက်ပြီလားဟေ့"

မြင်းလှည်းသမားသည် သူ၏ ကျာပွတ်ကို လိမ်ခွေ သိမ်းဆည်းရင်း....

"ရောက်ပြီပေါ့ဗျာ၊ ဒီလောက် မောင်းလို့မှ ဝူချန်မြို့ထဲကို မရောက်သေးဘူးဆိုရင် ကျုပ်ကို 'မြင်းလှည်းမောင်းသမား'လို့ဘယ်သူက ခေါ်တော့မှာလဲ၊ဘယ်ခရီးသည်ကလဲ ကျုပ်ကို ငှားတော့မှာလဲဗျ'

ထိုစဉ် မြင်းများက ရှေ့သို့တစ်လှမ်းနှစ်လှမ်း ထွက်သွားသဖြင့် မြင်းလှည်းသမားက စိတ်သပ်လျက် မြင်းများကို ရပ်တန့်စေလိုက်ရသည်။

ခရီးသည် သုံးဦးသည် မြင်းလှည်းခေါင်မိုးနှင့် သူတို့၏ ဦးခေါင်းများ မတိုက်မိစေရန် ခေါင်းငုံ့၍ ဆင်းသက်လာကြလေ၏။ ရှေ့ဆုံးမှဆင်းသက်လာသူက ဝူချန်မြို့ ဟုတ်၊ မဟုတ် အကဲခတ်ဟန်ဖြင့် ပတ်ဝန်းကျင်ကို လှမ်းကြည့်သည်။

"ရာသီဥတုက အတော်အေးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ရာသီဥတုအကြောင်းမှတ်ချက်ချပြီး ထွက်ခွာသွားသည်။ သူ့နောက်မှ လူနှစ်ယောက်လည်း ထက်ကြပ်မကွာ ပါသွား၏။

မြင်းလှည်းမောင်းသမားသည် ထိုသုံးဦး နှင်းမှုန်ထဲ ပျောက်သွားသည်အထိ လှမ်းကြည့်နေလိုက်သည်။ ယိုလူသုံးဦး ပျောက်ကွယ်သွားသော အခါမှ လှည်းခေါင်မိုးကို ဒေါက်ဒေါက် ခေါက်လိုက်သည်။

"ဆရာတို့...ခင်ဗျားတို့လဲ ဆင်းနိုင်ပြီဗျို့၊ ရှုချန်မြို့ကို ရောက်နေပြီ"

မြင်းလှည်းထဲမှ ချောင်းဟန့်သံတစ်ချက် ပေါ်လာသည်။

"အစ်ကိုကြီး၊ ရှုချန်မြို့ကို ရောက်လာပြီတဲ့"

အိပ်မှုန်စုံမွှားပြောလိုက်သည့် အသံသည် တစ်ဆက်တည်း ပေါ်လာ၏။

မြင်းလှည်းထဲမှလှုပ်ရှားသံများထွက်ပေါ်လာပြီး အသားဖြူဖြူ လူငယ်တစ်ယောက်ထွက်လာ၏။

သူ့နောက်မှ ရုပ်ဆိုးဆိုး လူငယ်တစ်ယောက် ထွက်လာပြန်သည်။ အသားဖြူဖြူလူငယ်သည် ဂတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်၏။

"ဟား...နှင်းတွေကလဲ ဝေနေလိုက်တာ၊ ဘာဆိုဘာမှ တောင် မမြင်ရတော့ဘူး၊ဒီလို အေးအေးချမ်းချမ်းမှ နေလို့ကောင်းတာ"



သူသည် ပြောရင်း သူ့အင်္ကျီပေါ်သို့ တဖွဲဖွဲ ကျလာသော နှင်းမှုန်များကို လက်ဖြင့်ခါချလိုက်သည်။

သူ့ဝတ်စုံသည် သစ်လွင်မှု မရှိပါ။သို့သော် မူလ အပြာရောင်ကတော့ တောက်ပနေပါသေးသည်။

ခေါင်မိုးပေါ်၌ ထိုင်နေသည့် မြင်းလှည်းသမားသည် ထိုလူငယ်နှစ်ဦးကို အကဲခတ်လျက်ရှိရာမှ အလိုက်အထိုက် ပြန်ပြောလေ၏။

"ကျုပ်အဖို့လဲ ရာသီဥတုအေးမှ ခံသာတာဗျ၊ဒါပေမယ့် သိပ်အေးတော့လဲ သိပ် မနိုပ်ပါဘူး၊ လေတိုးတဲ့ဒဏ်ကလဲ မသေးဘူးဗျ"

အသားဖြူဖြူလူငယ်က ပြုံးလိုက်ပြီး...

"ဒီလိုပေါ့ဗျာ၊ သမ္မာအာဇီဝ လုပ်ကိုင် စားသောက်တဲ့လူတွေအဖို့တော့ ထိုက်သင့်သလို ဒုက္ခခံပြီးမှ ပိုက်ဆံရကြတာပဲ၊ ဒီပိုက်ဆံကလဲ ကိုယ့်လက်ထဲမှာ မြဲတတ်ပါတယ်ဗျ၊ ထဲ...ကျုပ်တို့လဲ သွားမယ်"

မြင်းလှည်းသမားက....

"ကောင်းပါပြီဗျာ၊ လိုရာ ကြွကြွပါတော့"

အသားဖြူဖြူ လူငယ်သည် ရုပ်ဆိုးဆိုးလူငယ်၏ ပခုံးကို ဖက်လျက် မြင်းလှည်းအနီးမှ ထွက်ခွာသွားလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်း မောင်းသမားသည် ထို လူငယ်နှစ်ဦးကို ငေးကြည့်ပြီး တဖွစ်တောက်တောက် ပြောနေလေသည်။

"ဟင်း...လောကကြီးများ တယ်ဆန်းတာပဲ၊ဒီလိုရုပ်ချောတဲ့လူနဲ့ ရုပ်ဆိုးတဲ့လူ နှစ်ယောက်ကိုများ ညီအစ်ကို ဖြစ်စေလိုက်သလား မသိဘူး၊ ညီအစ်ကို အရင်းသာဆိုရင်တော့ တကယ့်ကိုအံ့သြစရာကောင်းတယ်၊ဟိုတစ်ယောက်ကရုပ်ဆိုးလိုက်တာ လွန်ပါရောပဲ၊ တောထဲမှာသာတွေ့ရင် မျောက်တစ်ကောင်လို့ ထင်မိမှာပဲ"

သူသည် တဖွစ်တောက်တောက်ပြောရင်းမှ သူ့ ကျာပွတ်ကို ရွှမ်းခနဲ ရိုက်လိုက်သည်။

မြင်းကြီးများသည် မြင်းလှည်းကို တအိအိ ဆွဲသွားကြသည်။

အရှိန်ရသောအခါမှ တစ်ရှိန်ထိုး ပြေးသွားကြလေသည်။

နှင်းမှုန်ထဲ၌ လမ်းလျှောက်နေသည့် လူငယ်နှစ်ယောက်အနက် အသားဖြူဖြူ လူငယ်က ကျန်တစ်ယောက်အား လှမ်းမေးလိုက်သည်။

"ညီလေး...မြင်းလှည်းစီးရတဲ့ အရသာ ဘယ့်နှယ်လဲ၊ စည်းစိမ် ရှိရဲ့လား"



"တစ်မျိုးကြီးပါပဲ အစ်ကိုကြီးရာ၊ကျွန်တော်တော့ ကိုယ့်ဟာကိုယ် ပြေးရတာလောက် အားမရပါဘူး"

"ဟား...ဟား...ဟား၊ ဒီမြို့ထဲမှာ အကြောင်းမရှိဘဲ လျှောက်ပြေးနေရင် အရူးဆိုပြီး ဝိုင်းရယ်ကြလိမ့်မယ်ကွ"

"ကျွန်တော်က စိတ်ထဲရှိတာ ပြောတာပါ၊ အစ်ကိုကြီးနဲ့ အတူတူရှိနေသမျှ ကာလပတ်လုံး ကျွန်တော်မပြေးပါဘူး အစ်ကိုကြီးရဲ့"

"မင်း ကျင်လည်ခဲ့တဲ့ တောတောင်တွေ၊ ရေအိုင်တွေနဲ့ အခု တွေ့ရတဲ့ မြင်ကွင်း ဘယ်လိုများ ကွာခြားသလဲ ညီလေးရဲ့"

"ဟာ...အခု မြင်ရတာတွေက တယ်ပြီး မျက်စိရှုပ်တာပဲ၊ အစ်ကိုကြီးလဲတွေ့သားပဲ၊ ကျွန်တော်တို့တောက သိပ်ပြီး အေးချမ်းတယ်"

အသားဖြူဖြူ လူငယ်က အရုပ်ဆိုးဆိုးလူငယ်၏ ပခုံးကို တဖျပ်ဖျပ်ပုတ်ပြီး နှစ်သိမ့်စကား ပြောကြားလေ၏။

"ဒါက မြို့ပေါ်မှာမို့ လို့ ဒီလောက် မျက်စိရှုပ်တာပါ၊ ကျေးလက်တောရွာဆိုရင် ဒီလောက် မျက်စိမရှုပ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ညီလေးအနေနဲ့ အားလုံးကို လေ့လာရမှာပဲ၊ သူများတွေ ပြောတာဆိုတာ လုပ်တာကိုင်တာတွေကို အတုယူပါ ညီလေး"

www.burmeseclassic.com



သူတို့ ဆက်လက် လျှောက်လာကြရာ မကြာမီ နှင်းကွဲစပြုနေလတော့၏။

ထိုသူ နှစ်ယောက်အနက် အသားဖြူဖြူ လူငယ်မှာ ဆန်ကွမ်းချီဖြစ်ပြီး အရှုပ်ဆိုးဆိုးလူငယ်မှာ ယွမ်ရှောက် ဖြစ်ပေသည်။

ဆန်ကွမ်းချီသည် လူ့အသိုင်းအဝိုင်း ဓလေ့ထုံးစံများကို အတုယူရန် ယွမ်ရှောက်အား သင်ပြလာခြင်း ဖြစ်သည်။

ယွမ်ရှောက်သည် ဆန်ကွမ်းချီပြောသမျှ ခေါင်းတညိတ်ညိတ် လုပ်လာလေ၏။

ဆန်ကွမ်းချီသည် စားသောက်ဆိုင်အတွင်း ဝင်ကာ နံနက်စာ စားသောက်ကြ၏။

ယွမ်ရှောက်သည် ဆန်ကွမ်းချီ စားသောက်သည်ကို ကြည့်၍ ကျနြေရရ စားသောက်နိုင်ခဲ့သည်။

ဆန်ကွမ်းချီသည် စာပွဲထိုး လူငယ်ကလေးအား လှမ်းခေါ်လိုက်ပြီး....

"ညီလေး၊ ဒီကနေ မြစ်ဆိပ်ကိုသွားရင် ဘယ်လိုသွားရမလဲ"

"သိပ်မဝေးတော့ပါဘူး၊ ဒီကထွက်ရင် ဘယ်ဘက်ကို သွားပါ၊ ကိုက်လေးငါးရာလောက်ရောက်ရင် ဘယ်ဘက်ပဲ ထပ်ချိုးလိုက်၊ မြစ်ဆိပ်ကိုတန်းရောက်တာပဲ"



"ကျေးဇူးပါပဲ ညီလေး"

ဆန်ကွမ်းချီသည် စားသောက်ခများ ရှင်းပေးပြီးနောက် မြစ်ဆိပ်သို့ ထွက်လာသည်။

သူတို့နှစ်ယောက် အဝေးသို့ ရောက်သောအခါမှ ဆိုင်ထဲကလူတွေ ကျွက်စီကျွက်စီ ဝေဖန်ကြလေတော့၏။

"ဟို....ရုပ်ဆိုးဆိုး လူငယ်လေးဟာ အတော် အစားကြီးတာပဲဗျနော်"

"ကြည့်ရတာ သူတို့ ဒီမြို့ကမဟုတ်ဘူးဗျ၊ မြစ်ဆိပ်ကို စုံစမ်းနေကတည်းက ဒီမြို့သား မဟုတ်ဘူးဆိုတာ သိသာတာပဲ"

"ရုပ်ဆိုးလိုက်တာလဲ လွန်ပါရောပဲဗျာ၊ မျှောက်မသာကျနေတာပဲ"

သူတို့သည် သူတို့မြင်သမျှကို တစ်ယောက်တစ်ပေါက် ဝေဖန်နေကြသည်။

ထို နှစ်ယောက်စလုံးသည် သိုင်းပညာ လျှမ်းလျှမ်းတောက် ကျွမ်းကျင်သူများ ဖြစ်သည်ကိုမူ သူတို့ မသိရှိကြပေ။

သူတို့ ဝေဖန်သံများကို ယွမ်ရှောက် မကြားလိုက်ရခြင်းကလည်း သူတို့အတွက် ကံကောင်းသွားသည်ဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက် ကြားသွားလျှင် ထိုသူများ သက်သာလိမ့်မည် မဟုတ်ပေ။

နေခြည်ဖြာနေသည့် လမ်းတစ်လျှောက်၌ ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့ စကားတပြောပြောဖြင့် လမ်းလျှောက်လာကြ၏။

မကြာမီ ယန်စီမြစ်ကြီးကို တွေ့မြင်လာကြရသည်။ မြစ်အတွင်း၌ လှေများ၊ သမ္ဗန်များ ကြီးမားသောရွက်ကြီးများ တပ်ဆင်ထားသည့် ရွက်လှေကြီးများကို တွေ့လိုက်ရသောအခါ ယွမ်ရှောက်မှာ ပါးစပ်အဟောင်းသားဖြင့် တအံ့တဩ ငေးမောနေရတော့သည်။

ကမ်းစပ်၌ရှိသော လှေကြီးတစ်စင်းသည် ကမ်းစပ်မှ ထွက်ခွာရန် ပြင်ဆင်နေသည်။

ကျောကုန်းတစ်ပြင်လုံး မည်းပြောင်နေသော လှေထိုးသားကြီးတစ်ဦးသည် ကျောက်ဆူးကို ဆွဲနုတ်လျက် ရွက်ကြီးကို ဖြန့်တင်လိုက်သည်။

ယွမ်ရှောက်သည် ထိုလှေထိုးသားကြီး၏ အပြုအမူကို မျက်စိကျွတ်မတတ် ငေးမောကြည့်နေမိသည်။

"ညီလေး၊ သိပ်အံ့ဩနေသလား"

ယွမ်ရှောက်မှာ ဆန်ကွမ်းချီအား စကားပြန်ပင် မပေးနိုင်တော့ပေ။ ခေါင်းညိတ်ရုံသာ ညိတ်ပြနိုင်တော့သည်။

ဆန်ကွမ်းချီသည် ယွမ်ရှောက်အား အလွန်တရာ သနားကြင်နာသွားလေ၏။



ဤမြင်ကွင်းများသည် မြို့နေ တောနေ လူတန်းစားများအတွက် ထူးဆန်းသော မြင်ကွင်းများ မဟုတ်ပါပေ။

သို့သော် တောတွင်းသားကလေး ယွမ်ရှောက်အတွက်မူ မျက်တောင်မခတ်ဘဲ လိုက်ကြည့်နေရသည့်မြင်ကွင်းများ ဖြစ်နေပေတော့သည်။

* * *

"ညီလေး ယွမ်ရှောက်၊ ငါတို့ဒီကနေမြစ်ကိုဖြတ်ကူးမယ်၊ ယန်စီကျွန်မြစ် တောင်ပိုင်းဒေသကို ငါလဲ သိပ်မကျွမ်းဘူး၊ ဘာပဲဖြစ်ဖြစ် ရှုခင်းသာတွေကိုတော့ လိုက်ကြည့်ရမှာပဲ၊ ငါလဲ မင်းနဲ့ မထူးပါဘူးကွာ"

ယွမ်ရှောက်၏မျက်နှာ၌ အပြုံးတစ်ခုပေါ်လာ၏။ ယွမ်ရှောက် ကျေနပ်နေကြောင်း သူ ရိပ်မိသည်။

ထို့ကြောင့် သူ့စိတ်ထဲ၌ တရုတ်ပြည်အတွင်း၌ သာယာသည့်နေရာ မှန်သမျှသို့ ယွမ်ရှောက်အား လိုက်လံပြသမည်ဟု ဆုံးဖြတ်မိသည်။

ထိုစဉ် ယွမ်ရှောက်၏မျက်နှာ ညိုသွားသည်ကို တွေ့လိုက်သဖြင့် ဆန်ကွမ်းချီ အံ့ဩသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက်သည် ဟန်ဆောင်တတ်သူမဟုတ်၍ အရှိုးခံ အတိုင်း ပြန်ပြောသည်။

"အစ်ကိုကြီး၊ ကျွန်တော် နေထိုင်ခဲ့တဲ့ ပိုင်မာဆန်းကို သတိရလို့ပါ၊ ကျွန်တော့် တောကြီး...."

ယွမ်ရှောက်သည် တစ်ဆို့သွားသဖြင့် စကားကို ဆုံး အောင် မပြောနိုင်ဘဲ ဖြစ်နေရှာတော့သည်။

ဆန်ကွမ်းချီသည်း ငိုင်သွားတော့သည်။

ယွမ်ရှောက်၏ စကားကြောင့် သူလည်း ဆရာဟောင်း ရဲယိဖိန့်နှင့် အဘိုးအိုဘို့အား ပြန်လည်သတိရ လွမ်းဆွတ် လာမိတော့၏။

ဆန်ကွမ်းချီသည် ဟင်းခနဲ သက်ပြင်းချလိုက်ပြီး ယွမ် ရှောက်၏ ပခုံးကို ပုတ်လိုက်သည်။

"ညီလေး၊ ဒါတွေ မေ့ထားလိုက်၊ ငါတို့ ရှေ့ဆက် လျှောက်ရမယ့် ခရီးစဉ်ကိုပဲ တွေးရမယ်၊ လာ....လှေပေါ် ဆင်းကြစို့"

ဆန်ကွမ်းချီသည် မြစ်ကမ်းစပ်၌ ဆိုက်ကပ်ထားသည့် လှေပေါ်သို့ ဆင်းသက်လိုက်သည်။

ယွမ်ရှောက်လည်း ထက်ကြပ်မကွာ လိုက်ပါသွားသည်။



သူတို့ လှေပေါ်သို့တက်ပြီး၍ မကြာမီမှာပင် အင်္ကျီနက် ဝတ်ဆင်ထားသည့် လူတစ်ယောက် လှေပေါ်သို့ ခုန်တက် လာလေတော့၏။

ဦးခေါင်းတွင်လည်း ဖမ်းနည်းသည့်အမှတ်အသားအဖြစ် ပိတ်စနက်တစ်ခု ချည်နှောင်ထား၏။

ထိုလူသည် ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့ နှစ်ယောက် အား သေချာစွာအကဲခတ်ပြီး လက်သီးနှစ်ဖက် ဆုပ်ကာ ဂါရဝပြုလေ၏။

ဆန်ကွမ်းချီကလည်း ပြန်လည်ဂါရဝပြုလေ၏။

ထို့နောက် မေးခွန်းထုတ်လိုက်မိ၏။

"ဘာကိစ္စများပါလဲခင်ဗျာ"

"နောင်ကြီးတို့ အဘော်ပင်ပန်းလာကြတယ်နဲ့တူတယ်"

ဆန်ကွမ်း ချီသည် သူ့အမေးကို ပြန်ဖြေခြင်း မဟုတ်သဖြင့် ကြောင်စီစီ ဖြစ်သွားမိ၏။

"ဘာပြောတာလဲဗျာ"

ထိုလူက သူ့အိတ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက် သည်။

"ခင်ဗျားတို့ နှစ်ယောက်စလုံး ခရီးပန်းလာကြတော့ ဒီပစ္စည်းတွေ မေ့ကျန်ခဲ့ပြီနဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသောအခါ သူ့လက်ထဲမှ ပစ္စည်းကို လှမ်းပေးသည်။

ဘာပါလိမ့် ဟူသော အကြည့်ဖြင့် ဆန်ကွမ်းချိ လှမ်းကြည့်၏။

ဝမ်းနည်းသည့် အထိမ်းအမှတ် ဖြစ်သော ပိတ်စနက်ကလေးနှစ်ခု။

ဆန်ကွမ်းချိမှာ စိတ်ထဲ၌ မသက်မသာ ခံစားလိုက်ရသည်။

"ဘယ်လိုလဲ၊ ငါတို့နဲ့ ဘာဆိုင်လို့ ဒီဝမ်းနည်းခြင်း အထိမ်းအမှတ် ပိတ်စနက်တွေ ပေးရတာလဲ"

သို့သော်....

သူ့နှုတ်မှတော့ ဖွင့်ဟပြောခြင်း မပြုပါသေး။

ဤကိစ္စသည် တစ်စုံတစ်ရာ လွဲမှားခြင်းကြောင့် ဖြစ်လိမ့်မည်ဟု သူ တွေးမိ၏။

ထို့ကြောင့်....

အေးအေးဆေးဆေးပင် ပြန်လည် ရှင်းပြလေ၏။

"ကျုပ်တို့က မြစ်ကို ဖြတ်ကူးကြမလို့ပါ"

ထိုလူက မျက်မှောင်ကြုတ်လိုက်၏။



"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ၊ မြစ်ကို ဖြတ်ကူးရမှာပေါ့"

ဆန်ကွမ်းချိမှာ အတော်ကလေး ဦးနှောက်ခြောက်သွားသည်။

ဘာကို ထပ်ရှင်းပြရမည်မှန်း မသိအောင် ဖြစ်သွားရသည်။

ဆန်ကွမ်းချိက ချောင်းဟန့်ပြီး....

"ခင်ဗျားမှားနေပြီ၊ ကျုပ်တို့က မြစ်ကိုဖြတ်ကူးပြီး ဟိုဘက်ကမ်းကို သွားမလို့ပါ၊ ကျုပ်ညီကို မြစ်ရာတွေရှိနေတယ်"

ထိုလူက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ကျုပ်ကလဲဒါပဲပြောတာပါပဲ၊ ခင်ဗျားတို့ ဟိုဘက်ကမ်းကို ကူးမယ်၊ သခင်ကြီးရဲ့ ဈာပန အခမ်းအနားကို တက်မယ်၊ ဈာပနအခမ်းအနားကို တက်တဲ့နောက် ဒီဝမ်းနည်းခြင်း အထိမ်းအမှတ် ပိတ်စနက်ကလေးကို ယူမသွားလို့ ဖြစ်ပါ့မလားဗျ"

ဆန်ကွမ်းချိသည် ထိုသူ၏စကားကြောင့် ရှင်းရှင်းလင်းလင်း နားလည် သဘောပေါက်သွား၏။

"ဪ... ဒီလိုလား၊ ဒါဆို ရှင်းပါတယ်ဗျ၊ ကျုပ်တို့ သခင်ကြီးဝမ်ရဲ့ ဈာပနကို တက်ရောက်လာတဲ့သူတွေ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကျုပ်ရဲ့ညီကို ယန်စီမြစ်ရဲ့ ရှုခင်းသာတွေ လိုက်ပြဖို့ ဒီမြစ်ကို ဖြတ်ကူးတာပေါ့၊ ဒါဆို ခင်ဗျားလဲ ရှင်းရောပေါ့”

ထိုလူက ဟဲဟဲဟဲရယ်ရင်း ပြောသည်။

“ရှင်းပါပြီ ရှင်းပါပြီ၊ ဒီနေ့ဒီရက်မှာ ဘယ်လှေ ဘယ်သမ္ဗန်မှ သာမန်ခရီးသည်တွေကို မပို့ဆောင်ကြပါဘူး၊ အေး... ခင်ဗျားတို့က ဈာပနအခမ်းအနားကို တက်ရောက်လာတဲ့ လူဆိုလို့ရှိရင်တော့ တစ်မျိုးပေါ့”

ဆန်ကွမ်းချီက ခေါင်းခါလိုက်၏။

“ကျုပ်ညီလေးကို ဈာပနအခမ်းအနား ခေါ်သွားပြီး စိတ်မရှုပ်စေချင်ဘူးဗျာ၊ သည်းခံပါ”

ထိုလူက မဲ့ပြုံးပြုံးပြီး....

“ကောင်းပြီလေ၊ ခင်ဗျားတို့ ဈာပန အခမ်းအနား တက်ရောက်မှာ မဟုတ်ဘူး၊ မြစ်ဟိုဘက်ကို သာမန်ကိစ္စနဲ့ သွားချင်လို့ ဖြတ်ကူးချင်ပါတယ် လို့ပြောပြီး ကူးတို့လှေ လိုက်ရှာကြည့်ပါ၊ ငှားလို့ရရင် ကျုပ်ကို ပြောချင်တိုင်းပြော”

စကားဆုံးသည်နှင့် ထိုလူသည် လှေပေါ်မှ ကမ်းပေါ်သို့ ခုန်တက်သွား၏။

လူတစ်ယောက်လုံး ခုန်တက်သွားခြင်း ဖြစ်ပါလျက် လှေသည် လုံးဝ လှုပ်ရှားလူးလွန့်ခြင်း မဖြစ်ဘဲ ရှိနေလေသည်။



ထိုလူ၏ သိုင်းပညာစွမ်းနှင့်ပတ်သက်၍သံသယရှိရန် မလိုကြောင်း ဆန်ကွမ်းချီ သဘောပေါက်လိုက်လေသည်။

“ဒီလူဟာ ငါတို့ကို တမင်ခြိမ်းခြောက်တာတော့ မဟုတ်ဘူး၊အမှန်ပြောတာပဲ ဖြစ်လိမ့်မယ်၊ ခက်တာက သခင်ကြီးဝမ်ဆိုတဲ့လူဟာ ဘာကောင်မှန်း မသိတာပဲ၊ သေပြီးတဲ့နောက် ခုလို တစ်ခမ်းတစ်နား လုပ်ပုံထောက်ရင်တော့ နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်ဘူးဆိုတာတော့ မှန်း ဆ သိ ရတယ်”

ဆန်ကွမ်းချီသည် အတွေးစကိုဖြတ်ပြီး ကမ်းပေါ်တက်သွားသူအား လှမ်းကြည့်လိုက်၏။

မတွေ့မမြင်ရတော့ပေ။

ယွမ်ရှောက်သည် ဆန်ကွမ်းချီတို့ အချီအချ ပြောနေသည့် စကားများကို သဘောမပေါက်ပေ။

“အစ်ကိုကြီး ဘာတွေဖြစ်နေတာလဲ”

ဆန်ကွမ်းချီက....

“ဒီနေ့ရာက မြစ်ကိုဖြတ်ကူးလို့ မရနိုင်ဘူး၊ ငါတို့ကို လိုက်ပို့မယ့် ကူးတို့လှေ မရှိဘူး”

“အဲဒါ ဘာဖြစ်လို့လဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ကမ်းမှာ အသုဘ အခမ်းအနားရှိတယ်၊ အဲဒီ အခမ်းအနားက ဒီလှေတွေ အားလုံးကို ငှားထားတယ်။ အသုဘ အခမ်းအနား တက်မယ့်လူမှ ဒီလှေတွေက လိုက်ပို့မယ်"

ယွမ်ရှောက် ခေါင်းကုတ်မိလေ၏။

"အစ်ကိုကြီးတို့ဆီက ဘာတွေမှန်းလဲ မသိပါဘူးဗျာ။ ကျွန်တော်တို့ တောထဲမှာတော့ သွားချင်ရာသွား၊ စားချင်ရာ စားပဲ၊ ဘယ်သူကမှလာပြီး မတားမြစ်ဘူး၊ မပိတ်ပင်ဘူး"

ဆန့်ကွမ်းချီက ရယ်ရင်း ပြော၏။

"ဒါတော့ ဘယ်တတ်နိုင်မလဲကွာ၊ ကဲ...ကဲ...ကုန်းပေါ် ပြန်တက်ကြစို့၊ တခြားလှေတွေ လိုက်ငှားကြည့်ဦးမယ်"

သူတို့နှစ်ယောက် ကုန်းပေါ်တက်ရန် ဟန်ပြင်နေစဉ်မှာပင် အနက်ရောင် ဝတ်စုံများ ဝတ်ဆင်ထားပြီး ပခုံး၌ အဖြူရောင် ပိတ်စကလေးများချည်နှောင်ထားသည့်လူတစ်စုကို တွေ့လိုက်ရ၏။

စုစုပေါင်း ဆယ်ယောက်ခန့်ရှိပြီး အားလုံး ရေစပ်သို့ ဆင်းလာနေကြသည်။

ထိုလူအားလုံး ကြံ့ခိုင်ဖျတ်လတ်ကြသဖြင့် သိုင်းပညာ တတ်ကျွမ်းသူများ ဖြစ်ကြောင်း ဆန့်ကွမ်းချီ ရိပ်မိလိုက်သည်။



ထိုခဏ အတွင်းမှာပင် ဆန့်ကွမ်းချီနှင့် ယွမ်ရှောက်တို့အား ဝမ်းနည်းအထိမ်းအမှတ်များ လာပေးသည့် သိုင်းသမား ရောက်ရှိလာသည်။

"သခင်ကြီးဝမ်ရဲ့ ဈာပနအခမ်းအနားကို တက်ရောက်ဖို့ လာကြသူတွေ မဟုတ်ဘူးလားခင်ဗျာ၊ ဟောဟိုဘက်က လှေကြီးပေါ်ကို တက်ကြပါ"

လူ ဆယ်ယောက်၏ ခေါင်းဆောင်ဖြစ်သူက ထိုလူအား ဦးညွှတ် ဂါရဝပြုပြီး သူ့လူများနှင့် မိတ်ဆက်ခြင်း ပြုလေ၏။

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့က ဗျိုင်းဝါ အာမခံ ပို့ဆောင်ရေး အဖွဲ့ကပါဗျာ၊ ခုလိုသောကရောက် ကြုံဆိုတဲ့အတွက် ကျေးဇူး အထူးတင်ပါတယ်"

ကြုံဆိုသည့် သိုင်းသမားများသည် အကြိမ်ကြိမ် ဂါရဝ ပြုရင်း....

"အော်...ဗျိုင်းဝါ အာမခံ ပို့ဆောင်ရေးဌာနကကိုး၊ ကျုပ်တို့ ချွတ်ယွင်းချက်ရှိနေရင် တောင်းပန်ပါတယ်ဗျာ"

ဗျိုင်းဝါအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူက ပျာပျာသလဲပြန်ပြောသည်။

"ဟာ...အာ ချွတ်ယွင်းချက်မှ မရှိပါဘူးဗျ၊ ဘာဖြစ်လို့ ကျုပ်တို့ကို တောင်းပန်ရသလဲ"

www.burmeseclassic.com

ဆန်ကွမ်းချီသည် ထိုစကားကို ကြားလိုက်ရသောအခါ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားမိသည်။

အဘယ်ကြောင့်ဆိုသော် ဗျိုင်းဝါအာမခံပို့ဆောင်ရေး အကြောင်းကို သူ ကြားဖူးထားသောကြောင့်တည်း။

သိုင်းလောကသည် ဗျိုင်းဝါကို အလွန်တရာ လေးစားကြ၏။ အောက်လမ်း သိုင်းဂိုဏ်းများသော်မှ ဗျိုင်းဝါ၏ ပို့ဆောင်ရေးခရီးစဉ်များကို ဖျက်ဆီးလေ့ မရှိကြပေ။

ထိပ်သီးသိုင်းသမားအတော်များများပါဝင်ထမ်းဆောင် နေခြင်းက ဗျိုင်းဝါ၏ဂုဏ်သတင်းကို ကြီးမားစေခြင်း ဖြစ်တော့သည်။

ဆန်ကွမ်းချီ ဦးနှောက်ခြောက်နေသည့်အချက်မှာ ဗျိုင်းဝါအာမခံပို့ဆောင်ရေးတစ်ဖွဲ့လုံးက လာရောက်ဂါရဝပြုရသည့် သခင်ကြီး ဝမ်ဆိုသူ၏ နာမည်ကို မကြားဖူးခြင်းပင် ဖြစ်တော့သည်။

"အင်း...ငါ သိုင်းလောကအတွေ့အကြုံ နည်းလို့ သခင်ကြီး ဝမ်ရဲ့ အမည်ကို မကြားဖူးတာဘဲဖြစ်မယ်၊ သခင်ကြီး ဝမ်ရဲ့ နာမည်ဂုဏ်သတင်း မကြီးကျယ်ဘဲနဲ့တော့ ဗျိုင်းဝါ တစ်ဖွဲ့လုံးက လာပြီး ဂါရဝပြုမှာ မဟုတ်ဘူး"

ဆန်ကွမ်းချီသည် ထိုသို့တွေးပြီး သူ့ကိုယ်သူသာ အပြစ်ပုံချမိတော့သည်။



သိုင်းလောက၏ ဓလေ့ထုံးတမ်းတစ်ခုမှာ သာမှု နာမှု ကိစ္စတစ်ခုခု ပေါ်ပေါက်လာသည့်အခါ လက်ဆောင်ပို့ တတ်ကြခြင်း၊ လူကိုယ်တိုင် တက်ရောက်ခြင်း စသည်တို့ပြု တတ်ကြသည်။

ထိုသို့ ပို့ဆောင်ခြင်း၊ တက်ရောက်ခြင်းပြုရာတွင် ကိုယ်စားလှယ်တစ်ဦး နှစ်ဦးတို့ကသာ ကိုယ်စားပြု တက်ရောက် တတ်ကြသည်။ယခုကဲ့သို့ အစုလိုက်,အပြုံလိုက် တက်ရောက် ခြင်းမှာ လွန်စွာနည်းပါးသည်။

ဆန်ကွမ်းချီသည် သခင်ကြီး ဝမ်၏ နာမည် အထပ်ထပ် အခါခါစဉ်းစားကြည့်၏။မည်မျှစဉ်းစားစေကာမူ ထိုနာမည် ကို အမှတ်မရဘဲ ရှိနေလေ၏။

ဆန်ကွမ်းချီ တွေးနေစဉ်မှာပင် ကြိုဆိုသည့် သိုင်းသမား များသည် ဗျိုင်းဝါသိုင်းသမားများကို လှေကြီးပေါ်တွင် တင်ဆောင်လျက် လှော်ခတ်ထွက်သွားလေ၏။

* * *

ယွမ်ရှောက်သည် ထိုလှေကြီးကို ငေးမော ကြည့်နေမိ သည်။

"သူတို့ကျတော့ တယ်လွယ်ပါလားအစ်ကိုကြီး"

www.burmeseclassic.com



"ဟား ဟား ဟား...၊ ငါတို့လဲ လွယ်ချင်ရင် သူတို့လို လိုက်လုပ်ရင် ရတာပေါ့၊ လာစမ်းပါ ညီလေးရာ ဟိုဘက် သွားစုံစမ်းမယ်၊ တံငါလှေ တစ်စင်းတလေလောက် တွေ့ ရင် ဟိုဘက်ကမ်းကို ပို့ခိုင်းမယ်"

ဆန်ကွမ်းချိသည် လှေပေါ်မှ ကုန်းပေါ်သို့ ခုန်တက် လိုက်သည်။

ယွမ်ရှောက်လည်း ခုန်တက်သည်။

ကမ်းစပ်၌ ဆောတဟူးဟူး တိုက်ခတ်နေသဖြင့် ဆန်ကွမ်း ချိနှင့် ယွမ်ရှောက်တို့၏ ဝတ်စုံများမှာ တဖျပ်ဖျပ် ခါယမ်း နေလေ၏။

ယန်ဇီကျန်မြစ်ကမ်းစပ်သည် သာယာသဖြင့် ယွမ်ရှောက် အဖို့ ဟိုဟိုသည်သည် ငေးမော၍ ဆန်ကွမ်းချိ နောက်မှ လိုက်ပါလာသည်။

မကြာမီ ကမ်းစပ်တစ်နေရာတွင် လှေတစ်စင်းဆိုက်ကပ် ထားကြောင်း တွေ့ရှိရသည်။

တံငါသည်တစ်ယောက်၏ အသွင်အပြင်ရှိသော လူတစ် ယောက်သည် လှေဦး၌ တင်ပျဉ်ချိပ် ထိုင်ရင်း ဆေးတံကို သောက်နေသည်။

ထိုလူ၏မုံစံမှာ အလွန်တရာ အေးဆေးလှသဖြင့် ဤ လောက တစ်ခုလုံး၌ သူတစ်ယောက်တည်းသာ ရှိနေပုံမျိုး ဖြစ်သည်။



"အဟမ်း....အဟမ်း"

ဆန်ကွမ်းချိသည် ချောင်းဟန့်လိုက်၏။

တံငါလူ လှည့်ကြည့်သည်။

ဆန်ကွမ်းချိက လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုသည်။
"ကျွန်တော်တို့ မြစ်ကို ဖြတ်ကူးချင်လို့ပါခင်ဗျာ၊ အစ် ကိုကြီးအနေနဲ့ အပန်းမကြီးဘူးဆိုရင် ကျွန်တော်တို့ကို လိုက် ပို့စေချင်ပါတယ်၊ ပို့တဲ့အတွက် အနိုးအခလဲ စိတ်ကြိုက် ဖြစ်စေရပါမယ်"

ထိုလူက ဆေးတံကို ချွတ်လိုက်ပြီး ခေါင်းခါယမ်းပြ၏။ ထို့နောက် ဆန်ကွမ်းချိကို လှည့်မကြည့်တော့ပေ။

ဆန်ကွမ်းချိ စိတ်ဘိုသွားသည်။

သို့သော် သူသည် အောက်လမ်း သိုင်းသမားများလို အနိုင်အထက် ပြုသိုသူ မဟုတ်ပေ။

လှေရှင် လိုက်မပို့လိုလျှင် သူ့အနေဖြင့် အတင်းအကျပ် မပို့ခိုင်းလိုတော့ပေ။

သူသည် ယွမ်ရှောက်အား လှည့်၍ပြောလိုက်၏။

"ညီလေး ယွမ်ရှောက်၊ ဟိုသူပြောတာ မှန်နေပြီ၊ အခု ပဲဖြစ်ဖြစ် ရှေ့တစ်ခေါက်လောက် လျှောက်ပြီး စုံစမ်းကြည့်ဦး မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး သဘောအတိုင်းပါပဲ"

သူတို့သည် နောက်ထပ် လှေတစ်စင်းကို တွေ့ရပြန်၏။ ဆန်ကွမ်းချိုက စောစောကအတိုင်း ရှိရှိသေသေဖြင့် တစ်ဖက်ကမ်းသို့ လိုက်ပို့ရန် မေတ္တာရပ်ခံသည်။

ထိုလှေသမားက....

"သခင်ကြီးဝမ်ရဲ့ ဗျာပနအခမ်းအနားကို တက်ရောက်ကြမလို့လား ခင်ဗျာ"

ဆန်ကွမ်းချို စိတ်ဘိုသွားလေ၏။

"ဘယ်ကလာ သခင်ကြီးဝမ်ရဲ့ ဗျာပန တက်ရောက်ရမှာလဲ၊ အဲဒီကိုသွားမှတော့ အစောကြီးကတည်းက ရောက်နေပြီပေါ့၊ ခင်ဗျားဆီတောင် အကူအညီ တောင်းဖို့ မလိုတော့ဘူး"

ထိုလှေသမားက ဆန်ကွမ်းချိုအား တစ်စုံတစ်ရာပြန်ပြောမည် ဟန်ပြင်ခိုက် လှေသမား၏နောက်မှ မိန်းကလေး တစ်ယောက်၏ ချောင်းဟန့်သံ ပေါ်လာလေ၏။

* * *



"ကျွန်မတို့လှေက သိပ်ကြီးလှတာမဟုတ်တော့ လူလေးငါးယောက်အပြင် ပိုမတင်နိုင်ဘူးရှင်၊ တကယ်လို့ ရှင်တို့နှစ်ဦးအနေနဲ့ လှေဝမ်းထဲမဆင်းဘဲနဲ့ လှေဦးမှာတင် ထိုင်နေနိုင်မယ် ဆိုရင်တော့ ကျွန်မတို့ လိုက်ပို့ပေးမယ်"

ထိုမိန်းကလေး၏ အသံမှာ တရုတ်ပြည် မြောက်ပိုင်းသားတို့၏ လေသံဖြစ်ကြောင်း ဆန်ကွမ်းချိုသတိပြုမိလေ၏။ သူမသည် အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး ဆန်ကွမ်းချိုနှင့် စကားပြောနေသည့် လှေသမားဘေး၌ လာရပ်သည်။

ဆန်ကွမ်းချိုသည် သူမကို စေ့စေ့မကြည့်ဝံ့ပါ။

သူမသည် အချိုးကျသွယ်လျသော ခန္ဓာကိုယ်ရှိရုံမျှမက မျက်လုံးမျက်ဖန်လည်း အလွန်လှပ၏။

ထိုအခါကျမှ ဆန်ကွမ်းချို တွေးမိသည်။

"ဒီလှေသမားက ငါတို့ကို တစ်ဖက်ကမ်း လိုက်မပို့ချင်တာ သူ့လှေဝမ်းထဲမှာ မိန်းမချောကလေး ပါလာလို့ကိုး"

ဆန်ကွမ်းချိုက လှေဝမ်းထဲ ရပ်နေသူ လှေသမားနှင့် မိန်းကလေးတို့အား အကြိမ်ကြိမ် ဂါရဝပြုပြီး....

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့မှာ အခက်အခဲရှိနေလို့ ဒီလို တောင်းပန်ရတာပါ၊ ကျွန်တော်တို့ နှစ်ယောက် လှေဦးမှာပဲ နေပါ့မယ်"

"ဒါဖြင့်ရင်လဲ လှေထဲဆင်းခဲ့ကြပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



"လာ....ညီလေး၊ လှေထဲဆင်းမယ်"

ဆန်ကွမ်းချီတို့သည် လှေထဲသို့ ဆင်းသက်လိုက်ကြ၏။

မိန်းကလေးက လှေသမားအား ပြောသည်။

"အစ်ကို.... သစ်ပင်ရင်းမှာ ချည်ထားတဲ့ လှေကြိုးကို ဖြုတ်လိုက်ဦးလေ"

လှေသမားက သစ်ပင်ရင်း၌ ချည်ထားသော လှေကြိုးကို ဖြုတ်ရန် ဟန်ပြင်ခိုက် ကမ်းစပ်ပေါ်၌ လူတစ်ယောက် ပေါ်လာသည်။

ထိုလူ၏ အသံက တည်ကြည်လေးနက်မှုရှိသည်။

"မိတ်ဆွေတို့ ဟိုဘက်ကမ်းကို ကူးကြမလို့လား၊ ကူးရင် ကျုပ်လဲ လိုက်ပါရစေ"

လှေသမားက လှေဝမ်းထဲရှိ မိန်းကလေးကိုတိုင်ပင်သည့် အလား လှမ်းကြည့်၏။

မိန်းကလေးက....

"တစ်ယောက်တည်းပဲ၊ ခုမှတော့ မထူးတော့ပါဘူး၊ လိုက်ချင်ရင် လိုက်ပါစေတော့"

လှေသမားက လိုက်ခွင့်ပြုကြောင်းပြောလိုက်ရာ ထို ခရီးသည်က ဦးညွှတ် ဂါရဝပြုပြီး လှေထဲသို့ ဆင်းလာသည်။



သူသည် ယွမ်ရှောက်နှင့် ဆန်ကွမ်းချီတို့၏ဘေး၌ ယှဉ်ထိုင်လိုက်သည်။ သုံးဦးစလုံး လှေဝမ်းထဲသို့ မဆင်းကြပေ။

လှေသမားသည် သူ့လှေကို တမ်းမှခွာလိုက်သည်။ လှေသည် မြစ်အတွင်း ရေစီးသန်ရာဘက်သို့ လှည့်လာပြီး တစ်ဖက်ကမ်းသို့ ရောက်ရှိရန် ရိပ်ခနဲ ရိပ်ခနဲ ရှေ့သို့ တိုးသွားနေလေ၏။

★

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

### မြစ်ကမ်းစပ်မှ ဈာပန

ဆန်ကွမ်းချီတို့၏နောက်မှ ရောက်ရှိလာသည့် လျှော့ကြိုးစီးခရီးသည်သည် သူ့အိတ်ထဲမှ ဆေးတံကိုထုတ်ယူပြီး ဆေးလိပ် မီးညှိလိုက်၏။

သူသည် ပါးစပ်၌ ဆေးတံကိုက်မည်လှုပ်ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ဆန်ကွမ်းချီဘက်သို့ ဆေးတံ ထိုးပေးလေ၏။

“ညီလေး....ဆေးတံသောက်တတ်သလား၊ သောက်တတ်ရင် သောက်ပါ”

ဆန်ကွမ်းချီသည် လျှော့ကြိုးစီးခရီးသည်၏ လူမှုရေး သိတတ်ပုံကို ချီးကျူးမိသည်။

သိုင်းလောက၌ ဤကဲ့သို့အပြုအမူမျိုး လွန်စွာရှားပါးလှပေသည်။

ဆန်ကွမ်းချီက လက်ကာပြပြီး....

“ကိစ္စမရှိပါဘူးခင်ဗျာ၊ အစ်ကိုကြီးပဲ သောက်ပါ၊ ကျွန်တော်တို့ နှစ်ယောက်စလုံး ဆေးတံ မသောက်တတ်ကြပါဘူး”

ဆန်ကွမ်းချီသည် ထိုခရီးသည်အား မသိမသာ အကဲခတ်ပြီး ဆက်လက်မေးမြန်းမိလေ၏။

“အစ်ကိုကြီးက ဘယ်ကလာခဲ့တာလဲခင်ဗျာ၊ သခင်ကြီးဝမ်ရဲ့ ဈာပန အခမ်းအနားကို တက်ရောက်ဖို့ လာခဲ့တာများလား”

ခရီးသည်က ခေါင်းညိတ်ပြ၏။

“ဟုတ်ပါတယ်၊ သခင်ကြီးဝမ်ရဲ့ ဈာပနကို တက်ရောက်လာခဲ့တာပါပဲ”

“အစ်ကိုကြီးရဲ့နာမည်ကို သိခွင့်ရှိရင် သိပါရစေ”

“ကျုပ်နာမည် တုထန်ဟိုပါ၊သခင်ကြီးဝမ်ရဲ့ ငယ်ပေါင်းတော်ဆွေတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမယ့် သခင်ကြီးဝမ်

www.burmeseclassic.com

www.burmeseclassic.com



ဟာလေးစားအိုက်သူတစ်ယောက်ဖြစ်လို့ သူ့ ချာပနကိုတက် ရောက်လာတာပါ၊ နောက်ဆုံးအကြိမ် ဂါရဝပြုခြင်းနဲ့ ဂါရဝပြုဖို့ပေါ့လေ”

တုထန်ဟို ဟူသောအမည်ကို ကြားလိုက်ရသောအခါ ဆန်ကွမ်းချိ ထိတ်လန့်သွား၏။

“ဒီလူဟာ သိုင်းလောကမှာ နာမည်ကျော်တဲ့ လူတစ် ယောက်ပေပဲ”ဟု တွေးမိလိုက်သည်။

“ဪ…အစ်ကိုကြီးက တုထန်ဟိုကိုး၊ တိဗက်က နဂါးပ ကျာပွတ် တုထန်ဟို ဟုတ်ပါသလားခင်ဗျာ”

ထိုလူက ရယ်ပြီး….

“ဟုတ်ပါတယ်၊ ဒါပေမယ့် နဂါးပျံကျာပွတ်ဆိုတဲ့ ဘွဲ ကြီးနဲ့တော့ တွဲပြီး မမေးပါနဲ့ ညီလေး”

သူသည် ဆန်ကွမ်းချိကို မသိမသာစောင်းငဲ့ကြည့်ပြီး ပြ လည် မေးမြန်းလေ၏။

“ကျုပ်က တိဗက်မှာ အနေကြာခဲ့တော့ ကျွန်နန်ဒေ က သိုင်းသမားတွေ သိပ်မသိပါဘူး၊ ညီလေးရဲ့ နာမည် ပြောပါဦး”

“ကျွန်တော်တို့က သိုင်းလောကထဲ ခုမှ ဝင်လာကြ လူတွေပါ၊ အစ်ကိုကြီးအနေနဲ့ ကျွန်နန်ဒေသမှာ ကြီးပြ



နေသိုင်လဲ ကျွန်တော့်နာမည်ကို ကြားဖူးမှာ မဟုတ်ပါ ဘူး၊ ကျွန်တော့်နာမည် ဆန်ကွမ်းချိပါ”

တုထန်ဟိုက ဆန်ကွမ်းချိအား လေးလေးစားစား ပြော လေသည်။

“ခုလိုတွေ့ကြုံခွင့်ရတာ ဘိပ်ဝမ်းသာတယ်၊ ကျုပ်မှာ မြေပြန့်မိတ်ဆွေ နည်းပါးတော့ ညီလေးတို့ကိုပဲ အားကိုး ရမှာပဲ”

“အစ်ကိုကြီး ဒီလို မလျှောင်ပါနဲ့ ခင်ဗျာ၊ အစ်ကိုကြီးရဲ့ ကျော်ကြားမှုကို ကျွန်တော်တောင် သိနေတာ၊ မြေပြန့်က နာမည်ကျော် သိုင်းသမားတွေက အစ်ကိုကြီးကို ဘယ်သူမသိ ပါမလဲ”

ဆန်ကွမ်းချိနှင့် တုထန်ဟိုတို့ စကားကောင်းနေခိုက် သွမ်ရှောက်သည် ယန်စီကျန်မြစ်၏ မြင်ကွင်းများကို ငေးမော ကြည့်ရှုနေသည်။

လှေစီးရခြင်းမှာ သူ့ဘဝ၏ ပထမဦးဆုံး ထူးခြားသော အတွေ့အကြုံပင်ဖြစ်သည်။

တုထန်ဟိုသည် ဆန်ကွမ်းချိကို စောင်းငဲ့၍ ပြုံးကြည့် လိုက်၏။

“ညီလေးဟာ အသက်ငယ်တယ်၊ သိုင်းလောကထဲ ခုမှ ခြေချ ရှိသေးတယ်ဆိုတာ မှန်နိုင်ပါတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မည်ကာမတ္တ သိုင်းသမားတစ်ယောက်မဟုတ်ဘူးဆိုတာတော့ ညီလေးရဲ့မျက်လုံးတွေက သက်သေပြတယ်"

ဆန်ကွမ်းချီသည် မည်သည့်စကားမျှ ပြန်မပြောဘဲ ဆိတ်ဆိတ် နေလိုက်သည်။

တုထန်ဟိုသည် ယန်စီကျန် မြစ်ကမ်းများဆီသို့ လက်ကို ဝှေ့ယမ်းပြပြီး ဆက်၍ပြောသည်။

"အခု ကျုပ်တို့ရောက်ရှိနေတဲ့ နယ်မြေက တရုတ်ပြည် စာပေသမားတွေရဲ့ နယ်မြေပဲ၊ သူတို့ရဲ့ ကလောင်တံ အစေ အတွက်က ကျုပ်တို့ရဲ့ မားလုံးလေးမြားတွေ စုပေါင်းလိုက်တာထက်တောင် များပြားလိမ့်ဦးမယ်"

ဆန်ကွမ်းချီ ခေါင်းညိတ်ပြလိုက်၏။

တုထန်ဟို၏ နာမည် သိုင်းလောကတွင် ထင်ရှားခဲ့သည်။

သို့သော်....

စကားပြောဆိုရာတွင် အလွန်သိမ်မွေ့ပြီး သူနှင့်ဆက်ဆံသူများအပေါ် လေးလေးစားစား ဆက်ဆံကြောင်းတွေ့ရသည်။

များသောအားဖြင့် သိုင်းလောကတွင် ထင်ရှားကျော်ကြားသူများသည် မောက်မာတတ်ကြပေသည်။



တုထန်ဟိုသည် တဖြည်းဖြည်း နီးကပ်လာသော ကမ်းစပ်ကို ညွှန်ပြရင်း....

"ညီလေးနဲ့ကျုပ်ဟာ ခုမှ တွေ့ဆုံရပေမယ့် မိတ်ဟောင်းဆွေဟောင်းတွေလို စကားပြောရတာ ကောင်းလိုက်တာ၊ စကားပြောလို့မှ မဝခင် ကမ်းစပ်ကို ရောက်လာပြီ"

ဆန်ကွမ်းချီသည် ကမ်းစပ်သို့ လှေ မဆိုက်ကပ်ခင်ပင် ငွေဒင်္ဂါးများကို လှေသမားဆီသို့ ပို့ဆောင်ခအဖြစ် ပေးအပ်သည်။

ထို့နောက် တုထန်ဟိုနှင့်အတူကမ်းပေါ်သို့ခုန်တက်လိုက်ကြလေသည်။

ကမ်းပေါ်သို့ ရောက်သောအခါ သူတို့လှေ ဆိုက်ကပ်သည့် နေရာနှင့် မလှမ်းမကမ်းနေရာ၌ အလွန်ကြီးမားသော မဏ္ဍပ်ကြီးများ ထိုးထားကြောင်း တွေ့ရသည်။

ဝမ်းနည်းသည့် အထိမ်းအမှတ်အဖြစ် အနက်ရောင် ဝတ်စုံဝတ်ထားသည့် လူများကိုလည်း မည်းခနဲမည်းခနဲ မြင်နေရသည်။

ထိုလူများဆီသို့ ငေးမျှော်ကြည့်နေသည့် ဆန်ကွမ်းချီအား တုထန်ဟိုက ခပ်တိုးတိုး ပြောလေသည်။

"ညီလေး၊ ကျားသစ်သေရင် အရေခွံ ကြွင်းကျန်တယ်၊ လူသေရင် ဂုဏ်သတင်း ကြွင်းကျန်တယ်ဆိုတာ အကြွင်းမဲ့

www.burmeseclassic.com



မှန်တာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မှန်တဲ့လူကျတော့ သွေးထွက်အောင် မှန်တာပါပဲ"

ထိုမဏ္ဍာပ်များဆီမှ ငိုသံ သဲ့သဲ့လည်း ကြားရသည်။ ထိုမဏ္ဍာပ်များထဲမှ မဏ္ဍာပ် တစ်ဆောင်ဆောင်တွင် သခင်ကြီးဝမ်ဆိုသူ၏ ရုပ်ကလာပ်ရှိလိမ့်မည်ဟု ဆန်ကွမ်းချီ တွေးသည်။

ထို့ဝဉ်....

မဏ္ဍာပ်များဆီမှ လူငါးယောက်က သူတို့ဆီသို့ ဒရောသောပါး ပြေးထွက်လာကြောင်း တွေ့ရှိရသည်။

ထိုလူအားလုံး ဖမ်းနည်းခြင်း အသိမ်းအမှတ်ဝတ်စုံနက်များ ဝတ်ဆင်ထားကြ၏။

ဆန်ကွမ်းချီသည် တုထန်ဟိုနှင့် လမ်းခွဲထွက်တော့မည်ကြံပြီးမှ တုထန်ဟိုနှင့် ထိုလူများ မည်သို့ဆက်ဆံသည်ကို သိလိုလာဖြင့် စောင့်ရပ် နေမိလေ၏။

ဤသို့ ရပ်စောင့်မိခြင်းက နောင်တွင် ဆန်ကွမ်းချီအတွက် ကြီးမားသော ပြဿနာများ တွေ့ဆုံရစေခြင်းပင် ဖြစ်တော့သည်။

ရောက်ရှိလာသော ဝတ်စုံနက်ဝတ်ဆင်သူ ငါးယောက်အနက် ပုပုဝဝ လူငယ်တစ်ယောက်၏ မျက်နှာ၌ မျက်ရည်များ စီးကျနေကြောင်း တွေ့ရ၏။



ထိုပုပုဝဝလူငယ်ကို ကျွန်လေးယောက်က ဖေးမခေါ်ဆောင်လာခြင်း ဖြစ်ပေသည်။

ထိုလူများသည် တုထန်ဟိုရှေ့သို့ ရောက်သောအခါ ဦးညွှတ်ဂါရဝ ပြုကြလေ၏။

ပုပုဝဝလူငယ်သည် ကွယ်လွန်သူ သခင်ကြီးဝမ်၏သား ဖြစ်လိမ့်မည်ဟု ဆန်ကွမ်းချီ တွေးသည်။

သူ တွေးသည့်အတိုင်းလည်း မှန်ကန်သည်။

"သူရဲကောင်းကြီး တုထန်ဟို၊ တာဖြစ်လို့ ဟိုဘက်လှေဆိပ်က မကြိုပါသလဲခင်ဗျာ၊ လာပါ ကြွကြပါ"

တုထန်ဟိုသည် ခေါင်းညိတ်ပြီး ပုပုဝဝလူငယ်နောက်သို့ လိုက်သွားသည်။

ပုပုဝဝလူငယ်နောက်မှ လိုက်လာသည့် ဝတ်စုံနက် လေးဦးသည် ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့အား ဦးညွှတ်ဂါရဝပြုပြီး တစ်ပါတည်း လိုက်ခဲ့ရန် ဖိတ်ခေါ်လိုက်၏။

ဆန်ကွမ်းချီသည် ငြင်းပယ်ချင်သည်။

သို့သော်....

ငြင်းပယ်ရန် အားနာနေသဖြင့် သူတို့ခေါ်ဆောင်ရာသို့ ရောယောင် လိုက်ပါသွားမိတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်ရှေ့သို့ ရောက်သောအခါ သိုင်းသမား တစ်ယောက်က တုထန်ဟိုအား ဦးညွှတ် နှုတ်ဆက်သည်။

"သူရဲကောင်းကြီး တုထန်ဟိုပါလား၊ အတော်ခရီးဝေးဝေးက လာရတာပဲနော်"

တုထန်ဟိုကလည်း ပြန်လည် ဂါရဝပြု၏။

"ဝေးတော့ ဝေးတာပေါ့လေ၊ သခင်ကြီးဝမ်ရဲ့ ဈာပနဆိုတော့လဲ လာရတာပေါ့"

ဤသို့ဖြင့် သိုင်းသမား အတော်များများသည် တုထန်ဟိုအား လာရောက်နှုတ်ဆက်ကြသည်။ ဤသည်ကိုကြည့်၍ နဂါးမျက်ကျောပွတ် တုထန်ဟို၏အဆင့် မည်မျှရှိသည်ကို သိရှိနိုင်ပေ၏။

တစ်ခုသောမဏ္ဍပ်ထဲတွင် အပြာရောင် ဝတ်စုံကြီးများ ဝတ်ဆင်ထားသည့် အဘိုးအိုနှစ်ဦး ထိုင်နေကြောင်း တွေ့ရ၏။

သူတို့သည် တစ်ဦးနှင့်တစ်ဦးစကားမပြောကြပေ။ သူတို့ရှေ့ရှိရေနွေးကြမ်းအိုးနှင့် ပန်းကန်လုံးများကိုသာ ငေးစိုက်ကြည့်နေကြသည်။

ထိုအဘိုးအိုနှစ်ဦး၏ လက်ယာဘက် ခပ်လှမ်းလှမ်းတွင် ခန့်ညားသော ရုပ်ရည်ရှိသော်လည်း တစ်ခေါင်းလုံးရှိ ဆံပင်များ ဖြူဖွေးနေသည့် အဘိုးအိုတစ်ဦး ထိုင်နေသည်။



ထိုအဘိုးအို၏ဘေး၌ အသက်ငါးဆယ်အရွယ် ချောမောသော မိန်းမကြီးတစ်ဦး ထိုင်နေသည်။

ဆံထုံးကိုမြင့်မြင့်ထုံးထားပြီး ပန်းဖြူဖြူတစ်ပွင့် ပန်ထားခြင်းက သူမ၏သွင်ပြင်ရုပ်ရည်ကို ပိုမိုတင့်တယ်စေခဲ့သည်။

တုထန်ဟိုသည် သူ့နောက်မှ ဆန်ကွမ်းချီတို့ ပါလာလိမ့်မည်ဟု မထင်ခဲ့ပေ။ ရုတ်တရက် နောက်သို့လှည့်ကြည့်လိုက်သောအခါမှ ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့ကိုတွေ့ရသည်။ သူကပြုံးပြလိုက်ပြီး ခပ်တိုးတိုးပြော၏။

"ညီလေးတို့လဲလိုက်လာသကိုး၊ ဟောဟိုမှာထိုင်နေတဲ့ အဘိုးအိုကတော့ ငှက်ကြီးဝံပိုလေ့မင်ယွမ်လို့ ခေါ်တယ်၊ ယူနန်နဲ့ဟူပေနယ်မှာတော့ တကယ်နာမည်ကျော်တဲ့လူပေါ့၊ တချို့ကတဲ့ သူ့ကိုခေါင်းကိုးလုံးနဲ့ငှက်ဝံပိုလို့ခေါ်ကြတယ်"

ဆန်ကွမ်းချီသည် ရုတ်တရက် နောက်လှည့်ကြည့်လိုက်သောအခါ ယွမ်ရှောက်ကို မတွေ့ရသဖြင့် ထိတ်လန့်သွားမိသည်။

ယွမ်ရှောက်သည် ဆန်ကွမ်းချီနှင့် တုထန်ဟိုတို့ ဝါးမဏ္ဍပ်တွင်းသို့ ဝင်သွားစဉ် သူက ဟိုငေးသည်ငေး ငေးနေမိသဖြင့် အခြားသောသိုင်းသမားများကြား၌ ကျန်ရစ်ခဲ့၏။

သူသည် သခင်ကြီးဝမ်၏ သားက ရုပ်ကလာပ်ကို အကြိမ်ကြိမ် ဦးချရှိခိုးနေပုံကို လွှန့်စွာစိတ်ဝင်စားသဖြင့် လိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီနက် ဝတ်ဆင်ထားသူတစ်ယောက်က ယောင်ချာချာ ငေးနေသည့် ယွမ်ရှောက်အား ငေါက်ငမ်းကြိမ်းမောင်းသည်။

"မင်းဘာလုပ်နေတာလဲ"

ယွမ်ရှောက်သည် တောကျွင်းသားဖြစ်သော်လည်း ချို့ချို့သာသာ မေးခြင်းနှင့် ငေါက်ငမ်းမေးခြင်းတို့၏ အဓိပ္ပာယ်ကွာခြားပုံကို ကောင်းစွာ သိရှိ၏။ ထို့ကြောင့် ထိုလူကို ခပ်ရှိုင်းရှိုင်းပင် ပြန်ပြောလိုက်သည်။

"ကျုပ်ဟာကျုပ် ရပ်နေတာ ခင်ဗျားနဲ့ ဘာဆိုင်သလဲ"

အင်္ကျီနက် ဝတ်ဆင်ထားသူသည် အလွန်တရာ စိတ်ဆိုးသွား၏။ ပုံမကျပန်းမကျ ဝတ်စုံကိုဝတ်ဆင်ထားပြီး ရုပ်ဆိုးသော လူငယ်တစ်ဦးက သူ့အား ဤသို့ ပြောရမည်လား ဟူသော သဘောဖြင့် ယွမ်ရှောက်အား လက်သီးဖြင့် ထိုးရန် ရွှေ့သို့တိုးလာ၏။ အခြားသော အင်္ကျီနက် ဝတ်ဆင်ထားသူများကလည်း ယွမ်ရှောက်အား ဆုံးမရန် ဝိုင်းလာကြ၏။

* * *



"နေကြဦး...နေကြဦး၊ ခင်ဗျားတို့အသင့်မှားနေကြပြီ"

ဆန်ကွမ်းချီသည် အရေးအကြီး အော်ဟစ်လိုက်ရင်း ပြေးဝင်လာ၏။ ဆန်ကွမ်းချီ၏ နောက်မှ တုထန်ဟိုလည်း ထက်ကြပ်မကွာ လိုက်ပါလာသည်။

ယွမ်ရှောက်က စိတ်ဆိုးမာန်ဆိုးဖြင့် ပြောသည်။

"အစ်ကိုကြီး၊ ဒီလူက ကျွန်တော့်ကိုထိုးဖို့ကြံနေတယ်"

တုထန်ဟို၏နောက်မှအဘိုးကြီးတစ်ဦးလိုက်ပါလာသည်။ ထိုလူကြီးသည် သခင်ကြီးဝမ်၏ ရှာပနန္ဒ ကြီးကြပ်ကွပ်ကဲနေသူ ဖြစ်သည်။

နဂါးပျံကျော့ပွဲ တုထန်ဟိုနှင့်ပါလာသူများကို သူ၏လူငယ်များက ရန်ပြုရန်ပြင်ဆင်နေသည်ကို အဘိုးအိုမြင်၏။

ဧည့်သည်များကို စော်ကားသလို ဖြစ်မည် စိုးရိမ်သဖြင့် ယွမ်ရှောက်အား တိုက်ခိုက်ရန် ဝိုင်းရံထားသည့် အင်္ကျီနက်ဝတ်ဆင်သူများအား ငေါက်ငမ်း၍ မောင်းထုတ်လိုက်သည်။

အဘိုးအိုက တုထန်ဟိုအား တောင်းပန်၏။ ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့သည် တုထန်ဟိုနှင့် အတူပါလာသူများဟု သူ ထင်ထားသည်။

"လူငယ်တွေဟာ ဘာမှနားမလည်ပါဘူးခင်ဗျာ၊ လူကြီးမင်းတို့ သည်းခံကြပါ၊ သူတို့ကို ကျုပ်ဆုံးမပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုသည်ယွမ်ရှောက်အား ဆွဲခေါ်ထားလိုက်ရပြီး အဘိုးအိုပြောသည့် စကားများကို စိတ်ရှည်လက်ရှည် နားထောင်နေရသည်။

"ကျုပ်နာမည်က ကျင်းရှောင်ဟိုပါ၊ သူရဲကောင်းကြီး တုထန်ဟိုအကြောင်း ကြားဖူးထားတာလဲကြာပါပြီ၊ ခုနက မပြေမလည်ဖြစ်တာကလေးအတွက်တော့ သခင်ကြီး ဝမ်ရဲ့ မျက်နှာကို ထောက်ထားပြီး သည်းခံပါလို့ တောင်းပန်ပါတယ်"

တုထန်ဟိုက ဦးညွှတ်ဂါရဝပြုပြီး ကိစ္စမရှိကြောင်း စိတ်ထဲ၌ မထားကြောင်း ချေငံစွာ ပြန်ပြောသည်။

ကျင်းရှောင်ဟိုသည် ဆန်ကွမ်းချိုနှင့် ယွမ်ရှောက်တို့ကိုလည်း တောင်းပန်လေ၏။

ဆန်ကွမ်းချိုသည် ကျင်းရှောင်ဟို၏ လှိုက်လှဲစွာ တောင်းပန်သည့်စကားများကို ကြားလိုက်ရသောအခါ များစွာ ကျေနပ်သွား၏။

"အိမ်ရှင်နဲ့ ဧည့်သည်ဆိုတာ ဒီပုံစံမျိုးဖြစ်ရမှာပဲ" ဟူ၍ စိတ်ထဲ၌ ပြောမိသည်။

ကျင်းရှောင်ဟိုသည် ဆန်ကွမ်းချိုတို့ ကျေနပ်လောက်အောင် တောင်းပန်ပြီးနောက် အခြားမဏ္ဍပ်များသို့ ကူးသွား၏။



ဝင်လာသော ဧည့်သည်များသည် ကျင်းရှောင်ဟိုအား တလေးတစားနှုတ်ဆက်ကြသည်။ ဤသည်ကို ဆန်ကွမ်းချို တွေ့သည်။

"ဒီအဘိုးကြီးဟာ အသိအကျွမ်းလဲ များတယ်၊ စကားပြောလဲ ပြေပြစ်တယ်၊ တွေ့တဲ့လူတိုင်းလဲ လေးစားပုံရကြတယ်၊ သိုင်းလောကမှာ နှယ်နှယ်ရရ ပုဂ္ဂိုလ်တော့ မဖြစ်နိုင်ဘူး၊ ငါက သိုင်းလောက အတွေ့အကြုံ နုနယ်လွန်းလို့သာ သူ့နာမည် မသိတာဘဲ ဖြစ်မယ်"

ထိုစဉ် တုထန်ဟိုက ဆန်ကွမ်းချိုကို လက်တို့၍ လူရှင်းသည့် မဏ္ဍပ်သို့ ခေါ်သွား၏။

ဆန်ကွမ်းချိုက ယွမ်ရှောက်၏လက်မောင်းကိုဆွဲ၍ တုထန်ဟိုနောက်သို့ လိုက်သွား၏။

"ကောင်လေး ဒီက အစ်ကိုကြီးဟာ ငါတို့ကို တစ်ခုခုသတိပေးမလို့ ဘဲဖြစ်လိမ့်မယ်၊ သူဟာ ငါတို့နဲ့ ဘာမှမဆိုင်ပေမယ့် ငါတို့အတွက် တာဝန်ယူတဲ့ သဘောမျိုး ပြုမူပေးရှာတယ်၊ သူလိုလူမျိုးက သတိပေးတာဆိုရင်တော့ အလေးအနက် လိုက်နာရမှာပဲ"

မဏ္ဍပ်များအတွင်း၌ လူများစွာ ပျားပန်းခပ်မျှ ပိုရှားနေကြသော်လည်း ထူးခြားစွာ တိတ်ဆိတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သခင်ကြီးဝမ်၏ဆွေမျိုးသားချင်းများ၏ ငိုကြွေးသံမှလွဲ၍ အခြားအသံများ မကြားရသလောက်ရှိသည်။

ထိုအချိန်တွင် တုသန်ဟို၊ ဆန်ကွမ်းချိနှင့် ယွမ်ရှောက်တို့သည် လူ လေးငါးယောက်မျှသာရှိသည့် မဏ္ဍပ်တစ်ခုထဲသို့ ရောက်ရှိသွားကြလေ၏။

★

## အခန်း (၁၅)

### ပညာရှင်များ ဆုံစည်းခြင်း

တုထန်ဟိုသည် လူရှင်းသည့် မဏ္ဍာပ်ထောင့်စွန်းသို့ ခေါ်သွားပြီး ယွမ်ရှောက်ကို ချီးကျူးသောအကြည့်ဖြင့်ကြည့်၍ ချီးကျူးသည်။

"ငါ့ညီကအသက်ငယ်ရွယ်ပေမယ့်အတော်သတ္တိကောင်းသားပဲ၊ စောစောက ငါ့ညီကို ရန်သတ္တရု ပြုမယ့်သူတွေက သိုင်းပညာ အတော်ကောင်းကြတယ်၊ နောက်ပြီး သူတို့က လူများစုပဲ၊ ငါ့ညီမို့လို့ သူတို့ကို ပမာမခန့် ပြန်ပြောဝံ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက်သည် သူ့ကို ချီးကျူးစကားပြောသဖြင့်ကျေနပ်သွားသည်။

သို့သော် ကျေးဇူးတင်စကားပြောရမည်ကို မပြောတတ်သဖြင့် မပြောဖြစ်တော့ချေ။

သို့သော် ဆန်ကွမ်းချီကတော့ တုထန်ဟိုရဲ့အရည်အချင်းကို ကောင်းစွာ အကဲခတ်မိသွားသည်။

"အင်း....ဒီပုဂ္ဂိုလ်ကြီးဟာ ငါတို့ညီအစ်ကို သိုင်းမညာမညံ့ဘူးဆိုတာ သူသိကြောင်း သွယ်ဝိုက်ပြောနေတာပဲ၊ ငါတို့ကို ဘယ်သူမှ ဂရုမစိုက်မိကြဘူး၊ သူတစ်ယောက်ကလွဲရင်...."

တုထန်ဟိုသည် ယွမ်ရှောက်ကို ချီးကျူးနေရာမှ ဆန်ကွမ်းချီဘက်သို့ လှည့်လာ၏။

"ဟောဒီက ညီလေးတောင်အတော်သတ္တိရှိနေရင် ငါ့ညီက ပြောစရာမရှိဘူး၊ ငါ့ညီက ပိုပြီးစွမ်းလိမ့်မယ်၊ ဟုတ်တယ်မဟုတ်လား"

ဆန်ကွမ်းချီက ရယ်ရင်း....

"ကျွန်တော့်ညီလေးက မွေးကတည်းကကို အင်မတန်ကျန်းမာသန်စွမ်းပါတယ်၊ ကျွန်တော်က သူ့လောက် မသန်စွမ်းပါဘူး"



ဆန်ကွမ်းချီ၏ ဝေ့လည်ကြောင်ပတ်စကားကို ကြားလိုက်ရသောအခါ တုထန်ဟို ပြုံးသွားသည်။

သို့သော် သူသည် ယဉ်ကျေးသိမ်မွေ့သူဖြစ်၍ ဆန်ကွမ်းချီအား ထပ်မံမချေပတော့ချေ။

မဏ္ဍပ်အတွင်း ထိုင်ခုံများ၌ ဝင်ထိုင်ရင်း အထွက်အဝင်လုပ်နေကြသော ဧည့်သည်များကိုသာ စောင့်ကြည့်နေတော့သည်။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်လည်း တုထန်ဟိုအနီး၌ပင် ဝင်ထိုင်လိုက်ကြလေ၏။

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ ထောင်ထောင်မောင်းမောင်း သိုင်းသမားတစ်ယောက်နှင့် ဝါးခြမ်းပြားကဲ့သို့ ပိန်ကပ်ကပ် သိုင်းသမားတစ်ယောက်တို့သည် ဆန်ကွမ်းချီတို့ရှိရာ မဏ္ဍပ်ထဲသို့ ဝင်လာသည်။

သူတို့သည် စောစောက တုထန်ဟိုပြောပြခဲ့သော လွှမင်ယွမ်ဆိုသည့် အဘိုးကြီးနှင့် ခန့်ညားလှသော မိန်းမကြီးထံသို့ ဦးတည် လျှောက်လှမ်းသွားကြပြီး နှုတ်ခွန်းဆက် ဂါရဝပြုကြလေ၏။

သူတို့နှုတ်ဆက်သည့်စကားသံများကိုဆန်ကွမ်းချီအတိုင်းသား ကြားကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီး လေ့မင်ယွှမ်ဟာ တကယ်မဲ့နေဟိုတာပဲကိုး။ ကျုပ်တို့စိတ်ထဲမှာ ဒီလောက် အရွယ်တင်လိမ့်မယ်လို့ လုံးဝ မထင်မှတ်မိဘူးဗျို့"

တုထန်မှိုက ဆန်ကွမ်းချီအား တီးတိုးပြောလေ၏။

"ညီလေးစောစောက ငါမှန်းပြီး ပြောလိုက်တာ မှန်သွားပြီကွယ့်၊ ဒီအဘိုးကြီးဟာ ငှက်ကြီးဝံပို လေ့မင်ယွှမ် အစစ်ပဲ"

ဆန်ကွမ်းချီက တိုးတိုးပြန်မေး၏။

"အစ်ကိုကြီး၊ အခုဝင်လာတဲ့ လူနှစ်ယောက်က ဘယ်ကလဲ၊ ပုံစံကြည့်ရတာတော့ သိပ်ပြီး အစွမ်းသေးမယ် မထင်ဘူး"

တုထန်ဟိုက ခေါင်းခါပြ၏။

သို့သော် သူ့နားထင်ကို လက်ညှိုးဖြင့် ထောက်ပြသည်။

နားစွင့်ပါဟူသည့် အထိမ်းအမှတ်တည်း။

ထို့ကြောင့် ဆန်ကွမ်းချီလည်း နားစွင့်လိုက်သည်။

လေ့မင်ယွှမ်ဟူသည့် အဘိုးအိုထံမှ တဟဲဟဲရယ်သံ ထွက်ပေါ်လာပြီး....

"သိုင်းဖိုသိုင်းမ ပညာရှင်ကြီးနှစ်ဦးလဲ ကြွရောက်လာကြသကိုးဗျ၊ ခင်ဗျားတို့နှစ်ဦး ဒီလောက် ထင်ထင်ရှားရှား လာကြလိမ့်မယ် မထင်မိဘူးဗျာ"



ထိုအဘိုးကြီး သုံးဦးပြောသည့် စကားမှာ အတော် ကျယ်လောင်သည်။

တိတ်ဆိတ်နေသောနေရာ ဖြစ်နေ၍လည်း ဤမျှ ပိုကျယ်လောင်ခြင်း ဖြစ်ပေသည်။

"ရှင်တို့ ဘယ်လိုလူတွေလဲ၊ ဒါအလှူပေးနေတဲ့အိမ်မဟုတ်ဘူးရှင့်၊ ဘယ့်နှယ် ကျယ်လောင်ကျယ်လောင် ပြောနေရတာလဲ၊ ဆင်ခြင်ကြမှပေါ့"

မိန်းမချောကြီး၏ ဗူးစူးရှရှ ကြိမ်းမောင်းသံကြောင့် ဆန်ကွမ်းချီတို့ နားရွက်များပင် ထောင်သွားကြသည်။

အလွန်တရာ မောက်မာဝင့်ကြွားသူအဖြစ် ကျော်ကြားသူ လေ့မင်ယွှမ်ပင်လျှင် အမြီးကုပ် ငြိမ်သက်သွားသည်။

သို့သော်....

ထောင်ထောင်မောင်းမောင်း အဘိုးကြီးက တဟဲဟဲရယ်ပြီး လေပြေသိုး၏။

"မိတ်ဟောင်း ဆွေဟောင်းတွေ ပြန်တွေ့ကြတာမို့ လို့ အခုဒီ အခမ်းအနားကို ရောက်လာတယ်ဆိုတာ မေ့သွားပါတယ်ဗျာ၊ စိတ်မရှိပါနဲ့နော်"

သိုင်းဖိုသိုင်းမပညာရှင်နှစ်ဦးသည် လေ့မင်ယွှမ်၏ အနီး၌ ထိုင်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါးခြမ်းပြားကဲ့သို့ ပိန်ကပ်ကပ် အဘိုးအိုကလည်း မိန်း
ချောကြီးကို နှုတ်ဆက်သည်။

"အစ်မကြီးကလဲ အရင်အတိုင်းပါပဲလား၊ အားမန
လျှာမကျိုး ပြောတုန်းပဲကိုး"

ထိုအဘိုးအို၏ နှုတ်ဆက်စကားကိုမူ မိန်းမချောကြီးတစ
ခိုက်သွားဟန် တူ၏။

မြုံးသွားသည်။

သို့သော်....

အဘိုးအိုအား ခွန်းတုံ့ပြန်ခြင်းတော့ မရှိချေ။

တုထန်ဟိုသည် တစ်စုံတစ်ခုကို သတိရသွားသည့်အလ
မျက်လုံးမျှား တောက်ပသွားသည်။ ဆန်ကွမ်းချီ အနီးသ
ကပ်ကာ တိုးတိုးပြော၏။

"ကျုပ် မှတ်မိပြီ ညီလေး"

"ဘာကိုမှတ်မိတာလဲ အစ်ကိုကြီး"

"ဟို အမျိုးသမီးကြီး ဘယ်သူဆိုတာ ကျုပ်သိပြီ"

"ဟုတ်ကဲ့၊ ပြောပြပါခင်ဗျာ၊ ဗဟုသုတအဖြစ် မှတ်
သားရတာပေါ့"

"သူဟာ ထန်ဂိုဏ်းက ဂိုဏ်းချုပ်သခင်မကြီးရဲ့ အပ
တော်မြဲဖြစ်ခဲ့ဖူးတယ်၊ နောက်တော့ ထန်ဂိုဏ်းမှာအင်မတ



အရေးပါအရာရောက်သူ ဖြစ်လာခဲ့တယ်၊ ရှင်ချောသလောက်
အဆိပ်လက်နက်ပုန်း ပညာလဲ တစ်ဖက်ကမ်းခတ်သတဲ့"

"သူ တစ်ယောက်တည်း ဒီဈာပနကို တက်ရောက်လာ
တာလား၊ သူ့ဂိုဏ်းက တခြားသူ တစ်ယောက်မှ မပါဘူး
လား"

"သူ တစ်ယောက်တည်း မဟုတ်ဘူးလေ၊ ငှက်ကြီးဝံပို
လွှမင်ယွမ်ဆိုတာ သူ့ ယောကျ်ားပေါ့"

"ဗျာ၊ သူ့ ကြည့်ရတာ အဲဒီ အဒေါ်ကြီးကို ကြောက်ရွံ့
နေပုံပဲ"

"ဟုတ်တယ်၊ သိုင်းလောကသားတွေ ပြောခဲ့တဲ့ စကား
ကိုလဲ ကျုပ် ခုမှသတိရတယ်၊ လွှမင်ယွမ်ဟာ အဲဒီ မိန်းမ
ချောကြီးကိုရတော့ သိပ်ချစ်ရသတဲ့၊ ဒုတိယ သိပ်လေးစားရ
သတဲ့၊ တတိယ သိပ်ကြောက်သွားရသတဲ့၊ ကဲ...သူ့ပုံစံ
ကြောက်နေတာ ဘာထူးဆန်းတော့မှာလဲ"

"ကျွန်တော်လဲစစ်ချွမ်းပြည်နယ်က ထန်ဂိုဏ်းအကြောင်း
ကြားဖူးပါတယ်၊ တစ်ခါမှတော့ မတွေ့ဖူးသေးဘူး"

စစ်ချွမ်းပြည်နယ်၌ ထန်ဂိုဏ်းသည် အလွန်တရာ ကျော်
ကြား၏။

ထန်ဂိုဏ်း၏ အဆိပ်လက်နက်ပုန်း ပညာသည် အံ့ခန်း
ပညာရပ်တစ်ခု ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း နှစ်ရာကျော်မှ တည်ဆဲ လာခဲ့သော ဂိုဏ်းကြီ
ဖြစ်၍ ဆိုင်းလောကသားများသည် ထန်ဂိုဏ်းသားများ
မလေးမစား မပြုဝံ့ကြပေ။

တုထန်ဟိုက ခပ်တိုးတိုး ပြောပြန်သည်။

"ဟို အဘိုးကြီးနှစ်ယောက် ဘယ်သူဆိုတာကိုလဲ ကျု
သိလိုက်ပါပြီ၊ လွှမင်ယွမ်က သိုင်းဖိုသိုင်းမ ဆရာရှင်တွေ
ဆိုထို့ ဘယ်သူတွေဆိုတာ သိလိုက်တာပါ"

ဆန်ကွမ်းချီက ခေါင်းညိတ်ရင်း....

"ဟုတ်တဲ့....ပြောပါ အစ်ကိုကြီး၊ သူတို့ ဘယ်သူတွေ
ပါလဲ"

"သူတို့နှစ်ယောက်ကို ယင်ယန်စွမ်းကြွယ်လို့ ပေါင်းပြ
ခေါ်ကြတယ်၊ ထောင်ထောင်မောင်းမောင်း အဘိုးကြီးက
ရှောင်လင် ကျောင်းတော်က ထုံကြည်ကိုး သိုင်းပညာအဆ
ရောက်အောင်ပေါက်ရောက် အောင်မြင်ထားတယ်၊လက်နက
ပြီးတယ်လို့လဲ ပြောကြတယ်....

"ကျန်တစ်ယောက်ကတော့ ကျင့်ကျိုးနယ်က ယွန်ပည
ရှင်ကြီးဆီက လက်ဖွေ့ပညာကို တင်ဖက်ဇာမ်းခတ်အော
သင်ယူခဲ့သတဲ့၊ သူတို့နှစ်ယောက်ဟာသိုင်းပညာရဲ့ အမျ
အမာ သဘောတရားကို ပူးပေါင်းအသုံးချတဲ့ နေရာမှ
သိပ်တော်ကြသတဲ့၊ ဒါကြောင့် သိုင်းဖိုသိုင်းမဆရာရှင်လို
ခေါ်တာပဲ"



ဆန်ကွမ်းချီသည် ခပ်အုပ်အုပ် ရယ်လေတော့၏။ တုထန်ဟိုက ဆန်ကွမ်းချီအား နားမလည်သောမျက်နှာဖြင့် ကြည့်ကာ ပြန်မေးလေ၏။

"ညီလေးက ဘာရယ်တာလဲ"

"ရယ်ရတာပေါ့ အစ်ကိုကြီး၊ အစ်ကိုကြီး တုထန်ဟိုဟာ တိဗက်က သိုင်းအကျော်အမော်ပဲ၊ တိဗက်မှာကြီးပြင်းခဲ့တဲ့ သိုင်းသမားကြီးက မြေပြန့် သိုင်းလောက သိုင်းသမားတွေ အကြောင်း အားလုံး သိနေတော့ မြေပြန့်အကြောင်း ဘာမှ မသိတဲ့ ဆန်ကွမ်းချီအဖို့ ရှက်စရာ ဖြစ်နေတာပေါ့"

တုထန်ဟိုသည် ဟန်မဆောင်နိုင်ဘဲ ရယ်မိလေတော့၏။

* * *

"သိပ်မချီးကျူးနဲ့ ညီလေး၊ သိုင်းလောကရဲ့ သတင်းဆိုတာ တစ်ယောက်စကား တစ်ယောက်နား၊ တစ်ဆင့်စကား တစ်ဆင့်နား ပြန့်ပွားနေတာပဲ၊ ကျုပ် ဒီဈာပနလာတုန်းက ခပ်ဖေါ့ဖေါ့လာခဲ့တာပါ၊ ဒီဈာပနမှာ အခုလောက် ထိပ်သီးသိုင်းသမားတွေ စုမိလိမ့်မယ်လို့ လုံးဝ မထင်မိခဲ့ဘူး"

တုထန်ဟိုသည် အသံကို နှိမ့်ချလိုက်ပြီး....

"ညီလေး မဏ္ဍပ်အပြင်ကို ကြည့်လိုက်စမ်း၊ လှေဆိပ်က တက်လာနေတာ ဘယ်သူတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဈာပနဧည့် ကြိုဆိုဧည့်ခံသူ ကျောင်းရှောင်ဟိုသည် တရုတ်ဘုန်းတော်ကြီး နှစ်၂ပါးကို ပင့်ဆောင်လာ၏။ ဘုန်းတော်ကြီး နှစ်ပါးသည် မျက်လွှာချလျက် တည်ငြိမ်သော ကြေနွေဖြင့် လျှောက်လှမ်းလာကြ၏။

* * *

တရုတ်ဘုန်းတော်ကြီး နှစ်ပါးသည် အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသည့်အဘိုးအိုနှစ်ဦးရှိရာသို့ တန်းရှူသွားသည်။ လွှမင်ယွမ်တို့၏ ဝိုင်းသို့ဝင်မလာခဲ့ပေ။ အပြာရောင်ဝတ်စုံ ဝတ်ဆင်သည့် အဘိုးအိုနှစ်ဦးသည် ရေနွေးကြမ်းအိုးများကို ကသိုက်ကျားရှူနေကြသဖြင့် တရုတ်ဘုန်းတော်ကြီးများ ဝင်လာသည်ကို လုံးဝ မသိရှိကြပေ။

တရုတ်ဘုန်းတော်ကြီး နှစ်ပါးကပင် စတင်၍ နှုတ်ဆက်လေ၏။

"အလို....ချင်းစိန်ဂိုကျား က ရောင်းရင်းကြီးတို့ပါလား၊ ကျန်းမာတော်မူကြပါစ"

တရုတ်ဘုန်းတော်ကြီး နှစ်ဦး၏ ပဋိသန္ဓာရစကားကို ကြားလိုက်ရသဖြင့် ဝတ်ရုံပြာကြီးများ ဝတ်ဆင်ထားသည့် အဘိုးအိုနှစ်ဦးသည် မျက်လွှာ လှန်ကြည့်မိကြ၏။ ရှောင်လင်ကျောင်းမှ တရုတ်ဘုန်းတော်ကြီးနှစ်ပါးကို တွေ့လိုက်ရသော



အခါ နှစ်ဦးစလုံး ပျာပျာသလဲဖြစ်သွား၏။ ကပျာကယာ လက်အုပ်ချီပြီး ဂါရဝပြုကြသည်။

"ဆရာတော်တို့ပါလား၊ တပည့်တော်နဲ့ဆရာတော်တို့လဲ ဝါမေတောင် ကျောင်းတိန်တောင်ထွတ်မှာ နောက်ဆုံးတွေ့ဆုံပြီးကတည်းက လူချင်းကွဲသွားကြတာခုထိပါပဲကလား၊ ဆယ့်လေးငါးနှစ်တောင် ကြာခဲ့ပြီမှတ်တယ်"

တရုတ်ဘုန်းတော်ကြီးများအား မဏ္ဍပ်အတွင်းသို့ပင့်ဖိတ်လာသည့် ဈာပနဧည့်ကြိုကျောင်းရှောင်ဟိုက လက်အုပ်ချီပြီး ကြားထဲမှ ဝင်ပြောသည်။

"ရှောင်လင် ဆရာတော်များကလဲ အရွယ်တင်ပြီး သိုင်းပညာ ထူးချွန်လာကြဘယ်၊ တောထဲတောင်ထဲမှာလှည့်လည်နေထိုင်ကြတဲ့ ချင်းစိန် ဆရာကြီးနှစ်ယောက်ကလဲ အရွယ်တင်ပြီး သိုင်းပညာထူးချွန်ကြပါတယ်၊ ကျုပ်မှာသာ ရုပ်ရည်လဲကျ သိုင်းပညာလဲ မထူးချွန်ဘဲ ဖြစ်ခဲ့ရပါတယ်"

ရှောင်လင် တရုတ်ဘုန်းတော်ကြီး နှစ်ပါးနှင့် အဘိုးအိုနှစ်ဦးတို့သည် ကျောင်းရှောင်ဟို၏ စကားများကို ဂရုမစိုက်ကြပေ။

အခြားသော မဏ္ဍပ်အတွင်းမှ သိုင်းသမားများသည် အပြာရောင်ဝတ်ရုံရှည်ကြီးများ ဝတ်ဆင်ထားသည့် အဘိုးအိုနှစ်ဦးကို လုံးဝဂရုမထားခဲ့ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင် တရုတ်ဘုန်းတော်ကြီး နှစ်ဦးက တလေး တစား နှုတ်ဆက်ခြင်းကို တွေ့ရသောအခါမှ လေးစား သောအကြည့်ဖြင့် လှမ်းကြည့်ကြသည်။

ထိုသိုင်းသမားများထဲမှ တချို့သည် တရုတ် ဘုန်းတော်ကြီးနှစ်ပါးအား မည်သူမည်ဝါ ဖြစ်သည်ကို မသိကြပေ။ ထို့ကြောင့် အချင်းချင်း တီးတိုးမေးမြန်းကြလေ၏။

★

## အခန်း (၃၆)

### ရှင့်စသူများ

သိသူအချို့က....

"ဒီဆရာတော် နှစ်ပါးဟာ ရှောင်စစ် တောင်ထွတ်မှာ ရှိတဲ့ ရှောင်လင်ကျောင်းတော်၊ တာဖို ကျောင်းတိုက်က တာဝန်ခံနှစ်ပါးပဲ၊ တစ်ပါးရဲ့ ဘွဲ့တော်က တက်မုတဲ့၊ ကျန် တစ်ပါးရဲ့ဘွဲ့တော်က ဖန့်မုထဲ့"

ထို တီးတိုးပြောကြားသံကို ဆန်ကွမ်းချိတို့လည်း ကြားရ သည်။

ထို့ကြောင့် သူ့စိတ်ထဲ၌ အလွန်တရာ အံ့ဩသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ချင်းစိန် အဘိုးအို နှစ်ဦးကလဲ အင်မတန် ဝေးလံတဲ့ တောထဲတောင်ထဲက လာကြတာ သေချာတယ်၊ ဆရာတော် နှစ်ပါးလဲ ရှောင်လင်ကျောင်းတော်က လာကြတော့ ခရီး ဝေးက လာကြတယ်ဆိုတာ ဗေဒင်မေးနေစရာမလိုဘူး၊ ဒီ သခင်ကြီးဝမ်တဲ့ သိုင်းလောက,က တကယ် လေးစား လောက်တဲ့ လူလား၊ ဒါမှမဟုတ် ဒီဈာပနမှာ လျှို့ဝှက် ချက် တစ်ခုခု ရှိတယ်ထင်နေလို့ သူတို့ လာကြတာလား၊ ဒါစဉ်းစားစရာပဲ၊ ဘဘက ငါ့ကိုဆုံးမဖူးတယ်၊ သိုင်းလော ကထဲ မရောက်သွားရင် ဘယ်သူ့ကိုမှ မယုံနဲ့တဲ့"

ဆန်ကွမ်းချီသည် အတွေးများနှင့် ရှုပ်နေရာမှ တုထန် ဟိုအား ခပ်တိုးတိုးမေးမြန်းလိုက်၏။

သူသည် ဤမေးခွန်းကို တုထန်ဟိုနှင့် တွေ့စကတည်းက မေးသင့်ခဲ့ပေသည်။

"အစ်ကိုကြီး တုထန်ဟို၊ သခင်ကြီးဝမ်ဆိုတာ ဘယ်လို လူမျိုးလဲ၊ သိုင်းလောကမှာ ဘယ်လိုအစဉ်အလာရှိခဲ့သလဲ၊ အင်မတန် ဝေးလံတဲ့ အရပ်ဒေသက သိုင်းအကျော်အမော် ကြီးတွေ လာပြီး ဂါရဝပြုရလောက်အောင် သူ့ဂုဏ်ပုဒ်က ကြီးမားသလား"

တုထန်ဟိုသည် ရှောင်ယင် ဘုန်းတော်ကြီး နှစ်ပါးကို မျက်လုံးမှ မခွာဘဲ အကဲခတ်ကြည့်နေရင်း ခပ်တိုးတိုး ပြော သည်။



"ညီလေး သိချင်ရင်တော့ ပြောပြရမှာပေါ့၊ သခင်ကြီး ဝမ်ဆိုတာ ကျန်နန်ဒေသ သိုင်းလောကသားပဲကွ၊ ကျန်နန် ဒေသမှာ နာမည်ကြီးခဲ့တဲ့ အာမခံဝှိဆောင်ရေး တစ်ခုရဲ့ တာဝန်ခံကြီးလဲ ဖြစ်ခဲ့တယ်၊ အသက်အရွယ် ကြီးလာတော့ သက်စွန့်ဆံဖျား ထမင်းစားရတဲ့ အာမခံပို့ဆောင်ရေး တာ ဝန်ခံက အနားယူခဲ့တယ်"

ဆန်ကွမ်းချီက ပြန်မေးလိုက်၏။

"အစ်ကိုကြီး၊ သူ့တစ်သက်မှာ ပြောင်မြောက်တဲ့ တိုက်ပွဲ ဆိုလို့ တစ်ပွဲမှ မရှိတော့ဘူးပေါ့"

တုထန်ဟိုက ခေါင်းခါပြီး....

"ဒီလိုလဲ မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော် တရုတ်မြေပြန့် သိုင်းသမားတွေနဲ့ အနောက်ဘက် ဒေသကြီး သုံးခုက သိုင်းသမားတွေ ဗျိုင်းဝါဂေဟာမှာ သိုင်းပညာ ယှဉ်ပြိုင်ဖို့ စိန်ခေါ်ခဲ့ကြတယ်၊ ဒီစိန်ခေါ်ပွဲမှာ သခင်ကြီး ဝမ်ဟာ...."

ထိုစဉ်....

"သခင်ကြီးဝမ်ရဲ့ ဈာပန အခမ်းအနားကို အင်မတန် ဝေးလံ သီခေါင်လှတဲ့ အရပ်ဒေသကနေ ပင်ပင်ပန်းပန်း လာရောက် ဂါရဝပြုကြတဲ့အတွက် ကွယ်လွန်သူသခင်ကြီး ဝမ်အတွက် ဂုဏ်ယူဝမ်းမြောက်စရာလဲ ဖြစ်ပါတယ်၊ သခင်

www.burmeseclassic.com



ကြီးဝမ်ကလွဲ တမလွန်ဘဝကနေ ကျေးဇူးတင်မှာ သေချာပါတယ်”

ထိုသို့ပြောလိုက်သူကား အသက်လေးဆယ်ခန့်ရှိ လူ တစ်ယောက် ဖြစ်လေ၏။

မည်မျှ ညှော်ခံစကားပြောနေရသည်မသိ သူ့အသံပင် နစ်ဝင်နေလေပြီ။

ထိုလူ အသံပြာပြာဖြင့် ပြောနေခိုက် ထိုလူရှိရာသို့ ဝတ်စုံနက် ဝတ်ဆင်ထားသည့် လူအချို့က သခင်ကြီးဝမ်၏သား ဖြစ်သူကို ဖေးမ ခေါ်ဆောင်လာလေ၏။

သခင်ကြီးဝမ်၏သားမှာ လွန်စွာ ညှိုးလျှနေသည်။

ထိုလူငယ်၏ နောက်ဘက်တွင် မိန်းမကြီးတစ်ဦးက နုပျိုချောမောလှသောမိန်းမပျိုလေးတစ်ဦးကို ဖေးမခေါ်ဆောင်လာပြန်သည်။

သခင်ကြီးဝမ်၏ သမီးပျိုပေအား ဆန်ကွမ်းချိ မမှန်းဆတတ်ပေ။

ကျေးဇူးတင်စကား ပြောကြားနေသူသည် သခင်ကြီးဝမ်၏သား ရောက်ရှိလာသောအခါ လမ်းဖယ်ပေးလိုက်သည်။

သခင်ကြီးဝမ်၏ သားက…



“ကျွန်တော့်နာမည် ဝမ်ကျင့်လန် ဖြစ်ပါတယ်၊ ကျွန်တော့်ဖခင်ကြီးရဲ့ ဈာပနကို တက်ရောက်လာကြတဲ့ လူအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ် ခင်ဗျာ”

သူသည် မဏ္ဍပ် အဆောင်ဆောင် ရှိရာသို့ အကြိမ်ကြိမ် ဦးညွှတ် ဂါရဝပြုလေ၏။

မဏ္ဍပ်ထဲမှ လူများလည်း ရှုတ်ခြည်းထကာ ပြန်၍ ဂါရဝပြုကြလေ၏။

ဆန်ကွမ်းချိနှင့် ယွမ်ရှောက်တို့ဆဲည်လည်း တ တစ်ခု အရိပ်အခြည်ကိုကြည့်ပြီး မတ်တတ်ရပ် ဂါရဝသည်။

ဘယ်”

ဝမ်ကျင့်လန်၏ နောက်ပါး၌ ရပ်နေသည့် မိန်းမငယ်ကလေးကလည်း ပရိသတ် အားလုံးကို ဦးညွှတ်ဂါရဝပြုပြီး ကျေးဇူးတင်စကား ပြောပြန်၏။

“ဘဘကြီးတို့၊ ဦးဦးတို့၊ ဆ ရာ တော် တို့ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်”

ထိုစဉ် လွှေမင်ယွမ်က ရှုတ်တရက်ထပြီး ဝမ်ကျင့်လန်အား မေးမြန်းလိုက်၏။

“လူကလေး…လူကလေးရဲ့ ဖေဖေဟာ ဘာရောဂါနဲ့ ရုတ်တရက် ကွယ်လွန်သွားတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူ ဝမ်ကျင့်လန်သည်ရှိုက်ကြီးတငင် ငိုချရင်း....

"ဖေဖေကြီး....ဖေဖေကြီးဟာ...."

ပထမဦးဆုံး ကျေးဇူးတင်စကား ပြောကြားသည့်လူက ဝမ်ကျင့်လန်အား ဖေးမလိုက်ရင်း လွေမင်ယွမ်အား မေတ္တာရပ်ခံလေ၏။

"နောင်ကြီး လွေမင်ယွမ်၊ ခေတ္တာသည်းခံပါဗျာ၊ သခင်ထိုလူ ှဟာ အအိပ်ပျက် အစားပျက်နဲ့ သိပ်ပြီး စိတ်ထိခိုက်စိုးနက် ဝင်ရေ။ ဒီအကြောင်း ထပ်ထပ်ပြောနေရရင် သူ့ဖြစ်သူကို ဖဲလုံးတွေ ကွဲကြေပြီး သူ့ဖခင်ကြီး ဝမ်နောက်သခင်ကြီးသွားရပါလိမ့်မယ်"

လွေမင်ယွမ်မှာ စိတ်ပျက် လက်ပျက် ထိုင်သွားရလေတော့သည်။

သို့သော်....

တရုတ်ဘုန်းတော်ကြီး နှစ်ဦးတို့သည် ရှုတ်တရက် ထရပ်လိုက်ပြီးနောက် စျာပနစည်ခံသူ ကျင်းရှောင်ဟိုအား လှမ်းကြည့်ကြသည်။

"ဘာများ အလိုရှိကြပါသလဲ ဆရာတော်တို့"

"ဒကာကြီး ကျင်းရှောင်ဟို၊ ကျုပ်တို့ဟာ ရှောင်လင်ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရ လာရောက် ဂါရဝပြုခြင်းဖြစ်ပါတယ်၊ သခင်ကြီးဝမ်ရဲ့ မျက်နှာကိုတော့ ကျုပ်တို့ကြည့်သွားမှဖြစ်လိမ့်မယ်၊ ကျုပ်တို့ပြောတာ ဒကာကြီး သဘောပေါက်လိမ့်မယ်လို့ ထင်ပါတယ်"



ကျင်းရှောင်ဟိုက ခေါင်းညိတ်၏။

"ဆရာတော်တို့ စိတ်ချပါ၊ သခင်ကြီးဝမ်ရဲ့ မျက်နှာကို ချဆတ်ဆတ် တွေ့မြင်ခွင့် ရရပါစေ့မယ်"

ဝတ်ရုံပြာဝတ်ဆင်သည့် အဘိုးအိုနှစ်ဦးကလည်း တစ်ချိန်းထလာသည်။

"ကျုပ်တို့ကိုလဲ ကြည့်ခွင့်ပေးပါလို့ မေတ္တာရပ်ခံပါတယ်"

ကျင်းရှောင်ဟိုက အားလုံးကို ဦးညွှတ်ဂါရဝပြုပြီး....

"စိတ်ချကြပါ၊ တက်ရောက်လာသူအားလုံးကို ကြည့်ရှုခွင့်ပြုပါမယ်ခင်ဗျာ"

ယခင် ယန်စွမ်းကြွယ်ဟူ အမည်တွင်သည့် သိုင်းဖိုသိုင်းမ ပညာရှင်နှစ်ဦးက ကြားဖြတ်မေးခွန်း မေးလာသည်။

"သခင်ကြီးဝမ်ဟာ ရောဂါကြောင့် ကွယ်လွန်တာလား၊ ဒါမှမဟုတ် လုပ်ကြံခံရတာလား၊ အဲဒါလေး တစ်ချက် ရှင်းပြစေချင်တယ်"

သခင်ကြီးဝမ်၏ သားဖြစ်သူ ဝမ်ကျင့်လန်က ထပ်ဆို့စွာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ...ဖေဖေဟာ ရုတ်တရက်..."

ဝမ်ကျင့်လန်၏နောက်၌ ရပ်နေသည့် မိန်းမချောလေးက ရုတ်တရက် ဝင်ပြော၏။

"ဖေဖေကြီး ရုတ်တရက် ကွယ်လွန်သွားပါတယ်ရှင်၊ ဘာကြောင့် ကွယ်လွန်တယ်ဆိုတာတော့ ဖေဖေကြီးရဲ့ ရုပ်ကလာပ်ကြည့်ပြီးတော့မှပဲ ဆုံးဖြတ်ကြပါလို့ တောင်းပန်ပါတယ်ရှင်"

သိုင်းဖို့သိုင်းမ ပညာရှင် နှစ်ဦးလည်း ထိုင်ကျသွားဖြစ်သတော့သည်။

ကျင်းရှောင်ဟိုက...

"မိတ်ဆွေများ ခင်ဗျား၊ သခင်ကြီးဝမ်ရဲ့ မျက်နှာကို မကြာခင် လိုက်ပြပါမယ်၊ သို့သော်လဲ အခုအခါမှာတော့ ဒီကလေးတွေ အနေနဲ့ ဧည့်သည်တွေကို လိုက်လံနှုတ်ဆက်ရဦးမှာမို့ ခေတ္တခဏ သည်းခံစောင့်ဆိုင်းကြပါလို့ မေတ္တာရပ်ခံလိုပါတယ်"

သူတို့သည် ပြောပြောဆိုဆိုဖြင့် ဆန်ကွမ်းချီတို့၏မဏ္ဍပ်ထဲမှ ထွက်ခွာသွားတော့၏။

* * *



ဆန်ကွမ်းချီသည် တုထန်ဟိုအား ခပ်တိုးတိုးမေးလေ၏။

"အစ်ကိုကြီး တုထန်ဟို၊ သခင်ကြီးဝမ်ရဲ့ ရုပ်ကလာပ်ကို ကြည့်ဦးမလို့လား"

"သိပ်တော့လဲ မကြည့်ချင်ပါဘူး၊ သူတို့က ကြည့်ဖို့မဖိတ်ခေါ်ရင်လဲ အသာကလေး နေလိုက်ရုံပဲ၊ အလုပ်ရှုပ်သက်သာသွားတာပေါ့ကွာ"

ထိုစဉ်...

"ကြည့်ကြစမ်းပါဦးကွာ၊ မျောက်လိုလို လူလိုလိုနဲ့ အကောင်က လူလူသူသူ မဏ္ဍပ်ထဲ ဝင်ထိုင်လို့ပါလား"

ထိုအသံသည် ကြိမ်းလောင်လှ၏။

သိုင်းသမားများသည် အလွန် နားပါးသူများဖြစ်ရာ ဆန်ကွမ်းချီတို့ စားပွဲဝိုင်းသို့ လှမ်းကြည့်ကြသည်။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့မှာ ထိုစကားသံကြောင်း သိထိပ်သို့ မီးကြီးပစ်လိုက်သည့်အလား ခံစားလိုက်ကြရလေ၏။

ထို့ပြင် လူပေါင်းများစွာ၏ အကြည့်များသည် လှံချွန်များနှင့် တူလှသည်ဟုလည်း ထင်လိုက်မိကြ၏။

ယွမ်ရှောက်သည် ရုတ်တရက် ထရပ်လိုက်၏။ သူသည် စော်စော်ကားကား ရှုတ်ချသူအား တိုက်ခိုက်ရန် ဆန္ဒပြင်းထိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဖို့သိုင်းမ ပညာရှင်နှစ်ယောက်အနက် ပိန်ပိန်ပါးပါး လူကြီးက ရှုတ်ချစော်ကားလိုက်ခြင်း ဖြစ်တော့သည်။

"ညီလေး ယွမ်ရှောက် သတိထား၊ အားလုံးကို သည်းခံကြရမယ်၊ ငါတို့က ဧည့်သည်တွေ"

ဆန်ကွမ်းချီသည် ယွမ်ရှောက်၏လက်မောင်းကို ကိုင်ကာ သတိပေးလိုက်၏။

ယွမ်ရှောက်၏ စိတ်ရိုင်းများကို လွှတ်ပေးလိုက်လျှင် သူ့ဒေါသများသည် တာတမံကျိုးပေါက်သလို ဖြစ်ပြီး စျာပနတစ်ခုလုံး ဝရုန်းသုန်းကား ဖြစ်သွားနိုင်ပေသည်။

ထို ဝရုန်းသုန်းကား ဖြစ်ရပ်အတွင်း၌ သူတို့ သေချင်လည်း သေနိုင်သည်။

ယွမ်ရှောက်သည် ဆန်ကွမ်းချီအား တစ်ချက်ကြည့်လိုက်ပြီးနောက် ဖြည်းညင်းစွာ ထိုင်ချလေ၏။

ယွမ်ရှောက်သည် ခေါင်းငုံ့လျက် သူ့ဒေါသစိတ်များကို ကြိတ်မှိတ် ဖြေဖျောက်နေရရှာလေ၏။

"နောင်တော် ကြားလိုက်တယ်မဟုတ်လား၊ သူ့မျက်နှာက မျောက်နဲ့တူရုံမကဘူး၊ နာမည်ကိုက မျောက်အမည် ဖြစ်နေတယ်၊ 'ယွမ်'ဆိုတာ မျောက်ပဲ၊ လူပုံလို့ အနက်ထွက်သဗျ၊ လူပုံကလဲ မျောက်နဲ့တူဘာယ်၊ နာမည်ကလဲ မျောက်မျိုးရိုးအမည် ဖြစ်နေတယ်၊ အတော့ကိုအံ့ဩစရာပဲ"



ထောင်ထောင်မောင်းမောင်း လူကြီးကသည်း တဟားဟား ရယ်ရင်း ထောက်ခံသည်။

"ညီလေးပြောတာ မှန်တယ်၊ အံ့ဖွယ်ကောင်းတဲ့ တိုက်ဆိုင်မှုပဲကွ"

တုထန်ဟိုသည် သိုင်းဖို့သိုင်းမ ပညာရှင်နှစ်ဦး၏ မဆီမဆိုင် စော်စော်ကားကား အပြုအမူကြောင့် စိတ်ထဲ၌ ကသိကအောက် ဖြစ်သွားသည်။

"မြေပြန့်သိုင်းလောကသားတွေဟာ အတော်ကို ဆိုးရွားတာပါလား၊ အေးအေးဆေးဆေး နေတဲ့လူတွေကိုလဲ ပြဿနာ ရှာတတ်တာပါပဲလား"

သူသည် ယွမ်ရှောက်အား မသိမသာ အကဲခတ်ကြည့်လေ၏။

ယွမ်ရှောက်သည် အသားများ တဆတ်ဆတ်တုန်လျက် ခေါင်းငုံ့ ထိုင်နေရှာ၏။

မျက်ရည်များစည်း ယိုစီးကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် လူ့အသိုင်းအဝိုင်းက သူ့အားပေးအပ်သည့် ပထမဦးဆုံးသော ဒါးသီးသည့် အတွေ့အကြုံကို ရင်ပွင့် မတတ် ခံစားနေရရှာလေ၏။

စင်စစ် ယွမ်ရှောက်သည် သူ့နေခင်တော် ဆန်ကွမ်းချိ၏ သတိပေးစကားကို မြေဖယ်မကျ နားထောင်နေရှာခြင်း ဖြစ်ပေသည်။

★

အခန်း (၃၇)

မမျှော်လင့်သော ထိုက်တွက်

တုထန်ဟိုသည် ယွမ်ရှောက်အတွက် စိတ်မကောင်း ဖြစ်သွားမိသည်။

ထို့ကြောင့်....

"သူများကို ဖောက်ညှိုးထိုးရင် ကိုယ့်ကိုယ်လဲ ပြန်ကြည့်ဦးဗျ၊ သူများက မျက်နှာမျောက်နဲ့တူတယ်၊ ခင်ဗျားတို့က တစ်ကိုယ်လုံး မျောက်နဲ့တူတယ်၊ ထူတာမှ ဘာမှမစဉ်းရ မသောက်ရနဲ့ အစောင်တဲ့ မျောက်နဲ့တူနေတယ်၊ မှန်ယူ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရမှ ခင်ဗျားတစ်ကိုယ်လုံးက အမွေးအမှင်တွေကို သေ
သေ ချာချာ မြင်ရမှာပါ”

ဝိန်ဝိန်ပါးပါး လူကြီးသည် ဝုန်းခနဲ ထလိုက်၏။ တုထန်
ဟိုတို့၏ စားပွဲကိုလှမ်းကြည့်ပြီး လှမ်းခေါ်လိုက်သည်။

“မင်း ဘယ်သူ့ကို ပြောနေတာလဲကွ”

တုထန်ဟိုသည် ထိုင်နေရာမှ ဖြည်းညင်းစွာထ,ရပ်လိုက်
သည်။

“ကျုပ် ဘယ်သူ့ကို ပြောပြော ခင်ဗျား နဲ့ ဘာဆိုင်
သလဲ”

တုထန်ဟို၏ အေးစက်စက်အသံသည် မဏ္ဍပ်အားလုံး
ဆီသို့ ပျံ့နှံ့သွား၏။

သိုင်းသမားတိုင်း ကြားကြရသည်။

ယင်ယန်စွမ်းကြွယ် သိုင်းပညာရှင် နှစ်ဦးအား မောက်
မောက်မာမာ ပြောကြားခြင်းဖြင့် စိန်ခေါ်ဝံ့သူကား မည်
သူနည်း။

သိုင်းသမားအားလုံး မိုးတိုးမတ်တတ် ထ,ရပ်ကြည့်ကြ
လေသည်။

ယင်ယန်စွမ်းကြွယ်ခေါ် သိုင်းဖိုသိုင်းမ ပညာရှင်နှစ်ဦး
သည် သိုင်းလောကၵ် ကောင်းသူကယ် မကောင်းသူပယ်



ဆိုသည့် အထက်လမ်းဂိုဏ်းသား သူရဲကောင်း သိုင်းသမား
များ မဟုတ်ကြပေ။

သူတို့သည် ထစ်ခနဲ ဒေါသဖြစ်သည်နှင့် လူသတ်လိုသည့်
အောက်လမ်းသိုင်းသမား လူဆိုးလူညစ်များသာ ဖြစ်ကြပေ
သည်။

အထက်လမ်း ဂိုဏ်းသားကိုဖြစ်စေ၊ အောက်လမ်း ဂိုဏ်း
သားကိုဖြစ်စေ သူတို့ ထိမထင်ကြပေ။

သူတို့ နှစ်ဦးကိုလည်း အောက်လမ်းဂိုဏ်းသား အားလုံး
နီးပါးပင် လက်ရှောင်ကြသည်။

အထက်လမ်း ဂိုဏ်းသားများမှုကား ဝေးဝေးက ကွင်း
ရှောင်ကြ၏။

ကြောက်ရွံ့၍တော့ မဟုတ်ပေ။

ခွေးရူးနှင့်ဖက်ကိုက်လျှင် ခွေးကောင်းပင် နစ်နာမည်
မဟုတ်ပါလား။

တုထန်တိုကဲ့သို့သော မျက်နှာစိမ်းတစ်ယောက်က သူတို့
ကဲ့သို့သော သိုင်းပညာရှင်နှစ်ဦးကို ပမာမခန့် ပြောလာ
ကြောင်း တွေ့လိုက်ရသောအခါ သူတို့၏ ဒေါသအိုးကြီး
ကွဲသွားရတော့၏။

www.burmeseclassic.com



"မင်း ဘာဖြောင်လဲ၊ အတော်ကို သေချင်နေပြီနဲ့ တူတယ်"

တုထန်ဟိုသည် ပုတ်ဝန်းကျင်ကို မျက်စိကစားလျက်အကဲခတ်လိုက်၏။

ရှောင်လင် တရုတ်ဘုန်းတော်ကြီး နှစ်ပါးသည် မျက်လွှာချလျက် ထိုင်နေ၏။

ချင်းစိန် အဘိုးကြီးနှစ်ဦးသည်လည်း ရေနွေးကြမ်းအိုးကို ကသိုဏ်းရှုနေ၏။

တုထန်ဟိုတို့၏ အဖြစ်အပျက်ကို လုံးဝ မကြားသယောင် လုံးဝ မမြင်သယောင် ငြိမ်သက်နေကြသည်။

လွှမင်ယွမ်၏ဇနီး မိန်းမချောကြီးသည်လည်း ယခုအဖြစ်အပျက်များကို မသိမြင်လေယောင် တန်ဆောင်နေ၏။ သူတို့ကဲ့သို့ ကြာမြဲရရ မနေနိုင်သူမှာ လွှမင်ယွမ်သာဖြစ်၏။

သူသည် ပြူးတူးပျာတာဖြင့် ရုတ်တရက် ထရပ်သည်။

သို့သော် ဇနီးဖြစ်သူ မျက်စောင်းထိုးခံလိုက်ရသောအခါ ကျာပွတ်အပြခံရသော ခွေးကဲ့သို့ ချက်ချင်းငြိမ်ကုပ်သွားတော့သည်။

တုထန်ဟိုသည် ပတ်ဝန်းကျင်ကို အကဲခတ်ပြီးနောက် ဘာဝင်ကျသွား၏။



မိမိနှင့် ဤလူသွမ်းနှစ်ယောက် တိုက်ခိုက်ကြလျှင် ဤမဏ္ဍပ်အတွင်းရှိ သိုင်းပညာရှင်ကြီးများအားလုံး ကြားနေကြတော့မည်ကို သူ ကောင်းစွာရိပ်မိပြီးလေပြီ။

စာက်မုဆရာတော်၊ ဖန်မုဆရာတော်၊ ချင်းစိန်အဘိုးအိုနှစ်ဦးနှင့် လွှမင်ယွမ်တို့ ဇနီးမောင်နှံတို့ တိုက်ပွဲတွင် မပါဝင်လျှင် တုထန်ဟို သိုင်းဖို့သိုင်းမပညာရှင် နှစ်ဦးကို လုံးဝ မကြောက်ပေ။

သိုင်းဖိုသိုင်းမ ပညာရှင်နှစ်ဦးက မိမိအား နှစ်ယောက်တစ်ယောက် တိုက်ခိုက်လာလျှင် ဆန်ကွမ်းချီနှင့် ယွမ်ရှောက်ဆိုသောလူငယ်နှစ်ဦးက မိမိဘက်မှ ပါဝင်တိုက်ခိုက်ကြမည်တို့ သူ ဗေဒင်မပေးဘဲ သိပြီး ဖြစ်ပေသည်။

ထို့ကြောင့် သိုင်းဖိုသိုင်းမ ပညာရှင်နှစ်ဦးအား ပမာမခန့်ပင် စိန်ခေါ်လိုက်သည်။

"ကျုပ်ပဲ သေချင်နေသလား၊ ခင်ဗျားတို့ပဲ သေချင်နေသလားဆိုတာ တိုက်ပွဲကျမှ ဆုံးဖြတ်နိုင်မယ်၊ ပါးစပ်ကပြောနေလို့တော့ အလကားပဲ"

ဆန်ကွမ်းချီသည် တုထန်ဟို၏စေတနာကို လေးစားသွားသည်။

မိမိတို့သည် သိုင်းလောကဥ္စမထင်ရှားသေးသည့်သာမညလူငယ်ကလေးများသာဖြစ်၏။

www.burmeseclassic.com



သို့သော် တုထန်ဟိုသည် မိမိတို့ မတရားအစေစီကားခံရသည်ဟု ယူဆပြီး မိမိတို့ဘက်မှ ဝင်ရပ်သည်။ ကျန် သိုင်းသမားများနှင့် မျက်နှာအပျက်ခံသည်။

ထို့ကြောင့် ဤတိုက်ပွဲကို ကာယကံရှင် မိမိတို့ အနေဖြင့် ထိုင်ကြည့်နေ၍ မဖြစ်ဟု ဆုံးဖြတ်လိုက်သည်။

ဆန်ကွမ်းချီသည် ရုတ်တရက် ထရပ်ပြီး ပိန်ပိန်ပါးပါး အဘိုးအို လာမည့်လမ်း၌ ဆီး၍ရပ်လိုက်၏။

ပိန်ပိန်ပါးပါး အဘိုးအို၏ အမည်မှာ ယင်စိုယန်ကန်းဟု ခေါ်တွင်သည်။

ယန်ကန်းက မေါ်က်လိုက်၏။

"မင်းက ကြားထဲက အချောင်သေချင်လို့ ဝင်ရှုပ်တာလား၊ ဘေးဖယ်စမ်း"

ဆန်ကွမ်းချီက ခေါင်းခါလိုက်၏။

"ကျုပ်က ကြားထဲက မဟုတ်ပါဘူး၊ ခင်ဗျားက ကျုပ်ညီကို စော်ကားလို့ ဒီအစ်ကိုကြီးက ကျုပ်တို့ဘက်က ဝင်ရပ်တာပါ၊ သူကသာ ကြားလူပါ၊ ဒါပေမယ့် သူက အမှန်တရားအတွက် ကြားထဲက ဝင်ရပ်တဲ့လူပါ"

"အောင်မာ....ကြီးကြီးကျယ်ကျယ်နဲ့ သေပေတော့"



ယန်ကန်း၏ လက်ဝါးသည် ဝှီးခနဲ အော်မြည်သွားသည်။

ဆန်ကွမ်းချီအား လက်ဝါးစောင်း ခုတ်ချလိုက်ခြင်း ဖြစ်သည်။

သို့သော် ဆန်ကွမ်းချီက ရှောင်တိမ်းခြင်း မပြုပေ။

ယန်ကန်း၏ လက်ကောက်ဝတ်သွေးကြောကိုသာ ... ညှိုးဖြင့် ဖျတ်ခနဲထိုး၍ တို့က်ခိုက်သည်။

"ဟယ်..."

"ဟာ...."

မဏ္ဍပ်အတွင်း၌ ဟယ်ခနဲ ဟာခနဲ အသံများ ပြည့်လျှံသွားတော့သည်။

ယန်ကန်းသည် ဤ ခပ်ပျော့ပျော့ လူငယ် ... က်ယောက်ကသူ့ ... ဤသို့တိုက်ခိုက်လိမ့်မည်ဟု လုံးဝ ... မးနေတာကွ၊ ငါ ... ချင် ဤမျှပြင်းထန်သည့် သွေးကြော ... တို့ ... ယ်ကလေး တတ်မြောက်ထ ... လုံး ဆန်းသင်မှတ်ခဲ့ပါ။ ... ခကြောင်း ထုတ်ပြော ... ကော ... ည် အထိတ်တလန့် ဒရော ... သွားသို့ ပေ၏။

www.burmeseclassic.com



ယန်ကန်း၏ ခြိမ်းခြောက်မှုနှင့် ကြောက်ကြောက်ရွံ့ရွံ့ နောက်ဆုတ်သွားရမှုတို့သည် အပြောနှင့်အလုပ် တခြားစီ ဖြစ်နေသဖြင့် သိုင်းသမားအချို့ ပြုံးမိသွားကြလေ၏။

အလားတူပင် တုထန်ဟိုလည်း အံ့ဩ ထိတ်လန့်သွား ...ကာသည်။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့သည် သိုင်းပညာအရာ၌ အတူထက်မြက်မြက် ရှိကြလိမ့်မည်ဟူ၍ကား ရှေးမဆွကပင် ဖှာင်၍ မှန်းဆပြီးဖြစ်သည်။

ခေါ်သို့သော် ဤမျှ ထက်ထက်မြက်မြက် ဖြစ်လိမ့်မည်ဟူ၍မူ ...း၀ မတွေးမိခဲ့ပါချေ။

ဤ 'သွေးကြောဖြတ်' ပညာမှာ သာမန် သွေးကြောပိတ် ပညာများနှင့် လားလားမျှ မတူပါ။

ထိုးနှက်ချက်တစ်ခုမှ တခြားထိုးနှက်ချက် အမျိုးမျိုးသို့ ... ...ာင်းလဲနိုင်သည့် ပညာရပ်မျိုးဖြစ်... သည်။

"ကျုပ်က ကြ...င်ဆရာကား မည်သူပေနည်း။ ...ာ ... ...န့်ဟို ညီကို စော်ကားလိုးစွာဖြင့် ဆန်ကွမ်းချီကို မေး...ပြ...က ...နမ် ရပ်တာ၀ါ၊ သူကသ...

အမှန်တရားအတွက် ...း တုထန့်ဟိုကဲ့သို့ အဆင့်... မ... ...ာင်း

"အောင်မာ....ကြီးဖြန့်ကွမ်းချီ၏ ပညာအတိ...သ...ာ?" ...ကို ...ိုင်လေသည်။ ...ဧ...



သူသည် မူလနေရာ၌ ရပ်ကာ ခက်ထန်စွာ မေးလေသည်။

"မင်း ဘယ်သူ့တပည့်လဲ၊ မြန်မြန်ပြောစမ်း"

ဆန်ကွမ်းချီက ခပ်အေးအေး ပြန်ပြော၏။

"ဘာကြောင့် ဖြေရမှာလဲ"

"မိတ်ဆွေရင်းချာရဲ့ တပည့် ဖြစ်နေရင် မတိုက်ခိုက်မိအောင် မေးနေတာကွ"

စင်စစ် မိတ်ဆွေရင်းချာ၏ တပည့်ဖြစ်ပါက မတိုက်ခိုက်မိအောင် ရှောင်တိမ်းလို၍ မဟုတ်ပါ။

ဆန်ကွမ်းချီ၏ တိုက်ကွက်တစ်ကွက်တည်း တွေ့ရုံဖြင့် သူ ကြောက်လန့်သွားသောကြောင့် ဖြစ်ပါသည်။

ယန်ကန်းက...၊

"ဟေ့ သူငယ်.... ငါကစေတနာနဲ့ မေးနေတာကွ၊ ငါ မေးတာကို မှန်မှန်ဖြေစမ်းပါ"

ဆန်ကွမ်းချီအနေဖြင့် သူ့ဘ၀ အကြောင်း ထုတ်ပြော နိုင်ကောင်း ထုတ်ပြောမည်။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



ပိုင်မာစန်း သစ်တောအတွင်းမှ ဘုရားကျောင်းပျက်သို့ ရောက်သည့် အချိန်ပိုင်းကိုတော့ ထည့်သွင်းပြောနိုင်မည် မဟုတ်ပါ။

သို့သော်....

သူ့အကြောင်း၊ သူ့ဆရာအကြောင်း လုံးဝ ထုတ်မပြောသင့်ကြောင်း ဆုံးဖြတ်လိုက်၏။

"ကျုပ်ရဲ့ဆရာ ဘယ်သူဘယ်ဝါဆိုတာ၊ ကျုပ်ရဲ့ဂိုဏ်း ဘယ်ဂိုဏ်းဆိုတာ ထုတ်ဖော်ပြောဆိုခွင့် မရှိပါဘူး၊ သည်းခံပါခင်ဗျာ"

ယန်ကန်းသည် ဆန်ကွမ်းချီကသာ ဆရာတစ်ဦးဦး၏ အမည်ကို၊ ဂိုဏ်း တစ်ဂိုဏ်းဂိုဏ်း၏အမည်ကို ထုတ်ဖော်ပြောဆိုပါက သူ့အနေဖြင့် ထိုဆရာ၊ ထိုဂိုဏ်းနှင့် မည်သို့ပတ်သက်ခဲ့ဖူးကြောင်း လီဆယ်ပြောဆိုလျက် ဆန်ကွမ်းချီနှင့် မတိုက်ခိုက်မိအောင် ရှောင်တိမ်းမည်ဟု ကြံစည်ခဲ့၏။

သို့သော်....

ဆန်ကွမ်းချီက မည်သည့်အချက်မျှ ထုတ်ဖော်ပြောဆိုခြင်း မရှိသဖြင့် သူ့အကြံအစည် ပျက်စီးသွားခဲ့သည်။

သူ သိက္ခာ မကျစေရန်အတွက် သူ့အတွင်းအားများကို အဆင်သင့်ထုတ်ကာ ဆက်လက်၍ ဟိန်းဟောက် မေးမြန်းမြန်သည်။



"မင်းနာမည် ဘယ်သူလဲ"

"ကျုပ်နာမည်က ဆန်ကွမ်းချီ၊ သူ့နာမည်ကော ခင်ဗျား ...ချင်သေးသလား ယွမ်ရှောက်တဲ့"

ယန်ကန်းက ခြောက်ကပ်ကပ် ရယ်သည်။

ဩော် .... သိုင်းလောကထဲ ဝင်ရောက်လာခါစ ဥမမည့် ...မမြောက် ...လေးများအား ကြိုတင် သတိပေးခြင်းမရှိဘဲ ...ပ်တစ်ပြက် ရုတ်တရက် တိုက်ခိုက်လေတော့၏။

ဆန်ကွမ်းချီအဖို့ ဤတိုက်ကွက်မှာ မဆန်းပါ။

ဘေးသို့ တစ်လှမ်းမျှ တိမ်းပေးပြီး မိုးကြိုးမုန်တိုင်း တိုက်...က်ဖြင့် ရိုက်ထုတ်လိုက်သည်။

ရိုက်သည့်အင်အား ပြင်းထန်သဖြင့် ယန်ကန်းမှာ နောက်...ို့ ခြေသုံးလှမ်း ဆုတ်ပေးရသည်။

သို့သော်....

တို့ ခြေသုံးလှမ်းတည်းနှင့် ရပ်တန့်အောင် မလုပ်နိုင် ...ဖြင့် နောက်ထပ် ခြေငါးလှမ်းမျှ ထပ်ဆုတ်ရသည်။

ထိုအခါကျမှ သူ့ခန္ဓာကိုယ်ကို ထိန်းနိုင်တော့သည်။

ဆန်ကွမ်းချီ ရိုက်ထုတ်သည့် မိုးကြိုးမုန်တိုင်း တိုက်ကွက် ...သည် လွန်စွာ လျှို့ဝှက် ဆန်းကြယ်မှုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မကျွပ်ထဲမှ ဆိုင်းဘားအားလုံး ဝိုင်းကြည့်နေကြသဖြင့် ထိုတိုက်ကွက်ကို အားလုံးပင် ထင်ထင်ရှားရှား မြင်တွေ့ကြရသည်။

ဆန်ကွမ်းချို၏ လက်ရည်ကို လူတိုင်းထိတ်လန့် ကြောက်ရွံ့သွားကြသည်။

ရှောင်လင် တရုတ်ဘုန်းတော်ကြီး နှစ်ပါးနှင့် ချင်းစိန်အဘိုးကြီး နှစ်ဦးသည် ထိုတိုက်ကွက်ကို ကြည့်လိုက်မိကြသည်။

စောစောကလို အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် မနေနိုင်ကြတော့ပေ။

ခန္ဓာကိုယ်များ မလှုပ်ရှားကြသေးလည်း စိတ်နှလုံးမှု လွန်စွာ လှုပ်ရှားနေကြလေပြီ။

ထိုနည်းတူ လွှမင်းယွမ်နှင့် ဇနီးဖြစ်သူတို့ကလည်း မြင်လေသည်။

ယခုအချိန်တွင် ယန်ချွင် မတ်တတ်ရပ်လာလေပြီ။

ယန်ချွင်ဆိုသူမှာ ယန်ကန်း၏နောင်တော် သိုင်းဖိုပညာရှင် ဖြစ်၏။

ယန်ချွင် ဝင်မတိုက်ပါ၊ အေးစက်စက်ရယ်ပြီး အကြံဝင်ပေးလေ၏။



"ဒီနေရာမှာ မတိုက်ခိုက်သင့်ဘူး၊ ဒီဖူကျွပ်က ဈာပနကျွပ်၊ တိုက်ချင်ခိုက်ချင်ရင် တခြားဆိတ်ငြိမ်တဲ့ တစ်နေရာရာကို သွားသင့်တယ်"

ဆန်ကွမ်းချိုသည် အဖြေမပေးတတ်သဖြင့် တုထန်ဟိုအား လှမ်းကြည့်သည်။

တုထန်ဟိုက တစ်စုံတစ်ခုပြောရန် တန်ပြင်နေစဉ်မှာပင် ဈာပန ညှော်ခံကြိုဆိုသူ ကျင်းရှောင်ဟိုသည် ယန်ကန်းနှင့် ဆန်ကွမ်းချိုတို့၏ အလယ်သို့ ဝင်ရောက်လာ၏။

သူသည် ဆန်ကွမ်းချိုအား လည်းကောင်း၊ ယင်ယန်စွမ်းကြယ်ဟု နာမည်ကျော်သည့် သိုင်းဖို့ သိုင်းမပညာရှင် နှစ်ဦးတို့အား လည်းကောင်း အကြိမ်ကြိမ် ဦးညွတ် ဂါရဝပြုပြီး မေတ္တာရပ်ခံလေသည်။

"သည်းခံကြပါ၊ သည်းခံကြပါ၊ သခင်ကြီးဝမ်ရဲ့ မျက်နှာကို ထောက်သားပြီး ခင်ဗျားတို့ ယှဉ်ပြိုင်မှုကို ဒီတင် ရပ်ဆိုင်းကြဖို့ မေတ္တာရပ်ခံပါတယ်"

တုထန်ဟိုသည် ဆန်ကွမ်းချိုအား အလိုက်သင့် လှမ်းပြောလိုက်သည်။

"ညီလေး၊ ကိုယ့်နေရာမှာ ကိုယ် ပြန်ထိုင်လိုက်ပါကွယ်၊ သခင်ကြီးဝမ်ရဲ့ မျက်နှာကို ထောက်ထားရမယ်၊ ဟောဒီက

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်နေတဲ့ နောင်ကြီး ကျင်းရှောင်ဟိုရဲ့ မျက်နှာကို ထောက်ထားရမယ်၊ ပြီးတာတွေ ပြီးပါစေတော့၊ ညီလေး အနားယူပါ"

တပြုံးပြုံးနှင့် လှမ်းပြောနေသည့် တုထန်ဟိုး၏မျက်နှာကို ကြည့်ပြီး ဆန်ကွမ်းချီ ထိုင်ချလိုက်လေ၏။

ဆန်ကွမ်းချီသည် သိုင်းလောက အတွေ့အကြုံ နည်းပါးသူဖြစ်သဖြင့် အခြေအနေကို မီးစဉ်ကြည့်က တတ်သူ မဟုတ်ပေ။ သူနှင့်အတူ တုထန်ဟိုးရှိနေခြင်းက သူနှင့် ယွမ်ရှောက်တို့အတွက် လွန်စွာတန်ဖိုးရှိနေပေသည်။ တုထန်ဟိုသည် အတွေ့အကြုံရင့်ကျက်သူ ဖြစ်၏။

ဆန်ကွမ်းချီ ထိုင်သွားပြီဖြစ်သော်လည်း ယန်ကန်းနှင့် ယန်ချွင်တို့ မထိုင်ကြသေးပေ။

ကျင်းရှောင်ဟိုသည် ယန်ကန်းနှင့် ယန် ချွင် တို့ အား အကြိမ်ကြိမ် ဂါရဝပြုပြီး မေတ္တာရပ်ခံ ပြန်လေ၏။

"မိတ်ဆွေတို့၊ ကျုပ်မျက်နှာကို ထောက်ကြပါဦးဗျာ၊ သည်းခံကြပါ၊ သည်းခံကြပါ"

ယန်ကန်းနှင့်ယန်ချွင်တို့သည် ကျင်းရှောင်ဟို၏မျက်နှာကို ထောက်ထားရှိသာ၍ သည်းခံလိုက်ရသည့် ပုံစံဖြင့် မထိုင်ချင့်ထိုင်ချင် ထိုင်လိုက်ကြသည်။



ကျင်းရှောင်ဟိုသည် ရန်ပွဲကြီး ငြိမ်းပြေအောင် တောင်းပန်ရာ၌ စိတ်မောလူမော ဖြစ်သွားသဖြင့် ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။

ထို့နောက် ဈာပနသို့ ကြွရောက်လာသည့် ပရိသတ်များအား ဦးညွှတ်ပါရဝပြုပြီး....

"မိတ်ဆွေများခင်ဗျား၊ ဝေးလံတဲ့ အရပ်ကနေ တကူးတက ကြွရောက်လာကြတဲ့ ဟောဒီက မိတ်ဆွေများအား အတွက် အရက်နဲ့ဟင်းလျာများ ပြင်ဆင်နေပါပြီ၊ ခဏကလေး သည်းခံစောင့်ဆော်မူကြပါ"

ထိုအသံကြားရပြီးနောက် မဏ္ဍပ်အသီးသီးမှ လူများ တိတ်ဆိတ်ငြိမ်သက်ကြသည်။

ကိုယ်နှင့်နီးစပ်ရာလူ အချင်းချင်းတော့ တီးတိုးခေါင်းချင်းရိုက်ကြသည်။

သို့သော်....ရှောင်လင်တရုတ်ဘုန်းတော်ကြီးနှစ်ဦး၊ ချွင်းမိန် အဘိုးကြီးနှစ်ဦးနှင့် လွှေမင်ယွမ်တို့ဇနီးမောင်နှံတို့သည် ဆန်ကွမ်းချီအား မသိမသာ အကဲခတ်နေကြလေ၏။

ဆန်ကွမ်းချီကို သာမည သိုင်းသမားတစ်ယောက်အဖြစ် သတောမထားကြတော့ပေ။

ဆန်ကွမ်းချီကလည်း ထိုပုဂ္ဂိုလ်များက သူ့အား အကဲခတ်နေသည်ကို ကောင်းစွာ ရိပ်မိ၏။

www.burmeseclassic.com



ထို့ကြောင့် သူ့အဘ ဆရာကြီး၏စကားများကိုချက်ချင်း ပင် ပြန်လည် ကြားယောင်မိလာသည်။

"လူကလေး....မင်းသာ ငါ့သိုင်းကွက်တွေကို အကြောင်း တစ်စုံတစ်ရာကြောင့်လူပုံအလယ်မှာအသုံးချခဲ့မိရင်မင်းဟာ ရန်သူတွေကို ဖိတ်ခေါ်ပြီးသား ဖြစ်နေပြီလို့ မှတ်လိုက်ပေ တော့"

ဆန်ကွမ်းချီသည် အဘဆရာကြီး၏ စကားကို ပြန်လည် သို တိရသွားပြီးနောက် စိတ်ဘဝင်မအေးနိုင်ဘဲ ဖြစ်လာ ရေ ည်။

တုထန်ဟိုသည် ဆန်ကွမ်းချီ၏မျက်နှာ၌ ပေါ်ပေါက်နေ သည့် စိုးရိမ်ပူပန်မှုများကို အကဲခတ်နိုင်စွမ်းရှိသည်။

ဆန်ကွမ်းချီ၏ ဆရာသည် နှယ်နှယ်ရရ ဆရာ မဖြစ်နိုင် ကြောင်း ရိပ်မိသည်။

"ညီလေး...."

"ခင်ဗျာ အစ်ကိုကြီးတုထန်ဟို၊ ဘာအမိန့်ရှိချင်လို့လဲ"

"ညီလေး သဘောပေါက်ရဲ့လား၊ သိုင်းလောကမှာ အတော်ကလေး နာမည်ကြီးနေတဲ့ သိုင်းဖို့သိုင်းမပညာရှင် နှစ်ဦးကို ကြောက်ဒူးတုန်အောင် လုပ်နိုင်ခဲ့ပြီဆိုတာကို"

ဆန်ကွမ်းချီက ခေါင်းခါ၏။



"အစ်ကိုကြီး မှားနေပါပြီ၊ သူတို့ဟာ ကျွန်တော့်ကို ခုထိမကျေနပ်ကြသေးပါဘူး၊ သူတို့ရဲ့ဟန်တွေကို ကြည့်ပါ လား၊ သူတို့ တိုက်ချင်ခိုက်ချင် ရှိနေကြပါသေးတယ်"

တုထန်ဟိုက ခပ်အုပ်အုပ် ရယ်လေ၏။

"ညီလေးက သိပ်ရိုးတာကိုး၊ဒီသိုင်းဖို့သိုင်းမ ပညာရှင် နှစ်ယောက်ဟာ ညီလေးကို ဘယ်လိုမှ မပြိုင်နိုင်ဘူးဆိုတာ သိပြီးကြပြီ၊ ဒါပေမယ့် ဒီလောက်ကြီးမားတဲ့ ပရိသတ်ရှေ့မှာ သူတို့ရှုံးပြီဆိုတာ ဘယ်လိုလုပ်ဝန်ခံရဲမလဲ၊ ဒါကြောင့်မို့ စိတ်နဲ့ဟန်နဲ့ လုပ်နေကြတာပါ"

တုထန်ဟိုက ခပ်အုပ်အုပ် ခပ်တိုးတိုး ရှင်းပြနေခြင်းသာ ဖြစ်သော်လည်း မဏ္ဍပ်အတွင်းရှိ သိုင်းသမားများမှာ ထိပ် တန်းသိုင်းသမားများချည်းသာဖြစ်၍ မည်မျှ တိုးတိုးပြော သည်ဖြစ်စေ ကြားနေကြသည်သာ ဖြစ်၏။

ယန်ကန်းသည်လည်း ထိုစကားကို ကြား၏။

မျက်နှာတစ်ပြင်လုံး နီရဲနေသည်။ အရှက်ကွဲနေရခြင်းကို ပြန်လည် အဖတ်ဆယ်နိုင်ရန်အတွက် သူသည် ယန်ချွင်အား တိုးတိုးတိုင်ပင်လေ၏။

"အစ်ကိုကြီး၊ဒီကောင်လေးကိုမှတ်လောက်သားလောက် အောင် မဆုံးမနိုင်တော့ဘူးဆိုရင် ကျုပ်တို့ တစ်သက်လုံး ခေါင်းဖော်နိုင်မယ် မထင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ယန်ချင်သည် ယန်ကန်းအကြောင်း ကောင်းစွာ သိ
ထား၏။ ယန်ကန်းသည် ယခင်က ရှောင်လင် ကျောင်း
တော်မှ တရုတ်ဘုန်းကြီးတစ်ပါးဖြစ်သည်။

သူသည် ရှောင်လင်ဘုန်းကြီးများ မဖောက်ဖျက်မကျ
လွန်ရသော စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်
သဖြင့် ရှောင်လင်ကျောင်းတော်မှ နှင်ထုတ်ခံရကာ လူဝတ်
ကြောင် လဲခဲ့ရသည်။

ထိုအဖြစ်အပျက်သည် အနှစ်နှစ်ဆယ်မျှ ကြာမြင့်ခဲ့ပြီ။

သို့သော် ယန်ကန်းအဖို့မူ မနေ့တစ်နေ့က အဖြစ်အပျက်
ကဲ့သို့ ထင်မှတ်နေဆဲ ရှိသေး၏။

ယခု မကျွပ်အတွင်း၌ရောက်ရှိနေသော ရှောင်လင်တရုတ်
ဘုန်းတော်ကြီးများဖြစ်သည့် တက်မုနှင့်ဖန်မုတို့ကို ကြောက်
ရွံ့ဆဲ ရှိသေး၏။

သို့ဖြစ်သော်လည်း သူ့အစွမ်း မသေးဆိုသည့် အချက်
ရှောင်ဖေင် ဆရာတော် နှစ်ပါးရှေ့၌ ထုတ်ပြချင်သေးသည်။

ယန်ကန်းသည် ယန်ချင်အား တိုင်ပင်ပြီးသည်နှင့် ယ
ချင် ဘာမှမပြောရသေးမီ ခုန်ထလေ၏။

ယွမ်ရှောက်သည် ယန်ကန်းနှင့် ယန်ချင်တို့အား စိမ်
နပြေ အကဲခတ်နေသူဖြစ်ရာ ယန်ကန်း ခုန်ထခြင်းသည်
ဆန်ကွမ်းချီအား ထပ်မံတိုက်ခိုက်ရန် ပြင်ဆင်ခြင်းဖြစ်သည်
ဟု ယူဆလိုက်မိလေသည်။



သူသည် လျှပ်တစ်ပြက် ခုန်ထွက်လိုက်ရာ ယန်ကန်း၏
အရှေ့သို့ လျင်မြန်သော အရှိန်နှုန်းဖြင့် ရောက်ရှိသွားလေ
သည်။

"ညီလေးယွမ်ရှောက်၊ မလုပ်နဲ့"

အရေးတကြီး အော်ဟစ်လိုက်သည့် ဆန်ကွမ်းချီ၏ အသံ
သည် ပတ်ဝန်းကျင် မကျွပ်အားလုံးကို လွှမ်းခြုံ မြည်ဟည်း
သွားလေ၏။

ယန်ကန်း၏ စိတ်ထဲတွင်လည်း ဆန်ကွမ်းချီ သို့မဟုတ်
ယွမ်ရှောက်တို့သည် ဤမျှမြန်ဆန်သော အမြန်နှုန်းဖြင့် သူ့
ထံသို့ ရောက်ရှိလာလိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့ချေ။

အထူးသဖြင့် သူ အာရုံစိုက်သူမှာ ဆန်ကွမ်းချီ ဖြစ်၏။

သို့သော်....

သူ့ရှေ့သို့ လျှပ်တစ်ပြက်ရောက်လာသူမှာ ယွမ်ရှောက်
ဖြစ်နေသည်။

သူအံ့အားသင့်နေခိုက်ဖြစ်၍ ယွမ်ရှောက်အနေဖြင့် စိတ်
တိုင်းကျ တိုက်ခိုက်နိုင်သည်။

ယန်ကန်းအနေဖြင့် ယွမ်ရှောက် ပြုသမျှနုရုံသာရှိသည်။

သို့သော်....

ဆန်ကွမ်းချီ၏ အရေးတကြီး အော်သံကြောင့် ယန်ကန်း
အနေဖြင့် ယွမ်ရှောက်၏တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်ခွင့်
ရရှိသွားလေ၏။

ယွမ်ရှောက်သည် သံမဏိလက်ဝါးချောင်းဟိုက်ကွက်ဖြင့်
ယန်ကန်း၏ ရင်ဝသို့ ကုတ်ဆွဲသည်။

www.burmeseclassic.com

ယန်ကာန်း ရှောင်တိမ်းလိုက်သည်။

ဆန်ကွမ်းချီ၏ အော်သံကြားလိုက်ရသဖြင့် ယွမ်ရှောက် ဆက်မတိုက်တော့ဘဲ နောက်ကျွမ်းပစ်လိုက်ကာ သူ၏ မူလ ထိုင်ခုံ၌ အကျအန ဝင်ရောက်ဆိုင်လိုက်သည်။

သူ၏ ပေါ့ပါးလှသော ကိုယ်ဖော့ပညာကို မကျွပ်အသီး သီးရှိ သိုင်းသမားတိုင်း ဖါးစပ်အဟောင်းသားဖြင့် ငေး ကြည့်ကြရလေ၏။

ယွမ်ရှောက်သည် ဆန်ကွမ်းချီထက်ပင် အာတွေ့အကြုံ နည်းသူ ဖြစ်၏။

ဤသို့ပြုလုပ်လိုက်ခြင်းဖြင့် သူ၏ အဆင့်အတန်းမြင့်လှ သော ကိုယ်ဖော့ပညာနှင့် သံမဏိလက်သည်းကုတ်ပညာကို လူပရိသတ်ရှေ့ဖွင့်ထုတ်ပြအမိပြုဖြစ်ကြောင်း မရိပ်မိရှာချေ။

ယန်ကာန်းသည် ဆန်ကွမ်းချီနှင့် တိုက်ခိုက်သဖြင့် တွေ့ရှိ လိုက်ရသော သွေးကြောဖြတ် ပညာနှင့် မိုးကြိုးမုန်တိုင်း တိုက်ကွက်ကိုကြည့်ပြီး ကြောက်လန့်ခဲ့၏။

ယခု ယွမ်ရှောက်၏ သံမဏိ လက်သည်းကုတ် ပညာနှင့် ကိုယ်ဖော့ပညာကို တွေ့မြင်လိုက်ရသောအခါတွင်မူ လုံးဝ မလှုပ်ဝံ့အောင် ဖြစ်သွားတော့သည်။

သို့သော် သူတို့သည် သိုင်းလောက၌ ချီးကပ်နေသူများ ဖြစ်၏။

လက်မလှုပ်ဝံ့သော်လည်း ပါးစပ်ကိုမူ လှုပ်ဖြစ်အောင် လှုပ်ပေသေးသည်။

ယန်ကာန်းက ကျယ်လောင်စွာ ပြောသည်။



"အော...ဒီကိစ္စဟာ ဒီမှာဘင်မပြတ်ဘူးကွ၊ အပြင်မှာ ထပ်ပြီး စာရင်းရှင်းကြသေးတာပေါ့"

သူခြိမ်းခြောက်နေစဉ်မှာပင် သခင်ကြီးဝမ်၏သား ဝမ် ကျင့်လန် ရောက်ရှိလာသည်။

* * *

"ဆရာကြီးယန်ကန်းခင်ဗျား၊ ကျွန်တော့်ဖခင်ရဲ့ဈာပန ကို ဟက်ရောက်လာတဲ့အတွက် ကျွန်တော် အထူးပဲကျေးဇူး တင်ပါတယ်၊ ကျွန်တော်တို့မျက်နှာကို ထောက်ထားပြီး ဒီ ကိစ္စကို ပြေငြိမ်းလိုက်ပါလို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ၊ ဟိုမိတ်ဆွေတွေအနေနဲ့ ဆရာကြီးတွေရဲ့စွမ်းရည်ကို မသိလို့ ဒီလိုမှားယွင်းမိတာလို့ ထင်ပါတယ်၊ သူတို့ကိုယ်စား ကျွန် တော်ကပဲ တောင်းပန်ပါတယ်ခင်ဗျာ"

ယန်ကန်းတို့သည် သိုင်းလောက၌ လုပ်ချင်ရာ လုပ်ခဲ့သူ များ ဖြစ်၏။

လူမိုက် ကံကောင်းများဖြစ်၍ သူတို့အား မှတ်လောက် သားလောက်အောင် ဆုံးမမည့်သူများ မပေါ်ပေါက်ခဲ့ချေ။

ထို့ကြောင့် ရမ်းချင်တိုင်း ရမ်းနေသူများ ဖြစ်၏။

ဝမ်ကျင့်လန် လာရောက်တောင်းပန်သည့်အခါ သူတို့၏ အရှက်နှင့် သိက္ခာကို ကာကွယ်ရန်အတွက် နောက်ဆုံး ကျန် သော နည်းလမ်းကို သုံးလိုက်သည်။

www.burmeseclassic.com



"အင်ကိုကြီးယန်ချွင်၊ ကျုပ်တို့ ဒီမဏ္ဍပ်ထဲ ထိုင်နေရင် အစော်ကားခံနေရတာနဲ့ပဲ အချိန်ကုန်နေမှာပဲဗျ၊ စော်ကားပြီးတိုင်း ဟိုက လာတောင်းပန်လိုက်၊ ဒီက လာတောင်းပန်လိုက်နဲ့ အဲဒါနဲ့ ကျုပ်တို့ ကျေအေးနေရတာပဲ၊ ဒီတော့ ဒီမဏ္ဍပ်က ထွက်ကြမယ်ဗျာ"

ဝမ်ကျင့်လန်မှာ ယန်ကန်း၏ စကားကို ကြားလိုက်ရသောအခါ ကြက်သေသေသွားသည်။

သူလည်း မည်သို့ တောင်းပန်ရမည်မှန်းမသိဘဲ ဖြစ်သွားသည်။

ယန်ချွင့်သည် ထိုင်နေ၍ မဖြစ်တော့ပေ။

ယန်ကန်းထွက်လျှင် သူလည်း ထွက်ရပေမည်။

ယန်ကန်း ထသောအခါ သူလည်း လိုက်ထရသည်။

စင်စစ် ယန်ကန်းတို့ လစ်ပြေးကြရန် ကြံစည်ကြခြင်း ဖြစ်ပေသည်။

"ခင်ဗျားတို့နှစ်ယောက် ခဏလောက်သည်းခံပြီး စောင့်ကြပါဦးဗျ၊ ကျုပ်အနေနဲ့ ညီရင်းအစ်ကိုတွေလို စကားနည်းနည်းလောက် ပြောချင်လို့ပါ"

ထိုစကားပြောလိုက်သူကား လွှမင်ယွှမ်တည်း။

ထိုစကားသံကြောင့် ထိုင်ခုံများမှ ထွက်ခွာလုဆဲဆဲ ခြေလှမ်းပြင်နေကြသည့် ယန်ကန်းနှင့် ယန်ချွင်တို့၏ ခြေလှမ်းများ တုံ့ခနဲ ရပ်ဆိုင်းသွားကြသည်။



အရာခပ်သိမ်း၌ မိမိလင်ယောကျ်ားအား မပါဝင် မပတ်သက်စေလိုသော လွှမင်ယွှမ်၏ဇနီးသည် စကားကြောရှည်နေသော လွှမင်ယွှမ်အား မကျေမနပ် လှမ်းကြည့်နေသည်။

လွှမင်ယွှမ်သည် သူ့ဇနီး၏အထာကို ညက်ညက်ကြေနေသူဖြစ်၍ ဇနီးဖြစ်သူကို လုံးဝလှမ်းမကြည့်ချေ။

လှမ်းကြည့်သည်နှင့် ဇနီးဖြစ်သူ၏ မျက်စောင်းကို ပထမဆုံး လှမ်းတွေ့မည်ကို သိနေသောကြောင့်တည်း။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

### သေဆုံးသူနှင့် တွေ့ဆုံခြင်း

"ဒီလိုပဲ့ပါဗျာ....ခင်ဗျားတို့နဲ့ ကျုပ်တို့ဟာ ရင်းနှီးတဲ့ မိတ်ဆွေတွေမို့ ခုလို ပြောရတာပါ၊ ကွယ်လွန်သူရဲ့သားက လာရောက်တောင်းပန်နေတဲ့ ကြားထဲက ခင်ဗျားတို့ ထွက်ခွာသွားကြမယ်ဆိုရင် သိုင်းလောကသားတွေက ခင်ဗျားတို့ကို အင်မတန်ရိုင်းစိုင်းတဲ့ လူတွေလို့ မှတ်ထင် ယူဆသွားနိုင်ပါတယ်၊ ဒါကြောင့် မထွက်ခွာခင် ခဏလောက် စဉ်းစားကြပါဦးလို့ မေတ္တာရပ်ခံလိုပါတယ်"

လွှမ်းမင်းယွမ်၏ မေတ္တာရပ်ခံချက်မှာ အလွန်တျိုးကြောင်းချွတ်ပေသည်။ ယန်ချင်က ယန်ကန်းအား နှုတ်ချလေ၏။



"ညီလေး....နောင်ကြီး လွှမ်းမင်းယွမ် ပြောတာ စဉ်းစားစရာပဲ၊ ဈာပန အခမ်းအနားကြီးပြီးတော့မှပဲ ထွက်ခွာသွားကြတာပေါ့"

ယန်ကန်း မှတတ်နိုင်တော့ပေ။

ဝိုင်းဝန်းတားဆီးနေသည့် ကြားထဲမှ ခွာထွက်သွားလျှင် မိမိတို့အလွန် ဖြစ်ပေတော့မည်။

သူသည် လွှမ်းမင်းယွမ်ကို ဂါရဝပြုလိုက်ပြီး....

"ဟုတ်ကဲ့၊နောင်ကြီး လွှမ်းမင်းယွမ်ရဲ့ မေတ္တာရပ်ခံချက်ကို လေးစားတဲ့အနေနဲ့ ကျုပ်တို့ ဒီဈာပနအခမ်းအနား ပြီးစီးတဲ့အထိ နေပါမယ်ဗျာ"

ဝမ်ကျင့်လန်သည် လွှမ်းမင်းယွမ်နှင့် ယန်ကန်း၊ ယန်ချင်တို့ကို အကြိမ်ကြိမ် ဂါရဝပြုလေ၏။

မိမိဖခင်၏ ဈာပနအခမ်းအနား၌ ပြဿနာများ မအေးငြိမ်းကုန်သဖြင့် ကျေးဇူးတင်အညွှံ့သဘောဖြစ်တော့သည်။

* * *

ဝမ်ကျင့်လန်သည် ရှောင်လင်ဘုန်းတော်ကြီးများအနီးသို့ လျှောက်လာပြီး ရိုသေလေးစားစွာ မေးမြန်းလေ၏။

"ဆရာတော်ကြီးများဘုရား၊ ဖခင်ကြီးရဲ့ ဈာပန အခမ်းအနားအတွက် အနောက်ဘက် အဆောင်မှာ ဆက်လက်

www.burmeseclassic.com



ဆောင်ရွက်ပါ့မယ်၊ ဒီက ဆရာကြီးများနဲ့တကွ ဆရာတော်များကို ပင့်ဖိတ်ပါတယ်”

ဆရာတော်နှစ်ပါးနှင့် ထိပ်သီးသိုင်းသမား အတော်များများ ထရပ်ကြ၏။

ဝမ်ကျောင့်လန် ဦးဆောင် ထွက်သွားသည့်နောက်သို့ ဝိုင်းလိုက်ကြ၏။

တုသန်ဟိုက....

“ညီလေး.... ငါ လိုက်ကြည့်ဦးမယ်၊ ညီလေးတို့ကော လိုက်ဦးမလား”

ဆန်ကွမ်းချီသည် သူ့ဦးနှောက်ထဲမှ သေချာစွာ ဝေဖန်ပိုင်းခြားခြင်းမပြုရသေးခင်မှာပင် သူ့ခန္ဓာကိုယ်က ထရပ်ပြီးဖြစ်နေလေ၏။

“အစ်ကိုကြီး လိုက်ကြည့်မှတော့.... ကျွန်တော်တို့ချည်း ကျန်နေလို့ ဘယ်ဖြစ်တော့မလဲ၊ကျွန်တော်တို့လဲ လိုက်ကြည့်မယ်”

တုထန်ဟိုက ပြုံး၍ ခေါင်းညိတ်လေ၏။ တုထန်ဟို ထွက်ခွာသွားသောအခါ ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့လည်း နောက်ပါးမှ ကပ်၍လိုက်၏။

အနောက်ဘက်အဆောင်သို့ ဝင်လုဆဲဆဲတွင် သခင်ကြီးဝမ်၏ သားဖြစ်သူ ဝမ်ကျောင့်လန်သည် ရုတ်တရက် လှည့်ကြည့်မိ၏။

များပြားလှသော သိုင်းသမားများကို တွေ့လိုက်ရသောအခါ သူ ခေါင်းနားပန်း ကြီးသွားသည်။



ဤမျှ များပြားသော သိုင်းသမားများ လိုက်ပါလာလိမ့်မည်ဟု သူ လုံးဝ မထင်မှတ်ခဲ့ပါ။

သို့သော်....

သူ ဖိတ်ခေါ်ခဲ့ပြီးပြီဖြစ်၍ သူ့စကားကိုပြန်လည်ရုပ်သိမ်းရန်လည်း မဖြစ်နိုင်တော့ပါ။

တုထန်ဟိုသည် ဝမ်ကျောင့်လန်၏ အခက်အခဲကို မြင်ရုံမျှနှင့် သဘောပေါက်သည်။

သို့သော်....

မမြင်ဟန်ဆောင်လျက် အခြား သိုင်းသမားကြီးများနောက်မှ ထက်ကြပ်မကွာ ကပ်၍သာ လိုက်ပါနေတော့လေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၉)

## ထိမ်လည်သော ဈေးဝန

ယွမ်ရှောက်သည် ဆန်ကွမ်းချီနောက်မှ လိုက်ပါလာလေသည်။

သူသည် သိုင်းသမားများ၏ နောက်ဆုံးမှ လိုက်ပါလာသူ ဖြစ်နေ၏။

အနောက်ဘက်ဆောင် မဝင်မီ အဝင်ဝ၌ အစောင့်များ ချထားရာ အစောင့်တစ်ယောက် ယွမ်ရှောက်ရှေ့၌ လက်ကာပြီး....



"ဒီကမိတ်ဆွေက သခင်ကြီးဝမ်ရဲ့ ရုပ်ကလာပ်ကို ကြည့်ဦးမလို့လားဗျာ"

ယွမ်ရှောက်က ခပ်အေးအေးပင် အဖြေပေးသည်။

"ကျုပ်က ကျုပ်အစ်ကိုကြီးနောက်က အမြဲတမ်းလိုက်နေကျမို့ တစ်ယောက်တည်းချန်ပြီး မနေနိုင်ဘူးဗျာ"

ဆန်ကွမ်းချီက ကမန်းကတန်း လှည့်ပြော၏။

"မိတ်ဆွေ...ကျုပ်တို့ညီနောင်နှစ်ယောက်ဟာ အမြဲတမ်းခွဲခွာ သွားခဲ့ကြပါတယ်၊ ကျုပ်တစ်ယောက်တည်း ဝင်ကြည့်ပြီး ကျုပ်ညီကျန်ရစ်ခဲ့မယ်ဆိုရင်တော့ ကျုပ်ဝင်ကြည့်တာဟာ အလကား ဖြစ်သွားပါလိမ့်မယ်၊ ဒါကြောင့် ခင်ဗျားလက်ကို ရုပ်သိမ်းလိုက်ရင် ကျုပ်တို့ ညီအစ်ကိုက ထာဝရပဲ ကျေးဇူးတင်မိပါလိမ့်မယ်"

ထိုစဉ် သခင်ကြီးဝမ်၏သား ဝမ်ကျင့်လန်သည် သူတို့အနီးသို့ ရောက်ရှိလာသည်။

"ဘာဖြစ်နေကြတာလဲ"

ဆန်ကွမ်းချီက အစောင့်လူငယ် ရှင်းမပြမီ ဝင်၍ရှင်းပြလိုက်သည်။

ဝမ်ကျင့်လန်သည် မသူးတော့ပြီဖြစ်၍ဆန်ကွမ်းချီတို့အား ဂါရဝပြုကာ အစောင့်လူငယ်၏ ရိုင်းပျသော အပြုအမူအတွက် ခွင့်လွှတ်ပါဟု တောင်းပန်စကား ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး ခုလို ပြေပြေလည်လည် ဖြစ်တာကိုပဲ ဝမ်းသာလှပါပြီ"

"ကဲ....ကဲ....နောင်ကြီးတို့လဲ ဝင်ကြပါ"

ဝမ်ကျင့်လန်သည် အစောင့်လူငယ်အား ဝေါက်ငမ်းလွှတ်လိုက်၏။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့သည် ခပ်လှမ်းလှမ်း၌ စောင့်ကြည့်နေသည့် တုထန်ဟိုအနီးသို့ လျင်မြန်စွာလျှောက်သွားကြသည်။

သူတို့သည် ပန်းမျိုးစုံ စိုက်ထားသည့် ဥယျာဉ်ကြီးကို ဖြတ်ကျော်လာကြသည်။

မကြာမီ အနောက်ဘက်ဆောင်သို့ ရောက်ရှိလာကြလေသည်။

* * *

အနောက်ဘက်ဆောင်၏ တံခါးမကြီးမှာ အလွန်တရာကြီးမားသည်။

ကြေးလက်ကိုင်ကွင်းကြီးများပင် လူဦးခေါင်းတမျှ ကြီးမားလှသည်။



တံခါး၏ ဘယ်ဖက်ညာဖက်တွင် သေနတ်သောင်းမောင်းမောင်း လူကြီးသေးသေးဘက် စီရပ်၍ စောင့်နေကြ၏။

သူတို့၏ ဦးခေါင်းများတွင် ပိတ်စဖြူများ ရစ်ပတ်ထားကြသည်။

အဆောင်ထဲ၌ အလွန်တရာ အေးချမ်းလှ၏။

ရှောင်သင့် တချက်ဘုန်းခက်ကြီးနှစ်ပါးသည် ရှေ့ဆုံးမှ ဝင်ရောက်သွားခဲ့ကြလေပြီ။

သူ့နောက်မှ သိုင်းသမားများလည်း ဝင်ရောက်သွားခဲ့ကြလေပြီ။

အပေါက်ဝ၌ ကျန်ရစ်ခဲ့သူများမှာ တုသန်ဟို၊ ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့သာ ဖြစ်သည်။

တုသန်ဟိုနှင့် ဆန်ကွမ်းချီတို့ ဝင်ပြီးသည်နှင့် အစောင့်များက တံခါးမကြီးကို ဆွဲပိတ်လိုက်သည်။

ယွမ်ရှောက်ကို အတားအဆီး ပြုကြပြန်လေပြီ။

သည်တစ်ကြိမ်တွင်လည်း ဆန်ကွမ်းချီ ဘေးမြစ်ရပြန်တော့သည်။

တုထန်ဟိုက သူ့အားကမန်းကတန်း ဆွဲခေါ်သော်လည်း ဆန်ကွမ်းချီသည် ယွမ်ရှောက်ကိုသာ အမိအရ ခေါ်ယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ တံခါးတစ်ထပ်သို့ ရောက်သောအခါ ဝမ်ကျင့်လန်က ဦးညွှတ်၍ ပြောကြားလေ၏။

"အားလုံး အထဲကို ကြွရောက်ကြပါ ခင်ဗျာ"

တံခါးကြီး ပွင့်သွားသည်။ ရှောင်လင်ဘုန်းတော်ကြီး တက်မုနှင့်ဗန်မုံ၊ ချင်းစိန်အဘိုးအိုနှင့်ဦး၊ သိုင်းဖို့သိုင်းမ ပညာရှင် ယန်ချွင်နှင့် ယန်ကန်း၊ လှေငင်ယွမ်နှင့် သူ့ဇနီး၊ တုဆန်ဟို၊ ဆန်ကွမ်းချီနှင့်ယွမ်ရှောက် တို့သည် တစ်ယောက်ပြီးတစ်ယောက် တန်းစီ၍ ဝင်သွားကြလေ၏။

အခန်းကြီးကား ကျယ်ဝန်းလှသည်။သို့သော် ကျယ်ဝန်းသော အခန်းကြီးထဲ၌ ဆင်ကြီးဝမ်၏ရုပ်ကလာပ် ရှိမနေချေ။

တက်မုဆရာတော်သည် မျက်လွှာလှန်ကြည့်ပြီး ဝမ်ကျင့်လန်အား မေးမြန်းလိုက်၏။

"ဒကာလေး၊ ဘယ်မှာလဲ ဒကာကြီးဝမ်ရဲ့ရုပ်ကလာပ်၊ ကျုပ်တို့ကို ဒီလိုကျီစယ်တာတော့ မကောင်းပါဘူး"

ဝမ်ကျင့်လန်က လက်အုပ်ချီ၍ လျှောက်ထား၏။

"ဆရာတော်ဘုရား၊ အခန်းကြီးရဲ့ နံရံမှာ အပေါက်ရှိပါတယ်၊ အဲဒီအထဲကို တစ်ယောက်ပြီးတစ်ယောက် ဝင်ကြည့်နိုင်ပါတယ်၊ တပည့်တော် ဖခင်ကြီး ရုပ်ကလာပ်ရှိနေပါတယ်"



တက်မုဆရာတော်သည် တစ်ပါးတည်း ရှေ့သို့တိုးထွက်သွား၏။

အခန်းကျယ်ကို လွန်မြောက်အောင် လျှောက်သွားပြီး နံရံထဲမှ အပေါက်ထဲသို့ ဝင်သွားတော့သည်။

* * *

ဝမ်ကျင့်လန်သည် အပေါက်ဝ၌ရပ်စောင့်နေ၏။ အတန်ကြာသည်အထိ တက်မုဆရာတော် ပြန်မထွက်လာချေ။ ဗန်မုံဆရာတော်က....

"ဟေ့ ဒကာလေး၊ ကျုပ်ရဲ့ဆရာတော် သိပ်ကြာနေပြီ၊ ဒီအတိုင်း စောင့်နေလို့ မဖြစ်တော့ဘူး၊ ကျုပ်ဝင်မှ ဖြစ်တော့မယ်"

မှန်သည်။ ရုပ်ကလာပ်ကိုကြည့်ရုံဆိုပါက ဤမျှ မကြာသင့်ပေ။ ယခု ကြာသင့်သည်ထက် အချိန်ပိုကြာနေလေပြီ။

ဝမ်ကျင့်လန်က လက်အုပ်ချီ၍ တားဆီးလေ၏။

"သည်းခံတော်မူပါ ဆရာတော်၊ တစ်ယောက်ပြီးမှ တစ်ယောက် ဝင်ကြည့်ကြပါ၊ မကြာခင် အထဲကဆရာတော်ပြန်ထွက်လာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်မုဆရာတော်က ဝမ်ကျင့်လန်၏စကားကို လက်မခံ ပေ။

"ဒကာကြီးဝမ်ရဲ့ ရုပ်ကလာပ်ကို ကြည့်ရုံကလေးကိုတောင် ဘာဖြစ်လို့ ဒီလောက်စည်းကမ်းချက်တွေ ကြီးနေရတာလဲ၊ ကျုပ်ကတော့ မခေါင့်နိုင်တော့ဘူး၊ ကျုပ်ရဲ့ ဆရာတော်အတွက်လဲ ကျုပ် စိတ်ပူတယ်"

ဝမ်ကျင့်လန် မတားမြစ်နိုင်တော့ပေ။

ဖန်မုဆရာတော်သည် ဝမ်ကျင့်လန်ကို ဂရုမစိုက်ဘဲ စိုက်စိုက် မတ်မတ် တိုးဝင်သွားတော့သည်။

ထိုအခါ လွှမင်ယွမ်သည်း တစ်စခန်းထ လာလေ၏။

"ဟော့....ငါတို့လဲ ဝင်မယ်ဗျ"

"ဘာကြီးတို့ခင်ဗျား၊ခေတ္တသည်းခံ စောင့်ကြပါ၊မကြာခင် ဆရာတော်နှစ်ပါး ထွက်လာကြမှာပါ"

"ဟော့....မင်းပြောတဲ့အတိုင်း စောင့်ရင် ဒီမှာ ငါတို့ တစ်နှစ်ပတ်လုံး ထိုင်စောင့်ရမယ့်ကိန်း ဆိုက်သွားလိမ့်မယ်၊ ဆရာတော်တွေတောင် ဝင်ပြီးမှ ငါတို့က ဘာဖြစ်လို့ မဝင်ရမှာလဲ"

"သည်းခံပါ ဘာကြီးခင်ဗျား၊ ဆရာတော် နှစ်ပါးမို့ တားမြစ်ဖို့ ခက်ဘာနဲ့ ခွင့်လွှတ်လိုက်ရတာပါ"



"ဘာပြောတယ်ကွ၊ ငါကကော နှယ်နှယ်ရရလူလား၊ မင်းအဖေ သခင်ကြီးဝမ်နဲ့ငါက နှစ်ငါးဆယ်လောက် ရင်းရင်း နှီးနှီး နေခဲ့ကြတာကွ၊ ငါ့လိုလူမျိုးကို ဝင်ခွင့်မပေးရင် ရာဇဝင်ရိုင်းသွားမှာပေါ့ကွ"

ဝမ်ကျင့်လန်မှာ လွှမင်ယွမ်နှင့် သူ့ဇနီးကိုသည်း တားမြစ်ခြင်း မပြုနိုင်ပြန်ချေ။

မျက်နှာထားတင်းတင်းဖြင့် ဝမ်ကျင့်လန်ကို ဖြတ်ကျော်ဝင်ရောက်သွား၏။

ခန်းမကြီးထဲ၌ ယောင်ချာချာ ကျန်နေခဲ့သူများမှာ ယန်ကန်းနှင့် ယန်ချွင်၊ တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့ကာ ဖြစ်တော့သည်။

တုထန်ဟိုက ဆန်ကွမ်းချီအား ခပ်တိုးတိုး လှည့်ပြောသည်။

"ညီလေး....ငါတို့လဲ စောင့်နေလို့ မဖြစ်ဘူး၊ လိုက်ဝင်မှပဲ"

"အစ်ကိုကြီး သဘောပဲ၊ ကျွန်တော်ကတော့ အတွေ့အကြုံမရှိလို့ ဘယ်လိုဆုံးဖြတ်ရမှန်း မသိဘူး"

တုထန်ဟိုသည် ဆန်ကွမ်းချီနှင့်ယွမ်ချောက်တို့၏ သဘောကို အခွကာ ဝမ်ကျင့်လန်ကို ဖြတ်ကျော်ဝင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေတို့ ခေတ္တခဏလောက် သည်းခံကြပါ၊ အထဲက ညွှံသည်တွေ ထွက်လာမှ ဝင်ကြပါ"

တုထန့်ဟိုက ချောင်စွာ ပြောသည်။

"ညီလေး….ကျုပ်တို့မှာ ဆောင်ရွက်စရာ ကိစ္စတွေ အများကြီး ရှိနေပါတယ်၊ ဒီမှာ သက်သက် အချိန်ဖြုန်းနေရတဲ့အတွက် ကျုပ်တို့မှာ အများကြီးအကျိုးမဲ့ ဖြစ်ရပါတယ်၊ သခင်ကြီးဝမ်ရဲ့ ဈာပနလာသူ အချင်းချင်းပဲ ဘာဖြစ်လို့ တစ်ဦးထက် တစ်ဦးကပိုပြီး အခွင့်အရေး ရရမှာလဲ"

ဝမ်ကျင့်လန်၏ မျက်နှာ၌ ဒေါသ အရိပ်အယောင်များ သန်းသွားသည်။

သို့သော်….

သူသည် သူ့စိတ်ကို ထိန်းချုပ်နိုင်စွမ်း ရှိသည်။

ယခုတော့မှ မထူးတော့ပြီဟူသည့် သဘောနှင့် လမ်းဖယ်ပေးလိုက်သည်။

တုထန့်ဟို၊ ဆန့်ကွမ်းချီနှင့်ယွမ်ရှောက်တို့ ခပ်သုတ်သုတ် ဝင်သွားကြ၏။

သူတို့နှစ်ယောက်နောက်မှယန်ကန်းနှင့်ယန်ချွင်တို့လည်း ခပ်သုတ်သုတ် ဝင်လိုက်ကြသည်။



နံရံတွင် ထွင်းဖောက်ထားသည့် အပေါက် ကား လူနှစ်ယောက် ပခုံးချင်းယှဉ်၍ ဝင်နိုင်ရုံမျှသာ ကျယ်ဝန်းပေသည်။

ကိုက်ငါးဆယ်ခန့် လျှောက်ဝင်လာသော်လည်း ယိုလကျဉ်းကလေးသည် မဆုံးသေးချေ။ ထို့နောက် လမ်းပြောဘက်သို့ တစ်ဆစ်ချိုးသွား၏။

တုထန့်ဟိုက ဆန့်ကွမ်းချီအား ခပ်တိုးတိုး ပြောလေသည်။

"ညီလေး….မှင်း သတိထားမိရဲ့လား၊ ဒါ ဥမင်လမ်းသဘောပဲ၊ မြေအောက်ကို တဖြည်းဖြည်း နိမ့်ဆင်းလာတယ်"

ဆန့်ကွမ်းချီက သူ သတိထားမိကြောင်း ခေါင်းညိတ်ပြလေ၏။

"တုတ်ဇာယ် အစ်ကိုကြီး-တုထန့်ဟို၊ ဒီဥမင်လမ်းကို ရှေ့ဘက် နောက်ဘက်ပိတ်ပြီး မီးရှို့ရင် ကျွန်တော်တို့ မြေကြွက်တွေထက် အဖြစ်ဆိုးသွားနိုင်တယ်"

တုထန့်ဟိုက ရယ်၏။

"ဟား….ဟား….ဟား၊ သိုင်းပညာ ဘယ်လောက် စွမ်းစွမ်း တွင်းထဲပိတ်ပြီး မီးလောင်တိုက်သွင်းရင် သေတာပဲကွ၊ ရေတွေ အပြည့်ဖြည့်ပြီး သတ်ရင်လဲ သေတာပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် အခက်အခဲ အကျပ်အတည်းများအတွက် စိတ်ပူပန်ဟန် မရှိကြောင်း၊ သူ့အမူအရာများက ပြောပြနေပသည်။

သူက ဆက်ပြော၏။

"ကျုပ် စိတ်ထဲမှာ မရှင်းမလင်း ဖြစ်နေတာလေး တစ်ခု ရှိတယ်"

"ဘာများလဲ အစ်ကိုကြီး"

"ခန်းမကြီးရဲ့ နံရံကို ဥမင်သဘောမျိုး ဖောက်ထားတဲ့ ကိစ္စပဲ၊ ဒါဟာ သခင်ကြီးဝမ် မကွယ်လွန်မီကတည်းက ဖောက်ထားတဲ့ ဥမင်ပဲ ဖြစ်မယ်လို့ထင်တယ်"

"အများကြီး ဖြစ်နိုင်ပါတယ်၊ အစ်ကိုကြီးက ဘယ်လိုများ မရှင်းမလင်း ဖြစ်နေလို့လဲ"

တုထန်ဟိုသည် စကားဆက်ပြောမည် လုပ်ပြီးမှ မပြောတော့ဘဲ ဆိတ်ဆိတ်နေလိုက်သည်။

ဆန်ကွမ်းချိသည် တုထန်ဟို ဆက်ပြောမည့်စကားကို ငံ့လင့်နေခဲ့၏။

စကားသံ ဆက်၍မထွက်လာသောအခါတွင်မူ တုထန်ဟို မရှင်းမလင်း ဖြစ်နေသည်ဟု သူထင်သော အချက်တို့ စိတ်ရှိန်နှင့် တွေးကြည့်မိလေ၏။



"အစ်ကိုကြီးတုထန်ဟိုစိတ်ထဲမှာ သခင်ကြီးဝမ်ရဲ့ ရုပ်ကလာပ်ကို လာမခိုးအောင် ဒီလို သိမ်းဆည်းထားတယ်လို့များ ထင်နေသလားမသိဘူး"

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြတော့ဘဲ ဥမင်လမ်းအတွင်း သတိထား၍ လျှောက်လာကြသည်။

စကားပြောသံသဲ့သဲ့ ကြားလိုက်ရသဖြင့် ပို၍အားတက်သွားကြ၏။

မကြာမီ ထောင့်ချိုးတစ်ခုကို လွန်မြောက်သွား၏။

အသင့်အတင့် ကျယ်ဝန်းသောအခန်းတစ်ခုကို ဘွားခနဲ တွေ့မြင်ပြီးနောက် ရှောင်လင်တရုတ်ဘုန်းတော်ကြီး တက်မုနှင့် ဖန်မု၊ လွေမင်ယွမ်တို့ ဇနီးမောင်နှံနှင့် အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ဦးတို့ကို တစုတဝေးတည်း တွေ့လိုက်ရသည်။

တုထန်ဟို၊ ဆန်ကွမ်းချိနှင့် ယွမ်ရှောက်တို့သည် ထိုအခန်းထဲသို့ ခပ်သွက်သွက် ဝင်လိုက်ကြ၏။

သူတို့နောက်မှလိုက်လာကြသည့် ယန်ကန်းနှင့် ယန်ချွင်တို့လည်း ချက်ချင်းလိုလို ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည့်အချက်ကား အခန်းအလယ်ရှိ ထိုင်ခုံကြီး တစ်လုံးတွင် မုတ်ဆိတ်မွေးများ ရင်ဘတ်အထိ တွဲလောင်း ကျနေသည့် အဘိုးအိုတစ်ဦး ထိုင်နေခြင်းတည်း။

ဆန်ကွမ်းချီသည် ထိုအဘိုးအိုနှင့်မိန်းမပျိုကလေးကို ဂရု စိုက်၍ အကဲခတ်သည်။

ထို အဘိုးအိုသည် တုထန့်ဟိုတို့အား ခေါင်းဆတ်ပြီး နှုတ်ဆက်သည်။

တုထန့်ဟိုကလည်း ဦးညွှတ်၍ ဂါရဝပြု၏။

"သူရဲကောင်း သခင်ကြီးဝမ် မဟုတ်ပါလား ခင်ဗျာ"

အဘိုးအို ခေါင်းကိုဆတ်ဆတ်ညိတ်ရင်း....

"ဟုတ်ပ၊ ကျုပ် 'ဝမ်ကျုံးထန်'ပါ၊ သူရဲကောင်းကြီး တော့ မဟုတ်ပါဘူး၊ ကျုပ်ရဲ့ ညီတော်ကတော့ ဘယ်သူ များပါလိမ့်၊ ဗိုလ်မေးလို့ စိတ်မရှိနဲ့နော်"

တုထန့်ဟိုက ဦးညွှတ်၍ပြော၏။

"ကိစ္စမရှိပါဘူး ခင်ဗျာ၊ ကျွန်တော့်နာမည်က တုထန့် ဟိုပါ"

"ပြော်....တုထန့်ဟိုကိုး"

အဘိုးကြီး ဝမ်ကျုံးထန်သည် တုထန့်ဟိုအား စေ့စေ့ စပ်စပ် အကဲခတ်၏။



ပြီးမှ ခပ်ဟိုးဟိုးပြောသည်။

"တုထန့်ဟိုရဲ့ ဂုဏ်သတင်းကို ကြားဖူးနေတာတော့ကြာ နေပါပြီ၊ တိဗက်က နဂါးပုံကျောက်ဖွတ်ဆိုရင် တရုတ်မြေပြန့် ဒိုင်းလောကမှာ မသိသူ ရှိမှမရှိဘဲ၊ အခု မြေပြန့်ကိုတောင် တကူးတက ဆင်းလာသလား ညီတော်"

အဘိုးအိုသည် မေးခွန်းနှင့်တစ်ဆက်တည်း ဆန်ကွမ်းချီ နှင့် ယွမ်ရှောက်တို့ကို ကြည့်၏။

"ဟောဒီက ညီငယ်ကလေးများကကော ဘယ်သူတွေ များလဲ"

ဆန်ကွမ်းချီက ဦးညွှတ် ဂါရဝပြုပြီး....

"ကျွန်တော့်နာမည်က ဆန်ကွမ်းချီ၊ သူကတော့ ယွမ် ရှောက်ပါ"

ယွမ်ရှောက်သည် ထုံအ သူမဟုတ်ပေ။ဆန်ကွမ်းချီ ဂါရဝ ပြုသည့်အတိုင်း လိုက်၍ ဂါရဝပြုသည်။

ဝမ်ကျုံးထန်က အားနာစကားဆို၏။

"အင်း....တိဗက်ကတောင်လာရတယ်ဆိုတော့ တကယ့် ကို ဝေးလံတဲ့ခရီးပါပဲ၊ ကျုပ်အပေါ် ဒီလောက်အောင် လေးစားဖို့ မလိုပါဘူးဗျာ"

ဆန်ကွမ်းချီက ကပျာကယာ ဖြေရှင်း၏။

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်တို့က တိဗက်က မဟုတ်ပါဘူးခင်ဗျာ၊ မြေပြန့် သိုင်းလောက ကပါ၊ သိုင်းလောကထဲကို ဝင်တာလဲ မကြာသေးပါဘူး၊ ဒီကအစ်ကိုကြီးတုထန်ဟိုသာ တိဗက်က ဆင်းလာတာပါ”

“ဪ...ဒီလိုလား၊ ကျုပ်က တိဗက်က ဆင်းလာသူတွေပဲ ထင်မှတ်နေခဲ့တာပါ”

ထိုစဉ် တုထန်ဟိုက သူ့စိတ်ထဲ၌ မရှင်းလင်းသည့်အချက်ကို ခပ်ရှင်းရှင်းပင် ဝင်မေးသည်။

“သခင်ကြီးဝမ် ကွယ်လွန်သွားပြီလို့ သတင်းကြားခဲ့ပါတယ်၊ တကယ်တော့ သခင်ကြီးဝမ် အသက်ရှင်လျက် ရှိနေတယ်ဆိုတာ ခုမှ သိရပါတယ်၊ အဲဒါ ဘာသဘောများပါလဲ ခင်ဗျာ၊ သိခွင့်ရှိရင်တော့ သိချင်ပါတယ်”

သခင်ကြီးဝမ်ကလည်း အားနာသောလေသံဖြင့် ပြောလေ၏။

“အင်းဗျာ...ညီတော်နဲ့ ဟောဒီကမိတ်ဆွေတွေကို အရှုံးလုပ်သလိုဖြစ်သွားတဲ့အတွက် ကျုပ်ကို ခွင့်လွှတ်ကြပါလို့ ပထမဦးဆုံး တောင်းပန်လိုပါတယ်”

တက်မုံဆရာတော်နှင့် ဖန်မုံဆရာတော်တို့က သူတို့၏ လက်များကို ခါယမ်းပြ၏။



“ကိစ္စမရှိဘူး ဒကာကြီးဝမ်၊ တစ်စုံတစ်ခုကို လျှို့ဝှက်ထားတဲ့အတွက် ဒကာကြီးဝမ်မှာ လုံလောက်တဲ့ အကြောင်းပြချက် ရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်”

ဝမ်ကျုံးထန်က ခေါင်းညိတ်၏။

“ဆရာတော်တို့ရဲ့ အသိဉာဏ်ပညာက ကြီးမားလှပါပေတယ်၊ ကျုပ်မှာက လူတွေ သိမထားတဲ့ အတွင်းဒဏ်ရာတွေ အများကြီးရရှိထားပါတယ်၊ မရဘဲလဲ ဘယ်ရှိမှာလဲဗျာ၊ ကျုပ် ဘာလုပ်ကိုင်ထားတယ်ဆိုတာ သိုင်းလောကမိတ်ဆွေအားလုံး သိထားတာပဲဥစ္စာ”

ဝမ်ကျုံးထန်ပြောသည့် စကားအဓိပ္ပာယ်ကို မြေအောက်ခန်းထဲရောက်ရှိနေကြသော ဆန်ကွမ်းချိန့်ယွမ်ရှောက်တို့မှအစ လူတိုင်း နားလည်ကြသည်။

ဝမ်ကျုံးထန်သည် ငယ်ရွယ်စဉ်ကာလမှ အသက်လတ်ပိုင်း အချိန်ကာလအထိ အာမခံပို့ဆောင်ရေးလုပ်ငန်းများကို ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ခဲ့ပေသည်။

“ကျုပ်ဟာ ဓားဖျားလှံဖျားမှာ ကိုယ်စားပြီး ထမ်းဆောင်ရတဲ့ အလုပ်ကို လုပ်ခဲ့ပါတယ်၊ အဲဒီတော့ ကျုပ်တို့ အမြဲတမ်း ရန်ငြိုးရန်စဆိုတာ မရှားဘူးပေါ့ဗျာ၊ အဲဒီရန်ငြိုးရန်စတွေ

www.burmeseclassic.com



အခန်းထားရာတွေကို ပျက်သုဉ်းပျောက်ကွယ်သွားစေချင်တဲ့ ဆန္ဒတာ သက်ကြီးရွယ်အိုဖြစ်လာတဲ့ ကျုပ်ရဲ့ ရင်ထဲမှာ တဖွားဖွားဖြစ်ပေါ်လာတယ်ဗျာ"

တုထန်ဟိုက ဝင်ထောက်ပေးလေ၏။

"ဒါကြောင့်မို့ သခင်ကြီးဝမ် သေဆုံးပြီလို့ သတင်းလွှ... ရော ဆိုပါတော့ဗျာ"

ဝမ်ကျုံးထန်ခေါ် သခင်ကြီးဝမ်က ခေါင်းညိတ်၏။

"မှန်ပါတယ် ညီတော်၊ကျုပ်ကို သိုင်းလောကသားတွေ... မေ့ပျောက်သွားစေချင်တယ်၊ ကျုပ်ဟာသေချင်ဟန်ဆော... မယ်၊ တောထဲတောင်ထဲမှာရိပ်ကြီးခိုမယ်၊ အရိုးမြေကျ... အထိ တောထဲတောင်ထဲနေတော့မယ်လို့ဆုံးဖြတ်ပြီး ကျုပ်ရဲ့... သေသတင်းကို သိုင်းလောကထဲ လွှင့်ထုတ်လိုက်ပါတ... ဗျာ"

တုထန်ဟိုက အံ့ဩစွာပြော၏။

"ဒါနဲ့များ ဘာဖြစ်လို့ ကျွန်တော်တို့ကို ခုလိုတွေ့ဆုံ... တာလဲ ခင်ဗျား၊ သခင်ကြီးဝမ်ရဲ့ကြိုးပမ်းချက်တွေ အချည်း... နှီး အလဟဿ ဖြစ်မကုန်ပေဘူးလား"

သခင်ကြီးဝမ်က တုထန်ဟိုအား ရီဝေစွာကြည့်၍ အေ... ပြောလေ၏။



"ဒီလိုဗျာ၊ ကျုပ်ဝမ်းလဲသာဝမ်းလဲနည်းခဲ့တယ်၊ ဘယ်... တင်မှတ်မထားတဲ့ ကျုပ်မိတ်ဆွေတွေဟာ ဝေးလံသီ... ခေါင်တဲ့ အရပ်ဒေသကနေ တဖွဲဖွဲစာသဲသဲမစဲဘဲ ရောက်... လာခဲ့ကြသတဲ့၊ကျုပ်ရဲ့သားနဲ့သမီးက အကြိမ်ကြိမ်သတင်း... လာကြတယ်ဗျာ၊ အင်မတန်ဝေးတဲ့အရပ်က ရောက်လာ... တဲ့ ကျုပ်ရဲ့မိတ်ဆွေတွေမှဲ့ရင်ထဲမှာ ကျုပ်အတွက်ပူဆွေး... သောကဖြစ်မသွားစေချင်ဘူး၊ ဒါကြောင့်မို့ တစ်ဦးချင်း... ခေါ်ပြီး တွေ့ဆုံဖို့ စီစဉ်ရတာပါ၊ ဒါပေမယ့် ခင်ဗျား... က ကျုပ်ရဲ့အစီအစဉ်ကို သဘောမကျဘဲ စုပြုံဝင်လာကြ... တော့ ခုမြင်ရတဲ့အတိုင်း ဖြစ်ကုန်တာပေါ့ဗျာ"

တက်မှုနှင့် ဖန်မုဆရာတော်မှအစ ဆန်ကွမ်းချီအဆုံး... ကျုံးထန်၏ လိမ်လည်မှုကိုနားလည်သဘောပေါက်သွား... ကြလေ၏။

"ဩော်....မိတ်ဆွေတော့အပေါ်မှာ တကယ့်ကို ခင်မင်စိတ်... ားရှိတဲ့ သိုင်းသမားကြီးပါလား"

မြေအောက်ခန်းသို့ ရောက်ရှိလာကြသည့် သိုင်းသမား... င်း၏ ရင်ထဲ၌ ထိုသို့ရေရွတ်မိကြသည်။

ခွေမင်ယွမ်က အပြစ်တင်သံဖြင့် ပြောလေ၏။

"နောင်ကြီးဝမ်၊ နောင်ကြီးနဲ့ကျုပ် မတွေ့ဆုံခဲ့တာဘဲ... ငါးခြောက်နှစ် ကြာမြင့်ခဲ့ပြီလို့ ထင်တယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကျုံးထန်က သက်ပြင်းချရင်း ပြောလေ၏။

"ဘယ်ကတော့မလဲ လှေမင်ယွမ်၊ ကျုပ်တို့ မတွေ့ခဲ့ တာ ကိုးနှစ်လောက် ရှိနေပါပြီ၊ ဒါပေမယ့် ကျုပ် အိုမင်းမစွမ်းရှိလာတော့ ကျုပ်ရဲ့ငယ်စဉ်ဘဝအတိတ်ကာ ချပ်တွေအတွက် ဘာမှ ဂုဏ်ယူချင်စိတ်မရှိတော့ပါဘူး"

လှေမင်ယွမ်က စိတ်မကောင်းဖြစ်သွားသည့် လေသံဖြ ခပ်တိုးတိုးပြောသည်။

အချိန်ကာလတွေ ကြာညောင်းလာတာနဲ့အမျှ ကျုပ် ညီနောင်လဲ ကင်းကွာသထက် ကင်းကွာလာတာပဲပေါ့ဗျာ တာပဲဖြစ်ဖြစ်လေ၊ နောင်ကြီးမသေသေးဘူးဆိုတာ သိလို ရတဲ့အတွက်တော့ အတော်ကလေး စိတ်သက်သာရ ပါတယ်"

လှေမင်ယွမ်သည် သူ့မိဘဲဆွေမျှားကို လက်ဖြင့် ပွတ်သ ရင်း နှုတ်ပိတ်သွားသည်။

ရှောင်လင် တရုတ်ဘုန်းတော်ကြီး တက်မုက လက်အ ချီရင်း ရှင်းပြသည်။

"အင်း....ကျုပ်တို့ကလဲ ဒကာကြီးဝမ် တကယ်ပဲသေ ပြီလို့ ထင်မှတ်ခဲ့မိတာ၊ ဂိုဏ်းချုပ်ဘုန်းတော်ကြီးက ကျုပ



င်ခုကိုယ်တော်ကို ဒကာကြီးဝမ်ရဲ့ ဈာပနအခမ်းအနား က်ရောက်ဖို့ မိန့်ကြားလိုက်တယ်၊ ဒါကြောင့်မို့ ကျုပ်တို့ ာက်လာတာပဲ"

ဝမ်ကျုံးထန်က လက်အုပ်ချီရင်း....

"ဆရာတော်တို့ကို လိမ်လည်သလို ဖြစ်သွားတဲ့အတွက် င်လွှတ်တော်မူပါဘုရား"

တက်မုဆရာတော်က လက်ကို ဝှေ့ယမ်းလိုက်သည်။

"ကျုပ်တို့က အကြောင်းမဟုတ်ပါဘူးဗျာ၊ ကျုပ်တို့မှာ က်နေတာက နောက်ပိုင်း ဖြစ်လာမယ့်ကိစ္စပဲ၊ ဂိုဏ်းချုပ် ရာတော်ကြီးက ကျုပ်တို့ကို အကြိုအနေနဲ့ စေလွှတ်လိုက် ာပါ၊ နောက်ဆုံးရက်အတွင်းမှာ ဂိုဏ်းချုပ်ဆရာတော် ကိုယ်တိုင်ကြွရောက်လာပါလိမ့်မယ်၊ ဒကာကြီးက ဟန်ဆောင်နေတော့ ဟင်း....ကျုပ်တို့ ဘယ်လိုရှင်းပြ ်းတောင် မသိတော့ပါဘူး"

ဝမ်ကျုံးထန်က....

"ဂိုဏ်းချုပ်ဆရာတော်ကြီး ကြွရောက်လာခဲ့ရင် အဖြစ် တွေ ရှင်းပြဖို့ တပည့်တော်ပဲ တာဝန်ယူပါတယ်ဘုရား၊ တွက်တော့ ဘာမှစိတ်မပူကြပါနဲ့၊ ဆရာတော်တို့ သွား ရှိရင် စိတ်အေးချမ်းသာစွာနဲ့ ပြန်ကြွသွားနိုင်ပါသယ်"

www.burmeseclassic.com



တရုတ်ဘုန်းတော်ကြီး တက်မှုနှင့်ဖန်မှုတို့က ပြန်ပြောရ… ဟန်ပြင်နေစဉ်, အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသည့် မိန်း… ကလေး ရုတ်တရက် ဝင်ရောက်လာလေ၏။

"အခုကိစ္စတွေက ရှင်းနေတာပဲ၊ ဆရာတော်တို့အနေ… ဘာမှပူစရာမလိုတော့ပါဘူး၊ ဆရာတော်တို့ သွားစရာကိ… ရှိရင် သွားနိုင်ပြီလို့ တပည့်တော်ကတော့ ထင်ပါတယ်"

ထိုသို့ပြောလိုက်သည့် မိန်းကလေးသည် ဝမ်ကျုံးထန်… သမီးဖြစ်လေ၏။ သားဖြစ်သူ ဝမ်ကျင့်လန်လည်း မြေအော… ခန်း၌ ရောက်ရှိနေလေပြီ။

ဆန်ကွမ်းချီကမူ ရှောင်လင် တရုတ်ဘုန်းတော်ကြီးမ… အား ပြန်သည် နှင်ထုတ်နေသလို ဖြစ်နေသည့် အတွ… လွန်စွာအံ့ဩနေ၏။ ဤစကားမျိုး မပြောသင့်ဟု သူထ… သည်။

ဆန်ကွမ်းချီ တွေးတောနေခိုက်မှာပင် ခြေသံများ ကြ… လာရသည်။ ချာပန်ဦးကြီးဆိုသူ ကျင်းရှောင်ဟို ရောက်ရှိလ… ခြင်းပေတည်း။

*　　*　　*



ကျင်းရှောင်ဟိုသည် သိုင်းသမားကြီးများကို တစ်အုပ် တစ်မကြီးတွေ့လိုက်သဖြင့် လွန်စွာ အံ့ဩသွား၏။ စိတ်လှုပ်ရှားသွားပုံလည်း ရသည်။

သို့သော် သူ့စိတ်ကို သူထိန်းပြီး သခင်ကြီး ဝမ်ကျုံးထန်အား ဦးညွှတ်ရင်း လာရင်းကိစ္စကို အစီရင်ခံလေသည်။

"ချာပန် ကန်တော့ပွဲ စတင်ဖို့ အချိန်စေ့ရောက်နေပါပြီ…"

သူသည် စကားဆုံးသည်နှင့် ဝမ်ကျုံးထန်ကိုမကြည့်တော့ဘဲ ဝမ်ကျုံးထန်၏ သားကို ကြည့်သလိုလို၊ သမီးကို ကြည့်သလိုလို လုပ်နေ၏။

သူ့ပုံစံကိုကြည့်ရခြင်းအားဖြင့် ချာပန အခမ်းအနားနှင့် ပတ်သက်သည့်ဆုံးဖြတ်ချက်ကို ဤ သား၊ သို့မဟုတ် ဤ သမီးကသာ ချမေးနိုင်သည်ဟု အထင်ရောက် သွားစေနိုင်သည်။

သားဖြစ်သူက…

"ညီမလေး၊ ဘယ်လိုလုပ်ချင်သလဲ၊ညီမလေးကြိုက်သလို လုပ်ပါ"

သမီးဖြစ်သူကလည်း ဖခင်ဖြစ်သူကို လှဲချပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ သဘောပဲ၊ ညီမလေးက ဘာပြောနိုင်မှာလဲ"

ဝမ်ကျုံးထန်က ကြားထဲမှ အဆုံးအဖြတ်ပေးလိုက်၏။

"ကဲ....ကဲ ကျင်းရှောင်ဟို သွားစီစဉ်လိုက်တော့၊ ဈာပနကန်တော့ပွဲ စတင်လို့ ရပြီလို့"

ကျင်းရှောင်ဟိုသည် သခင်ကြီးဝမ်ကို ဦးညွှတ်အရိုအသေပေးပြီးနောက် ဧည့်သည်သိုင်းသမားများဘက်သို့ လှည့်၍ ဦးညွှတ်ပြန်သည်။

အထူးသဖြင့် တက်မုဆရာတော်နှင့် ဖန်မုံ ဆရာတော်တို့အား ဦးညွှတ်ဂါရဝပြုခြင်း ဖြစ်ပေသည်။

"ဆရာတော်တို့အနေနဲ့ ဈာပနကန်တော့ပွဲအခမ်းအနားကို တက်ရောက်ကြည့်ရှုကြဦးမှာလား"

ဆရာတော်နှစ်ပါးသည် တိတ်ဆိတ်နေကြလေ၏။ ကျင်းရှောင်ဟိုက သခင်ကြီးဝမ်၏သားနှင့် သမီးတို့ထံလှမ်းကြည့်သည်။

ကျင်းရှောင်ဟို၏အကြည့်ကို သခင်ကြီးဝမ်၏သမီးဖြစ်သူ ဂ နားလည် သဘောပေါက်၏။

"ကျွန်မတို့ ဒီဈာပန ကန်တော့ပွဲကို မတက်ရင် တက်ရောက်လာတဲ့ သိုင်းသမားအဘော်များများက သံသယ ဖြစ်ကြမှာပေါ့ရှင်၊ ကျွန်မတို့တက်မယ်"



သူမသည် သူမ၏ ဖခင်ကြီးကိုကြည့်ပြီး....

"မေမေ့ ဒီနေ့ စကားပြောတာ တော်တော်များသွားပြီ၊ အနားယူလိုက်ပါဦးနော်၊ သမီးတို့ အဆင်ပြေအောင် လုပ်လိုက်ပါ့မယ်"

သခင်ကြီးဝမ်က ခေါင်းညိတ်ပြီး မျက်လုံးများ မှိတ်၍ အနားယူတော့သည်။

သခင်ကြီးဝမ်၏ သမီးက ဆရာတော်နှစ်ပါးနှင့်ဧည့်သည်တော်များကို သိမ်းခြုံ၍ပြောကြားသည်။

"ဆရာတော်များနှင့်ဧည့်သည်တော်များရှင့်.... ဒီဈာပနကန်တော့ပွဲကို တက်ရောက် မကြည့်ရှုကြဘူးဆိုရင် တခြားလူတွေ သံသယဖြစ်ကုန်မှာသေချာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခု မြေအောက်ခန်းထဲ ရောက်နေတဲ့ ဆရာတော်နှစ်ပါးနဲ့ ဧည့်သည်တော်များအားလုံးဟာ အင်မတန်ထင်ရှားကျော်ကြားတဲ့ သိုင်းအကျော်အမော်ကြီးတွေ ဖြစ်နေတယ်မဟုတ်လား"

ဆရာတော်နှစ်ပါးနှင့် ချင်းစိန် အဘိုးအိုနှစ်ဦး အစရှိသော သိုင်းသမား အကျော်အမော်ကြီးများသည် မိန်းကလေး၏စကားကို သဘောတူရမည့်ကိစ္စ၌ အခက်အခဲ ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အတုအယောင်ဈာပနကန်တော့ပွဲသို့ သူတို့ကဲ့သို့ ထိပ်သီး အကျော်အမော်ကြီးများ တက်ရောက်သင့်ပါသလော။

ထိုစဉ် လေမှင်ယွမ်က မျက်လုံးမှိတ်၍အနားယူနေသော ဝမ်ကျုံးထန်အား လှမ်း၍ နှုတ်ဆက်ပြီး ဥမင်လမ်းကြောင်း အတိုင်း ပြန်ထွက်တော့သည်။

ရှောင်လင်ဆရာတော်နှစ်ပါးနှင့် ကျန်လူ အားလုံးတို့လည်း လေမှင်ယွမ်တို့နောက်မှ လိုက်ပါသွားကြတော့သည်။

တုထန်ဟိုသည် ဆန်ကွမ်းချီအား တစ်စုံတစ်ခု ပြောချင်ပုံရသည်။ သို့သော် မပြောဘဲ ငြိမ်ငြိမ်သက်သက်ပင် ထွက်ခွာသွားသည်။

မကြာမီ သူတို့အားလုံး ဥမင်သမ်းအပြင်ဘက်သို့ ရောက်ရှိလာကြပြီး ဒုတိယတံခါးမှ ပြန်ထွက်ကြသည်။

နောက်ဆုံး၌ ပန်းဖြူဖြူများ ဖုံးလွှမ်းထားသည့် အသုဘခေါင်းကြီးကို တွေ့ကြရတော့သည်။

အသုဘခေါင်းကြီး၏ ပတ်လည်တွင် သခင်ကြီးဝမ်၏ အနီးကပ်ဆုံးသော ဆွေမျိုးများရှိပြီး နောက်ဘက်တွင် ဈာပနအခမ်းအနားသို့ တက်ရောက်လာသည့် သိုင်းသမားများ ရှိနေ၏။



ကျွင်းရှောင်ဟိုက ပြောသည်။

"သခင်ကြီးဝမ်ရဲ့ ရုပ်ကလာပ်ကို ဂါရဝပြုကြပါစို့"

သူသည် အသုဘခေါင်းအတွင်း၌ သခင်ကြီး ဝမ်ကျုံးထန်၏ရုပ်ကလာပ်ရှိနေသယောင် မှင်သေသေဖြင့် ပြောနေလေ၏။

ရှောင်လင်ဆရာတော်နှစ်ပါးသည် မည်သည့် အရာမျှ မရှိသော ခေါင်းကြီးကို ဂါရဝမပြုလိုသဖြင့် အသာ ဘေးသို့ ဖယ်သည်။

ချင်းစိန်အဘိုးအိုနှစ်ဦးနှင့် ကျန်လူများကမူ ဝတ်ကျေတန်းကျေ ဂါရဝ ပြုကြ၏။

တုယန်ဟို၊ ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့လည်း မနေသာတော့ပေ။ အခြားသူများကဲ့သို့ပင် ဂါရဝပြုကြရလေတော့၏။

* * *

အသုဘခေါင်းရှိရာသို့ ဝင်လာမဲ့ တသီတတန်းသော သိုင်းသမားကြီးများသည် အသုဘခေါင်းထဲ၌ သခင်ကြီးဝမ်၏

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလာပ် အမှန်တကယ်ရှိနေသည်ဟု ထင်မှတ်ကာ ရှိရှိသေသေဦးညွှတ်၍ ဂါရဝပြုလျက် ဝင်လိုက်ထွက်လိုက် ရှိနေကြပေ၏။

ကျင်းရှောင်ဟိုသည် သူ့သခင်ကြီး၏ အယောင်ဆောင်ရုပ်ကလာပ် အသုဘခေါင်းကြီးအား သိုင်းသမားအားလုံးကျေနပ်လောက်သည်အထိ ဂါရဝပြုခွင့်ပေးလေ၏။ ဂါရဝပြုသည့် သိုင်းသမားအားလုံး နီးပါး ကုန်သွားသောအခါကျင်းရှောင်ဟိုသည် လက်ခုပ်သုံးချက်တီးလိုက်လေ၏။အလွန်တရာကြံ့ခိုင်ဘောင့်တင်းလှသော လူကြီး ဆယ် ခြောက်ယောက်တို့သည် ကျင်းရှောင်ဟို အနီးသို့ ချဉ်းကပ်လာသည်။ အသုဘခေါင်းကြီးကို ထမ်းမည့်သူများဖြစ်ကြောင်းအားလုံးက ရိပ်မိသိရှိကြ၏။

ဤသို့ဖြင့် ညနေဆည်းဆာသို့ ရောက်ရှိလာသောအခါဂါရဝပြုသူ သိုင်းသမားများလည်း စဲသွားသည်။

အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသော ဝမ်ကျုံးထန်၏သမီးသည် ခေါင်းထမ်းမည့် သူများအား အမိန့်ပေးလိုက်သည်။

"တဲ့...ရှင်တို့ အဆင်သင့်ပြင်ကြပေတော့၊ ဖေဖေကြီးရဲ့ရုပ်ကလာပ် မြေမြှုပ်ဖို့ အစီအစဉ်ရှိသေးတယ်"



လူသန်ကြီးဆယ့်ခြောက်ယောက်သည် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး အသင့်ပြင်ကြသည်။

မိန်းကလေးက သူမ၏အစ်ကိုကို လှမ်းပြောသည်။

"အစ်ကို၊ ဖေဖေရဲ့ ရုပ်ကလာပ် မြေမြှုပ်မယ့် နေရာကိုတော့ ညီ့သည်တွေ မလိုက်ပါစေနဲ့တော့၊ သူတို့ပြင်ပန်းနေဗါမယ်၊ ဦးလေးကျင်းရှောင်ဟိုကလဲ ကြည့်ပြီး စီမံပေးစေချင်ပါတယ်"

တက်မုဆရာတော်နှင့် ဖန်မုဆရာတော်တို့သည် မိန်းကလေး၏စကားကို ကြားလိုက်ရသောအခါ လွန်စွာသက်သာရာရသွားလေ၏။

ဆရာတော်နှစ်ပါးအနေဖြင့် ရုပ်အလောင်း တကယ်မရှိသည့် ဈာပနအခမ်းအနားသို့ တက်ရောက်လိုစိတ် မရှိကြတော့ပါ။

ထို့ကြောင့် ဆရာတော်နှစ်ပါးသည် ချက်ချင်းလှည့်ပြန်သွားကြ၏။

သခင်ကြီးဝမ်၏သား ဝမ်ကွင့်လန်က ကျန်သော သိုင်းအကျော်အမော်ကြီးများအား လက်သီး နှစ်ဖက်ဆုပ်ကာ ဂါရဝပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညြှသည်တော်ကြီးများ ခင်ဗျာ၊ ညြှသည်တော်ကြီးများအနေနဲ့ အဖြစ်မှန်ကိုလဲ သိရှိပြီး ဖြစ်ကြပါတယ်၊ ဒါကြောင့်မို့ ဒီအသူဘာခေါင်းမြှုပ်တဲ့ နေရာကို လိုက်ဖို့ မလိုတော့ပါဘူး၊ မဏ္ဍပ်တွေမှာ ပြန်စောင့်နေရင် အကောင်းဆုံးပဲလို့ ထင်ပါတယ် ခင်ဗျာ"

ညြှသည်တော်များအား ဤသို့ အတင်းအကျပ်ပြန်ခိုင်းနေသည်ကို တွေ့ရသောအခါ လွှေမင်ယွှမ်၏ စိတ်ထဲ၌ သံသယရှိလာသည်။

ဗျာပန ကန်တော့ပွဲ တက်ရောက်ပါဟု ဆိုတော့လည်း သူတို့။

မလို အပ် ဟော့ ပါ၊ ပြန်ကြပါတော့ဆိုလည်း သူတို့။ အပြောင်းအလဲ မြန်လှခြင်းအတွက် လွှေမင်ယွှမ် သံသယရှိလာသည်။

လွှေမင်ယွှမ်က ရယ်ပြီး....

"ဘာဖြစ်လဲ၊ အသုဘခေါင်း မြေမြှုပ်တာပဲဥစ္စာ၊ ငါတို့ လိုက်ကြည့်လဲ ဘာမှ မဖြစ်ပါဘူး"

လွှေမင်ယွှမ်က အချေအတင် စကား ပြောနေသဖြင့် ခေါင်းထမ်းသူများသည် ရှေ့သို့ မတိုးနိုင်ဘဲ ရှိနေသည်။



သခင်ကြီးဝမ်၏သမီးဖြစ်သူက ခေါင်းထမ်းသူများ ရှေ့ဆက်သွားရန် အချက်ပြလိုက်ပြီး ညြှသည် သိုင်းသမားများ ရှေ့ဆက်မလိုက်နိုင်ရန် အလယ်မှ တားဆီးလိုက်၏။

ထိုအပြုအမူကြောင့် လွှေမင်ယွှမ်၏ သံသယမှာ ပိုကြီးမားသွား၏။

လွှေမင်ယွှမ် တွေးနေသည်။

"အင်း....သူတို့ ဒါလောက် တားနေပုံထောက်ရင်တော့ ဒီခေါင်းထဲမှာ တစ်စုံတစ်ခုရှိနေမှာ သေချာတယ်၊ ဒီအချက်ကို ငါဖော်ထုတ်ရမယ်"

လွှေမင်ယွှမ်သည် အတွေးကို ဖြတ်ကာ....

"ဟော့....ဘာဖြစ်လို့ ငါ့ကို ဒီလောက်တားနေရတာလဲ၊ ငါဟာ မင်းတို့အဖေ ဝမ်ကျုံးသန်နဲ့ အင်မတန် ခင်မင်ရင်းနှီးခဲ့တဲ့ လူပါကွ၊ မင်းတို့ခေါင်းမြှုပ်တဲ့ နေရာကို လိုက်မယ်၊ ခေါင်းမြှုပ်တာကိုလဲ အသေအချာ ကြည့်မယ်၊ ဒါပဲ...."

လွှေမင်ယွှမ်၏ မျက်နှာက ပြတ်သားလှသည်။

သို့သော်....

www.burmeseclassic.com



"မေမေ့ မိတ်ဆွေဖြစ်လို့ ကျွန်မတို့ကလဲ ဒီလောက်သည်းခံနေတာရှင့်၊ ကျေးဇူးပြုပြီး ဝမ်မိသားစုရဲ့ အရေးကိစ္စမှာ ဝင်မစွက်ပါနဲ့လို့ တောင်းပန်ပါတယ်"

မိန်းကလေး၏စကားကို ကြားလိုက်ရသောအခါ လွှမင်ယွမ် ဒေါသထွက်သွားသည်။

"ဘာကွယ့်၊ ငါက ဝင်စွက်တော့ မင်းက ဘာလုပ်နိုင်လို့လဲ"

အခြေအနေကား တိုက်မည်ခိုက်မည့်ကဲ့သို့ တင်းမာခက်ထန်လာ၏။

ဆန်ကွမ်းချီသည် ရှုပ်ထွေးသော အခြေအနေနှင့် ဗတ်သက်၍ တူထန်ဟိုအား မေးမြန်းကြည့်ချင်သည်။

ထို့ကြောင့် လှမ်းကြည့်လိုက်မိသည်။

သို့သော်....

တူထန်ဟို ဘာစကားမျှ မပြောနိုင်သော သဘောဖြင့် ခေါင်းယမ်းပြသဖြင့် ဆန်ကွမ်းချီ ငြိမ်နေလိုက်ရတော့သည်။

ထိုအချိန်တွင် အသုဘခေါင်းကြီးမှာ အဝေးဝေးသို့ ရောက်ရှိသွားလေပြီ။



မိန်းကလေးသည် တားဆီးနေရာမှရှောင်ဖယ်ပြီး အသုဘခေါင်းနောက်သို့ ပြေးလိုက်သွားရာ လွှမင်ယွမ်နှင့် တကွသိုင်းသမားတစ်စုလုံး နောက်မှ ပြေးလိုက်ကြရလေတော့သည်။

ကျန်းသိုင်းသမားများ ဤသို့ ပြေးလိုက်ခြင်းမှာ သူတို့စိတ်ထဲ၌ လွှမင်ယွမ်ကဲ့သို့ သံသယ ပွားနေသောကြောင့်ဖြစ်ပါသည်။

အသုဘခေါင်းအနီးသို့ ကပ်လာသောအခါ ခေါင်းကိုအကာအကွယ်ပေးနေသည့် သခင်ကြီး ဝမ်၏ သမီးသည် အပြေးကို ရပ်ဆိုင်းပြီး နောက်မှ လိုက်လာသူများအား တားဆီးလိုက်လေ၏။

"ရှင်တို့ ဘယ်လိုလူတွေလဲ၊ သူတစ်ပါးမိသားစု အရေးကိစ္စမှာ ဒီလိုပဲ စွက်ဖက်တတ်ကြသလား"

သူမသည် ဒေါသဖြင့် အော်ဟစ်တားဆီးသည်။သို့သော် လွှမင်ယွမ်က လက်မခံပါ။

သူမကို ဖြဲဟကျော်ရန်ကြိုးစားသည်။သူကလည်း ရှေ့မှ အကြိမ်ကြိမ်ကာဆီးသည်။

လွှမင်ယွမ်သည် မိန်းကလေး၏လက်ဝဲဘက်မှ လည်းကောင်း၊ လက်ယာဘက်မှ လည်းကောင်း ဖောက်ထွက်ရန်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားသော်လည်း သူဆိုးဖောက်သည့် နေရာတိုင်းသို့ မိန်းကလေးရောက်ရှိနေသဖြင့် သူ့ကြိုးစားမှုမှာ ရေပေါ် အရုပ်ရေးသကဲ့သို့ အရာမထင်ဘဲ ဖြစ်နေလေ၏။

ကျန် သိုင်းမားများကမူ လွှမင်ယွှမ်အား အကဲခတ် စောင့်ကြည့်နေကြလေ၏။

★

အခန်း (၄၀)

သို့ဝှက်မှု၏ နောက်ကွယ်သို့

"အစ်ကိုကြီး တုထန်ဟို၊ ခုကိစ္စမှာ ဆရာကြီး လွှမင်ယွှမ် အားယွင်းနေပြီလို့ ကျွန်တော်ထင်တယ်"

ဆန်ကွမ်းချီက တုထန်ဟိုအား ခပ်တိုးတိုးပြောသည်။

တုထန်ဟိုက ဆန်ကွမ်းချီအား စောင်းငဲ့ကြည့်ပြီး ပြန်မေး၏။

"ဘာဖြစ်လို့လဲ ညီလေး"

"သူတစ်ပါးက မကြည့်စေ၊ မမြင်စေချင်တဲ့ကိစ္စကို သူက ဘာဖြစ်လို့ အတင်းလိုက်ကြည့်ချင်နေရတာလဲ၊ ကျွန်တော်က တော့ မကြည့်သင့်ဘူးလို့ ထင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် ဆန်ကွမ်းချီစကားကို ကြားလိုက်ရသောအခါ ခပ်သဲ့သဲ့ ရယ်လိုက်သည်။

ဆန်ကွမ်းချီကလည်း ခင်မင်ကြင်နာသော အကြည့်ဖြင့်ကြည့်သည်။

"ညီလေး... သိုင်းလောကအကြောင်း ညီလေး ဘယ်လောက်သိသလဲ"

တုထန်ဟို၏ မဆီမဆိုင် မေးမြန်းလိုက်သည့် မေးခွန်းကြောင့် ဆန်ကွမ်းချီမှာ အတော်ကလေး အူကြောင်ကြောင်ဖြစ်သွားရလေ၏။ အတန်ကြာမှ....

"ကျွန်....ကျွန်တော်.... သိုင်းလောကထဲ ကျင်လည်တာမကြာသေးပါဘူး၊ ဘာဖြစ်လို့အစ်ကိုကြီးက ဒီမေးခွန်းကိုမေးရတာလဲ"

တုထန်ဟိုက ခလေးဆေးနက်နက် ပြော၏။

"ညီလေး...သိုင်းလောကဟာ အင်မတန် ရှုပ်ထွေးပါတယ်၊ ဟောဟိုက လွှမင်ယွမ်နဲ့ ဝါရင့် သိုင်းသမားအုပ်စုကြီးဟာ သခင်ကြီးစမ်ဆိုတဲ့ ဝမ်ကျုံးထန်ကို ကိုယ်တိုင်တွေ့မြင်ခဲ့ကြပြီးပြီ၊ ဒါဆိုရင် ကိစ္စပြတ်ပြီပဲ၊ ဘာမှမရှိတဲ့ ဒီအသုဘခေါင်းကြီးနောက်ကို ဘာကြောင့် လိုက်နေရတာမှာလဲ၊



ဒါက လူပြိန်းအမြင်ပဲ၊ သိုင်းလောကအကြောင်း အဝါးဝနေတဲ့ လူတွေကတော့ လူပြိန်းတွေလို မမြင်ကြဘူး၊ ဒီခေါင်းကြီးထဲမှာ ဘာတွေရှိနေသလဲ၊ သခင်ကြီးဝမ်ရဲ့ အခေါင်းကောင်အစစ်အမှန်ရှိနေသလား"

"ဗျာ"

ဆန်ကွမ်းချီမှာ အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

"အစ်ကိုကြီး၊ ကျွန်တော်တို့ တွေ့ခဲ့တဲ့အဘိုးကြီးဟာဝမ်ကျုံးထန် အစစ်မဟုတ်ဘူးပေါ့"

တုထန်ဟိုက ကောင်းကင်ကြီးကို မော့ကြည့်လျက် ခပ်အုပ်အုပ် ရယ်လေ၏။

"အဲဒါတော့ ငါလဲ တိတိကျကျ မပြောနိုင်ဘူး၊ သိုင်းလောကဟာ အင်မတန် ရှုပ်ထွေးပွေလီလွန်းလှလို့ ဘာမှတိတိကျကျ ယုံကြည်ထားလို့ မရဘူးဆိုတာ ညီလေး သိစေချင်တယ်"

တုထန်ဟိုသည် ဆန်ကွမ်းချီအားအသေအချာကြည့်ပြီး....

"ကဲ...ညီလေးကော ဘာဖြစ်လို့ ဒီခေါင်းကြီးနောက်လိုက်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုက အဖြေရခက်သောမျက်နှာဖြင့် တုထန်ဟိုအား ပြန်ကြည့်၏။

"ညီလေး ဖြေမှာသာဖြေပါ၊ ဘာမှအားမနာပါနဲ့"

တုထန်ဟို၏ အားပေးစကားကြောင့် ဆန်ကွမ်းချိုက ရိုးရိုးသားသား ဖြေကြားလေ၏။

"ကျွန်တော်တို့ကတော့ အစ်ကိုကြီးတုထန်ဟို လိုက်တာမြင်လို့ အစ်ကိုကြီးနောက် ပြေးလိုက်လာတာပါ၊ ဘာသံသယ ညာသံသယ ရှိလို့တော့ မဟုတ်ပါဘူး"

တုထန်ဟိုသည် အားရပါးရ ရယ်မောမည် လုပ်ပြီးမှ ပတ်ဝန်းကျင်အခြေအနေကို သတိရပြီး သူ့ကိုယ်သူ ထိန်းချုပ်လိုက်၏။

"ဖြစ်မှဖြစ်ရလေ ညီလေးရယ်"

သူသည် ဤမျှသာပြောပြီး ဆန်ကွမ်းချို၏ပခုံးကို အသာအယာ ပုတ်လိုက်၏။

"ညီလေး စောင့်ကြည့်နေ"

ထိုအချိန်တွင် လွေမင်ယွမ်နှင့် အင်္ကျီအဖြူဝတ်ဆင်ထားသည့် မိန်းကလေးတို့သည် တစ်ဦးနှင့်တစ်ဦး ရန်စောင်နေကြလေပြီ။



"ဟေ့...ငါဟာ လွေမင်ယွမ်ကွ၊ ငါ့ကို ဘာအောက်မေ့နေသလဲ"

"ရှင့်ကို ဖေဖေ့ မိတ်ဆွေဖြစ်လို့ ဒီလောက်သည်းခံခွင့်လွှတ်နေတာရှင့်၊ နို့မို့ ရင် မလွယ်ဘူး၊ တစ်သက်လုံးကျော်ကြားလာတဲ့နာမည်ဟာ တဒင်္ဂလေးအတွင်းမှာ အလကားဖြစ်သွားလိမ့်မယ်"

ယွမ်ရှောက်သည် တစ်ချိန်လုံးလိုလို စကားမပြောဘဲ ဆိတ်ဆိတ်နေခဲ့ပါသည်။

ယခုသော် ပထမဆုံးအကြိမ် ဝင်ပြောလေ၏။

"အစ်ကိုကြီး၊ ဒီမိန်းကလေးဟာ သတ္တိကောင်းလှချည်လား၊ ယောကျ်ားတွေကို ဒီလိုပမာမခန့် ပြောဝံ့အောင် သူ့မှာ ဘာအစွမ်းတွေများ ရှိနေသလဲ"

ယွမ်ရှောက်၏ မေးခွန်းမဆုံးမီမှာပင် လွေမင်ယွမ်သည် ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် မိန်းကလေးအား လက်သီးဖြင့် တိုက်ခိုက်လျက် ရှိနေလေပြီ။

မိန်းကလေး၏မျက်နှာ၌ ထိတ်လန့်ကြောက်ရွံ့သည့် အမူအရာ မရှိပေ။ သူမသည် ခါးကလေးနွဲ့၍ ရှောင်တိမ်းသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ဖြူနွဲ့သွယ်ပျောင်းသော လက်ချောင်းကလေးများက လွှမင်းယွမ်၏ လက်သီးကို လေထဲ၌ ပုတ်ထုတ်သွားခဲ့သည်။

သို့သော်....သူမ အမှန်တကယ် မပုတ်ထုတ်လိုက်ရပါ။

လွှမင်းယွမ်၏ လက်သီးသည် လမ်းခုလတ်၌ ရပ်တန့်သွားသောကြောင့် ဖြစ်ပါသည်။

ယွမ်ရှောက်က အားမလိုအားမရ ပြောလေ၏။

"ဒီအဘိုးကြီးက တိုက်ခိုက်ချင်တာလဲလွန်ပါရော၊ ဒါပေမယ့် လက်သီးက လမ်းခုလတ်မှာပဲ အလိုလိုရပ်တန့်သွားတယ်၊ အလကားပဲ"

တုထန်ဟိုက ရယ်ရင်း ပြောလေ၏။

"ညီလေးတို့က လက်သီးကိုပဲ ဂရုစိုက်ကြည့်နေကြတာကိုးကွ"

ယွမ်ရှောက်က မေး၏။

"သူတို့တိုက်ခိုက်နေကြတာပဲဥစ္စာ၊ လက်သီးကိုမကြည့်ရင် ဘာကိုကြည့်ရမှာလဲ"

တုထန်ဟိုက ခပ်အုပ်အုပ် ရယ်လိုက်လေ၏။

"လင်ယောက်ျား ဘယ်လောက်ပဲ ဒေါသကြီးနေကြီးနေ ဇနီးမယားရဲ့ စကားကိုတော့ နားမထောင် မလိုက်နာဘဲ



ဘယ်ရှိမှာလဲ၊ ဒါက လောကကြီးမပျက်စီးမချင်း တည်ရှိနေမယ့် သစ္စာတရားပဲလေ၊ ဒေါသကြီးနေတဲ့ ဇင်ယောက်ျားရဲ့အင်္ကျီစလေးကို လှမ်းဆွဲလိုက်တာနဲ့ လင်ယောက်ျားရဲ့ ဒေါသကြီးနေတဲ့လက်တံဟာ အလိုလိုရပ်ဆိုင်းသွားရမယ်"

ထိုအခါကျမှ ဆန်ကွမ်းချီနှင့်ယွမ်ရှောက်တို့သည် အဘယ်ကြောင့် လွှမင်းယွမ်၏လက်သီး လေထဲ၌ ရပ်တန့်သွားသည်ကို နားလည်သဘောပေါက် သိမြင်သွားကြသည်။

လွှမင်းယွမ်၏ဇနီးက လွှမင်းယွမ်၏ ခါးအင်္ကျီစကို လှမ်းဆွဲထားသည်ကို သူတို့နှစ်ယောက် တွေ့မြင်ခဲ့ရလေပြီ။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့သည် အလွန်တရာ ရယ်ချင်လာကြ၏။

သို့သော်....

"ညီလေးတို့ သိပ်မရယ်ကြနဲ့နော်၊ သူများတွေ ရန်ဖြစ်နေကြတဲ့အချိန်မှာ ငါတို့ရယ်လို့မဖြစ်ဘူး၊ ရယ်ရင် ရန်ဖြစ်နေတဲ့လူတွေကို လှောင်သလိုဖြစ်သွားလိမ့်မယ်၊ တိုက်ချင်ခိုက်ချင်နေတဲ့စိတ်တွေကလဲ ငါတို့ဘက်ကို မြားဦးလှည့်လာလိမ့်မယ်"

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့ ပါးစပ်ပိတ်ပြီး ရယ်နေကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သခင်ကြီးဝမ်၏သမီးနှင့် လွှမင်ယွမ်တို့လိုက်ခိုက်နေစဉ် ခေါင်းထမ်းသူ ဆယ့်ခြောက်ယောက်တို့သည် ခေါင်းကြီးကို အားသွန်ထမ်းပြေးသဖြင့် အတော်ဝေးဝေးနေရာသို့ ရောက်ရှိသွားသည်။

သခင်ကြီးဝမ်၏ သမီးသည် လွှမင်ယွမ်ကို သူ့ဇာနီးက တားဆီးထားခိုက် အသုဘခေါင်းကြီးနောက်သို့ ပြေးလိုက်သွားပြန်သည်။

လွှမင်ယွမ်တို့ ဇနီးမောင်နှံ၊ ချင်းစိန် အဘိုးအိုနှစ်ဦးနှင့် ယန်ချွင်တို့သည် မိန်းကလေးနောက်သို့ အပြေးလိုက်ကြပြန်လေသည်။

တုထန်ဟိုက....

"ညီလေးတို့၊ ခုကိစ္စဟာ အဘော်ကလေး စိတ်ဝင်စားစရာ ကောင်းနေဘယ်၊ ဒီသိုင်းသမားကြီးတွေ ခုလိုစိတ်ရှည်လက်ရှည် လိုက်နေကြတာကိုက ဒီကိစ္စ နောက်ကွယ်မှာ ထူးဆန်းတဲ့ အကြောင်းအရာတွေ ရှိနေတာ သက်သေပြနေတယ်"

ဆန်ကွမ်းချီက လက်ကိုဝှေ့ယမ်းပြပြီး....

"အစ်ကိုကြီး မှောင်နေပြီ၊ မှောင်ထဲမှာ လိုက်ရမှာတော့ သိပ်မလွယ်ဘူးနဲ့ တူတယ်"



သူတို့ဇတ်ဝန်းကျင်၌ လူသူ ကင်းရှင်းနေပြီဖြစ်၍ တုထန်ဟိုက အားရပါးရ ရယ်မောတော့၏။

"ညီလေး၊ ထိပ်တန်းသိုင်းသမားတွေရဲ့ ကျွေအာရုံနဲ့ သောတအာရုံဟာ သာမန်လူပြိန်းတွေရဲ့ အာရုံနဲ့ ဘယ်တူမလဲ၊ ငါသိပ်ရယ်ချင်တယ်"

တုထန်ဟိုသည် ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့နှစ်ဦးကို လုံးဝ အထင်မသေးပေ။ ဆရာကောင်း တစ်ဦးဦးထံမှ သိုင်းပညာကောင်းများရရှိခဲ့ကြသူများ ဖြစ်လိမ့်မည်ကိုရိပ်မိသိရှိပြီး ဖြစ်ဖေသည်။

ထိပ်တန်းအဆင့်သို့ ရောက်ရှိပြီးသော သိုင်းသမားသည် သာမန်လူများ မမြင်နိုင်သည့် အမှောင်ထဲမှအရာကို ကောင်းစွာ တွေ့မြင်နိုင်သည်။

သာမန်လူများ မကြားနိုင်သည့် တိုးညင်းသော အသံကို ကောင်းစွာ ကြားနိုင်သည်။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်ကဲ့သို့သော လူများအဖို့ အမှောင်ကို လုံးဝကြောက်ရွံ့ကြမည် မဟုတ်ပေ။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့မှာမူ သူတို့ကိုယ်သူတို့ ထိပ်တန်း သိုင်းသမားအဖြစ်သို့ ရောက်နေသည့် အချက်ကို မေ့လျော့နေကြသဖြင့် ထိုသို့သောစကားကို ပြောမိခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် ဆန်ကွမ်းချီတို့ ရိုးရိုးသားသား ပြောဆိုခြင်း ဖြစ်သည်ကို နားလည် အဘောပေါက်သည်။

ထို့ကြောင့်....

ရှည်ရှည်ဝေးဝေး ဆက်မပြောတော့ချေ။

"ကဲ....ငါ့ညီတို့၊ သူတို့နောက်ကို လိုက်ကြည့်ရင် သိုင်းလောကရဲ့ အတွေ့အကြုံဆန်းတစ်ခုကိုတော့ ငါ့ညီတို့ တွေ့မြင်ရမှာပဲ၊ ကဲ....သူတို့နောက် လိုက်ကြစို့"

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့သည် သူတို့ရှေ့မှ ပြေးထွက်သွားသည့် တုထန်ဟို၏နောက်သို့ ပြေးလိုက်ကြလေတော့၏။

* * *

သူတို့သည် သိုင်းသမားအုပ်ကြီး ပြေးထွက်သွားသည့်ဘက်သို့ မှန်း၍ လိုက်ကြသည်။

မည်းမှောင်နေသော တိမ်တောင် တိမ်လိပ်များကြောင့် ကြယ်ကလေး တစ်ပွင့်တစ်လေကိုမျှ မမြင်တွေ့ရပေ။

တုထန်ဟိုက ရှေ့မှပြေးရင်း အော်ပြောလေ၏။



"ညီလေးတို့ မိုးမှောင်ကြီးတော့ ကျနေပြီ၊ မိုးရွာမှာသေချာတယ်"

ဆန်ကွမ်းချီက ရယ်ရင်း....

"ဟား....ဟား....ဟား၊ မြေပြန့်သား ကျွန်တော်တို့က တိုယ့်ရာသီအကြောင်းကို ကိုယ်မသိဘူး၊ တိဗက်က အစ်ကိုကြီးက ကျွန်တော်တို့ထက်ပိုပြီး သိနေတယ်"

တုထန်ဟိုက ပြေးရင်းမှ လှည့်ပြောသည်။

"ဒါက ဘာများခက်လို့လဲ ညီလေးတို့ရာ၊ လေကပြောင်းလဲသွားပြီလေ၊ စောစောကလေက မအေးဘူး၊အခုလေကရုတ်တရက်အေးသွားတယ်၊ဒါဆိုရင် မိုးရွာဖို့သေချာသလောက်ပဲ"

မှန်ပါသည်။

ကောင်းကင်၌ ဖြိုးခနဲ ဖြက်ခနဲ လင်းထိန်သွား၏။

လျှပ်စီးလက်ခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ ထစ်ချုန်းသံများပင် ကြားလာရသည်။

ထိုသို့ လျှပ်စီးလက်ခြင်းကြောင့် ခပ်ဝေးဝေး၌ ပြေးသွားနေသည့် လူအရိပ်သဏ္ဍာန်များကို သူတို့မြင်တွေ့ခွင့် ရခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် အစွမ်းကုန် အားထုတ်၍ ပြေး၏။ သူ တတ်စွမ်းသမျှ ကိုယ်ဖော့ပညာကို သုံး၏။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့ကို ကိုက်လေးငါးဆယ်မျှ ဖြတ်ချန်ပစ်ခဲ့ရန် ကြိုးစားသည်။

ခရီးအတော်အတန် ပြေးပြီးနောက် သူသည် နောက်ဘက်သို့ လှည့်ကြည့်မိသည်။

"ဟင်...."

သူ့ပါးစပ်မှ ဟင်ခနဲ အာမေဋိတ်သံ ထွက်သွားသည်။ သူ့စိတ်ထဲ၌ ကိုက်လေးငါးဆယ်မျှ ဖြတ်ချန်ပြီးပြီဟု ယူဆရသော ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့သည် သူ့အကျီကို လှမ်းကိုင်နိုင်သည့် နေရာ၌ ရောက်ရှိနေသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

"အင်း....ဒီလူငယ်နှစ်ယောက်ရဲ့ သိုင်းပညာရည် ထက်မြက်တဲ့အကြောင်းကိုတော့ ငါ ရိပ်မိတယ်၊ အခု စမ်းသပ်ကြည့်တော့ သူတို့ကိုယ်ဖော့ပညာဟာ ငါ့ထက်ကောင်းနေပြီဆိုတာ သိသာနေပြီ၊ သူတို့ရဲ့ ခြေသံလည်း မကြားရဘူး၊ နောက်ပြီး သူတို့အသက်ရှူနေတာက ပုံမှန်အတိုင်းပဲ၊ ငါ့ကိုကျော်ပြေးမယ်ဆိုရင်....

"သူတို့ ပြေးနိုင်ကြလိမ့်မယ်၊ ဒါကို သံသယရှိစရာ မလိုဘူး၊ သူတို့ဟာ ငါ့ကို ရိုးရိုးသားသား ခင်မင်နေကြတယ်၊



ငါ့ကို အားကိုးနေကြတယ်၊ ဒါကြောင့် ဖြတ်ကျော်မပြေးကြတာပဲ"

တုထန်ဟိုသည် အစွမ်းကုန် ပြေးလွှားခဲ့ခြင်း ဖြစ်လေသည်။

ယခုထက် ပို၍လည်း ပြေးနိုင်စွမ်း မရှိတော့ပေ။

ထိုအခိုက်မှာပင် မိုးတဖြောက်ဖြောက် ရွာချလာလေတော့သည်။

တုထန်ဟိုက....

"ဒီလို မိုးရွာရင်တော့ ဟိုမိန်းကလေးအတွက် တစ်ပန်းသာသွားတာပဲ၊ ထိပ်တန်းသိုင်းသမားကြီးတွေပေမယ့် မိုးရွာထဲမှာတော့ ခြေရာခံနိုင်မှာ မဟုတ်ဘူး"

ဆန်ကွမ်းချီက ခေါင်းညိတ်သဘောတူသည်။

"ဟုတ်တယ်၊ မိုးမှောင်ကြီးထဲမှာ ဘယ်သူက ရှာတွေ့နိုင်မှာလဲ၊ ကျွန်တော်တို့ ဆက်မလိုက်တော့ဘူးလား"

"ဟာ....ဆက်လိုက်မှာပေါ့၊ ဒီမိုးက ဒီလောက်နဲ့ ပြီးချင်မှ ပြီးသွားမှာပါ၊ ဒီ မိန်းကလေးကို လွှတ်ပေးလို့ မဖြစ်ဘူးကွ"

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



"သခင်ကြီးဝမ်လို့ ခေါ်တဲ့ ဝမ်ကျုံးထန်ကိစ္စမှာ အခုဗျာပနကိစ္စမှာ ဆိုပါတော့ကွာ၊ ဘယ်သူအခရာအဖြစ် လှုပ်ရှားနေတယ်လို့ ညီလေးတို့ မြင်သလဲ"

ဆန်ကွမ်းချီ ခေတ္တ စဉ်းစားသည်။

"အမိက အမိန့်ပေးနေတာတော့ အဲဒီ မိန်းကလေးပဲ"

တုထန်ဟိုက ခေါင်းညိတ်၏။

"သိပ် သေချာတာပေါ့၊ အဲဒီမိန်းကလေးဟာ အခရာပဲ၊ ဒီအချက်ကို ချင်းစိန်ဆရာကြီးတွေ၊ ဓလွှမင်ယွမ်တို့ ဇာနီးမောင်နှံနဲ့ ယင်ယန်စွမ်းကြွယ် ညီနောင်လဲ သတိပြုမိပုံရတယ်"

သူတို့သည် အပြန်အလှန်စကားပြောရင်း ပြေးလွှားနေသည်သာဖြစ်၏။

ထို့စဉ်....

"အစ်ကိုကြီး ဆန်ကွမ်းချီ၊ ဟိုဘက် ရှေ့ခပ်လှမ်းလှမ်းမှာ အင်္ကျီဖြူနဲ့ အမျိုးသမီးကို မြင်လိုက်တယ်"

တုထန်ဟို အံ့ဩသွားသည်။ သူသည် ရှေ့မှ ပြေးသွားသူများကို အာရုံစိုက်လျက်စောင့်ကြည့်ခဲ့သည်။

အမှောင်သိပ်သည်းလွန်းသဖြင့် ရှေ့မှ အရာဝတ္ထုများကို မမြင်တွေ့ခဲ့ရချေ။



ယွမ်ရှောက် တွေ့သည်ဆိုသောအခါ သူ့အဖို့ အံ့ဩစရာဖြစ်နေသည်။

ဤသို့ အံ့ဩခြင်းမှာ ယွမ်ရှောက်၏ ဘဝအခြေခံကို ဆန်တို မသိ၍သာဖြစ်ပေသည်။

ယွမ်ရှောက်သည် လူတစ်ပိုင်း၊ မျောက်တစ်ပိုင်း ဘဝမျိုးဖြင့် တောကြီးမြက်မည်းထဲ၌ ကြီးပြင်းခဲ့ရသူဖြစ်ရာ အလွန်ပင် မျက်စိရှင်သန်သည်။

ယွမ်ရှောက် ဆက်ပြောနေ၏။

"ကျွန်တော့် စိတ်အထင်တော့ အဲဒီ မိန်းကလေးဟာ သင်္ကမ်းဘော တစ်နေရာရောက်နေတယ်လို့ ထင်မိတယ်"

"ဟာ...ညီလေးရဲ့ မျက်စိအမြင်ကလဲ သန်လှချည်လား"

"သန်တယ်တော့ မဟုတ်ပါဘူး၊ ဒီလိုပဲ မြင်လိုက်ရတာပါ"

ဆန်ကွမ်းချီက ဝင်၍ ထောက်ခံလိုက်၏။

"အစ်ကိုကြီး တုထန်ဟို... မျက်စိအမြင်သန်မှုနဲ့ ပတ်သက်ရင်တော့ ညီလေး ယွမ်ရှောက်ကို ဘယ်သူမှ မမီပါဘူး။ သူက ညဘက်တည်းက မျက်စိ သိပ်ရှင်တာ"

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုက စဉ်းစဉ်းစားစားပြောသည်။

"သူတို့က မြစ်ကမ်းနံဘေးကို ရောက်နေတယ်ဆိုတော အသုဘခေါင်းကို ရေထဲမှာ မြှုပ်နှံမလို့လား မသိဘူး"

သူသည် ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့အား လှည့်ပြော လေ၏။

"ကဲ...ညီလေးတို့ မြန်မြန်လာကြ၊ သူတို့ ဘာလုပ်မ ဆိုတာ ငါတို့ မြင်တွေ့မှ ဖြစ်လိမ့်မယ်"

မိုးများ ရွာသွန်းနေသည့် ကြားထဲမှ သုံးယောက်သာ လျှင်မြန်စွာ ပြေးကြတော့သည်။

ယွမ်ရှောက်ပြောသည့်အတိုင်းပင် မြစ်ကမ်းစပ်သို့ ရော ရှိလာကြ၏။

သို့သော် အသုဘခေါင်းကြီးကို သယ်ဆောင်လာသူ ကိုလည်းကောင်း၊ အင်္ကျီဖြူဝတ်ဆင်ထားသည့် မိန်းကလေ ကိုလည်းကောင်း မမြင်တွေ့ရတော့ချေ။

တုထန်ဟိုသည် ယွမ်ရှောက်ပြောသည့်အတိုင်း မြစ်ကမ်း စပ်ကို တွေ့ရသော်လည်း အသုဘခေါင်းနှင့်လူစုကို မတွေ့ မြင်ရသဖြင့် ဆန်ကွမ်းချီအား လှည့်ကြည့်သည်။



သူ့အကြည့်က...

"ညီလေး၊ မင်းညီပြောတာ တစ်ဝက်မှန်၊ တစ်ဝက်မှား ပါလား" ဟူသော အကြည့်မျိုးဖြစ်သည်။

ဆန်ကွမ်းချီသည် တုထန်ဟို၏ အကြည့်ကို ကောင်းစွာ သဘောပေါက်သဖြင့် ယွမ်ရှောက်အား လှည့်၍ မေးသည်။

"ညီလေး ယွမ်ရှောက်၊ အသုဘခေါင်းနဲ့ လူစု ဘယ် ရောက်သွားကြသလဲ မသိဘူး၊ ညီလေး ထပ်ရှာစမ်းပါဦး"

ယွမ်ရှောက်သည် ခေတ္တမျှ တွေဝေ စဉ်းစားပြီးနောက် ခပ်တိုးတိုး ပြောသည်။

"အစ်ကိုကြီးတို့ ခဏစောင့်ကြ၊ ကျွန်တော် သွားရှာ မယ်"

ယွမ်ရှောက်သည် ပြောပြောဆိုဆိုဖြင့် ခုန်ထွက်သွားလေ သည်။

တခဏအတွင်း ယွမ်ရှောက် သူတို့မြင်ကွင်းမှပျောက်ကွယ် သွားလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကွမ်းချီက တုထန်ဟိုအား လှမ်းပြောသည်။

"အစ်ကိုကြီး တုထန်ဟို၊ ကျွန်တော်တို့ မိုးထဲလေထဲ အသ ဘာခေါင်းကြီးနောက်ကို တကောက်ကောက် လိုက်နေကြ တယ်၊ တဂ ယ်လို့ ထူးထူးဆန်းဆန်းအခြေအနေတွေ တွေ့ ရင် ကျွန်တော်တို့ ဝင်စွက်ကြမှာလား"

တဖွဲဖွဲ ကျနေသောမိုးသည် အရှောရပ်သွားလေပြီ။

တုထန်ဟိုက အနီးရှိ သစ်ပင်တစ်ပင်အောက်တွင် ဝင် ထိုင်၏။

ဆန့်ကွမ်းချီလည်း ဝင်ထိုင်၏။

"ညီလေး ဆန့်ကွမ်းချီ၊ သိုင်းလောကထဲဝင်ရင် အ မတန် စပ်စုရတယ်၊ အဲဒီလို စပ်စုမထားရင် တစ်နေ့ အဲ ပြဿနာ ကိုယ့်အပေါ် ပတ်လာတဲ့အခါမျိုးမှာ ကိုယ်တ ဘာမှမဖြေရှင်းနိုင်ဘဲနဲ့ ပြဿနာရဲ့သားကောင် ဖြစ်သွာ တတ်တယ်၊ ငါဆိုရင် အဲဒီလို စပ်စုလွန်းလို့ ပြဿနာဖြ ပေါင်းလဲ များပြီ ဒါပေမယ့် ဒီလိုစပ်စုတဲ့အတွက် အကျိုး ယုတ်တယ်ဆိုတာတော့ မရှိသေးပါဘူး၊ အခုပြဿနာ တော့ သိပ်မသေးဘူးလို့ ယူဆမိတယ်"



တုထန်ဟိုသည် သိုင်းလောကအတွေ့အကြုံများကို ရှင်း လင်းပြောပြလျက်ရှိ၏။

ဆန့်ကွမ်းချီက....

"အစ်ကိုကြီး၊ ဒီပြဿနာက ဘယ်လိုမသေးတာလဲ၊ကျွန် တော် နားလည်အောင် ဆက်ပြီး ရှင်းပြပါဦး"

တုထန်ဟိုသည် မရယ်တော့ဘဲ လေးလေးနက်နက် ဆက် ပြောလေသည်။

"ဒီပြဿနာ ဘယ်သေးတော့မလဲ၊ သူတို့က ရှောင်လင် ဘုန်းတော်ကြီး နှစ်ပါးကို ပင့်ဖိတ်တယ်၊ သိုင်းလောကနဲ့ အဆက်အသွယ်ဖြတ်တောက်ပြီး ဇာတ်မြှုပ်နေခဲ့တဲ့ ချင်းစီနီ အဘိုးအိုနှစ်ယောက်ကိုလဲ ဖိတ်တယ်၊ အဲဒီအချက်တွေဟာ သိပ်ဆိုးသွားတာပေါ့"

"အစ်ကိုကြီး၊ ဟိုလှေမင်ယွမ်ဘို့ ဇနီးမောင်နှံနဲ့ ယင်ယန် ဝမ်းကွဲ ညီနောင်ဘကော ပြဿနာမဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပါပဲ၊ အခုပြဿနာ စဖော်တာက ... မင်ယွမ်ပဲ မဟုတ်လား၊ ရှောင်လင်ဆရာတော်တွေနဲ့ ချင်းစီနီ အဘိုးအို နှစ်ယောက်ဟာ သိုင်းပညာ သိပ်ကောင်းသလို

www.burmeseclassic.com



အတွေ့အကြုံလဲ ဆင်မတန်ရင့်ကျက်တယ်၊ သူတို့ကို ဘယ်သူမှ လွယ်လွယ်နဲ့ လိမ်လို့မရဘူး"

"ရှောင်လင်ဆရာတော်နှစ်ပါးက ဘာဖြစ်လို့ ရှောင်ထွက်သွားရတာလဲ"

"ညီလေးစိတ်ထင်လို့ပါ၊ ငါကတော့ သူတို့ရှောင်ထွက်လိမ့်မယ်လို့မထင်ဘူး၊ တစ်နေရာရာမှာ ခိုနေတာလို့ပဲ ထင်တယ်၊ ရှောင်လင်ဆရာတော်နှစ်ပါးဟာ ဒီကိစ္စကို လျစ်လျူရှုထားမယ်လို့ မထင်ဘူး"

"ဒါဖြင့် ဒီညမှာ ကြောက်မက်ဖွယ်ရာ အတွေ့အကြုံ အထူးအဆန်းတွေ တွေ့ကြရတော့မယ် ဆိုပါတော့"

တဲ့ထန်ဟိုက စဉ်းစဉ်းစားစားဖြင့် ပြော၏။

"အဲဒီလိုပဲ ထင်မှတ်ရတာပဲ၊ ငါ သိုင်းလောက အတွေ့အကြုံအရတော့ ခုကိစ္စဟာ ပေါ့သေးသေးကိစ္စ မဟုတ်ဘူးဆိုတာ အလိုလိုသိနေတယ်၊ ညီလေးအဖို့တော့ အတွေ့အကြုံ ထူးခြားအသစ်အဆန်းပေါ့ကွာ၊ ဒီအတွေ့အကြုံထဲမှာ သင်ခန်းစာတွေ အများကြီး ပါပါတယ်"

အန်ကျွမ်းချီက စိတ်ထဲမှ ပြောမိလေ၏။



"ဒီအတွေ့အကြုံ ဘယ်လောက် ဆန်းမဆန်းတော့ ကျွန်တော်မသိပါဘူး၊ ဒါပေမယ့် အတော်ကလေး ချောက်ချားစရာကောင်းတဲ့ အတွေ့အကြုံတွေကိုတော့ ကျွန်တော်တွေ့ကြုံခဲ့ဖူးပါတယ် အစ်ကိုကြီး တုထန်ဟို"

သူ့စိတ်ထဲမှ ပြောစကားကို တုထန်ဟိုအနေဖြင့် မည်သို့မျှ ကြားနိုင်စွမ်း မရှိပါပေ။

★

www.burmeseclassic.com

www.burmeseclassic.com

ၔ
ရှုး

## အခန်း (၄၁)

### ပွဲကြီးပွဲလောင်း

ဆန်ကွမ်းချီသည် သူ၏ဆရာဟောင်း ရဲယိဖိန်နှင့် သေ... သောက်ညီလေးဦး အဆိပ်အမိခံရသည့် ကီစွနှင့် ပိုင်မာစ... သစ်တောအတွင်း ယွင်ကြိုလုံနှင့်တီဇက်ဘုန်းကြီးတို့၏ တို... ပွဲများကို ပြန်လည်မြင်ယောင်လာလေ၏။

ထိုအဖြစ်အပျက်များကို တုထန်ဟိုသာ သိလျှင် ပြဿနာ... ၏ရင်းမြစ်ကို ရှာဖွေဦးမည်လား မသိပေ။

သို့သော် အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသည့် မရဏ... ကိုယ်စားလှယ်နှင့်တွေ့လျှင် တုထန်ဟိုလည်း သက်သာ... လိမ့်မည်မဟုတ်ဟု ဆန်ကွမ်းချီ တွေးတောနေမိသည်။



သူ တွေ့ကြုံခဲ့ရသည့်လူသတ်ပွဲမှာ အလွန်တရာ ရက်စက်လှသဖြင့် ယခုတွေ့ကြုံရမည့် အဖြစ်ဆန်းသည် ပိုင်မာစန်းသစ်တောအတွင်းမှ အဖြစ်အပျက်လောက် သူ၏ စိတ်နှလုံးအား ချောက်ချားစေမည် မဟုတ်ပါဟု တုထန်ဟိုအား စိတ်ထဲမှ တီးတိုး ပြောမိလေသည်။

ဆန်ကွမ်းချီသည် ယခု တွေ့ကြုံရမည့် အဖြစ်အပျက်အတွက် စိတ်နှလုံး ချောက်ချားခြင်း မရှိသော်ငြားလည်း ထိုအဖြစ်အပျက်ထဲကွင် ဝင်ခရာက် ပါဝင်သင့် မသင့်ကိုမူ မဆုံးဖြတ်နိုင်ဘဲ ရှိလေ၏။

"အင်းလေ....ဒီကိစ္စမှာတော့ အစ်ကိုကြီး တုထန်ဟိုရဲ့ အခြေအနေကြည့်ပြီး မီးစဉ်ကြည့်ကရမှာပဲ၊ သူ ဝင်ကြဲမှ ကြဲရမှာပဲ၊ သူ အသာ စောင့်ကြည့်ရင် ကိုယ်လဲစောင့်ကြည့်ရမှာပဲ"

ဆန်ကွမ်းချီ အတွေးမဆုံးမီမှာပင် ယွမ်ရှောက်၏ ခပ်အုပ်အုပ် အသံကို ကြားလိုက်ရတော့သည်။

"သူတို့တွေ ရှေ့နားက မြစ်ကမ်းစပ်မှာ ရှိတုန်းပါပဲ အစ်ကိုကြီး"

ဆန်ကွမ်းချီက....

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒီလိုဆိုရင် မင်းရှေ့ကသွား၊ ငါတို့နောက်က လိုက်ခဲ့မယ်"

တုထန်ဟိုက ဝင်၍ သတိပေး၏။

"ငါတို့ကို သူတို့မမြင်ရင် အကောင်းဆုံးပဲ၊ ဒါကြောင့်မို့ တတ်နိုင်သမျှ ပုန်းလျှိုးကွယ်လျှိုး သွားပါ"

သူတို့သည် ယွမ်ရှောက် လမ်းပြသည့်နောက်သို့ တိတ်တဆိတ် လိုက်သွားကြ၏။

မြစ်ကမ်းနံဘေးမှ ခရီးဆက်ခြင်းဖြစ်၍ ရှေ့မှအသုဘခေါင်းနှင့် မိန်းကလေးကို မလွဲမသွေ တွေ့ရမည်မှာ သေချာနေလေသည်။

ကွမ်းတစ်ယာညက်ခန့် ခရီးဆက်ပြီးနောက် ယွမ်ရှောက်က ခပ်အုပ်အုပ် ပြောသည်။

"ဟောဟိုရှေ့မှာ အင်္ကျီအဖြူနဲ့ မိန်းကလေးကို တွေ့နေရပြီ"

တုထန်ဟိုက အရေးတကြီး လေသံဖြင့် မေး၏။

"အသုဘခေါင်းကြီးကိုကော တွေ့ရသေးသလား"

"ရှိသေးတယ်"

တုထန်ဟိုက ယွမ်ရှောက်ကို သတိပေးလိုက်၏။



"ညီလေး၊ ဒီကနေ တည့်တည့်ကြီး မသွားနဲ့တော့၊ဘေးကိုဆင်းပြီး ကွေ့ဖြတ်သွားပေတော့၊ ငါတို့ကို မတွေ့တာ အကောင်းဆုံးပဲ"

ယွမ်ရှောက်သည် သွားရိုးသွားစဉ်လမ်းမှ ဘေးသို့ဖဲ့ဆင်းသွားလေ၏။

တုထန်ဟိုသည် သစ်ပင်များ၊ ချုံပင်များကိုအကာအကွယ်ယူလျက် ရှေ့သို့တိုးသည်။

အတော်အသင့် နီးကပ်လာသောအခါ တုထန်ဟိုက အားလုံးကို သတိပေး၏။

"ရပ်ကြတော့၊ ဒီကပဲ စောင့်ကြည့်မယ်"

သူတို့၏ ရှေ့ဘက်ခပ်လှမ်းလှမ်းတွင် အင်္ကျီဖြူ ဝတ်ဆင်ထားသည့် မိန်းကလေးကို ထည်းကောင်း၊ သခင်ကြီး ဝမ်ချုံးထန်၏ သားဖြစ်သူကို လည်းကောင်း တွေ့မြင်နေရသည်။

အင်္ကျီဖြူ ဝတ်ဆင်ထားသည့် မိန်းကလေးသည် အသုဘခေါင်းကြီးကို လက်ညှိုးတထိုးထိုးဖြင့် အမိန့်ပေးနေလေသည်။

ဘာတွေ အမိန့်ပေးနေမှန်းကိုတော့ တုထန်ဟိုတို့ မကြားသိရပေ။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ခေါင်းထမ်းသူများသည် ခေါင်းကြီးကို မ,ချပြီး တန်းစီရပ်နေကြ၏။

အင်္ကျီဖြူ ဝတ်ဆင်ထားသည့် မိန်းကလေးသည် ကာယ ဗလ ကြံ့ခိုင်လှသော ထိုလူကြီး ဆယ့်ခြောက်ယောက်၏ နောက်ကျောသို့ လျှောက်သွားပြီး လူဆယ့်နှစ်ယောက်၏ နောက်ကျောကို လက်ဝါးဖြင့် ရိုက်သည်။

ထိုဆယ့်နှစ်ယောက်စလုံး တဝုန်းဝုန်းပြိုလဲ ကျသွားတော့သည်။

* * *

ဆန်ကွမ်းချိုသည်အစိမ်းရောင်ဝတ်စုံဝတ်ဆင်သည့် မရဏ ကိုယ်စားလှယ်၏ သတ်ဖြတ်ပုံများကို မျက်စိထဲ ပြန်မြင် လာသည်။

"ဟိုလူက လျှပ်တစ်ပြက် ဝင်သတ်ထာ၊ ဒီမှာက လျှပ် တစ်ပြက်သတ်တာမဟုတ်ဘူး၊ စိတ်အေးလက်အေးနဲ့ စိမ်ပြေ နပြေကို သတ်တာ၊ ဒီကပိုပြီး ရက်စက်တယ်"



သူသည်ရုတ်တရက်လှည့်ကြည့်ရာ သူ့အနီး၌ ယွမ်ရှောက် မရှိတော့ကြောင်း သိလိုက်ရ၏။

သူသည် ယွမ်ရှောက်အတွက် စိုးရိမ်သွားသည်။

"အစ်ကိုကြီး တုထန်ဟို....ကျွန်တော့်ညီလေးယွမ်ရှောက် တစ်ယောက် ဘယ်ကိုများ ထွက်သွားသလဲ"

တုထန်ဟိုလည်း ထိုအခါကျမှ သူတို့ဘေး၌ ယွမ်ရှောက် မရှိတော့ကြောင်း သိလိုက်မိသည်။

ဆန်ကွမ်းချို စိုးရိမ်နေသည်ကို တွေ့ရသဖြင့် တုထန်ဟို ကပင် နှစ်သိမ့်ဖျောင်းဖျ လိုက်ရသည်။

"ညီလေး ဆန်ကွမ်းချို၊ ညီလေးရဲ့ညီဟာ သိုင်းပညာလဲ အတော်ထူးချွန်ပါတယ်၊ မျက်စိလဲ အင်မတန် ရှင်သန်ပါ တယ်၊ သူ့အတွက် အထူးစိုးရိမ် ကြောင့်ကြစရာ မရှိပါဘူး"

ဆန်ကွမ်းချို အနေဖြင့် ယွမ်ရှောက်ကို လိုက်ရှာဖွေလို သည်။

သို့သော်....

မည်သည့်နေရာသို့ လိုက်၍ ရှာဖွေရမည်မှန်း မသိသဖြင့် အသာ ငြိမ်နေလိုက်ရတော့သည်။

တစ်ခုတွေ့ စဉ်းစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက်သည် မိမိနှင့် ခွဲခွာသွားဝံ့သူ မဟုတ်ပေ။

ဤသို့ ထွက်ခွာသွားခြင်းမှာ အကြောင်း တစ်စုံတစ်ရာ ရှိ၍သာ ဖြစ်လိမ့်မည်ဟု တွေးမိသည်။

သခင်ကြီး ဝမ်ကျုံးထန်၏သားဖြစ်သူ ဝမ်ကျင့်လန်သည် လဲကျသွားသူများ၏ ရင်ဘတ်ကို လက်ဖြင့်လျှောက်၍ စမ်းသပ်နေ၏။

သူသည် ခေါင်းတယမ်းယမ်းဖြင့် စိတ်ပျက်နေကြောင်း လျှပ်စီးလက်သော အလင်းရောင်ဖြင့် တုထန်ဟိုတို့က တွေ့မြင်ရသည်။

အင်္ကျီဖြူဝတ်ဆင်သည့် မိန်းကလေးက ရပ်ပြီး တစ်စုံတစ်ခုပြောနေကြောင်း တွေ့ရသည်။

တုထန်ဟိုတို့သည် စကားသံကို မကြားရသဖြင့် ရှေ့သို့ တဖြည်းဖြည်း တိုးသွား၏။

မကြာမီ ထိုမိန်းကလေးနှင့် သခင်ကြီး ဝမ်ကျုံးထန်၏ သားဖြစ်သူ ဝမ်ကျင့်လန်တို့ စကားပြောဆိုသံများကို ပီပီသသကြားလာရတော့သည်။

"အစ်ကို၊ ကျွန်မလုပ်တာကို ရက်စက်တယ်လို့ ထင်နေသလား"

"အစ်ကို့ အနေနဲ့ ဘာပြောခွင့်ရှိမှာလဲ"



ထိုမောင်နှမ ပြောနေသည့်စကားများကို တုထန်ဟိုနှင့် ဆန်ကွမ်းချိတို့ နားမလည် သဘောမပေါက်ကြပေ။

ထိုစဉ် မိန်းကလေးက ရုတ်တရက် အော်ငေါက်လိုက်သည်။

"ဘယ်သူတွေလဲ၊ ဒီနားလာပြီး ခိုးကြောင် ခိုးဝှက် လာချောင်း နားထောင်နေတာ...."

ဆန်ကွမ်းချိရင်ထဲ ထိတ်သွားပြီး မတ်တတ် ထရပ်ချန်ကြုံလိုက်သည်။

သို့သော် တုထန်ဟိုက သူ့လက်မောင်းကို အတင်းဆွဲပြီး ထိုင်ခိုင်းလေ၏။

ဆန်ကွမ်းချိမှာ ချုံပုတ်အနီး၌ ပြန်ထိုင်ရတော့သည်။

ဆန်ကွမ်းချိက ခပ်တိုးတိုး ပြော၏။

"အစ်ကိုကြီး တုသန်ဟို....၊ ကျွန်တော်တို့ကို သူ မြင်သွားပြီ"

"ထိုင်စမ်းပါ"

တုထန်ဟိုက စိတ်မရှည်ဟန်ဖြင့် ခပ်အုပ်အုပ် ပြောလေသည်။

"ဘယ်လိုလဲ၊ ဘာဖြစ်လို့ ထွက်မလာတာလဲ၊ချောင်းနားထောင်နေတာ မသိဘူး မှတ်နေသလား၊ ခုထွက်ခဲ့စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ အော်ငေါက်သံက မိုးခြိမ်းသံကဲ့သို့ ထွက်ပေါ်လာသည်။

ထိုတစ်ခဏ အတွင်းမှာပင် သူတို့နှင့် ခပ်သုံးဆယ်ခန့် အကွာ ချုံပုတ်အတွင်းမှ ချောင်းဟန့်သံ ကြားရပြီးနောက် လူတစ်ယောက်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။ ထိုအခါကျမှ ဆန်ကွမ်းချီ ငြိမ်သွားသည်။

★

## အခန်း (၄၂)

### ငှက်ကြီးဝံပိုနှင့် စိန်ခေါ်သူ

ထ,ရပ်လိုက်သူကား လွှမင်ယွှမ်တည်း။

မိန်းကလေးက အေးစက်စက် ရယ်လိုက်၏။

"ဘယ်သူများလဲလို့၊ လက်စသတ်တော့ ဦးလေး လွှမင်ယွှမ် ဖြစ်နေတာကိုး"

လွှမင်ယွှမ်သည် ခြေလှမ်းကျဲကျဲဖြင့် ချုံပုတ်အပြင်သို့ ထွက်လာ၏။

"ဟုတ်တယ်၊ ငါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ကျွန်မတို့နောက် တ ကောက်ကောက်လိုက်နေရတာလဲရှင်"

"ငါ ဘာဖြစ်လို့လိုက်တယ်ဆိုတာ မင်းတို့အသိဆုံးပဲဖြစ်လိမ့်မယ်"

"ဟင်း....ဟင်း....ဟင်း....၊ဦးလေးလွှမင်းယွမ်က အတော်ကလေး ဘဝင်မြင့်နေတာကိုး၊ ဘာဖြစ်လို့ အေးအေး ဆေးဆေး မတွေ့ကြုံကဲ့ ပြန်မသွားဟာလဲ"

လွှမင်းယွမ်ကလည်း တဟဲဟဲ ရယ်သည်။

"မင်းတို့ကလဲ အသုဘခေါင်းကို တို့ရှေ့မှာ ဘာဖြစ်လို့ မမြှုပ်ဂုံရတာလဲ"

"ဒါ ဦးလေး လွှမင်းယွမ်ရဲ့ အလုပ် မဟုတ်ပါဘူးရှင်"

"သခင်ကြီး ဝမ်ကျုံးထန်ဟာ ငါ့မိတ်ဆွေပဲ၊ငါ့မိတ်ဆွေ သေဆုံးတဲ့အဖြစ်အပျက်ကို ငါ လျစ်လျူရှုထားလို့ မရဘူး"

"ကျွန်မ ဖေဖေကို ရှင်တို့ မြင်ပြီးပြီပဲ"

"အဲဒါကို ငါတို့ မယုံဘူး"

"ဦးလေး လွှမင်းယွမ်ဟာ အေးအေးဆေးဆေးပြန်ခွင့် မရဘူး"



"ဟား...ဟား...ဟား.... ဘာလဲ မင်းက ငါ့ကို ဖမ်းဆီးထားချင်သေးလို့လား၊ မင်းဘာကယ် ဖမ်းနိုင့်မဖမ်းနိုင် စမ်းကြည့်စမ်းပါဦး"

မိန်းကလေးက အဖက်မတန်သည့်သဘောဖြင့် ဟာဟင်းဟင်း ရယ်မောလေ၏။

"ဒီလောက်လဲ အထင်မကြီးပါနဲ့လေ"

လွှမင်းယွမ်သည် မိန်းကလေး၏ စကားကိုကြားလိုက်ရသောအခါ ဒေါသထွက်သွား၏။

"သယ်....မင်းလို နို့နံ့မစင်သေးတဲ့မိန်းကလေးက ငါ့ကို ဆော်စော်ကားကား ဒီလိုပြောရသလား"

"ဒါကတော့ ဦးလေးလွှမင်းယွမ်က ပြောအောင် လုပ်နေတာကိုး"

"တိတ်စမ်း၊ အသုဘခေါင်းထဲက အလောင်းဟာ ဘယ်သူ့အလောင်းလဲ မှန်မှန်ပြောစမ်း"

"ခေါင်းထဲကအလောင်း ဘယ်သူလဲဆိုတာ သိချင်ရင် လွယ်လွယ်ကလေးပဲ၊ ဦးလေး လွှမင်းယွမ်ကိုယ်တိုင် ခေါင်းဖွင့်အဖိုးလိုက်ရင် အထဲက ဘယ်သူလဲဆိုတာ သိနိုင်တာပဲ"

www.burmeseclassic.com



လေ့မင်ယွှမ်သည် သူ့ဒေါသများကို မထိန်းချုပ်နိုင်တော့ပေ။ မိန်းကလေးထံသို့ ခုန်ပျံဝင်ရောက်သွားလေ၏။

မိန်းကလေးက သူ့အား ရင်ဆိုင်ခုခံခြင်းမပြုပေ။ လေ့မင်ယွှမ် ဝင်လာသည်နှင့် သူမက ခုန်ထွက်သွားသည်။

လေ့မင်ယွှမ်က ဒေါသနှင့် အော်ဟစ်လိုက်၏။

"ဘာဖြစ်လို့ကြောက်ပြီးရှောင်ထွက်သွားရတာလဲ၊ စောစောကတော့ တကယ့်ကို အာကျယ်နေတာပဲ"

မိန်းကလေးက ကိုယ်ကိုလှုပ်၍ ရယ်နေသည်။

"ဟင်း....ဟင်း....ဟင်း....ကျွန်မ ရှင့်ကို ကြောက်မယ်များ ထင်နေသလား၊ ဝေးသေးတယ်၊ ကဲ...ကြည့်စမ်းပါဦး"

သူမသည် လက်ခုပ်သုံးချက် တီးလိုက်လေ၏။ သူမ၏ဘေး ဗက်လှည်ရှိ ချုံပုတ်များထဲမှ လူလေးယောက်ခုန်ထွက်လာသည်။

လေးယောက်စလုံး အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားသဖြင့် မှောင်ထဲ၌ ပျောက်နေသလို ထင်မှတ်ရ၏။

အကယ်၍မိုးသားများ လွင့်စဉ်ပျောက်ခြင်းမရှိ ကြယ်ကလေးများ မလင်းလက်ခဲ့ပါမူ ထိုလေးယောက်ကို ဤသို့ ထင်ထင်ရှားရှား တွေ့မြင်ရမည် မဟုတ်ပါချေ။



အနက်ရောင် လေးယောက်သည် လေ့မင်ယွှမ်ကို လေး ဖက်လေးတန်မှ ဝန်းရံထားလိုက်ကြ၏။

လေ့မင်ယွှမ်က ပမာမခန့်ရယ်ပြီး....

"ဟား....ဟား....ဟား....မင်းက ကိုယ်တိုင် မတိုက်ဘဲ တပည့်တွေကို တိုက်ခိုင်းတာကိုး"

မိန်းကလေးက အေးစက်စက်ပြန်ပြော၏။

"အဲဒီတပည့်တွေကိုပဲ နိုင်အောင်တိုက်စမ်းပါဦး"

လေ့မင်ယွှမ်သည် ရှဘ်ဘရက် အော်ဟစ်ပြီး ရှေ့တူရှမှ အနက်တစ်ယောက်ဆီသို့ ခုန်အုပ်လိုက်၏။

သူ၏လက်ဝဲလက်ယာ လက်ဝါးများသည် အရိပ်များ ထပ်နေသလို ထင်မှတ်လာရသည်။

ကျန်သောအနက်သုံးယောက်သည် လေ့မင်ယွှမ်သို့ရှား တနေဘက်သို့ လှုပ်တစ်ပြက် ခုန်ဝင်ကြသည်။ ဝိုင်းဝန်း တိုက်ခိုက်ကြသည်။ လေတိုးသံက တရွှီးရွှီးမြည်လာသည်။

လေ့မင်ယွှမ်သည် တောမီးပုံးပေါက် သိုင်းကွက်ဖြင့် ခြိုက်အနယ် ခုခံသည်။

www.burmeseclassic.com



သူ၏လက်ဝါးလက်ချောင်းတံတောင် စသည့် အဆစ်အပိုင်း လက်နက်များသည် အနက်ရောင် လေးယောက်၏ ခန္ဓာကိုယ်များတို့ ထိခိုက်မိသွားသည်။

မိန်းကလေးက ရယ်၍ပြောသည်။

"ဟင်း...ဟင်း...ဟင်း၊ ဦးလေးလွှမင်ယွှမ်ကဒါကြောင့် ဒီလောက်နာမည်ကျော်နေတာကိုး၊ ဒါဖြမယ် ဦးလေး လွှမင်ယွှမ်အနေနဲ့ ဒီလေးယောက်ကို မနိုင်နိုင်ပါဘူး"

လွှမင်ယွှမ်မှာ ယမ်းပုံမီးကျ ဒေါသထွက်သွား၏။

ကြောက်မက်ဖွယ် ကောင်းလောက်အောင် တစ်ရှိန်ထိုး တိုက်ခိုက်တော့သည်။

သို့သော် အနက်ရောင်လေးယောက်သည် တဖြည်းဖြည်း အတွဲညီလာသဖြင့် လွှမင်ယွှမ်အဖို့ အစ ပထမပိုင်းကလို သူတို့အား ထိအောင် မတိုက်ခိုက်နိုင်တော့ပေ။

* * *



မိန်းကလေးကမူ အေးမအေးဆေးဆေး လက်ပိုက်ကြည့်နေသည်၊ သူမ၏ဟန်ပန်က ပန်းဥယျာဉ်ထဲမှ ပန်းကလေးများ၏ အလှအပကို ရပ်ကြည့်နေသည့် ပုံစံမျိုး ပေါက်နေသည်။

သူ့လူလေးယောက်ကို လွှမင်ယွှမ် မည်သို့မျှ အနိုင်မရနိုင်ကြောင်း စိတ်ချလက်ချ ယုံကြည်နေပုံပေါ်သည်။

ထိုအခိုက်မှာပင် ချုံမြင်ကြားထဲမှ နောက်ထပ် အနက်ရောင် လေးယောက် ခုန်ထွက်လာကြပြန်၏။

ထိုလေးယောက်က မိန်းကလေးအား အရိုအသေပေးပြီး အမိန့်နာခံနေကြသည်။

"ကောင်းတယ် ကောင်းတယ်၊ နင်တို့ ထွက်လာတာ အတော်ပဲ၊ ဟောဟိုမှာ တိုက်ခိုက်နေတဲ့ သူရဲကောင်းကြီး လွှမင်ယွှမ်ဆိုတာ နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်ဘူး၊ ဟိုလေးယောက် တိုက်နေတဲ့ပုံစံမျိုးနဲ့ဆိုရင် မနက်မိုးလင်းသွားလိမ့်မယ်၊ နင်တို့ပါ ဝင်တိုက်ကြစမ်း"

နောက်ထပ်ရောက်ရှိလာသည့် သိုင်းသမားလေးယောက်သည် မိန်းကလေးကို ဦးညွှတ်ဂါရဝပြုပြီးနောက် လေးယောက်တစ်ယောက် ထိုက်ပွဲအတွင်းသို့ ခုန်ဝင်သွားကြလေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ထို့ကြောင့် ရှစ်ယောက်တစ်ယောက်တိုက်ပွဲ ဖြစ်သွားတော့သည်။

ထိုရှစ်ယောက်သည် စနစ်တကျ လေ့ကျင့်ထားကြသူများ ဖြစ်ဟန်တူသည်။ သူတို့၏တိုက်ကွက်များသည် အလွန်ပြင်းထန်ပြီး ဟာကွက်မရှိ တိကျလှ၏။

လွှမင်ယွမ်မှာ ထိုသူတို့အား တိုက်ခိုက်ရန် သိပ်အားမပြုနိုင်တော့ဘဲ သူ့အား မထိခိုက်နိုင်ရန်သာ ဂရုစိုက်နေရတော့သည်။

မိန်းကလေးသည် ပတ်ဝန်းကျင်ကို အကဲခတ်ပြီးနောက် လက်မလည်အောင် ခုခံနေရသော လွှမင်ယွမ်အား မေးခွန်းထုတ်လိုက်လေ၏။

"ဦးလေးလွှမင်ယွမ်၊ ရှင်တစ်ယောက်တည်း ဒီကိုလာသလား၊ ဒေါ်ဒေါ် ဘယ်ရောက်နေသလဲ"

လွှမင်ယွမ်က ဇိဘ်ဆိုးမာန်ဆိုး ပြောလေ၏။

"အောင်မာ...ငါတစ်ယောက် တည်းကိုပဲ နိုင်အောင် တိုက်စမ်းပါဦး၊ နင်တို့ခေါင်းတွေကို ငါတစ်ယောက်တည်း ဖြတ်ပြမယ်"



ပြောမည့်သာ ပြောရသည်။

လွှမင်ယွမ်မှာ တဆုတ်တည်း ဆုတ်နေရသည်။

ဆုတ်ဆည်ဆိုသော်လည်း စိတ်ကြိုက် ဆုတ်နိုင်သည် မဟုတ်ပါ။

လူရှစ်ယောက်ဝိုင်းထားသည့်အထဲမှမည်သူမျှ စိတ်ကြိုက် ဆုတ်ခွာနိုင်မည် မဟုတ်ပါ။

သို့ရာတွင် သူ့ဒေါသကမူ သူ၏ တိုက်ကွက်များကို ပြောင်မြောက်အောင် အရောင်တင်ပေးနေသည်နှင့် တူနေသည်။

လွှမင်ယွမ် တရကြမ်း တိုက်လာသောအခါ အနက်ရောင် လေးယောက် နောက်သို့ ဆုတ်ပေးကြရတော့လေသည်။

မိန်းကလေးက ဘဟင်းဟင်း ရယ်ပြီးနောက်....

"ဦးလေး လွှမင်ယွမ်ရဲ့ ဘွဲ့ကဘာတဲ့လဲ၊ ဪ....ကျွန်မမှတ်မိပြီ၊ ဦးခေါင်းကိုးလုံးနဲ့ ငှက်ကြီးဝံပိုဆိုတာ မဟုတ်လား၊ ခုတော့လဲ ငှက်ကြီးဝံပိုဆိုတဲ့ဘွဲ့ကြီးဟာ ဒီနေရာမှာနိဂုံးချုပ်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဝင်စမ် မိန်းကလေးက လွှမင်ယွှမ်စိတ်ဆိုးအောင်စကား စစ် ထိုးနေခြင်းသာ ဖြစ်ပါသည်။

ရှစ်ယောက် တစ်ယောက် တိုက်ပွဲဖြစ်သော်လည်း မိမိ၏ လူရှစ်ယောက်က အနိုင်မတိုက်နိုင်ဘဲ ရှိနေသဖြင့် မိန်းကလေးက နှုတ်ဖြင့် စစ်ကူပေးနေခြင်းသာ ဖြစ်ပါသည်။

အမှန်တကယ်အားဖြင့် သူ့လူရှစ်ယောက် တိုက်ခိုက် နေသည့် ပုံစံကို မိန်းကလေးအားမရပါ။

ရှစ်ယောက်ဖြင့် ရှုံ့မှုကြီးအောင်တိုက်ခိုက်နေခြင်းသည် သူတို့အတွက် အခြေအနေမကောင်းကြောင်း သက်သေပြနေ သလို ရှိနေသည်။

သူမက ဝင်တိုက်လိုသော်လည်း ဂုဏ်သိက္ခာအရ ဝင် မတိုက်သင့်သဖြင့် ဘေးမှနှုတ်ဖြင့် စကားစစ်ထိုးနေခြင်းသာ ဖြစ်သည်။

အကယ်၍ လွှမင်ယွှမ်က စိန်ခေါ်ယိုက်ပါမူ သူမအတွက် ရေငတ်တုန်း ရေတွင်းထဲကျသလို စိတ်ကြိုက် ဖြစ်သွားပေ မည်။

သူမ၏စိတ်ကူး မှန်သွားပေသည်။



လွှမင်ယွှမ်သည် စိတ်ဆိုးမာန်ဆိုးဖြင့် စိန်ခေါ်လေ တော့၏။

“ကောင်းပြီ၊မင်း တိုက်ပွဲထဲ ဝင်ခဲ့ပါလား၊မင်းမှာရှိသမျှ ညာကုန် ထုတ်စမ်း”

သူမက ကျေနပ်စွာ ပြုံးသည်။

“ဖယ်ကြစမ်း”

သူမ၏ ငေါက်သံကြောင့် အနက်ရောင်ဝတ်စုံ ဝတ်ဆင် သည့် သိုင်းသမား ရှစ်ယောက်တို့သည် အသီးသီး ခုန်ထွက် သွားကြ၏။

မိန်းကလေးသည် မခို့တရို့ဖြင့် ရှေ့သို့ တက်လာလေ သည်။

“ကျွန်မက တိုက်ချင်လွန်းလို့ မဟုတ်ဘူးနော်၊ ဦးလေး လွှမင်ယွှမ် စိန်ခေါ်လို့ ဝင်တိုက်ရတာ၊ ကျွန်မ ဖေဖေနဲ့ ဦးလေး လွှမင်ယွှမ်တို့ရဲ့ ရင်းနှီးမှုကို ဘေးဖယ်ထားလိုက် ပေတော့”

လွှမင်ယွှမ်က အေးစက်စက် ရယ်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ဖခင် ဝမ်ကျုံးထန်နဲ့ငါဟာ လက်ရည်တူအဆင့် ရှိခဲ့တယ်၊မင်းရဲ့လက်ရည်ဟာ မင်းဖခင်ထက်သာလိမ့်မယ်လို့ ငါမထင်ဘူး၊ ငါ့ကြောင့် မင်း ထိခိုက် ဒဏ်ရာရရင်တော့ ငါ့ကို အဆိုးမဆိုနဲ့"

မိန်းကလေးကလည်း ပမာမခန့် ရယ်သည်။

"ဦးလေး လွှမင်ယွမ်၊ စကားပြောရင် ကြည့်ပြောပါ၊ သိပ်ပြီး အပြော မမောက်ပါနဲ့"

"ဘာပြောတယ်ကွ၊ နင်က ငါ့ကို ယှဉ်နိုင်မယ် ထင်နေလို့လား"

"ခစ်....ခစ်....ခစ်၊ သိပ်ရယ်စရာကောင်းတာပဲ၊ တကယ်တမ်း ပြောရရင် ဦးလေး လွှမင်ယွမ် နာမည်ကျော်တာ ဦးလေးကြောင့် မဟုတ်ပါဘူး၊ဦးလေးရဲ့ ဇနီးကြောင့်ပဲ ဖြစ်ပါတယ်၊ ဦးလေးရဲ့ဇနီးက လက်နက်ပုန်းပညာမှာ သိပ်စွမ်းတယ် မဟုတ်လား"

"ဘာလဲ၊နင်က ငါ့ဇနီးကိုတောင် စိန်ခေါ်ချင်သလား"

"ခစ်....ခစ်....ခစ်....၊ ကျွန်မက ဘယ်သူ့ကိုမှ မကြောက်ဘူးရှင့်၊ ဦးလေး လွှမင်ယွမ်ရဲ့ ဇနီးကိုလဲမကြောက်ဘူး၊စစ်ချွမ်းက ထန်ဂိုဏ်းရဲ့ လက်နက်ပုန်းကိုလဲ မကြောက်ဘူး"



လွှမင်ယွမ်မှာ ဒေါသကြီးစွာ ထွက်လာသဖြင့် တစ်ကိုယ်လုံး တုန်ယင်လာ၏။

"ငါကမကော နင့်ကို ကြောက်မယ် ထင်နေသလား"

"ကြောက်မယ် မထင်ပါဘူး၊ ဒါပေမယ့် တစ်ယောက်ပြီးမှတစ်ယောက်၊ တစ်ပွဲပြီးမှတစ်ပွဲတိုက်ရင် အချိန်သိပ်ကြာသွားမယ်၊ ဒါကြောင့်မို့ ဦးလေးရဲ့ဇနီးကိုပါ ခေါ်ထုတ်လိုက်ပါ၊ သူ့လက်ရည်လဲ ကျွန်မ မြင်ချင်တယ်"

စာထန်ဟိုနှင့် ဆန်ကွမ်းချီတို့သည် အရိပ်အယောင် လုံးဝမပေါ်စေရဘဲ ချောင်းမြောင်း နားထောင်နေကြ၏။

ဆန်ကွမ်းချီက လေသံတိုးတိုးဖြင့် ပြောသည်။

"အစ်ကိုကြီး၊ ဒီမိန်းကလေးရဲ့ သိုင်းပညာကို အစ်ကိုကြီး မြင်ဖူးသလား"

တာထန်ဟိုက ခေါင်းခါ၏။

"သူမပြောနဲ့ သူ့အဖေကိုတောင် ငါ မြင်ဖူးတာ မဟုတ်ပါဘူး၊ သိုင်းလောကထဲမှာ ဂုဏ်သတင်းသာ ကြားဖူးခဲ့တာပါ၊ ဒီမိန်းကလေးရဲ့ သိုင်းပညာဆိုတာတော့ မြင်ဖူးဖို့မပြောနဲ့၊ ကြားတောင် မကြားဖူးခဲ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ငှက်ကြီးဝံပို လွှမင်ယွှမ်ကို အဲဒီမိန်းကလေးက ရဲရဲ စံ့စံ့ စိန်ခေါ်နေတယ်၊ နိုင်ကော နိုင်နိုင်လို့လား"

"ဒါလဲ အတပ်မပြောနိုင်ဘူး၊ ဒီမိန်းကလေး ဆီမှာ ဘာများ နိုင်ဖဲကိုင်ထားလို့လဲ မသိဘူး၊ စောင့်ကြည့်တာ အကောင်းဆုံးပဲ"

တုထန်ဟိုနှင့် ဆန်ကွမ်းချိတို့ တီးတိုး စကားပြောနေစဉ် လွှမင်ယွှမ်သည် ငြိမ်ငြိမ်သက်သက် စဉ်းစားနေလေ၏။

သူသည် သိုင်းလောကဝ် ဝါရင့်သိုင်းသမားကြီး တစ်ယောက်ဖြစ်သည်။

သိုင်းလောကထဲသို့ ဝင်ခါစသိုင်းသမားပေါက်စကလေးကဲ့သို့ ရှူးရှူးရှားရှားဖေါသဖြစ်ခဲ့ခြင်းကို ပြန်လည်သတိရပြီး ရှက်စိတ်ဝင်လာသည်။

"ဟင်း...ဒီမိန်းကလေးဟာ ငါ့ကိုတိုက်ခိုက်ဖို့ စိန်ခေါ်ရုံမကဘဲ ငါ့မိန်းမကိုတောင် ခေါ်ထုတ်နေသေးတယ်၊ ဒီအချက်ဟာ မရိုးသားဘူး၊ ဘယ်သိုင်းသမားမှ ကိုယ်မပိုင်တဲ့ နောက်ထပ် အင်အားအတိုးမခံဘူး"

စိတ်အေးလက်အေးစဉ်းစားမိသောအခါမှ လွှမင်ယွှမ်မှာ ကြောက်စိတ်ဝင်လာတော့သည်။



ထို့ပြင် ထိုမိန်းကလေးသည် အရွယ်နှင့် မလိုက်အောင် တည်ငြိမ် အေးဆေးနေသည်။

သူမ၏ သိုင်းပညာကိုလည်း အတိအကျ ခန့်မှန်းမရသေးပေ။

သူသည် အချိန်ဆွဲရင်း မိန်းကလေး၏ ဇာစ်မြစ်ကို ဖော်ထုတ် မေးမြန်းရန် ကြံစည်လိုက်၏။

"မိန်းကလေး၊ ငါမေးတာကို မှန်မှန်ဖြေစမ်း၊ ခေါင်းထဲက အလေ့ာင်းဟာ ဘယ်သူ့အလောင်းလဲ"

မိန်းကလေးက ရယ်၍ပြော၏။

"ဦးလေး လွှမင်ယွှမ်၊ တကယ်ကြည့်ချင်တာလား"

"တိတ်စမ်း၊ ငါက နောက်ပြောင် ပြောနေရမှာလား"

"ကြည့်ရင်ဖြစ်ပါတယ်၊ ဦးလေးတစ်ယောက်တည်းတော့ ကြည့်လို့မဖြစ်ဘူး၊ ဒေါ်ဒေါ်ကိုပါ ခေါ်လိုက်ပါ၊ နှစ်ယောက်စလုံး ကြည့်မြင်ခွင့် ရရပါစေ့မယ်"

လွှမင်ယွှမ်မှာ သူ့ဇနီးကို ခေါ်နိုင်းခံလိုက်ရတိုင်း ရင်ထဲ၌ စိမ့်ခနဲ...စိမ့်ခနဲ အေးစက်သွားသည်။

သူ့ဇနီး ထွက်ပေါ်လာပါက ဤမိန်းကလေးသည် သူတို့နှစ်ယောက်ကို မည်သို့ တိုက်ခိုက်မည်နည်းဟု စဉ်းစားနေမိလေသည်။

www.burmeseclassic.com



သူ စဉ်းစားနေစဉ် မိန်းကလေးက ကျယ်လောင်သော အသံဖြင့် အော်ဟေါက်ပြန်သည်။

"ဒီနှစ်ယောက်က ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် ပုန်းနေရပြန်တာလဲ၊ သတ္တိရှိရင် ထွက်ခဲ့ပါ၊ ခိုးကြောင်ခိုးဝှက် ပုန်းကြည့်တယ်ဆိုတာ သူရဲကောင်းတွေရဲ့ အပြုအမူ မဟုတ်ပါဘူး၊ ကျက်သရေမဲ့ပါတယ်"

ဆန်ကွမ်းချို ခပ်တိုးတိုး ဘုရားတမိလေ၏။

"အစ်ကိုကြီး တုထန်ဟို၊ ကျွန်မတော်တို့ကို တွေ့သွားတာ သေချာပြီခင်ဗျ"

မိမိတို့ ပုန်းနေသည့် ချုံကြီးသည် အလွန်တရာ ကြီးမားသည်။ သို့စဉ်လျက် ဤမိန်းကလေး မြင်နိုင်စွမ်းရှိသည်ကို ဆန်ကွမ်းချို အလွန်တရာ အံ့ဩနေမိသည်။

သူသည် ချုံထဲမှ ခုန်ထွက်ရန် ဟန်ပြင်လိုက်ရာ တုထန်ဟိုက သူ၏အင်္ကျီစကို ထင်းခနဲနေအောင် ဆွဲထားလိုက်ရ၏။

"အစ်ကိုကြီး"

"ရှူး..."

တုထန်ဟိုက သူ့နှုတ်ကို ကန့်လန့်ဖြတ်ကာလျက် စကားမပြောရန် အချက်ပြလိုက်သည်။



"ညီလေး ဟိုမှာကြည့်စမ်း"

တုထန်ဟို၏အသံက လေသံကလေးမျှသာ။ သို့သော်ဆန် းချို အနေဖြင့် ပီပီသသ ကြားရသည်။

ဆန်ကွမ်းချိုသည် အသာ ငြိမ်ကုပ်ပြီး ချုံအပြင်သို့လှမ်း ည့်လိုက်မိ၏။ လားလား...အခြားသော ချုံပုတ်ကြီးတစ်ခု လူနှစ်ယောက် ထွက်လာသည်။

ပိန်လှီလှသောခန္ဓာကိုယ်နှင့် ကြီးမားထွားကျိုင်းလှသော ကိုယ်ကြီးနှစ်ခုကို ဆန်ကွမ်းချို လုံးဝမျက်စိမမှားပါ။ ထို စ်ယောက်ကာ ယင်ယန်စွမ်းကြွယ်ဟု အမည်ခံသော ယန် းနှင့် ယန်ချွင်တို့ဖြစ်တည်း။

ဆန်ကွမ်းချိုသည် သက်ပြင်းကို ဖြည်းညင်းစွာ မှုတ်ထုတ် မိလေ၏။ သူသည် တုထန်ဟိုကို ကျိတ်၍ကျေးဇူးတင် သ၏။

ဤနေရာသို့ တုထန်ဟိုမပါဘဲ သူတစ်ယောက်တည်းသာ ခဲ့မိလျှင် တစ်ပါးသူအစား သူက ဒိုင်ခံ၍ ပြဿနာများ င်းရတော့မည်မှာ သေချာနေသည်။

မိန်းကလေးက လှောင်ရယ်ပြီး ငေါ့တော့တော့ ပြော ၏။

www.burmeseclassic.com



"ရှင်တို့က ဘယ်ချောင်က ရောက်လာကြတာလဲ၊ တစ်ပါးအတွင်းရေးကိစ္စကို ပျော်ပွဲရှင်ပွဲ ကြည့်ရသလို စရာကောင်းမယ်ထင်ပြီး လာချောင်းနေကြတာလား"

ထောင်ထောင်မောင်းမောင်း ယန်ချင်က မျက်နှာကြီး ကြည့်မကောင်းအောင် ရှုံ့မဲ့လိုက်သည်။

"စကားပြောတာ ယဉ်ယဉ်ကျေးကျေး ပြောစမ်းပါ မိန်းကလေးရဲ၊ ဘယ့်နှယ်ခနိုးခနဲ့ ပြောနေရတာလဲ၊ ငါ့ မိတ်ဆွေကြီးရဲ့ သမီးမို့ ငါတို့က မင်းကို ဒုက္ခရာအနာ မရစေချင်ဘူး၊ နားလည်ရဲ့လား"

မိန်းကလေးက တခစ်ခစ်ရယ်၏။

"ကျွန်မဖေဖေကြီးက သေသွားခဲ့ပြီးပြီ၊ သေသူရဲ့မျက် ကို ထောက်ထားဖို့ မလိုတော့ပါဘူး၊ ရှင်တို့ မတိုက်ခိုက် လဲ ကျွန်မက တိုက်ခိုက်မှာ အသေအချာပဲရှင့်"

သူမသည် စကားဆုံးသည်နှင့် သွေးကြောသိုး တိုက်ကွ ဖြင့် ထိုးနှက်တိုက်ခိုက်တော့၏။

စကားဆုံးသည်နှင့် လျှပ်တစ်ပြက် ခုန်ထွက်တိုက် သဖြင့် ယန်ကန်းနှင့် ယန်ချင်တို့မှာ သူတို့၏ 'ကြံသိုင်' ကြောကို မထိမိအောင် သေလုမြောပါး ရှောင်တိမ်း ရသည်။



ယန်ချင် ရှောင်တိမ်းသော်လည်း ထိလုသီခင် ဖြစ်သွား သေး၏။ သို့သော် ကံကောင်းထောက်မ၍ ထိုင်ကျသွား အောင်တော့ ဒဏ်ရာ မရလိုက်ပါချေ။

"ရှင်တို့ ဘာဖြစ်လို့ ဆုတ်သွားရတာလဲ"

သူမသည် ယန်ကန်း၏ 'ချီခင်'သွေးကြောကို လျှပ်တစ် ပြက် တိုက်ခိုက်ပြန်လေသည်။

ဤအကြိမ်တွင် အသင့်ပြင်ဆင်၍ တိုက်ခိုက်ခြင်း ဖြစ်၍ ထမအကြိမ်ထက် ပို၍ပြင်းထန်ပေသည်။

သို့သော်....

ယန်ကန်းနှင့်ယန်ချင်တို့အား အထင်သေး၍မဖြစ်ပါ။

ယင်ယန်စွမ်းကြွယ် ဟု ကျော်ကြားသော ဤ သိုင်းဖို သိုင်းမ ပညာရှင်နှစ်ဦးသည် တစ်ယောက်ချင်း အစွမ်းထက် ကောင်းမှ ယက်မည်ဖြစ်သော်လည်း နှစ်ဦးပေါင်း တိုက်ရာ တွင်မူ လွန်စွာ အစွမ်းထက်ပေသည်။

မိန်းကလေးသည် သူတို့နှစ်ဦး၏ ပူးပေါင်း တိုက်ကွက်ကို ခြင်ဖူးဟန်မတူချေ။

ထို့ကြောင့် ကြောက်ရွံ့ခြင်းမရှိဘဲ ဆိပ်တိုက် တိုက်ခိုက် ရန် ဟန်ပြင်သည်။

www.burmeseclassic.com



တကယ်တမ်း တိုက်ခိုက်ရသော အခါတွင်မူ သူမသည် ယင်ယန်စွမ်းကြွယ်တို့၏ တိုက်ခိုက်မှုပညာကို အံ့ဩချီးကျူးရလေတော့၏။

သူမသည် သိုင်းဖိုသိုင်းမ ပညာရှင် နှစ်ဦးအား စိတ်ကြိုက် တိုက်ခိုက်ရန်ထက် သတိထား တိုက်နေရတော့၏။

မည်သို့ပင်ဖြစ်စေ...

မိန်းကလေး၏ အစွမ်းထက်လှသော သိုင်းပညာတို့မှ ယင်ယန်စွမ်းကြွယ်တို့သာမက လွှမင်ယွမ်ပါ ရင်တထိတ်ထိတ် ကြည့်နေရတော့သည်။

ယန်ကန်းနှင့် ယန်ချွင်တို့သည် နဖူးမှချွေးများ စီးကျသည်အထိ အတိုင်အဖောက်ညီညီ တက်ညီလက်ညီ တိုက်ခိုက်ကြသည်။

မိန်းကလေးအား အန္တရာယ်ပြုနိုင်လောက်သည့် အဆင့်အထိ ဒုက္ခမပေးနိုင်သည့်အတွက် သူတို့စိတ်ထဲ၌ အားမလိုအားမရ ဖြစ်လာသည်။

သို့သော်...

သူတို့မျက်စိထဲ၌ မြင်နေရသည့် မိန်းကလေး၏ တိုက်ကွက်များသည် သူမ၏ ဖခင် ဝမ်ကျုံးထန်၏ တိုက်ကွက်များ



ထက် ပြင်းထန်နေသည့် အချက်ကိုမူ ကောင်းစွာသတိပြုမိကြ၏။

တကယ့် ပွဲကြီးပွဲကောင်း တွေ့ကြပြီဟု ယင်ယန်စွမ်းကြွယ်တို့ မှတ်ချက်ချမိသည်။

ထို့နည်းတူ တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့ကလည်း မှတ်ချက်ချမိလေ၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

### အသက်ဆုပွဲ

ယန်ကုန်းနှင့် ယန်ချင်တို့သည် သူမ၏ လက်ဝဲနှင့် လက်ယာတို့မှ ခုန်မြောက်ဝင်ရောက်လာကြလေ၏။

ဤနှစ်ယောက် ဤမျှ ခံနိုင်ရည် ရှိကြလိမ့်မည်ဟု မိန်းကလေး မထင်မိပေ။

သူမက နှစ်ယောက်ပေါင်း တိုက်ကွက်ကြားမှ ကျွမ်းထိုး ခုန်ထွက်သွားသည့်တိုင် မြေဖျားဖြင့် ခတ်ဖြစ်အောင် ခတ်ပစ်ခဲ့သေးသည်။



ယခုအခါတွင် ယန်ကန်းနှင့် ယန်ချင်တို့က တစ်ဖက်၊ မိန်းကလေးက တစ်ဖက် မျက်နှာချင်းဆိုင် ရပ်မိနေကြလေပြီ။ မိုးတိမ်များကို လွင့်စဉ်သွားစေသည့် လေရူး တသုန်သုန်ကြောင့် မိန်းကလေး၏ ဆံပင်များ လေထဲ၌ လွင့်မျောလျက် ရှိနေသည်။

လွှမင်ယွမ်သည် ဘေးမှ စောင့်ကြည့်နေရာမှ ဝင်ရောက်အော်လေပြောသည်။

"မိန်းကလေး....နင့်ပညာ ကောင်းတယ် ဆိုတာကို ငါ အသက်ခံတယ်၊ ဒါပေမယ့် ယင်ယန်စွမ်းကြွယ်နဲ့ တိုက်ခိုက်နိုင်လောက်အောင်တော့ နင့်ပညာမစွမ်းပါဘူး၊ နင် အရှုံးသာ ပေးစေတော့၊ နင့်အတွက် သက်သက်ညှာညှာ စဉ်းစားပေးမယ်"

မိန်းကလေးက လွှမင်ယွမ်ကို ရှည်ကြည့်ပြီး မဲ့မဲ့ရွဲ့ရွဲ့ ပြောလေ၏။

"ရှင့်ပါးစပ်ပုပ်ကြီးကို ပိတ်ထားစမ်းပါ၊ ဒီည ဒီအထိ လိုက်လာသူတွေအားလုံး တစ်သက်လုံး ပါးစပ်ပိတ်သွားရမယ်၊ ဒါပေမယ့် ရှင့်ကိုတော့ ကျွန်မပေးဖေရဲ့ မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းကြီးမို့ အသက်ချမ်းသာခွင့်ပေးလိုက်မယ်၊ အလကား ခွင့်လွှတ်လိုက်မယ်လို့တော့ မထင်နဲ့၊ စည်းကမ်းချက် တစ်ခုကို လိုက်နာမှ ရှင့်ကို ခွင့်လွှတ်မှာ"

လွှမင်းယွမ်က သူ၏ မုတ်ဆိတ်ရှည်ကြီးကို ပွတ်သပ် ဆွဲကိုင်ပြီးနောက် ခပ်အေးအေး မေးမြန်းလေ၏။

"ဆိုစမ်းပါဦး၊ နင့်စည်းကမ်းချက်"

မိန်းကလေးက မျက်မှောင်ကြုတ်၍ ပြောလေ၏။

"စည်းကမ်းချက်ကတော့ သိပ်မခက်လှပါဘူး၊ ရှင်ကတော့ လိုက်နာနိုင်မှာပါ၊ ရှင် လိုက်နာနိုင်ပေမယ့် ရှင့်ဇနီးကတော့ သဘောတူမှာ မဟုတ်ဘူး၊ အဲဒီအချက်ကို ကျွန်မကြိုတင်သိနေပါတယ်"

လွှမင်းယွမ်က ရယ်ရင်း....

"ပြောစမ်းပါလေ၊ ငါ့အသက်ရှင်ဖို့ ဘာစည်းကမ်းလဲ ဆိုတာ ငါသိချင်ပါတယ်"

အမှန်စင်စစ် လွှမင်းယွမ် ဟာသ လုပ်နေခြင်းသာ ဖြစ်သည်။



သူကဲ့သို့သော သိုင်းသမားအရင့်အမာကြီး တစ်ယောက်အနေဖြင့် ဤနုနယ်လှသော မိန်းကလေး၏ စည်းကမ်းချက်ကို အဘယ်မှာလျှင် လိုက်နာနိုင်ပါအံ့နည်း။

မိန်းကလေးက ခပ်ပြုံးပြုံး ပြောလေ၏။

"ရှင် တကယ်ပဲ ကျွန်မ စည်းကမ်းချက်ကို လိုက်နာနိုင်ပါ့မလား"

"ပြောစမ်းပါဦးလေ၊ လိုက်နာနိုင်တဲ့ စည်းကမ်းဆိုရင်လဲ လိုက်နာရတာပေါ့၊ ကြားပြီးတော့မှ ဆုံးဖြတ်တာကောင်းပါတယ်"

"ကောင်းပြီ၊ ကျွန်မပြောမယ်၊ ရှင့်လက်နှစ်ဖက်နဲ့ ရှင့်လျှာကို ဖြတ်ပစ်ရမယ်၊ ကျွန်မရဲ့ စည်းကမ်းချက်ကတော့ ဒါပဲ၊ ရှင်က ကျွန်မဖေဖေရဲ့ မိတ်ဆွေဟောင်းကြီးမို့ ဒီစည်းကမ်းချက်နဲ့ အခွင့်ထူးကို ရတာပဲ"

လွှမင်းယွမ်က တဟဲဟဲ ရယ်ရင်း....

"နင့်စည်းကမ်းချက်ကလဲ အတော် ထူးဆန်းပါကလား၊ အသက်မသေဘဲ လက်နဲ့လျှာကိုဖြတ်ရတယ်လို့၊ ဘာ့ကြောင့် ချက်နဲ့ ဒါတွေ ဖြတ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ဆက်၍ ရှင်းပြလေ၏။

"အြော်...ဒါကတော့ ဒီလိုပါ၊ ဒီညဒီမှာ မြင်တွေ့ခဲ့တဲ့ အဖြစ်အပျက်တွေကို ရှင့်အနေနဲ့ တခြားလူကို လက်နဲ့စာရေး မပြနိုင်တော့ဘူး၊ လျှာမရှိတော့တဲ့အတွက်လဲ တခြားလူကို ပါးစပ်နဲ့ ပြောမပြနိုင်တော့ဘူး၊ ကျွန်မ ရည်ရွယ် ချက် က ကောင်းတယ် မဟုတ်လား"

လွှမင်းယွှမ်၏ မျက်နှာသည် စိတ်ခြည်း တင်းမာခက်ထန် သွားသည်။

"တိတ်စမ်း၊ နင်ပြောတိုင်း ငါကလိုက်လုပ်မယ်များ ထင် နေသလား"

မိန်းကလေးသည် လွှမင်းယွှမ် ဒေါသ ထွက် နေပုံ ကို ကြည့်၍ ရယ်မောလေ၏။

* * *

"အဲဒီ ကတိ မပေးနိုင်လို့ကတော့ သေဖို့ ပြင်ထားပေ တော့၊ ကျွန်မက ခွင့်လွှတ်လိုက်မယ် မထင်နဲ့"



သူမ၏ စကား ဆုံးသောအခါ တျူတောထဲမှ အနီရောင် ဝတ်စုံ ဝတ်ဆင်ထားသူ လေးယောက် ပြိုင်တူ ခုန်ထွက်လာ ကြ၏။

မိန်းကလေး၏ တက်တော်သားများသည် ဤကျူတော ချုံတောများထဲ၌ အသင့်စောင့်နေဟန်တူကြောင်း တုထန် ဟိုက ဆန်ကွမ်းချီအား ခပ်တိုးတိုးပြောပြလေ၏။

အနီရောင်အင်္ကျီ ဝတ်ဆင်ထားသူ လေးယောက်သည် ကိုယ်ချည်းလက်လွတ် ခုန်ထွက်လာကြခြင်းမဟုတ်ပေ။ ဓား ကိုယ်စီ ကိုင်ဆောင်ပြီး ခုန်ထွက်လာကြခြင်း ဖြစ်ပေသည်။

သူတို့၏ဦးခေါင်း၌ အနီရောင်ခေါင်းစွပ်များ စွပ်ထား ကြသည်။

ရန်သူများကို မြင်တွေ့နိုင်စေရန် မျက်လုံး၌ အပေါက် နှစ်ပေါက် ဖောက်ထား၏။

သူတို့၏ ပုံစံများက တွေ့မြင်သူများအား ထိတ်လန့် ကြောက်ရွံ့စေသည်ကတော့ အမှန်ပင်ဖြစ်သည်။

မိန်းကလေးသည် ယန်ကန်း၊ ယန်ချွင်နှင့် လွှမင်းယွှမ် တို့အား လက်ဖြင့် ဖွေ့ ယမ်းပြလိုက်ပြီး....

"အဲဒီ သုံးယောက်ကို သတ်လိုက်"

www.burmeseclassic.com



အနီရောင်ဝတ်စုံ ဝတ်ဆင်သည့် ဓားသမား နှစ်ယောက်သည် ယန်ကန်းနှင့် ယန်ချင်တို့ထံ ခုန်ဝင်သွားပြီးနောက် ကျန်သော အနီရောင်ဓားသမားနှစ်ယောက်က လွှမင်ယွမ်ထံသို့ ခုန်ဝင်သွားကြလေ၏။

အနီရောင် ဓားသမား လေးယောက်၏ လှုပ်ရှားပုံမှာ လွန်စွာ ပေါ့ပါးလှ၏။

သူတို့၏ လှုပ်ရှားပုံကိုကြည့်ပြီး အနက်ရောင် ဓားသမားများထက် အပြတ်အသတ် သိုင်းပညာသာကြောင်းကို အားလုံးက သတိပြုမိကြလေ၏။

၎င်းတို့သည် ပြင်းထန်သော ဓားကွက်များကို သုံး၍ ယန်ကန်း၊ ယန်ချင်နှင့် လွှမင်ယွမ်တို့အား တိုက်ခိုက်လေသည်။

သူတို့၏ ဓားရောင်များသည် ဝင်းခနဲ လက်ခနဲ ပြိုးပြိုးပြက်ပြက် ဖြစ်နေ၏။

ယန်ကန်းနှင့် ယန်ချင်တို့သည် နှစ်ယောက်ပေါင်း တိုက်ကွက်ကို အသုံးပြုကာ အပြင်းအထန် ခုခံကြရလေ၏။

အဖိုသိုင်းနှင့်အမသိုင်း သို့မဟုတ် အပျော့သိုင်းနှင့် အမာသိုင်းကွက်ကို အသုံးပြု ခုခံကာကွယ်ကြလေ၏။



အနီရောင်ဓားသမား နှစ်ယောက်သည် သိုင်းဖိုသိုင်းမ ပညာရှင် နှစ်ယောက်၏ ဆန့်ကျင်ဘက် အားလှိုင်းနှစ်ခုကို ရင်ဆိုင်တွေ့ကြရသည်။

သူတို့သည် ခပ်တိုးတိုး အော်ဟစ်ပြီး ထိုအားလှိုင်း နှစ်ခုကို ရှောင်ထွက်သွားကြ၏။

"ဝှီး...."

"ဝှစ်...."

အနီရောင်ဓားသမား နှစ်ယောက်၏ ဓားများသည် ယန်ကန်းနှင့် ယန်ချင်တို့၏ ခန္ဓာကိုယ်ပေါ်သို့ တရှမ်းရှမ်း ကျရောက်လာလေ၏။

"ညီလေး...သတိထား၊ သူတို့ဓားကွက်တွေကို အထင်သေးလို့ မရဘူး"

ယောင်ယောင်မောင်းမောင်း ယန်ချင်က ပိန်ပိန်ပါးပါး ဖြစ်သော သူ့ညီတော် ယန်ကန်းအား အော်ဟစ် သတိပေးလေ၏။

သူ သတိမပေး၍လည်း မဖြစ်ပါ။

ဤဓားကွက်မျိုးကို ယန်ကန်းရော ယန်ချင်ပါ မတွေ့ဖူးခဲ့ကြပါ။

အံ့မခန်းဆန်းကြယ်သော ဓားကွက်များ ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကန်းသည် ယန်ချင် သတိမပေးမီကပင် သတိရှိပြီး ဖြစ်သည်။

သူတို့ နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် လွန်စွာ နားလည်မှုရှိကြသဖြင့် အနီရောင် ဓားသမားများ၏ ဓားသိုင်း မည်မျှ အစွမ်းထက်နေစေကာမူ ကြံ့ကြံ့ခံ ကာကွယ်နိုင်ကြ၏။

အနီရောင် ဓားသမား နှစ်ယောက်သည် လက်ရည်တူ ဓားသမား နှစ်ယောက်နှင့် တွေ့ဆုံနေရသဖြင့် မပေါ့ဆဝံ့တော့ချေ။

သူတို့သည် ခုန်ပျံလှုပ်ရှားပြီး တိုက်ခိုက်ရာ၌ သူမတူအောင် ကျွမ်းကျင်လှသဖြင့် ယန်ကန်းနှင့် ယန်ချင်တို့မှာ အကြိတ်အနယ် ခုခံနေကြရသည်။

တစ်ကြိမ်တွင်မူ အနီရောင်ဓားသမား နှစ်ယောက်သည် ယန်ကန်းနှင့် ယန်ချင်တို့အကြားသို့ ပြင်းထန်သော အရှိန်ဖြင့် ခုန်ဝင်သွားပြီး သူတို့၏ ပြင်းထန် တိကျသော ဓားချက်များဖြင့် ထိုးသွင်းလိုက်ကြလေ၏။

"ဝှီး...."

"ဝှစ်...."

"ဝှစ်...."



ဓားချက်များ၏ လျင်မြန်တိကျမှုတို့ကြောင့် ယန်ကန်းနှင့် ယန်ချင်တို့ ခုခံချိန် မရကြတော့ပေ။

တပူးပူး တတွဲတွဲ တိုက်ခိုက်နေသော နှစ်ကိုယ့်တစ်စိတ် သိုင်းဖိုသိုင်းမပညာရှင်များသည် လူချင်းခွာ၍ ရှောင်တိမ်း ပေးလိုက်ရလေတော့၏။

အခြားတစ်ဖက်တွင် အဘယ်ကဲ့သို့ ရှိနေသနည်း။

အခြားတစ်ဖက်တွင် လွှမင်ယွမ်သည် အနီရောင် ဓားသမားနှစ်ဦးကို အသေအလဲ ခုခံကာကွယ်နေရသည်။

ယင်ယန်စွမ်းကွယ် ညီနောင်သည် အစပထမ၌ အတော်ကလေး ကြံ့ကြံ့ခံနိုင်ခဲ့သည်။ နောက်မှသာ ခုခံအား ပြိုကွဲခဲ့ခြင်း ဖြစ်လေ၏။

လွှမင်ယွမ်မှာ မူလအစကတည်းက ယဉ်သကိုဟု ဆိုရလောက်အောင်ပင် စတိုက်ကတည်းက အသက်လု ကာကွယ်ခဲ့ရပေသည်။

ထိုစဉ်....

"အင့်...."

ထိုအသံကား ယန်ချင်၏ နှုတ်ဖျားမှ ထွက်ပေါ်လာသည့် အသံ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ချွင်၏ ပခုံးထက်၌ နီရဲသော သွေးကွက်ကြီး ထွက်ပေါ်လာသည်။

ယန်ကန်းသည် သူ၏ နောင်တော်အား ကာကွယ်ရန် မာန်သွင်း အော်ဟစ်လျက် တစ်ဖက်ရန်သူအား တရကြမ်း ဝင်တိုက်၏။

သူသည် နောင်တော်အား ကယ်တင် လိုသည့် စိတ်က များနေသဖြင့် တစ်ရှိန်ထိုး ဝင်တိုက်ရာ၌ သူ့နောက်ကျောကို ကာကွယ်ရန် မေ့လျော့သွား၏။

"ဝှန်း"

"အား...."

ယန်ကန်းသည် စူးရှစွာ အော်ဟစ်ပြီး ဝုန်းခနဲ လဲကျသွားသည်။

သူ့နောက်ကျော၌ အေးခနဲ ဖြစ်သွားပြီးနောက် လက်သီးဖြင့် ထိထိမိမိ အထိုးခံလိုက်ရသဖြင့် ယန်ကန်း မှောက်ကျသွားရခြင်း ဖြစ်တော့သည်။

ပခုံး၌ ဓားထိသွားသော ယန်ချွင်မှာ တကယ်တမ်း မခုခံနိုင်တော့ပေ။

ထို့ပြင် သူ့တွဲဘက် ညီဖြစ်သူလည်း လဲကျသွားပြီဖြစ်၍ နောက်ဆုံး၌ ချီချီအကြောကို ဓားဖြင့် အထိုးခံလိုက်ရလေသည်။



သူ နောက်ထပ် မည်သို့မျှမခုခံနိုင်မီ အနီရောင်ဓားသမား တစ်ဦးက သူ့အား သိမ်း၍ ကန်ပစ်လိုက်သည်။

"ဝှန်း"

"အား"

ယန်ချွင်သည်လည်း သူ့ညီတော်ကဲ့သို့ပင် မှောက်လျက် လဲကျသွားလေတော့ သတည်း။

★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၄)

**အုံ့မှိုင်းနီကလေး**

ယန်ကန်းနှင့် ယန်ချွင်တို့သည် အသက်မသေကြပေ။

သို့သော်...

သူတို့အဖို့ အသက်သေသည်ထက် ဆိုးသော သုံ့ပန်းအဖြစ်သို့ ရောက်ရှိသွားခဲ့ကြရသည်။

လွှမင်ယွမ်မှာမူ အနီရောင် ဓားသမား နှစ်ဦးအား အသေအလဲ ခုခံကာကွယ်ဆဲရှိ၏။

အနီရောင် ဓားသမားနှစ်ဦး၏ ဓားချက်များကြား၌ သူသည် အသက်ကိုပင် ဝအောင် မရှူနိုင်ရှာဘဲ တတ်နိုင်သမျှ ရှောင်တိမ်းနေရသည်။



မြင့်ရသော မြင်ကွင်းအတွက် စိတ်မသက်မသာ ဖြစ်ရသော ဆန်ကွမ်းချီမှာ သက်ပြင်းတစ်ချက် ချပြီးနောက် တုထန်ဟိုအား ခပ်တိုးတိုးပြောလေ၏။

"အစ်ကိုကြီး တုထန်ဟို၊ ကျွန်တော့်ရင်ထဲမှာ အတော်ကလေး စိတ်မကောင်း ဖြစ်နေမိပြီဗျာ"

"ညီလေး ဘယ်လို ထင်နေသလဲ"

"ကျွန်တော် စိ...ထင်တော့ နောက်ထပ် ဆယ်ကွက်အထိ အလွန်ဆုံး ခံနိုင်မယ်၊ ဆယ်ကွက်တော့ မကျော်တော့ပါဘူး၊ လွှမင်ယွမ်ရော၊ ယန်ကန်းနဲ့ယန်ချွင်ရော အဖမ်းခံရမှာ သေချာပါတယ်၊ သေဖို့ကလဲ သေချာသလောက်ပဲလို့ ထင်ပါတယ်"

ဆန်ကွမ်းချီသည် စကားကို ခေတ္တရပ်ဆိုင်းပြီးမှ ဆက်ပြောလေသည်။

"ကျူဘောချုံဘောထဲမှာ ဟိုမိန်းကလေးရဲ့ ဘက်တော်သားတွေ ရှိလိမ့်ဦးမယ်လို့ ထင်တယ်၊ အဲဒီလောက်လူများများကြီးနဲ့ ရင်ဆိုင်ရမယ်ဆိုရင်တော့ ကျွန်တော်တို့ စဉ်းစားဖို့ ခေါင်းစားရဦးမယ်နဲ့တူတယ်"

တုထန်ဟိုက ခေါင်းညိတ်ပြ၏။

www.burmeseclassic.com



"ညီလေး၊ ကျုတောထဲမှာ မိန်းကလေးရဲ့ ဘက်တော်သားတွေ ရှိဦးမှာ သေချာပါတယ်"

"အခု ထွက်တိုက်နေတဲ့ အနီရောင် ခေါ်သမားတွေထက် စွမ်းတဲ့ ကောင်တွေတောင် ရှိချင်ရှိနေဦးမယ်"

တုထန်ဟိုသည် သိုင်းလောက၌ အချိန်ကြာမြင့်စွာ ကျင်လည်ခဲ့သူဖြစ်၍ အနီရောင်ခေါ်သမား လေးယောက်၏ စွမ်းပကားကို သေချာစွာ ပိုင်းခြားသိမြင်ခဲ့ပြီး ဖြစ်သည်။

မိမိနှင့် ဆန့်ကွမ်းချီတို့ ဝင်တိုက်လျှင်ပင် ထိုခေါ်သမားလေးဦး၏ ခေါ်ကွက်ကို အသေအချာ ဖျက်ဆီးနိုင်မည်ဟူ၍ ကံသေကံမ မပြောနိုင်ကြောင်း တုထန်ဟို သိရှိပေသည်။

ဤအနီရောင် ခေါ်သမားအား လိုသလိုစေခိုင်းနိုင်စွမ်းရှိသည့် အဖြူရောင်အင်္ကျီဝတ် မိန်းကလေးသည် မည်သည့်ဂိုဏ်းမှ ဖြစ်သနည်း။

အမှန်တကယ်ကော သခင်ကြီးဝမ်ကျုံးထန်၏သမီး ဟုတ်ပါ၏လော။

ဝမ်မိသားစုအတွင်း၌ မည်သည့်အဆင့်ရှိသည့် ဆွေမျိုးသားချင်း ဖြစ်ပါသနည်း။

နဂါးပျံ ကျောပွတ်ဘွဲ့ရ ဝါရင့်သိုင်းသမားကြီး တုထန်ဟိုသည် တိုက်ပွဲကို ကြည့်ရင်းကြည့်ရင်း အခြေအနေအရပ်ရပ်ကို သုံးသပ်ပေသည်။



တိဗက်နယ်မှ ကျော်ကြားထင်ရှားသော သိုင်းသမားများ အလွန်ရှားပါးသည်။

ထိုရှားပါးသည့်အထဲ၌ အသက်ရှည်ရှည် ရေရှည်ကျော်ကြားခဲ့သော သိုင်းသမားဟူ၍ တုထန်ဟိုတစ်ယောက်သာ ရှိသည်။

သူ ဤသို့ ရေရှည်တည်တံ့နိုင်ခဲ့ခြင်းမှာ အခြေအနေအရပ်ရပ်ကို ဤသို့ အနုလုံပဋိလုံ ဆင်ခြင်ခုံးစားနိုင်၍ ဖြစ်ပေသည်။

သူတို့မြင်ကွင်းထဲ၌မူ လွှမင်ယွမ်သည် ခေါ်ဒဏ်ရာ တစ်ချက် ရရှိသွား၏။

သို့သော်....

သူ့လက်ဝါး တိုက်ကွက်ကမူ ပြင်းထန်ဆဲ ရှိနေသေး၏။ နှစ်ယောက်နှစ်ယောက်ချင်း တိုက်ခိုက်သောပွဲက အရှုံးအနိုင် ပေါ်နေပြီ။

နှစ်ယောက်တစ်ယောက်တိုက်ခိုက်သောပွဲက အရှုံးအနိုင် မပေါ်သေးဘဲ ရှိနေခြင်းက တစ်ယောက်သမား၏ သိုင်းပညာ စွမ်းပကားကို မှတ်ကျောက်တင်ခံနေသလို ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီအဖြူဝတ်သည့် မိန်းကလေးသည် မျက်မှောင်ကြုတ်၍ ပြောလေ၏။

"ဦးလေး လွှမင်းယွမ်၊ အေးအေးဆေးဆေး အဖမ်းခံပါ၊ အေးအေးဆေးဆေး အဖမ်းမခံလို့ ထိခိုက်ဒဏ်ရာတွေ ဖြစ်ရင်တော့ ကျွန်မကို အဆိုးမဆိုနဲ့"

ထိုစကားများကို လွှမင်းယွမ် မကြားတော့ပါ။

သူ့နားထဲ၌ ဓားခုတ်သံဝင်ဝင်နှင့် လှုပ်ရှားမှုလေတိုးသံများသာ လွှမင်းယွမ် ကြားနေသည်။

သူသည် ရှုံးသွပ်သွားသော ကျားရိုင်းတစ်ကောင်ကဲ့သို့ ကြောက်မက်ဖွယ်ရာ တိုက်ခိုက်နေသည်။

သူ၏သိုင်းပညာ မြင့်မားလွန်းသဖြင့် အနီရောင် ဓားသမား နှစ်ဦးမှာ စိတ်ထင်တိုင်း မတိုက်ခိုက်နိုင်ဘဲ ရှိနေသည်။

အနီရောင် ဓားသမားနှစ်ဦးက ဓားနှစ်လက်ဖြင့် တိုက်ခိုက်နေသော်လည်း လွှမင်းယွမ်ကလက်ဝါးချည်းသက်သက်ခုခံ တိုက်ခိုက်နေခြင်း ဖြစ်သည်။

သူ့လက်ဝါးရိုက်ချက်များမှာ ဓားသွားကဲ့သို့ပင် တဖွီးဖွီး တဝှစ်ဝှစ် မြည်နေသည်။



မိန်းကလေးက ပြုံးသွားစွာ အမိန့်ချလိုက်၏။

"ဟေ့....အရှင်ဖမ်းလို့မရရင် အသေသာ သတ်ပစ်လိုက်တော့၊ အချိန်ကြာဘယ်၊ သေသွားလဲအေးတာပဲ၊ ဘာဝ်တော ရှင်းသွားတာပေါ့"

သူမ၏ အမိန့်ကြောင့် အနီရောင် ဓားသမားနှစ်ယောက်သည် သူတို့၏ တိုက်စွမ်းရည်ကို ပို၍ မြှင့်လာကြ၏။

သူသေကိုယ်သေ တိုက်ကွက်များ သုံးလာတော့၏။

ထို့ကြောင့် လွှမင်းယွမ်မှာ ဓားတစ်ချက် အထိခံလိုက်ရနိုင်သည်။

ထိုဓားချက်မှာ အတော်ကလေး ပြင်းထန်သည်။

လွှမင်းယွမ်သည် နောက်သို့ ခြေခုနစ်လှမ်းမျှ ဒယီးဒယိုင် ဆုတ်သွားရလေ၏။

လဲကျမတတ် ယိမ်းယိုင်မှုကိုကြည့်ပြီး အနီရောင် ဓားသမားနှစ်ဦး အားတက်သွားကြသည်။

သူတို့၏ ဓားကွက်များမှာ အလွန်တရာ ရက်စက် ပြင်းထန်လှသဖြင့် လွှမင်းယွမ်၏ အနာဂတ်အရေးမှာ အခြေအနေမကောင်းတော့ပေ။

လွှမင်းယွမ်တစ်ယောက် တမလွန်ဘဝသို့ ရောက်ရှိပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီ၏ စိတ်ထဲ၌ မခံချိမခံသာ ဖြစ်သွားသည်။အခေ ရောင် ဓားသမားများသည် အတော်ကလေး ဓားသိုင်း ပညာကောင်း၏။

နှစ်ယောက်တစ်ယောက် တိုက်ခိုက်ခြင်းကြောင့်သာ လွေ မင်ယွမ်ကို အနိုင်ရနိုင်ခြင်း ဖြစ်သည်။

တစ်ယောက် တစ်ယောက်ချင်း ဆိုပါက လွှေမင်ယွမ် အား မည်သို့မျှ အနိုင်ရရှိလိမ့်မည် မဟုတ်ပေ။

ဆန်ကွမ်းချီသည် တုထန်ဟိုအား ဘာမျှမပြောဘဲ ခုန် ထွက်ရန် ဟန်ပြင်လိုက်၏။

သူ၏လှုပ်ရှားမှုကို အမြဲတမ်း သတိထားနေသည့် တုထ ဟိုက ဆန်ကွမ်းချီ၏ တံတောင်ဆစ်ကို ဆွဲချလိုက်သည်။

"ညီလေး၊ ဘာလုပ်တာလဲ"

ဆန်ကွမ်းချီမှာ အပြင်သို့ ခုန်မထွက်နိုင်တော့အဖြင့် ငြိမ် ထိုင်ရသည်။

တုထန်ဟိုက ဆက်ပြော၏။

"ဟိုမှာကြည့်"

မှန်ပါသည်။



တိုက်ပွဲစည်းအတွင်း၌ လူရိပ်တစ်ခု ထပ်မံ ရောက်ရှိနေ ပါပြီ။

အမျိုးသမီးတစ်ယောက်အသံဖြစ်နေသဖြင့်လွှေမင်ယွမ်၏ ဇနီးဖြစ်ကြောင်း ဆန်ကွမ်းချီ နားလည်လိုက်လေ၏။

"တွေ့လား၊ သူ့မိန်းမဝင်လာပြီ၊ ငါ့ညီ ငြိမ်ငြိမ်ကြည့် နေစမ်းပါ၊ ကိုယ့်စိတ်ကို မထိန်းချုပ်နိုင်ဘဲ ဒီလိုသာစိတ်ကို လွှတ်လွှတ်ပေးမယ်ဆိုရင် သိုင်းလောကထဲမှာ ငါ့ညီ ဒုက္ခ ပင်လယ်ဝေမှာပဲ"

တုထန်ဟိုသည် အရေးအကြောင်းကြုံခိုက် ပြောခွင့် ဆိုခွင့် ကြုံခိုက် ဆန်ကွမ်းချီအား ဆုံးမစကား ပြောကြား လေ၏။

"ခွင့်လွှတ်ပါ အစ်ကိုကြီး၊ ကျွန်တော် စိတ်မထိန်းနိုင်ဘဲ ဖြစ်သွားရတယ်"

လွှေမင်ယွမ်၏ဇနီး ဝင်လာသဖြင့် အနီရောင် ဓားသမား များမှာ တိုက်ချင်တိုင်း တိုက်၍ မရတော့ပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



စစ်ချွမ်းပြည်နယ် ထန်ဂိုကျေးမှ အဆိပ်လက်နက်ပုန်း ပညာရှင် အမျိုးသမီးကြီးသည် တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာခဲ့ချေပြီ။

ဤအမျိုးသမီးကြီးကား နှယ်နှယ်ရရ ပညာရှင် မဟုတ်ပေ။

ဤမျက်မှောက်ခေတ် တရုတ် မြေပြင်၌ သိုင်းလောကတွင် အမျိုးသမီးကြီးကို မသိသူ မရှိပေ။

အဆိပ်လက်နက်ပုန်းပညာတွင် နံပါတ်တစ် ပညာရှင် တစ်ဦး ဖြစ်ပေသည်။

သူမအကြောင်းကို အနီရောင် ဓားသမားများ သိမထားကြချေ။

အနီရောင် ဓားသမားများသည် တစ်ပါးကျွန်များသာ ဖြစ်ကြသည်။

အဖြူရောင်အင်္ကျီဝတ် မိန်းကလေး၏ တစ်သွေးတစ်သံ တစ်မိန့်အရ သေဆိုသေ၊ နေဆိုနေမည့် လူစားများ ဖြစ်ကြသည်။

ထို့ကြောင့် သူတို့သည် သာမန် သိုင်းသမားများကဲ့သို့ သိုင်းလောက ဗဟုသုတ မရှိကြပေ။



သို့သော်....

"သတိထားကြ၊ ကြပ်ကြပ်သတိထားကြ၊ သူ့ အဆိပ်ပုန်းလက်နက်ကို သတိထားကြ"

အနီရောင် ဓားသမားနှစ်ဦး လွှမင်ယှမ်အား ဝိုင်းခိုက်နေရာမှ ရှောင်ထွက်လိုက်ကြပြီး သူတို့၏ နေရာကိုယ်များကို ဓားဖက်ဝိုင်းဖြင့် ကာကွယ်ကြလေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၅)

## အကျည်းတန်လောက

"ချွမ်း....ချွမ်း....ချွမ်း"

"ချွမ်း....ချွမ်း....ချွမ်း"

အမှောင်ထဲ၌ အလင်းတန်းကလေးများ ပေါ်လာပြီး သာချွမ်းချွမ်းမြည်လျက် မြေကြီးပေါ်သို့ ကျကုန်၏။

အဆင့်မြင့် အဆိပ်လက်နက်ပုန်းပညာရှင်နှင့် ဓားသိုင်းသမား နှစ်ဦး၏ တိုက်ခိုက်ပုံ ခုခံပုံတို့မှာ လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသည်။



အဆိပ်လက်နက်ပုန်းများကို တရစပ် ပင်လွှတ်ပြီးချိန်တွင် အမျိုးသမီးကြီးသည် ယောကျ်ားအနီးသို့ ရောက်ရှိသွားခဲ့လေသည်။

လဲကျလုလု ယိမ်းတိုးနေသည့် လွှမင်းယွမ်အား လက်ဝဲလက်ဖြင့် ဖမ်း၍ ထိန်းထားလိုက်၏။

အနီရောင် ဓားသမားများသည် လက်နက်ပုန်းများ ရပ်ဆိုင်းသွားသဖြင့် သူတို့၏ ဓားစက်ဝိုင်းကိုလည်း ရပ်ဆိုင်းလိုက်သည်။

သို့သော် အဆိပ် လက်နက်ပုန်းပညာရှင် အမျိုးသမီးကြီး၏ လက်က မြန်ဆန်လှသည်။

ထိုတခဏ်အတွင်း သူမ၏လက်ထဲမှ အလင်းတန်းများ လှစ်ခနဲထွက်သွားသည်။

"တဲ....ငါ့ရဲ့ကင်းမြီးကောက် လက်နက်ပုန်းရဲ့ အရသာကို မြည်းကြည့်ကြဦး"

သူမ၏လက်က ရှေးဦးစွာလှုပ်ရှားသွားသည်။ စကားသံက နောက်မှလိုက်သည်။

ထို့ကြောင့် အနီရောင်ဓားသမားနှစ်ဦးမှာ သူတို့၏ ခန္ဓာကိုယ်ကို ဓားစက်ဝိုင်းဖြင့် ကာကွယ်ချိန် မရလိုက်တော့ပေ။

www.burmeseclassic.com



အနီးကပ်ပစ်ခတ်ခြင်းဖြစ်၍ တိကျသေချာသော အဆိပ်လက်နက်ပုန်းများသည် အနီရောင်ဓားသမားများ၏ ခန္ဓာကိုယ်ထဲသို့ စိုက်ဝင်ကုန်၏။

"အား"

"အင့်"

ထိုသူနှစ်ယောက်သည် အနည်းငယ်မျှသာ အော်ဟစ်နိုင်ပြီး လဲကျသေဆုံးသွား၏။

ယန်ကန်းနှင့် ယန်ချွင်အား အနိုင်ယူ တိုက်ခိုက်ခဲ့သည့် ဓားသမား နှစ်ယောက်ကမူ အသင့်ပြင်ဆင်ထားကြသဖြင့် အဆိပ်လက်နက်ပုန်းများကို ရိုက်ချနိုင်ခဲ့သည်။

အင်္ကျီဖြူဝတ်ဆင်ထားသော မိန်းကလေးသည် သူမ၏ အင်္ကျီလက်ကို ခါယမ်းလှုပ်ရှားပြီး လွှမင်ယွမ်၏ဇနီးထံသို့ ခုန်ဝင်လာသည်။

သူမ မဝင်၍လည်း မဖြစ်ပေ။

လွှတ်လွှတ်လပ်လပ် လွှတ်ဖေးထားပါက ထိုအမျိုးသမီးကြီးသည် သူမ၏ အဆိပ်လက်နက်ပုန်းများကို စိတ်ကြိုက် ပစ်ခတ်နေပေတော့မည်။



ထို့ကြောင့်....

လွှမင်ယွမ်၏ ဇနီးသည် လက်နက်ပုန်းများကို မပစ်လွှတ်နိုင်တော့သည်သာမက ဖမ်းထိန်းထားသည့် လွှမင်ယွမ်ကို လွှတ်လိုက်ရပြီး အဖြူရောင်အင်္ကျီ ဝတ်ဆင်သည့်မိန်းကလေးအား အပြင်းအထန် ခုခံကာကွယ်ရလေတော့၏။

"ဟာ....အစ်ကိုကြီး"

ချောင်းမြောင်းကြည့်နေသည့် ဆန်ကွမ်းချီသည် အာမေဋိတ်သံ ထွက်သွား၏။

တုထန်ဟိုက အချိန်မီ သတိပေးရပြန်သည်။

"ညီလေး....သတိထားပါ"

တုထန်ဟိုက ခပ်အုပ်အုပ်သတိပေးသည်။

ဆန်ကွမ်းချီ အလန့်တကြား အာမေဋိတ်သံပြုမိခြင်းမှာ အဖြူရောင်အင်္ကျီ ဝတ်ဆင်သည့် မိန်းကလေး၏ သိုင်းပညာမှာ ဆန်းကြယ်လွန်း၍ ဖြစ်သည်။

သိုင်းကွက်ဆယ်ကွက်မရောက်မီ လွှမင်ယွမ်၏ ဇနီးဖြစ်သူ အမျိုးသမီးကြီးမှာ အောက်စီးသို့ ရောက်ရှိသွားပြီ အပြင်းအထန် ခုခံကာကွယ်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက် ကိုးကွက်တွင် မိန်းကလေး၏ မာန်သွင်းသံ ကြားလိုက်ရပြီးနောက် အမျိုးသမီးကြီးသည် ဝုန်းခနဲ ပစ်ကျသွားတော့သည်။

လွှမင်းယွမ်သည်လည်း တစ်ကိုယ်လုံး သွေးများ ရွှဲနစ်လျက် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေသည်။

သို့သော် သူ့မျက်စိထဲ၌ ဇနီးသည် လဲကျသွားသည်ကို မြင်လိုက်ရသည့် တစ်ခဏတွင် ရှိစုမဲ့စု အင်အားများကို ထုတ်သုံးလျက် ဝုန်းခနဲ ထရပ်လိုက်၏။

ပြင်းထန်သော လက်ဝါးရိုက်ချက်ကိုသုံးကာ အဖြူရောင်အင်္ကျီ ဝတ်ဆင်သည့် မိန်းကလေးအား ရိုက်ချသည်။

သို့သော် မိန်းကလေးက လွယ်ကူစွာ ရှောင်တိမ်းပြီး သူ့အနီးသို့ ပူးဝင်လာသည်။

တဒင်္ဂအတွင်းမှာပင် လွှမင်းယွမ်သည် မိန်းကလေး၏ သွေးကြောကိုင်ခြင်းကို ခံလိုက်ရတော့သည်။

မိန်းကလေးသည် လွှမင်းယွမ်အား အနီရောင်ဝါးသမား နှစ်ဦးဆီသို့ ပစ်ပေးလိုက်၏။

"သူ့ကို ဖမ်းချုပ်ထားလိုက်"



အနီရောင်ဝါးသမားနှစ်ဦးသည် လွှမင်းယွမ်၏အကြော များကို ပိတ်ပစ်လိုက်သည်။

လွှမင်းယွမ်မှာ သစ်တုံးကြီးတစ်တုံးကဲ့သို့ ငြိမ်ကျသွား ရလေသည်။

လေသည် တဖျူးဖျူး တိုက်ခတ်လာ၏။

ကြောက်မယ်ဖွယ်၊ ကြေကွဲဖွယ်ကောင်းသော တိုက်ပွဲကြီးသည် နိဂုံးတံသွားခဲ့လေပြီ။

အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသည့် မိန်းကလေးက အမိန့်ပေးလိုက်၏။

"ဒဏ်ရာရတဲ့လူတွေအားလုံးကို လှေပေါ်တင်လိုက်"

သူမ အမိန့်ပေးခိုက်မှာပင် လှေကြီးတစ်စင်းသည်မြောက် ဘက်ကမ်းစပ်သို့ တဖြည်းဖြည်း ထိုးဆိုက်လာသည်။

ကျူတောထဲမှ ဝတ်စုံနက် ဝတ်ဆင်သူ ခြောက်ယောက် ထွက်လာပြီးနောက် လဲကျနေသည့် ယန်ကန်းနှင့်ယန်ချင်၊ လွှမင်းယွမ်နှင့်ဇနီး၊ အနီရောင်ဝါးသမားနှစ်ဦးတို့ကို လှေကြီးပေါ်သို့ တင်သွားကြသည်။

www.burmeseclassic.com

စင်စစ် အနီရောင် ဓားသမားနှစ်ဦးတို့မှာ သေဆုံးနေ လေပြီ။

"ခေါင်းထမ်းတဲ့ လူ ဆယ့်နှစ်ယောက်ရဲ့အလောင်းတွေ ကိုတော့ ရေထဲ ပစ်ချလိုက်"

ဝတ်စုံနက်များသည် မိန်းကလေး၏ အမိန့် အတိုင်း အလောင်းဆယ့်နှစ်လောင်းကို ရေထဲ ပစ်ချလိုက်သည်။

ကမ်းစပ်မြေပြင်ပေါ်၌ ညိုမည်းမည်း ဖြစ်နေသည့် သွေး ကွက်များသာ မရှိခဲ့လျှင် ဤနေရာ၌ တိုက်ပွဲ ဖြစ်ပွား သည်ဟု မည်သူကမျှ ပြောနိုင်တော့မည် မဟုတ်ချေ။

ဝတ်စုံနက်များနှင့် အနီရောင် ဓားသမား နှစ်ဦးသည် မိန်းကလေး၏ အမိန့်ကို နာခံနေသည့်အလား တန်းစီ၍ နေ ကြသည်။

မိန်းကလေးက....

"ကဲ....ကိစ္စတွေလဲ ပြီးစီးပြီ၊ ဒဏ်ရာရသူတွေရော ခေါင်း ရော လှေပေါ်ရောက်ပြီ၊ မင်းတို့လဲ ကိုယ့်နေရာကိုယ် ပြန် နိုင်ပြီ"



ဝတ်စုံနက်များနှင့်အနီရောင် ဓားသမားများသည် ကျူ တော ကိုင်းတောထဲသို့ လျှပ်တစ်ပြက် ခုန်ဝင်ပျောက်ကွယ် သွားကြလေ၏။

"အစ်ကို....ကျွန်မတို့ ပြန်ကြမယ်နော်"

သူမသည် ဘေးနား၌ ငိုင်တိုင်တိုင်ရပ်နေသည့် ဝမ်ကျင့် လန်အား ချော့မော့သလို ပြောလိုက်လေ၏။

"ဟုတ်....ဟုတ်ကဲ့၊ ညီမလေး သဘောပါပဲ"

ဝမ်ကျင့်လန်က တုန်တုန်ယင်ယင်ဖြင့် ပြောသည်။

ဝမ်ကျင့်လန်သည် သွေးပျက်ဖွယ် တိုက်ပွဲကြီးကို မြင်တွေ့ ခဲ့ရခြင်းကြောင့် လွန်စွာ ချောက်ချားနေသည်။

"အစ်ကို ကြောက်နေသလား"

မိန်းကလေးက ကြင်နာစွာ မေးလေ၏။

"မကြောက်ဘူး၊ မကြောက်ပါဘူး"

မကြောက်ဘူးဟု ဆိုသည့်စကားသံသည် တုန်ယင်နေ သည်။

မိန်းကလေးသည် လှေကြီးဘက်သို့ အော်ဟစ် အမိန့် ပေးလိုက်၏။

www.burmeseclassic.com



"လှေကို ခွာတော့၊ ထွက်သွားကြတော့"

သူမ၏ အော်ဟစ် အမိန့်ပေးသံအဆုံး၌ လှေကြီးသည် ကမ်းစပ်မှ ထွက်ခွာသွားတော့သည်။

* * *

ချုံပုတ်ထဲမှ ချောင်းမြောင်းကြည့်ရှုနေသည့် ဆန်ကွမ်းချိုက တီးတိုး ပြောလေ၏။

"အစ်ကိုကြီး တုထန်ဟို....ဟိုမိန်းကလေးက လှေပေါ်လဲ လိုက်မသွားပါလား"

"အင်း"

တုထန်ဟိုကစဉ်းစားပြီး 'အင်း' လိုက်လေသည်။ ထိုနောက် တီးတိုး ပြောလေ၏။

"လှေက အဓိကမဟုတ်ဘူး၊ အဲဒီ မိန်းကလေးက အဓိကပဲ၊ ပြဿနာ အားလုံးရဲ့ အရင်းအမြစ်ဟာ သူ့ဆီမှာရှိနေတယ်"

"ကျွန်တော်တို့ ဘယ်လို လုပ်ကြမလဲ၊ လှေနောက်ကို လိုက်မလား၊ မိန်းကလေးနောက်ကို လိုက်မလား"



တုထန်ဟိုက ခပ်အုပ်အုပ် ပြောအံ့။

"လှေနောက်ကို လိုက်ချင်လဲ လိုက်လို့မရဘူး၊ မင်းတို့ ငါတို့က ရေပေါ်လမ်းလျှောက်နိုင်တာမှ မဟုတ်ဘာ၊ ငါတို့ လိုက်နိုင်တာက မိန်းကလေးနောက်ကိုပဲ၊ စောင့်ကြည့်ပါဦး....."

တုထန်ဟို၏ စကားအတိုင်း ဆန်ကွမ်းချိုတို့ စောင့်ကြည့်ကြသည်။

မိန်းကလေးသည် ငေးကြောင်နေသော လှုငယ်အား သနားကြင်နာသလို ကြည့်၍ ပြောသည်။

"အစ်ကို....ညီမလေးတို့ ပြန်ကြမယ်"

"ဟုတ်....ဟုတ်ကဲ့၊ ညီမလေးသဘောပါ၊ ညီမလေးရဲ့ သဘောအတိုင်းပါ"

မိန်းကလေးသည် ဝမ်းကျင့်လန်၏ လက်ကိုဆွဲကာ လာလမ်းအတိုင်း ပြန်ပြေးသွားတော့၏။

ဆန်ကွမ်းချိုနှင့် တုသန်ဟိုတို့ ပုန်းနေသည့်နေရာကို ဖြတ်ကျော် ပြေးကြသဖြင့် ၎င်းတို့သည် အသက်မပင် မရှူရဲဘဲ အောင့်ထားလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် အတန်ကြာ စောင့်ဆိုင်းပြီးမှ ချုပြင်သို့ ထွက်သည်။

ဆန့်ကွမ်းချိုက စိတ်မကြည်လင်စွာ မှတ်ချက်ချသည်။

* * *

"ဒီညကတော့ အင်မတန် အကျည်းတန် အရုပ်ဆိုးတဲ့ ညပါပဲ အစ်ကိုကြီးရာ"

တုထန်ဟိုက အော်ဟစ်၍ ရယ်လိုက်၏။

သူ့ ပတ်ဝန်းကျင်၌ဘေးအန္တရာယ်မရှိတော့ပြီဟု ယုံကြည်စိတ်ချသောကြောင့် တုထန်ဟို ဤသို့ရယ်ခြင်း ဖြစ်ပေသည်။

"အစ်ကိုကြီးက ဘာကိုသဘောကျပြီး ရယ်တာလဲ"

"ဪ ရယ်တာပေါ့၊ မင်းရဲ့အပြောက ကဗျာဆန်လွန်းလို့ပါ"

"အကျည်းမတန်ဘူးလား အစ်ကိုကြီးရာ"

"ဟင့်အင်း၊ အကျည်းမတန်ပါဘူး၊ သိုင်းလောကဟာ လျို့ဝှက်နက်နဲမှုတွေ၊ ဟန်ဆောင်မှုတွေ၊ လှည့်စားမှုတွေ၊ တစ်ဦးပေါ်တစ်ဦး မယုံကြည်မှုတွေ၊ သတ်ဖြတ်မှုတွေနဲ့ ပြွမ်းတီးနေတဲ့ လောကပဲ၊ ဘယ်လိုလုပ် အကျည်းတန်တော့မှာလဲ၊ လောကကိုက အကျည်းတန် အရုပ်ဆိုးတဲ့ လောကပဲ"



ဆန့်ကွမ်းချိုသည် တုထန်ဟို၏ စကားကို မချေပတတ်တော့သဖြင့် ဆိတ်ဆိတ်သာ နေလိုက်ရတော့သည်။

ထိုစဉ် တရိပ်ရိပ်ပြေးလွှားလာသည့်လူရိပ်တစ်ခုကို တွေ့လိုက်ရသည်။ တုထန်ဟိုက အဆင်သင့် ပြင်လိုက်သည်။

သို့သော် ဆန့်ကွမ်းချိုက တုထန်ဟို၏ လက်မောင်းကို ဆွဲ၍ သတိပေးလိုက်၏။

"အစ်ကိုကြီး....ညီလေးယွမ်ရှောက် ဖြစ်လိမ့်မယ်"

"အင်း"

ယွမ်ရှောက်သည် တစ်ခဏအတွင်းမှာပင် သူတို့အနီးသို့ ရောက်ရှိလာလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ညီလေးယွမ်ရှောက်၊ မပြောမဆိုနဲ့ ဘယ်ကိုပြေးသွားတာလဲ"

ယွမ်ရှောက်၏ မျက်လုံးများမှာ အရောင် တဖိတ်ဖိတ် တောက်နေ၏။

"ကျွန်တော် လှေကြီးကို မြင်ခဲ့ရတယ်"

"ညီလေး ဘယ်လိုလှုပ် မြင်ခဲ့သလဲ"

"ကမ်းစပ်က ပေါက်နေတဲ့ သစ်ပင်ပေါ်ကို တက်တယ်။ ရေထဲကိုင်းကျနေတဲ့ သစ်ကိုင်းပေါ်က လှေကြီးကို လှမ်းကြည့်ခဲ့တာပဲ"

"ဘာတွေ တွေ့ခဲ့သလဲ ညီလေး"

"သူတို့ သစ်သားခေါင်းကြီးကို လှေဝမ်းထဲ ထည့်ကြတယ်၊ သေသလား၊ ဒဏ်ရာရသလား ကွဲကွဲပြားပြား မသိရတဲ့လူတွေကိုလဲ လှေဝမ်းထဲ ထည့်ကြတယ်"

ဤအကြောင်းအရာအထိ ဆန်ကွမ်းချီနှင့် တုထန်ဟိုတို့ သိကြပြီး ဖြစ်ပေသည်။

ဆန်ကွမ်းချီက...

"ညီလေးယွမ်ရှောက်၊ လှေကြီးပေါ်မှာ ဘယ်လိုလူတွေ ပါသလဲ"



"အနက်ရောင်ဝတ်စုံဝတ်ထားတဲ့လူတွေချည်း ပါတယ်"

"လှေပေါ်မှာ ဘာထူးထူးခြားခြား တွေ့ခဲ့သလဲ"

ယွမ်ရှောက်သည် ချက်ချင်း အဖြေမပေးနိုင်ဘဲ ခေါင်းကုတ်စဉ်းစားနေတော့သည်။

ဆန်ကွမ်းချီက...

"ဘာပစ္စည်းပဲဖြစ်ဖြစ် ထူးခြားတာဆို ပြောပြပါ၊ သေတ္တာတွေ ပါသလား၊ ဓားလှံလက်နက်တွေပါသလား၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုပေါ့"

ယွမ်ရှောက်က ခေါင်းညိတ်၏။

"တွေ့တယ်အစ်ကိုကြီး၊ သုံးမြှောင့်အလံဖြူတစ်ခု တွေ့တယ်၊ အဲဒါနဲ့ ခေါင်းကြီးကို အုပ်ထားတယ်"

တုထန်ဟိုက ကြားဖြတ်၍ဝင်မေးလေ၏။

"ညီလေး...အဲဒီလှေကြီး ဘယ်ဘက်ကို လှော်ခတ်သွားသလဲ"

"ရေစုန်အတိုင်း မျှောချသွားတာပဲ၊ အဲဒီလှေကြီးဘေးမှာ လှေကလေး လေးစင်းပါတယ်"

ဆန်ကွမ်းချီက...

"နောက်ထပ် ဘာမြင်သေးသလဲ ညီလေး"

ယွမ်ရှောက်က ခေါင်းခါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမြင်တော့ဘူး၊ ဟိုမိန်းကလေးကိုလဲ မမြင်ဘူး၊ ဟို ခပ်ဝဝလူကိုလဲ မမြင်ဘူး"

ယွမ်ရှောက်ပြောသည့် ခပ်ဝဝ လူဆိုသည်ကို ဆန်ကွမ်းချီနှင့် တုထန်ဟိုတို့ မှန်းဆသိရှိကြသည်။

သခင်ကြီး ဝမ်ကျုံးထန်၏သား ဝမ်ကျင့်လန် ဖြစ်ရပေမည်။

ဆန်ကွမ်းချီက ပြန်ရှင်းပြသည်။

"ညီလေး သူတို့ကို ဘယ်မြင်မလဲ၊ သူတို့က လာလမ်းအတိုင်း ပြန်ပြေးသွားကြပြီ"

သူသည် တစ်ဆက်တည်းပင် တုထန်ဟို၏သဘောထားကို တောင်းခံလိုက်လေသည်။

"အစ်ကိုကြီး....ကျွန်တော်တို့ ဘာလုပ်ကြမလဲ၊ ဘာလုပ်ရင် ကောင်းမလဲ"

တုထန်ဟိုက ဖြည်းဖြည်းပင် ပြောသည်။

"ညီလေး ဆန်ကွမ်းချီ၊ ငါတို့တစ်တွေ တစ်ညတာလုံး မိုးရေတွေ ရွဲရွဲစိုခဲ့ပြီ၊ တစ်နေရာရာမှာ ပြန်အနားယူဖို့လိုတယ်၊ ငါတို့ တွေ့ကြုံခဲ့တာတွေကို ပြန်လှန် ဆွေးနွေးဖို့လိုတယ်၊ ဒီကိစ္စက အင်မတန်လျှို့ဝှက် နက်နဲလေတော့ ပြောလို့ပြီးနိုင်တဲ့ကိစ္စ မဟုတ်ဘူး၊ ညီလေး ဘယ်လိုသဘောရသလဲ"



ဆန်ကွမ်းချီက....

"ဟာ....အစ်ကိုကြီး တုထန်ဟိုက ကျွန်တော်တို့ထက် သိုင်းလောက အတွေ့အကြုံ ရှိတဲ့လူပဲ၊ ကျွန်တော်က ဘာပြောနိုင်မှာလဲ၊ အစ်ကိုကြီးပြောတာကို ကျွန်တော် သဘောတူပါတယ်၊ တစ်နေရာရာကိုပြန်ပြီး အနားယူကြတာပေါ့"

"ကဲ....ဒါဖြင့် သွားကြမယ်"

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့သည် တုထန်ဟို၏ နောက်သို့ ပြန်လိုက်ခဲ့ကြလေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၆)

### ရှုပ်ဖျက်ခြင်း

"အစ်ကိုကြီး၊ သခင်ကြီး ဝမ်ကျုံးထန်ရဲ့အိမ်ကို တန်းပြီး ပြန်မှာလား"

တုထန်ဟိုက ရယ်သည်၊

"အခြေအနေ ကြည့်ရဦးမယ်လေ၊ သခင်ကြီး ဝမ်ကျုံး ထန်ရဲ့အိမ်ကို တန်းပြန်လို့ ဘယ်ဖြစ်မှာလဲ၊ အခု မြို့ထဲကို အရင်ပြန်ရမှာပေါ့"

သူတို့သည် ဝေလီဝေလင်းအချိန်၌ ဈေးလမ်းမ တစ်ခု ဆီသို့ ရောက်ရှိလာသည်။



အချို့ဈေးဆိုင်များဖွင့်လှစ်နေပြီ ဖြစ်သော်လည်း အချို့ ဈေးဆိုင်များ မဖွင့်ကြသေးပေ။

တုထန်ဟိုက....

"ညီလေး ဆန်ကွမ်းချီ၊ မဏ္ဍပ်တွေဘက်တော့ မသွား တော့ဘူး၊ သခင်ကြီး ဝမ်ကျုံးထန်ရဲ့ အိမ်ဂေဟာ ဘက်ဆီက် သွားပြီး စနည်းနာကြမယ်"

"အစ်ကိုကြီး သဘောပဲ၊ ဘာလုပ်သင့်တယ်ဆိုတာ ကျ တော်တို့ထက် အစ်ကိုကြီးက ပိုသိမှာပါ"

သူတို့သည် ဈေးကို ဖြတ်ကျော်ခဲ့ကြသည်။

ထမင်းအိုးတစ်လုံးကျက်ခန့် ကြာပြီးသောအခါ မီးရောင် များ လင်းထိန်နေသည့် အိမ်ဂေဟာကြီး တစ်လုံးရှေ့သို့ ရောက်ရှိလာ၏။

"ညီလေး၊ ဒီအိမ်ရှေ့ရပ်တာ သိပ်မကောင်းဘူး၊ ခပ် သွမ်းလှမ်းက အကဲခတ်မယ်"

တုထန်ဟိုသည်ပြောပြော်ဆိုဆိုဖြင့် ဂေဟာကြီးကို ဖဲကြဉ် သွား၏။ ပွားရ

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီး တစ်ပင်အောက်မှ ဂေဟာကြီးကို အကဲခတ်သည်။

တုထန်ဟိုက လေးနက်စွာ ပြောလေ၏။

"ညီလေး ဆန်ကွမ်းချီ၊ သခင်ကြီး ဝမ်ကျုံးထန်ရဲ့ အရေးဟာ ငါတို့အရေးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အခု ဖြစ်ပျက်နေပုံကတော့ သိပ်မရိုးသားဘူး၊ သိုင်းလောကကြီး တစ်ခုလုံးနဲ့ ပတ်သက်တော့မယ့်ပုံ ဖြစ်နေတယ်"

ဆန်ကွမ်းချီက ခေါင်းညိတ်၏။

"ဟုတ်တယ်၊ မိသားစုအရေးဆိုရင် ဒီလောက်ရှုပ်ထွေးစရာမလိုဘူးလို့ ထင်ပါတယ်၊ သူတိုက်ခိုက်လိုက်တဲ့ သိုင်းသမားကြီးတွေဟာ နှယ်နှယ်ရရသိုင်းသမားကြီးတွေ မဟုတ်ဘူး၊ ဝမ်မိသားစုအနေနဲ့ ဒီလောက်နာမည်ကြီးတဲ့ သိုင်းသမားကြီးတွေကို ဘယ်လိုမှ ရန်သတ္တရုမပြုရဲဘူးလို့ ထင်ပါတယ်"

"မှန်တယ်၊ ဒါကြောင့်မို့ ဒီပြဿနာရဲ့အစကို ဖော်ထုတ်ရမယ်၊ ဒီပြဿနာရဲ့နောက်ကွယ်မှာ ဘယ်သူတွေ ရှိနေသလဲဆိုတာ ရှာဖွေရမယ်"



"အစ်ကိုကြီးဆီမှာ ဘယ်လိုအကြံဉာဏ်ရှိပါသလဲ၊ ကျွန်တော်တို့ ဝင်ကူနိုင်ရင် ဝင်ကူမှာပေါ့ခင်ဗျာ"

တုထန်ဟိုသည် မျက်လုံးများမှိတ်လျက် ခေတ္တစဉ်းစားလိုက်သည်။ အတန်ကြာမှ သူ့မျက်လုံးများ ပြန်ပွင့်သည်။

"ကျားသားပေါက် ဘယ်နှစ်ကောင်ရှိသလဲဆိုတာ ချင်ရင် ကျားသိုက်ထဲ ဝင်သွားရသလို ငါတို့ သခင်ကြီးရဲ့အိမ်ထဲ ပြန်သွားကြရမှာပဲ"

ဆန်ကွမ်းချီ အံ့သြသွား၏။

"ဗျာ၊ ကျွန်တော်တို့ ဒီပုံစံအတိုင်း ပြန်ဝင်ကြမှာလား"

"ဘယ်ဟုတ်မလဲ၊ ဒီအတိုင်း ပြန်ဝင်ရင် ဟိုမိန်းကလေးက ငါတို့ကို ကောင်းကောင်းကြီး လုပ်ကြံတော့မှာပေါ့၊ အဲဒီမိန်းကလေး ဘယ်သူဘယ်ဝါဆိုတာသိရင် ပြဿနာနဲ့ အဖြေကို တစ်ဝက်လောက် ဖော်မိပြီလို့ ပြောနိုင်လိမ့်မယ်"

"ကျွန်တော်တော့ ရုပ်မဖျက်တတ်ဘူး၊ အဝတ်အစားတွေကို ပြောင်းဝတ်သွားလို့ ဖြစ်မလား"

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုက ရယ်ရင်း ခေါင်းခါလေ၏။

"ဘယ်ဖြစ်မလဲ ညီလေး၊ ဒီမိန်းကလေးကို အထင်သေး ရဘူးကွ၊ ငါ့မှာ ရုပ်ဖျက်ဆေး မပါပါဘယ်၊ အသား ရာင်ရော မျက်နှာပါ ပြောင်းလဲအောင် ငါလုပ်နိုင်ပါ"

ဘ

ဖြူဘန်ကွမ်းချီ ကျေနပ်သွား၏။

"ဟုတ်ပါဆိုပြီးတာပဲ၊ ကျွန်တော်တို့ ရုပ်ဖျက်ကြစို့"

တုထန်ဟိုသည် ယွမ်ရှောက်ကို တစ်ချက်လှမ်းကြည့်ပြီး ပ်တိုးတိုးပြောသည်။

"ညီလေးယွမ်ရှောက်က သိုင်းလောက အတွေ့အကြုံ င်မတန်နည်းတယ်၊ သူ့ကို ရုပ်ဖျက်ပေးပေမယ့် မီးစဉ် ကြည့်ပြီးမကနိုင်ရင် ငါတို့ရုပ်ဖျက်တာတွေ ပေါ်ကုန်မှာပဲ"

ယွမ်ရှောက်က နားလည်သဘောပေါက်၍ ဝင်ပြော၏။

"ကျွန်တော့်အတွက် အစ်ကိုကြီးတို့ မစိုးရိမ်ကြပါနဲ့၊ အစ်ကိုကြီးတို့ ရုပ်ဖျက်စုံစမ်းနေတုန်း ကျွန်တော်က တစ်နေ ရာရာမှာ ဝင်ခိုနေမှာပေါ့"



တုထန်ဟိုက လေးလေးနက်နက် ပြော၏။

"ညီလေး ယွမ်ရှောက်အနေနဲ့ ဒီမြို့မှာ အသိမိတ်ဆွေလဲ ရှိဘူး၊ လူထူထပ်တဲ့နေရာမှာ ဝင်ရောလို့လဲ မဖြစ်ဘူး၊ ညီ လေးယွမ်ရှောက် ဝင်ခိုရမယ့်နေရာကို ငါတို့ အတော်စဉ်း ားရဦးမယ်"

ယွမ်ရှောက်က အသံထွက်အောင် ရယ်လေ၏။

"ကျွန်တော့်အတွက် မပူပါနဲ့၊ ကျွန်တော့်ကိုဘယ်သူမှ မြင်တွေ့အောင် ပုန်းနိုင်ပါတယ်"

"ညီလေးယွမ်ရှောက် ဘယ်မှာပုန်းမှာလဲ"

ယွမ်ရှောက်သည် ကြီးမားသောသစ်ပင်ကြီးကို လက်ညှိုး ထိုးပြလေ၏။

"ဒီလိုသစ်ပင်ကြီးတွေ ရှိနေသမျှကာလပတ်လုံး ယွမ် ရှောက်အဖို့ ပုန်းစရာမရှားပါဘူး၊ တစ်နေ့တာလုံး သစ်ပင် ပေါ်မှာ ပုန်းနေနိုင်ပါတယ်"

တုထန်ဟိုက ခေါင်းတယမ်းယမ်းဖြင့် ပြော၏။

"မဖြစ်နိုင်တာပဲ၊ တခြားလုံခြုံတဲ့နေရာကို စဉ်းစားရ ယ်"

www.burmeseclassic.com



ဆန်ကွမ်းချိုက သူ့ညီယွမ်ရှောက်ဘက်မှ ဝင်ရော
ယောက်ခံလေ၏။

"ဟုတ်တယ် အစ်ကိုကြီး၊ ညီလေးယွမ်ရှောက်ဟာ ပို
မာစန်း သစ်တောကြီးထဲမှာ ကြီးပြင်းလာခဲ့တဲ့ တောတွ
သားကလေးပါ၊ သစ်ပင်တွေပေါ်မှာ တစ်လလုံးနေဆို
လဲ သူ နေနိုင်ပါတယ်၊ ဘယ်သူ့မှ သူ့ကိုတွေ့နိုင်မှာမဟု
ပါဘူး"

တုထန်တိုက ဆန်ကွမ်းချိုကို ပြောသည်။

"ညီလေးက ပြောနေမှာတော့ ငါ့အနေနဲ့ ကန့်ကွက်စ
မရှိဖါဘူး၊ ဒါဆိုရင် ညီလေးယွမ်ရှောက် ဘယ်သစ်ပင်
ပုန်းမလဲ၊ နက်ဖြန်နံနက် သုံးနာရီလောက်မှာ ညီလေးယွ
ရှောက်ရှိရာကို ငါတို့ပြန်လာမယ်"

ယွမ်ရှောက်သည် သခင်ကြီးဝမ်၏ ဂေဟာတောင်ဘ
ခပ်လှမ်းလှမ်းရှိ မြင့်မားအုပ်ဆိုင်းလှသော သစ်ပင်ကြီး
ကိုလက်ညှိုးထိုးပြသည်။

"ကျွန်တော် အဲဒီသစ်ပင်ပေါ်မှာ ပုန်းနေမယ်၊ အစ်
ကြီးတို့ ရှာရှာရင် အဲဒီသစ်ပင်ကို လာခဲ့ကြပါ"



ဆန်ကွမ်းချိုက ခေါင်းညိတ်၏။

"ကောင်းပြီ၊ ညီလေးယွမ်ရှောက် သွားပေတော့၊ ဘစ်
ဘော့ ရှိတယ်၊ ငါတို့မလာခင် ညီလေးတစ်ယောက်တည်း
ဘယ်ကိုမှ ပျောက်သွားမနေပါနဲ့"

ယွမ်ရှောက်က ခေါင်းညိတ်သည်။

"စိတ်ချပါ၊ ကျွန်တော်သွားတော့မယ်"

ယွမ်ရှောက်သည် ဝေလီဝေလင်း နံနက်ခင်း၌ ပြေးထွက်
သွားလေတော့၏။ မကြာမီ တုထန်ဟိုနှင့် ဆန်ကွမ်းချိုတို့၏
မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေ၏။

ဆန်ကွမ်းချိုသည် သူ့ကို အားကိုးအားထားပြု၍ လူ့
လောက အသိုင်းအဝိုင်းထဲသို့ ဝင်လာရှာသည့် တောဘွင်း
သားကလေး ယွမ်ရှောက်၏ နောက်ကျောပြင်ကို ကြည့်၍
သက်ပြင်းချမိလေ၏။

"သူသာ တစ်စုံတစ်ခုဖြစ်ရင် ငါ့တာဝန်ပဲ၊ သူ့ကို အား
သိရန်မခ စောင့်ရှောက်ဖို့ တာဝန်ဟာ ငါ့ပခုံးပေါ်မှာ
ရှိနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် ဆန်ကွမ်းချီ ဘာတွေ တွေးနေသည်ကို မစဉ်းစားပေ။ သူ့အိတ်ထဲမှ ရုပ်ဖျက်ဆေးပုလင်းကို ထုတ်ယူနေသည်။

"ညီလေး ဆန်ကွမ်းချီ၊ ငါ့လက်ထဲမှာ ရှိနေတဲ့ ရုပ်ပြောင်း ဆေးဟာ တိဗက်ပြည်မှာ တကယ် ကျော်ကြားတဲ့ ဆေးပါ၊ ညီလေးအနေနဲ့ ဘယ်လိုအသွင် ပြောင်းလဲချင် သလဲ၊ ငါပြောင်းလဲပေးနိုင်တယ်၊ အဲဒါကိုတော့ သေချာ ထားပြီး ပြောရမယ်။ ကဲ...ညီလေး ဘယ်လိုပုံစံမျိုး ရုပ် ပြောင်းချင်သလဲ"

"ကျွန်တော်..."

ဆန်ကွမ်းချီမှာ မည်သည့် အသွင်အပြင်သို့ ရုပ်ပြောင်း ပေးပါဟု မပြောတတ်ဘဲ ရှိနေသည်။

တုထန်ဟိုက ဆန်ကွမ်းချီ၏ အခက်အခဲကို တစ်ခဏချင်း သိမြင်သည်။

"ကောင်းပြီ ညီလေးကို စာပေသမားတစ်ယောက် ကျောင်းသားတစ်ယောက်လို ရုပ်ဖျက်ပေးလိုက်မယ်၊ ဒါဆို ရင် ဟိုအကျီဖြူနဲ့ မိန်းကလေးဟာ ဘယ်လိုမှ ဆက်ပြီး တွေးတောတတ်မှာ မဟုတ်တော့ဘူး"



"အစ်ကိုကြီး စိတ်ကြိုက်သာလုပ်ပါ။ ကျွန်တော်ကတော့ ဘာမှ မပြောတတ်တော့ပါဘူး၊ ရုပ်ဖျက်ပညာကိုလဲ ကျွန်တော့် အနေနဲ့ တစ်ခါမှ မတွေ့ဖူးပါဘူး"

"ဟား ဟား ဟား...၊ လောကမှာမရှိတဲ့ လူတစ်ယောက်ရဲ့ မျက်နှာကို မင်းမျက်နှာပေါ် ထပ်တင်ပေးမယ်၊ ငါ့ရုပ်ကိုလဲ အဲဒီလိုပဲ ပြောင်းရမှာပဲ၊ ဒါမှ ဝမ်ကျူးထန်ရဲ့ နေရာထဲ စိတ်ကြိုက် စုံစမ်းလို့ ရနိုင်မယ်"

တုထန်ဟိုသည် သူ့အလုပ်ကို စတင်လုပ်လေ၏။

သူသည် ရုပ်ဖျက်ပညာ ကျွမ်းကျင်သူဖြစ်၍ ကွမ်းတစ်ယာ ညက်ခန့်အချိန်အတွင်းမှာပင် ဆန်ကွမ်းချီအား ပီပီပြင်ပြင် ရုပ်ဖျက်ပေးနိုင်ခဲ့လေ၏။

* * *

"ရော့...ဒီမှန်ချပ်လေးကို ကြည့်စမ်း"

ဆန်ကွမ်းချီသည် မှန်အသေးကလေးကို ယူကြည့်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ဆန်ကွမ်းချီသည် မှန်ထဲ၌ လူစိမ်းတစ်ဦး၏ ရုပ်ရည်ကို မြင်နေရသည်။

သူ့ကိုယ်သူ မသိနိုင်လျှင် အခြားသူအဖို့ သူ့ကို သိရန် မလွယ်တော့ပေ။

"တကယ်တော်တဲ့ ပညာပဲဗျ၊ ကျွန်တော့်ကို ဘယ်သူမှ မှတ်မိမှာ မဟုတ်တော့ဘူး"

"သိပ်သေချာတယ်၊ ကဲ...ငါလဲ ရုပ်ဖျက်ရဦးမယ်"

တုထန်ဟိုသည် မှန်ကလေးကိုကြည့်၍ သူ့ကိုယ်သူ ရုပ်ဖျက်နေသည်။

မကြာမီ သူလည်း ရုပ်ပြောင်းသွားလေတော့၏။ တုထန်ဟိုက ဆန်ကွမ်းချီအား ပြုံးကြည့်ပြီး....

"ကဲ....ငါတို့နှစ်ယောက်ကို ဝမ်ကျုံးထန် ဂေဟာက လူတွေ တယ်သူမှ မမှတ်မိနိုင်တော့ဘူး၊ သူတို့ဂေဟာထဲ ဝင်လို့ရတော့ပြီ၊ ညီလေးကို တစ်ခုတော့ မှာထားရမယ်၊ ငါတို့ဆီ သူဖာင်ပါးရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်မယ့်လူတွေ



ဖြစ်တာမို့ သူတစ်ပါး အော်ငေါက်တာကိုတော့ သည်းခံကြရမယ်၊ ငါပြောတာကို သဘောပေါက်ရဲ့လား ညီလေး"

"ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်"

"ဒြော်....ခဏနေဦး၊ ညီလေးနဲ့ငါ လူခွဲပြီး ဂေဟာထဲ ဝင်မယ်၊ ညီလေးတစ်ယောက်တည်း သွားလာတဲ့အခါမှာ ဂေဟာထဲက သိုင်းသမားတွေနဲ့ မတော်တဆ တိုက်ခိုက်မိချင် တိုက်ခိုက်မိလိမ့်မယ်၊ အဲဒီအခါမှာ သဘာဝကျအောင်လိုတယ်....

"ဒီတော့ ညီလေးရဲ့ အဝတ်အစားတွေကို စုတ်ပြဲ ညစ်ထေးအောင် လုပ်ပေးလိုက်မယ်၊ တရုတ်ပြည် တစ်ဝှမ်းလုံး လှျောက်သွားနေတဲ့ ကျွန်လုဂိုဏ်းသားတိုင်း သိုင်းပညာ တတ်ကျွမ်းကြတယ်၊ ညီလေးအနေနဲ့ ကျွန်လုဂိုဏ်းသားအဖြစ် ဟန်ဆောင်ထားရင် မတော်တဆ သိုင်းပညာ ထုတ်ပြမိလဲ ပြဿနာ မရှိတော့ဘူး"

သူသည် ဆန်ကွမ်းချီ၏ အဝတ်အစားများကို စုတ်ပြဲအောင် လုပ်သည်။

ညစ်ပေအောင် လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အတော်အသင့် သပ်သပ်ရပ်ရပ်ရှိခဲ့သော ဆန်ကွမ်းချီ၏ ဝတ်စုံမှာ သူတောင်းစားတစ်ယောက်၏ အဝတ်အစားကဲ့သို့ ညစ်ပေစုတ်ပြဲသွားခဲ့လေပြီ။

ဆန်ကွမ်းချီက စိုးရိမ်စွာ ပြောလေ၏။

"အစ်ကိုကြီး၊ တကယ့် ကျန်လုဂိုဏ်းသား အစစ်နဲ့ တွေ့သွားရင် ကျွန်တော် ဒုက္ခမဖြစ်ပါလား"

တုထန်ဟိုက ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"ဒုက္ခမဖြစ်နိုင်ပါဘူး၊ ညီလေးဟာ ဉာဏ်ကောင်းပါတယ်၊ ပြဿနာဖြစ်မယ့်ကိစ္စကို ပါးပါးနပ်နပ် ရှောင်ပေါ့ကွယ်၊ တခြားသိုင်းပညာရှင်ကြီးတွေဟာ ကျန်လုဂိုဏ်းသားလို ဟန်ဆောင်ပြီး သိုင်းလောကထဲ လျှောက်သွားတတ်ကြတယ်"

ဆန်ကွမ်းချီက သက်ပြင်းရှိုက်ရင်း....

"အင်းလေ....စမ်းကြည့်ရဦးမှာပေါ့"

သူသည် တုထန်ဟိုအား သူတောင်းစား တစ်ယောက်ပမှာ လမ်းလျှောက်ပြသည်။

တုထန်ဟိုက....



"ညီလေး ခဏနေဦး၊ အင်္ကျီစုတ်ပြဲတဲ့ နေရာက ပေါ်နေတဲ့ အသားတွေဟာ မျက်နှာက အသားတွေနဲ့မတူဘူး၊ ရော့ ဒီဆေးမှုန့်တွေ လိမ်းလိုက်စမ်း၊ အသားရောင်ပြောင်းသွားလိမ့်မယ်"

ဆန်ကွမ်းချီသည် တုထန်ဟိုပေးသည့် ဆေးမှုန့်များကို လှမ်းယူပြီးနောက် သူ့အသားများကို သုတ်လိမ်းလိုက်၏။

"ကဲ....ညီလေး ပြီးရင် ဝမ်ကျုံးထန်ရဲ့ ဂေဟာကို သွားကြစို့"

ဆန်ကွမ်းချီသည် အသားဖျက်လိမ်းဆေးများကို ရေစိုရင် ပျက်ပြယ်သွားသလားဟု မေးရန် ပါးစပ်ပြင်ခိုက် တုထန်ဟို ပြေးထွက်သွားသဖြင့် မမေးလိုက်ရတော့ချေ။

တုထန်ဟို နောက်သို့ ခပ်သွက်သွက် ပြေးလိုက်ရတော့သည်။

အိမ်အနီးသို့ရောက်သောအခါ တုထန်ဟိုက....

"ညီလေး၊ ဂေဟာထဲကို မင်းဘာသာ ကြံဖန်ပြီးဝင်ပေတော့၊ ငါလဲ နောက်ဘက်ကနေ ကြံဖန်ပြီးဝင်မယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် ဂေဟာကြီး၏အနောက်ဘက်သို့ လှမ်းခွဲ ပြေးထွက်သွားလေတော့သည်။

* * *

"အင်း....ဒီအစ်ကိုကြီးဟာ စိတ်သဘောထားလဲကောင်း တယ်၊ ငါတို့အပေါ်လဲ ခင်ခင်မင်မင်နဲ့ စောင့်ရှောက်တယ်၊ သိုင်းလောကထဲ ဝင်ဝင်ချင်း ဒီလိုလူမျိုးနဲ့တွေ့တော့ ငါ့အဖို့ အတော်ကံကောင်းတယ်လို့ဆိုရမှာပဲ"

သူ တွေးတော ငေးမောနေခိုက် လူတစ်ယောက်က သူ့ ပခုံးကို လက်ဖြင့်လာတို့လေ၏။

"ဟေ့...သူတောင်းစားလေး၊ သခင်ကြီးဝမ်ရဲ့ ဂေဟာ ဘယ်မှာလဲ"

ဆန်ကွမ်းချီမှာ ရုတ်တရက်ဖြစ်၍ ထိတ်လန့်သွားမိသည်။ သို့သော် ချက်ချင်းပင် ကုန္ဒြေပြန်ဆည်လိုက်၏။ သူ့စိတ်ထဲ၌ ကျိတ်၍ တွေးလိုက်မိသည်။



"အင်း....ငါ့ကို ဒီလူ သူတောင်းစားလို့ တကယ်ထင်မှတ် တယ်၊ သူ့ ကြည့်ရတာ ကိုယ်ကျပ်အင်္ကျီတွေနဲ့ ဘာနဲ့ဆိုတော့ သခင်ကြီးဝမ်ရဲ့ ဈာပနကို တက်ရောက်လာတဲ့ သိုင်းသမားပဲ ဖြစ်လိမ့်မယ်၊ သူ့ ကိုလမ်းပြသလိုလိုနဲ့ သခင်ကြီးဝမ်ရဲ့အိမ် ထဲ ငါ လိုက်ဝင်ရမယ်"

"ဟေ့ သူတောင်းစားလေး၊ ဘာတွေ ငေးနေတာလဲ၊ငါ မေးနေတာ မကြားဘူးလား"

"ကြား-ကြားပါတယ်ခင်ဗျာ၊ဆရာကြီးက ဈာပနအခမ်း အနားဆောတဲ့ ဧည့်သည်တော်ပါလားခင်ဗျာ"

"ဒါဆိုရင် သခင်ကြီးဝမ် တကယ် သေဆုံးသွားပြီ ပေါ့"

"ဆရာကြီးက မသိဘဲနဲ့များ ရောက်လာတာလား"

"သတင်းတော့ ကြားတာပေါ့ကွ၊ တကယ် သေ, မသေ တော့ ဘယ်အတပ်ပြောနိုင်မှာလဲ"

"တကယ်သေတာပါဗျာ၊ မနေ့ညကပဲ ရုပ်ကလာပ်ကို မြေမြှုပ်သင်္ဂြိုဟ်တယ်ခင်ဗျ"

ထိုလူက သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"လူတွေကတော့ အတော်စည်မှာပဲနော်"

"ဟာ....စည်တာပေါ့၊ မဏ္ဍပ်တွေအားလုံး လူပြည့်တာပဲ"

"အင်းလေ....နာမည်ကြီး သိုင်းအကျော်အမော်ဆိုတော့ ဒီလောက်တော့ လာကြပေမပေါ့၊ ဪ....ဒါထက် သခင်ကြီးဝမ်ရဲ့ ရှုပ်ကလာပ်ကိုဘယ်မှာမြှုပ်တယ်ဆိုတာရော မင်းသိရဲ့လား"

"မြေမြှုပ်ပွဲကိုတော့ သူတို့နဲ့ ခင်မင်တဲ့ ထိပ်သီးသိုင်းသမားကြီး လေးငါးယောက်ပဲ လိုက်ရသဗျ၊ ကျန်တဲ့ သိုင်းသမားတွေအားလုံး မဏ္ဍပ်မှာ ကျန်ခဲ့ကြတာပဲ"

ထိုလူသည် ကောင်းကင်ကြီးကို မော့ကြည့်ပြီးနောက် ခပ်တိုးတိုး မေးသည်။

"ထားပါတော့လေ၊ သခင်ကြီးဝမ်ရဲ့ ဂေဟာက ဘယ်မှာလဲ"

ဆန်ကွမ်းချီက လက်မဖြင့် ညွှန်ပြလိုက်သည်။

"ဒီအိမ်ပါပဲဗျ"



"ဟာ....ငါ့နှယ်၊ ခက်ခက်ခဲခဲရှာနေရတာ၊ ဒီအိမ်ဆိုရင် ဝင်ရုံပဲပေါ့"

ထိုသိုင်းသမားသည် ဖွင့်ထားသည့်ခြံတံခါးမှတစ်ဆင့် ခြံထဲသို့ ဝင်သွားတော့သည်။ ဆန်ကွမ်းချီလည်း ထိုလူ၏နောက်မှ မယောင်မလည်ဖြင့် လိုက်သွားသည်။

မိုးစင်စင်လင်းနေပြီဖြစ်၍ သခင်ကြီးဝမ်၏ အိမ်၌ ဧည့်သည်များရော အိမ်သားများပါ လှုပ်လှုပ်ရှားရှား ရှိမနေကြတော့ပြီ။

ဤအိမ်ကြီးသို့ အဖြူရောင်အင်္ကျီဝတ်ဆင်ထားသည့် မိန်းကလေးက တစ်ကြိမ်ခေါ်ခဲ့ဖူးပေပြီ။ သခင်ကြီးဝမ် အတုအယောင်ဖြစ်ကြောင်း ရှိသော အဘိုးကြီးကို မနေ့က သူတို့ လာရောက်တွေ့ဆုံခဲ့ကြရသည်။

အထဲ၌ရောက်ရှိနေသူများသည် အချင်းချင်း စကားပြောဆိုနေကြသဖြင့် ဆန်ကွမ်းချီကို သတိမပြုမိကြပေ။

ဆန်ကွမ်းချီအား မေးမြန်းခဲ့သည့် သိုင်းသမားကမူ အိမ်ထဲသို့ တန်းတန်းမတ်မတ် ဝင်သွားသည်။

ဆန်ကွမ်းချီကမူ အိမ်အပြင်၌ထိုးထားသည့်မဏ္ဍပ်အတွင်း၌ ယောင်ပေပေရပ်ပြီး အကဲခတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကျောင်းရှောင်ဟိုထွက်လာပြီး ဆန်ကွမ်းချို ရှင်းလင်းပြပေးသည့် သိုင်းသမားနှင့် စကားပြောဆိုနေသည်ကို တွေ့ရသည်။ ကျောင်းရှောင်တိုက ဈာပနအခမ်းအနား ပြီးဆုံးသွားပုံကို ရှင်းလင်းပြောပြနေဟန်ရှိသည်။

ထိုသိုင်းသမားကလည်း ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

★

# အခန်း (၄၇)

## သားရဲတွင်းမှာ

ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည့် ညွှန်သည် သိုင်းသမားက ကျောင်းရှောင်ဟိုအား ဂါရဝပြုရင်း ရှင်းပြနေသည်။

"ဟုတ်ကဲ့၊ ကျုပ်က တစ်ကြိမ်ပဲ သခင်ကြီးဝမ်ကို တွေ့ခဲ့ဖူးပါတယ်၊ သိကျွမ်းခြင်း မရှိပေမယ့် သတင်းကြားနဲ့ပဲ သခင်ကြီးဝမ်ကို ကြည်ညိုလေးစားနေခဲ့တဲ့ သူပါ"

"ဟုတ်ကဲ့၊ ခုလို ဂါရဝလာပြုတဲ့အတွက် ကျုပ်တို့ကလဲ ကျေးဇူးအထူးတင်ပါတယ်၊ ရုပ်ကလာပ်ကတော့ မြေမြှုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားလို့ စိတ်မှန်းနဲ့ပဲ ဂါရဝပြုပါလို့ မေတ္တာရပ်ခံလိုပါတယ်”

“မြေမြှုပ်ထားတဲ့ အုတ်ဂူကို ဂါရဝပြုချင်ပုံပါတယ်ဗျာ။ အဲဒီနေရာ လိုက်ပြပါလား”

ကျောင်းရှောင်ဟိုက ခေါင်းခါ၏။

“ဝမ်းနည်းပါတယ်ဗျာ၊ သခင်ကြီးဝမ်ရဲ့ အုတ်ဂူ က လျှို့ဝှက်ထားရတဲ့ အုတ်ဂူဖြစ်တာမို့ ခွင့်လွှတ်ပါဗျာ”

“ဗျာ....လျှို့ဝှက်ထားတဲ့ အုတ်ဂူ၊ ဟုတ်ရဲ့လားဗျာ”

ကျောင်းရှောင်ဟိုက ခေါင်းတဆတ်ဆတ်ညိတ်ပြီး....

“ဟုတ်ပါတယ်ခင်ဗျာ၊ လျှို့ဝှက်ထားတဲ့ အုတ်ဂူပါ။ သခင်ကြီးဝမ်ကို ကြည်ညိုလေးစားတဲ့ လူတွေရှိသလို မုန်းတီးတဲ့လူတွေလဲ ရှိနိုင်ပါတယ်၊ သခင်ကြီးဝမ်ရဲ့ ရုပ်ကလာပ်ကို မတော်မတရား မလုပ်နိုင်အောင် တမင် လျှို့ဝှက်ထားရတာပါပဲ”

ဧည့်သည်တော် သိုင်းသမားသည် သခင်ကြီးဝမ်၏ အုတ်ဂူကို လိုက်ပြရန် ထပ်မံ မတောင်းဆိုတော့ဘဲ ရှိလေသည်။



“ကဲ....ကဲ၊ အိမ်ထဲကို ကြွပါဦးခင်ဗျာ။ အထဲမှာ တခြားဧည့်သည်တော်တွေလဲ ရှိနေပါတယ်”

ဧည့်သည်တော် သိုင်းသမားသည် ကျောင်းရှောင်ဟိုနှင့်အတူ အိမ်ထဲသို့ လိုက်ဝင်သည်။

အိမ်ထဲတွင် သိုင်းသမားရှစ်ယောက် ထိုင်နေကြလေသည်။

သူတို့လည်း ဧည့်သည်များပင်ဖြစ်သည်။

ဆန်ကွမ်းချီသည် မယောင်မလည်ဖြင့် အိမ်ထဲသို့ ဝင်ပြီး ဧည့်သည် သိုင်းသမား ရှစ်ယောက်၏ နောက်နားရှိ ဝင်ထိုင်လိုက်၏။

ကျောင်းရှောင်ဟိုသည် သူ ခေါ်လာသည့် သိုင်းသမားကို နေရာချထားပေးပြီးနောက် အခြားသိုင်းသမား ဧည့်သည်များကို ဧည့်ခံရန် ထွက်သွားပြန်လေ၏။

ထိုင်ခုံများ၌ ထိုင်နေကြသည့် သိုင်းသမားများသည် ဆန်ကွမ်းချီကို လုံးဝ ဂရုမစိုက်ကြချေ။

တကယ်၍ ဆန်ကွမ်းချီသာ ရုပ်မဖျက်ခဲ့ပါက ဤသို့ အေးအေးချမ်းချမ်း ရှိနေလိမ့်မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြစ်ကမ်းစပ် မဏ္ဍပ်အတွင်း၌ ယန်ကန်းနှင့် တိုက်ခိုက်ခဲ့ဖူးရဲ့ သခင်ကြီးဝမ်၏အိမ်ဂေဟာမှ အိမ်တော်ပါ သိုင်းသမားတိုင်း ဆန်ကွမ်းချီကို မှတ်မိသိရှိနေကြသည်။

ယခုကဲ့သို့ ဒုတိယအကြိမ် ထပ်မံ ဝင်ရောက်လာရာတွင် တီးတိုး တီးတိုး အမျိုးမျိုး ဝေဖန်နိုင်သည်။

သူ့ရှေ့၌ ထိုင်နေသော သိုင်းသမားများသည် အထူး ဧည့်သည်တော်များ ဖြစ်ဟန်ရှိ၏။

အဘယ်ကြောင့်ဆိုသော် အိမ်တော်ပါ သိုင်းသမားများ က ထိုသူများ အိပ်စက်ရန် အခန်းများသို့ တစ်ဦးစီ လိုက်ပို့ နေကြသောကြောင့် ပေတည်း။

ထိုစဉ် အိမ်တော်ပါ သိုင်းသမား ဟုတ်ဟန်မတူသော သိုင်းသမား တစ်ယောက်သည် သူ့အနီးသို့ ချဉ်းကပ်လာ သည်။

"ညီတော်၊ ဆာလောင်နေပြီလား"

ဆန်ကွမ်းချီသည် ထိုလူ၏အသံကို ကြားလိုက်သောအခါ ထိတ်လန့်သွားလေ၏။



အဘယ်ကြောင့်ဆိုသော် တုထန်ဟို၏အသံနှင့် တူလှ သောကြောင့်တည်း။

"အစ်ကိုကြီး တုထန်ဟိုလား"

ဟိုမေးခွန်းကို သူ တကယ်မမေးဖြစ်ပါ၊ လည်ချောင်းထဲ သာ ပျောက်သွားသည်။

သူ တကယ် မေးဖြစ်သည့် မေးခွန်းကမူ....

"ကျွန်တော် မဆာသေးပါဘူး၊ နောင်ကြီးက ဘယ်သူ ပါလဲ"

ထိုလူက ပြုံးလိုက်၏။

ထိုလူ၏ မျက်နှာမှာ တုထန်ဟို ပထမ ရုပ်ဖျက်သွားစဉ်က မျက်နှာ မဟုတ်သဖြင့် ဆန်ကွမ်းချီ အနေဖြင့် တုထန်ဟိုအဖြစ် ရှင်းတင်း နှုတ်မဆက်ဝံ့ပေ။

ထိုလူ၏အသံကမူ တုထန်ဟိုနှင့် အလွန်တူပြီး သူ့အပေါ် ဆက်ဆံပုံကလည်း အိမ်တော်ပါ သိုင်းသမားများ၏ ဆက်ဆံ ပုံနှင့် လုံးဝခြားနားသဖြင့် သူ့စိတ်ထဲ၌မူ သူ့အစ်ကိုကြီး တုထန်ဟိုအဖြစ်သာ သတ်မှတ်လိုက်တော့သည်။

www.burmeseclassic.com



တုထန်ပုံသည်အခြေအနေအရ ထပ်မံ၍ရုပ်ဖျက်နိုင်သည် မဟုတ်ပါလော။

ထိုလူက အပြင်လက်သို့ လက်ညှိုး ညွှန်ပြပြီး....

"ညီတော်၊ကျွန်လု ဂိုဏ်းသားတွေအတွက်အရှေ့မြောက် အဆောင်မှာ တည်းခို အိပ်စက်နိုင်တယ်လို့ ကျုပ်သိထား ပါတယ်၊ ကျုပ်သွားကြည့်တဲ့အခါမှာ ခုတင်နှစ်လုံးလဲ လွတ် နေတာ တွေ့ရပါတယ်၊ အဲဒီကို သွားပါ"

ဆန်ကွမ်းချီသည် ထိုင်ရာမှထ၍ ဦးညွှတ် ဂါရဝပြုလေ သည်။

သူ့ကိုယ်ကို ပြန်မတ်လာစဉ်မှာပင် ထိုလူသည် သူ့ အနီးမှ ထွက်ခွာသွားတော့သည်။

ဆန်ကွမ်းချီလည်း အိမ်ထဲမှ ထွက်လျက် အရှေ့မြောက် အဆောင်သို့ သွားလေ၏။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့် သိုင်းသမား များပန်းခြံမှ လှုပ်ရှားနေကြသော်လည်း ဆန်ကွမ်းချီအား မည်သူကမျှ တားဆီးခြင်း မပြုကြပေ။



အရှေ့မြောက်အဆောင်၏အဝင်ဝ၌ အိမ်တော်ပါ သိုင်း သမားတစ်ဦးစောင့်ကြပ်နေ၏။ ဆန်ကွမ်းချီ ဝင်လာသော အခါ ဦးညွှတ်ဂါရဝပြုသည်။

"ညအိပ်ဖို့အတွက် လာတာမဟုတ်လားခင်ဗျာ"

ဆန်ကွမ်းချီက ပြန်လည် ဂါရဝပြုပြီး....

"ဟုတ်ပါတယ်"

"အထဲကိုကြွပါ၊ ခုတင်လွတ်တွေရှိနေပါတယ်"

ဆန်ကွမ်းချီ မည်သည့်စကားမျှမပြောတော့ဘဲအဆောင် ထဲသို့ ဝင်လာသည်။

အရှေ့မြောက်အဆောင်မှာ ခန်းမကြီးဖြစ်ပြီး နံရံ တစ် ဖက်တစ်ချက်၌ ခုတင်များ ခင်းထားသည်။ ခုတင်တိုင်း၌ ဧည့်သည်တော် သိုင်းသမားများရှိနေပြီး တချို့ဘုန်းတော် ကြီးနှစ်ပါးကိုလည်း ရုတ်ဘရက်တွေ့လိုက်ရသည်။ ဆန်ကွမ်း ချီ၏ခြေလှမ်းများ ရုတ်ဘရက် တို့ဆီသို့ သွားသည်။

"ဘုရားရေ....တက်မှုဆရာတော်နဲ့ ဖန်မှုဆရာတော်တို့ပါ လား၊ ဆရာတော်နှစ်ပါးဟာ ရှောင်လင်ကျောင်းကို မပြန် သေးဘဲနဲ့ ဒီမှာ ဘာလာလုပ်နေကြပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်နှစ်ပါးသည် သူတို့၏ ခုတင်များပေါ်၌ တင်ပျဉ်ခွေထိုင်ကာ အတွင်းအား ကျင့်စဉ်များ ကျင့်နေကြ၏။ သူတို့သည် ဆန်ကွမ်းချိ ဝင်လာသည်ကို မတွေ့ကြပေ။

အကယ်၍ တွေ့သည်တိုင် ယခုဝင်လာသည့် လူငယ်သည် ယမန်နေ့က ယန်ကာန်းအား ကြောက်ဒူးတုန်စေခဲ့သည့် လူငယ်ဖြစ် လိမ့်မည် ဟူ၍လည်း လုံးဝ သိရှိကြလိမ့်မည် မဟုတ်ပေ။

ရုပ်ဖျက်ထားသည့် ဆန်ကွမ်းချိသည် ကျွန်ုပ်ဆည်လျက် ခုတင်လွတ်တစ်လုံးတွင် ဝင်အိပ်လိုက်သည်။

သူသည် မလုံမလဲဖြစ်နေသဖြင့် သူ့အရင်ရောက်နှင့်နေသူများအား မျက်လုံးကစားကြည့်လိုက်၏။ မည်သူကမျှ သူ့အား စိတ်မဝင်စားကြောင်း တွေ့သောအခါမှ သက်ပြင်းချမိပြီး နေသား ထိုင်သား ကျသွားတော့သည်။

* * *



သူ အိပ်ရာထက်၌လှဲချလိုက်သောအခါ မကြာမီစင် အိပ်ပျော်သွားလေသည်။

ယမန်နေ့ညက သူတို့ မိုးထဲလေထဲပြေးလွှားခဲ့ကြသည် မဟုတ်ပါလား။

စင်စစ် ဆန်ကွမ်းချိသည် သိုင်းလောကအတွေ့အကြုံနည်းသူဖြစ်၍ ဤသို့အိပ်စက်ခြင်းဖြစ်ပေသည်။

သူသာ သိုင်းလောက အတွေ့အကြုံရင့်ကျက်သူဖြစ်လျှင် ယခုကဲ့သို့သော နေရာမျိုး၌ တစ်မိနစ် တစ်စက္ကန့်မျှပင် အိပ်စက်မည် မဟုတ်ပေ။

သို့သော် သူအိပ်စက်နေချိန်၌ မည်သူကမျှ မရိုးသားမှုပြုကြသဖြင့် သူ့အတွက် ဘေးကင်းရန်ကင်း အားအင်ပြည့်ဝစွာ အိပ်စက်ခွင့် ရရှိခဲ့လေ၏။

သူ အိပ်ရာမှနိုးလာသောအခါ ကျန်ခုတင်လွတ် တစ်လုံးတွင်လည်း သိုင်းသမားတစ်ယောက် ဝင်အိပ်နေလေပြီ။

ရှောင်လင်ဆရာတော်အား လှမ်း၍အကဲခတ်သောအခါတွင်မူ ဆရာတော်နှစ်ပါး ကျိန်းစက်နေ်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခန်းမကြီးတစ်ခုလုံး ငြိမ်သက် တိတ်ဆိတ်နေသဖြင့် ဆန်ကွမ်းချိ၏ အတွေးငှက်များသည် ပိုင်မာစန်းသစ်တောကြီးဆီသို့ တောင်ပံခတ် ပျံသန်းသွားလေတော့သည်။

* * *

"ဆရာကြီး ရဲယိဖိန်"

သူ့ဆရာကြီး ရဲယိဖိန် မည်သည့်အရပ်သို့ ရောက်ရှိနေပြီနည်း။

ဆရာကြီးသည် ဇရပ်အတွင်းမှ တစ်ဟုန်ထိုး ပြေးထွက်သွားခဲ့၏။

ဆရာကြီး၏ သွေးသောက် ညီလေးယောက် အဆိပ်... သေဆုံးခြင်းများကလည်း သူ့မျက်စိထဲမှ မထွက်သေးသေး...

ထိုမှ တစ်ဖန် ပိုင်မာစန်း သစ်တောအလယ်မှ ဘုရားကျောင်းပျက်ကြီးကို ပြန်လည်သတိရလာ၏။

"ဆရာကြီး"



သည် ဆရာကြီး၏ နာမည်ကိုတောင် သူ သိခွင့် မရခဲ့ပေ။

လေးနှစ်ကျော်ကျော် ငါးနှစ်တာနီးပါး လက်ပွန်းတတီး နေခဲ့ပါလျက် အဘဆရာကြီးသည် သူ့နာမည်ကိုပင် ဖွင့်ဟမပြောခဲ့ချေ။

သို့သော် သူ၏ ကြေကွဲနာကြည်းဖွယ်ရာ အတိတ်ဇာတ်လမ်းကိုတော့ ပြောပြခဲ့၏။

သူပင်လျှင် အဘဆရာကြီး၏ ဆစ္စာပျက် ညီတော်အား သတ်ဖြတ်ချင်စိတ်၊ ကလဲ့စားချေချင်စိတ် ပေါ်ပေါက်ခဲ့သည် မဟုတ်ပါလော။

ထို့နောက် မရဏ ကိုယ်စားလှယ်။

သူ့အား အသေသတ်ခဲ့သည့် မရဏကိုယ်စားလှယ်သည် သူ့အား မသတ်မီ တိဗက်ဘုန်းကြီးများနှင့် မြောက်မြားစွာသော သိုင်းသမားများကို အကြောင်းမဲ့ သတ်ဖြတ်ခဲ့သေးသည်။

အကြောင်းမဲ့ ဆိုသည်မှာ ဆန်ကွမ်းချိ၏ အမြင်အရ အကြောင်းမဲ့ဖြစ်၏။ ထို မရဏကိုယ်စားလှယ်၏ အမြင်တွင်မူ အကြောင်းရှိကောင်း ရှိစေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုတော့ ဆန်ကွမ်းချီ မသိပေ။ မတွေးတတ်ပေ။

ထို့နောက် ဇာတ်တွင်းသားကလေးယွမ်ရှောက်။

ယွမ်ရှောက်သည် အလွန်တရာ ခင်မင်စရာကောင်းသော လူငယ်ကလေးဖြစ်သည်။ ယွမ်ရှောက် ကယ်တင်သဖြင့် သူ့အသက် ချမ်းသာရာ ရခဲ့သည်။

သူ့အသက်သခင် ကျေးဇူးရှင်လည်းဖြစ် ချစ်ခင်ကြင်နာဖွယ်ရာလည်း ဖြစ်သဖြင့် သူသည် ယွမ်ရှောက်ကို သူ့ညီရင်းသဖွယ် သတ်မှတ်ခဲ့၏။ ရင်ထဲမှ လှိုက်လှဲစွာ ချစ်ခင်ခဲ့၏။

အဘဆရာကြီးကလည်း 'သူနှင့် ယွမ်ရှောက်တို့၏ သံယောဇဉ်ကို အကဲခတ်မိသည်ထင့် ယွမ်ရှောက်အား သိုင်းပညာများ သင်ကြားပေးခဲ့သည်။

ယွမ်ရှောက်သည် သိုင်းလောက၌ ထိုက်ထိုက်တန်တန် ထိပ်သီးတစ်ယောက်အဆင့်သို့ ရောက်မှန်းမသိ ရောက်ရှိနေခဲ့လေပြီ။

ဤသည်ကို ယွမ်ရှောက်မသိပေ။

ယခုနောက်ဆုံး တုထန်ဟို။



တိပက်မှ နဂါးပျံကျွန်းတွင်တုထန်ဟိုဆိုသောပုဂ္ဂိုလ်ကြီး၊ တစ်ဦးမေတ္တာ တစ်ဦးဆိုသလို စိတ်ထားတူသူ အချင်းချင်း ခင်မင်ရင်းနှီးစွာ ပေါင်းသင်းလာသည်။ သူတို့ကိုလည်း စေတနာထားသည်။ ဆုံးမသွန်သင်ပဲ့ပြင်သည်။

တုထန်ဟိုသည် သူ့အား ဂေဟာကြီး၏ ရှေ့ပေါက်မှ ဝင်ခိုင်းပြီး ၎င်းကိုယ်တိုင်က ဂေဟာ၏နောက်ပေါက်မှ ဝင်ခဲ့ဟန်တူသည်။

၎င်းသည် အရေးအကြောင်းကြုံသည်နှင့် မိမိအပါးသို့ ရောက်ရှိလာမည်မှာ မုချဟု ဆန်ကွမ်းချီ ယုံကြည်နေမိ၏။

သူ့ဘဝတွင် ညီရင်းကဲ့သို့ ချစ်ခင်ရသော ယွမ်ရှောက်ကို ရရှိခဲ့သလို အစ်ကိုကြီး အရင်းသဖွယ် ချစ်ခင်ရသော တုထန်ဟိုကို ရရှိခဲ့သည်ဟု ဆန်ကွမ်းချီ ယူဆသည်။

ဆန်ကွမ်းချီ အထီးကျန် မဟုတ်တော့။ ငါအထီးကျန်မဟုတ်တော့ဟု ဆန်ကွမ်းချီ အိပ်နေရာမှ တွေးတောနေသည်။

ယခု ထပ်တွေ့ရသူကား အဖြူရောင်အင်္ကျီဝတ်ဆင်ထားသည့် မိန်းကလေး။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေး၏ စူးရှတောက်ပသော မျက်လုံးများ၊ ပိပြားသော နှုတ်ခမ်းများက အလွန်တရာ ထက်မြက်ကြောင်းကို ဖော်ပြနေသည်။

ကောင်းလျှင်လည်း အလွန်အကျွံ၊ ဆိုးလျှင်လည်းအလွန်အကျွံ မိန်းမစားမျိုး ဖြစ်နေသူမှန်း မှန်းဆမိသည်။

သူနှင့် တုထန်ဟိုတို့ အဓိကထား စုံစမ်းရမည့် ပစ်မှတ်ဆည့် ဤမိန်းကလေးပင် မဟုတ်ပါလော။

ဤမိန်းကလေး၏ ဇာစ်မြစ်ကို စုံစမ်းရာ၌ လွယ်ကူမည်တော့ မဟုတ်။ သို့သော် စုံစမ်းရန်အတွက် သားရဲတွင်းသို့ ဝင်လာခဲ့ပြီးချေပြီ။

ဆန်ကွမ်းချို၏ အတွေးငှက်များသည် အတိတ်ကာလဆီသို့ ပျံသန်းသွားရာမှ ခရီးပြန်ခေါက်တာ ပစ္စုပ္ပန်ကာလဆီသို့ ပြန်လည်ဦးတည်လာလေ၏။

ဆန်ကွမ်းချိုသည် ရုတ်တရက် ခေါင်းထောင်ကြည့်မိ၏။

အဘယ်ကြောင့်ဆိုသော် တက်မုဆရာတော်သည် ရုတ်တရက် အပြင်သို့ ကြွသွားသောကြောင့်တည်း။

ကိုယ်ဖော့ပညာစွမ်း မည်မျှ ကောင်းသနည်းဆိုသော် ခြေသံပင် လုံးဝ မကြားရချေ။



ဖန်မု ဆရာတော်ပါ လိုက်ထွက်လေမည်လားဟု ဆန်ကွမ်းချို စောင့်ကြည့်သည်။

သို့သော် ဖန်မုဆရာတော်က တစ်ဖက်မှ သူ၏ဂိုဏ်းတူအစ်ကိုကြီး ရုတ်တရက် ထွက်သွားသည်ကို သိလေဟန်မျှပင် မပြချေ။

ဆန်ကွမ်းချိုသည် တက်မု ဆရာတော်၏နောက်သို့ လိုက်ကြည့်ရန် စိတ်ကူးသေးသော်လည်း သူ့ကိုယ်သူ စိတ်မချသဖြင့် ခုတင်ထက်၌သာ ငြိမ်နေမိတော့သည်။

သူသည် ဝမ်မိသားစုထဲ၌ အက်ိုဖြူ ဝတ်ဆင်သည့် မိန်းကလေး တစ်ယောက်သာ ထူးထူးခြားခြား အာဏာရှိနေကြောင်း သတိပြုမိလာသည်။

"သူ ဘယ်သူလဲ"

ဆန်ကွမ်းချို အထပ်ထပ်တွေးသည်။

ဤမိန်းကလေးသည် သော့ချက်မိန်းကလေးဖြစ်သည်ဟူသည့် အချက်မှအပ အခြားအရာများကို စဉ်းစား၍ မရဘဲ ရှိနေသည်။

သခင်ကြီးဝမ် အတုအစစ်ကိစ္စ၌ သူတို့တွေ့ခဲ့သည့် အဘိုးကြီးကို အကြမ်းပတမ်း စစ်မေးလျှင် အဖြေပေါ်မည်ဟု ဆန်ကွမ်းချို တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

ထိုအတိုးအိုကို လွယ်လွယ်နှင့် ထပ်မံ တွေ့ဆုံနိုင်မည် မဟုတ်ကြောင်း ကိုလည်း သူသိသည်။

ဆန်ကွမ်းချိသည် အိပ်ရာခုံ ဆတ်ခနဲ ထထိုင်လိုက်သည်။ ဘာပဲဖြစ်ဖြစ် စုံစမ်းမည်ဟူသော အတွေးဖြင့် တံခါးဝဆီသို့ လျှောက်လာ၏။

တံခါးဝ၌ အစောင့်ရှိနေသေးသည်။

ဆန်ကွမ်းချိ ထွက်လာသော အခါ ဦးညွှတ် ဂါရဝပြုလေသည်။

"ဆရာလေး....အပြင်မှာ လမ်းလျှောက်မလို့လား"

"လမ်းလျှောက်မလို့ မဟုတ်ပါဘူး၊ ညနေသည် သိုင်းသမားတွေ နောက်ထပ် ဘယ်လောက် ရောက်လာသလဲ ဆိုတာ သိချင်လို့ပါ"

အစောင့်က မည်သည့်စကားမျှ ပြန်မပြောသောအခါ ဆန်ကွမ်းချိ အပြင်သို့ ထွက်လာတော့၏။

* * *



ခြံဝင်းကျယ်ကြီးအတွင်း၌ အဆောင်များစွာရှိနေသည်။

အဆောင်များကလည်း ဆင်တူဖြစ်နေသဖြင့် အနောက်ဘက် အဆောင် ဆိုသည်ကိုပင် မနည်း ရှာဖွေရမည် ဖြစ်ကြောင်း ဆန်ကွမ်းချိ သိလာ၏။

ထိုစဉ် ဝမ်ဂေဟာ၏ အိမ်တော်ပါသိုင်းသမား အဝတ်အစားကို ဝတ်ဆင်ထားသည့် သူတစ်ယောက်သည် သူ့အနီးသို့ မသိမသာ ချဉ်းကပ်လာသည်။

ဆန်ကွမ်းချိသည် လူတိုင်းလိုလိုကို သံသယစိတ်ဖြင့် ဆက်ဆံနေရသည်ဖြစ်ရာ ထိုလူ ကျိုးကြည့်ကြောင်ကြည့် ကြည့်ပြီး ချဉ်းကပ်လာသည်နှင့် ကောင်းစွာ သတိပြုမိ၏။

သူ ဘာလုပ်ရမည်နည်း။

ဆန်ကွမ်းချိသည် သူ့ကိုယ်သူ အားပေးလိုက်၏။

ခပ်တည်တည်သာနေ။

သည်လူကို ဂရုမစိုက်နဲ့။

ဒါမှ ပုံမှန်အတိုင်း ဖြစ်သွားလိမ့်မယ်။

ဆန်ကွမ်းချိသည် ချဉ်းကပ်လာသူကို မကြည့်။

ခြံဝင်းထဲ၌ ပေါက်နေသည့် ထင်းရှူးပင်ကြီးများကို ငေးကြည့်နေဟန် ဆောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း...အဟမ်း"

ချောင်းဟန့်သံ ကြားသောအခါမှ ဆန့်ကွမ်းချိုက လှည့်မေးသည်။

"ဘယ်သူလဲ"

"ကျွန်...ကျွန်တော်ပါ"

"ဘယ်သူ"

"ဝမ်ဂေဟာက အိမ်တော်စောင့်ပါ"

"ဘာကိစ္စလဲ"

"ကျွန်တော် တစ်ခုလောက် မေးချင်လို့ပါ"

ဆန့်ကွမ်းချိုမှာ ထိတ်လန့်သွားသည်။

သွားပြီ။

ငါဟန်ဆောင်လာတာ သူတို့ ရိပ်မိသွားပြီဟု စိုးရိမ်စွာတွေးတောမိသည်။

သို့သော်...

ဟန် ကိုယ့်ဖို့ မာန် သူ့ဖို့ဆိုသည့် စကားအတိုင်း ခပ်တည်တည်ပင် ပြန်မေးလိုက်ရသည်။

ရင်ထဲကတော့ တထိတ်ထိတ်ပင်။

"ဘာမေးချင်တာလဲ"



"ဆရာလေးက ကျန်...ကျန်လုဂိုဏ်းကပါလား"

ဆန့်ကွမ်းချို ပို၍ပင် ရင်ထိတ်ရပြန်သည်။

မိမိ စုတ်စုတ်ပြတ်ပြတ် ဝတ်ဆင်ထားသည့် အချက်ကြောင့် ကျန်လုဂိုဏ်းသားဟု ယူဆသွားကြပေပြီ။

သို့သော်...

မိမိက ကျန်လုဂိုဏ်းသား စစ်စစ်မဟုတ်။

အယောင်ဆောင် ဂိုဏ်းသားသာ ဖြစ်သည်။

ဝန်မခံလျှင် အလိမ်ပေါ်မည်။

ဝန်ခံ၍ ကျန်လုဂိုဏ်း၏ လျှို့ဝှက်ချက်များ အကြောင်းမေးလျှင်လည်း ဒုက္ခရောက်မည်။

ဆုပ်လည်းစူး၊ စားလည်း ရူးသည့်ကိန်း ဆိုက်နေပေပြီ။

မိမိအတွက် အဆိုးဆုံးအချက်မှာ ကျန်လုဂိုဏ်းချုပ်ကြီး အမည်နာမကိုပင် မသိခြင်းပင်တည်း။

သူသည် မရယ်ချင့် ရယ်ချင်ဖြင့် ခြောက်ကပ်ကပ် ရယ်ရင်း...

"ဆိုစမ်းပါဦး၊ ခင်ဗျားက ဘာတွေ သိချင်နေတာတုံး"

သူသည် ကျန်လုဂိုဏ်းသား ဖြစ်ကြောင်းလည်း ဝန်မခံ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်စောင့်က....

"ကျွန်တော်ဟာ ကျန်လုဂိုဏ်းကိုအမြဲတမ်းလေးစားခဲ့လူပါ၊ ဆရာလေးက ကျန်လုဂိုဏ်းထဲမှာ အတော်ကအရေးပါမယ့်လူလို့ထင်မိပါတယ်၊ ဟုတ်ရဲ့လား ခင်ဗျာ"

ဆန်ကွမ်းချီ ဒုက္ခရောက်နေပြီ။ ကျုပ် ကျန်လုဂိုဏ်းမဟုတ်ပါဘူးဟု ငြင်းလိုက်လျှင် ပြဿနာ အကြီးအကျယ် တက်ရပေတော့မည်။

★

အခန်း (၄၈)

သခင်လေးနှင့်တွေ့ဆုံခြင်း

ထိုစဉ် တုထန်ဟိုဏ်၏ စကားကို အမှတ်ရလာ၏။ ကြားယောင်လာ၏။

"ညီလေးဟာ ဉာဏ်ကောင်းပါတယ်၊ ပြဿနာဖြစ်မယ့်ကိစ္စကို ပါးပါးနပ်နပ် ရှောင်ပေါ့ကွယ်၊ တခြား သိုင်းပညာရှင်ကြီးတွေဟာ ကျန်လုဂိုဏ်းသားလို ဟန်ဆောင်ပြီး သိုင်းလောကထဲ လျှောက်သွားတတ်ကြတယ်"

ဆန်ကွမ်းချီက ချက်ချင်းဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်မှာ ကုန်လုဂိုဏ်းသားအဖြစ်ဟန်ဆောင်မှ ဖြစ်တော့မယ်၊ နောင်ခါလာ နောင်ဈေးခါပဲ"

သူသည် ဆုံးဖြတ်ပြီးသည်နှင့် ချက်ချင်း ပြန်မေးသည်။

"ခင်ဗျား မေးချင်တာကိုသာ ရှင်းရှင်းလင်းလင်းမေးစမ်းပါ၊ ဘာသိချင်သလဲ"

"ဆရာလေးတို့ ကျွန်လုဂိုဏ်းက ဆရာလေးတစ်ယောက်ပဲ့ လာသလား ခင်ဗျာ"

ရော....ခက်ကပြီ။ ဤခြံဝင်းကြီးက ကျယ်လှသည်။ ရောက်ရှိလာသည့် သိုင်းသမားများကလည်း ရာချီရှိနေသည်။ကျွန်လုဂိုဏ်းသည် ဤဈာပနအခမ်းအနားသို့ ကိုယ်စားလှယ်စေလွှတ်မည် မလွှတ်မည်ကို မိမိလည်း မသိ။

အကယ်၍ ကိုယ်စားလှယ်များ စေလွှတ်ထားစဉ် မိမိကမိမိဘစ်ယောက်ပဲ လာခဲ့ပါသည်ဟု ပြောလျှင် မိမိအလိမ်ပေါ်တော့မည်။ သို့သော် ဆန်ကွမ်းချီက မှင်သေသေဖြင့် ဆက်လိမ်၏။

"ခင်ဗျားက တယ်ပြီးရှည်ဝေးတာကိုး၊ လိုရင်းကိုပြောစမ်းပါဗျာ"



အိမ်တော်စောင့်မှာ ဖျာဖျာသလဲ ဖြစ်သွားသည်။

"စိတ်မရှိပါနဲ့ခင်ဗျာ၊ ကျွန်တော်က ကုန်လုဂိုဏ်းသားဟုတ်၊ မဟုတ် အသေအချာသိပြီးမှ ကျွန်တော့်ကိစ္စကို ထုတ်ပြောလို့ဖြစ်မှာမို့ပါ၊ စိတ်မရှိပါနဲ့"

ဆန်ကွမ်းချီက လက်ကိုဝှေ့ယမ်းပြလိုက်ပြီး....

"ဒါတွေ မလိုပါဘူးဗျာ၊ ပြောစရာရှိတာကိုသာ ယုံယုံကြည်ကြည်ပြောပါ"

"ဟုတ်ကဲ့....ဟုတ်ကဲ့၊ ဆရာလေးသာ ကျွန်လုဂိုဏ်းသားမှန်ရင် ကျွန်တော်တို့ သခင်လေးနဲ့ သိကျွမ်းရင်းနှီးမှာပါခင်ဗျာ"

ဆန်ကွမ်းချီက ခန်းခြောက်ခြောက် ရယ်သိုက်၏။ သူ့ရယ်သံက အသက်မပါ။

"ဟား....ဟား....ဟား၊ကျွန်လုဂိုဏ်းသားတွေဟာတရုတ်ပြည်ထောင်လုံး ထောင်သောင်းချီရှိနေတယ်၊ ခွေးလေးပျားတောအနှံ့ဆိုတာလိုသိပ်များတယ်၊ ကျွန်လုဂိုဏ်းသားတိုင်းခင်ဗျားရဲ့သခင်လေးကို သိရမယ်ဆိုတော့ သိပ်မလွန်လွန်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်စောင့်အသည် သူ့စကားလွှန်သွားသည်ကို သတိပြုမိလိုက်၏။

"သည်းခံပါဗျာ၊ ဆရာလေးပြောတာ သိပ်ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် သခင်လေးရဲ့အခန်းထဲကို ဝင်ရင်တော့ မမှားပါဘူး၊ ဝင်ပြီး ကေးမြည် ပြောပါဦးခင်ဗျာ"

ဆန်ကွမ်းချိုက ခပ်တည်တည် ပြန်မေးလိုက်၏။

"ရှင်းရှင်းပြောပါဗျ၊ ခင်ဗျားက ဖိတ်ခေါ်တာလား၊ ခင်ဗျားရဲ့ဆရာလေးက ဖိတ်ခေါ်တာလား"

အိမ်တော်စောင့်သည် ကျိုးကြည့်ကြောင်ကြည့် ဖြစ်သွားပြီး ခပ်တိုးတိုးပြောလေ၏။

"ဆရာလေးကို ဖိတ်ခေါ်ခိုင်းလိုက်တာ ကျွန်တော်တို့သခင်ကလေးကပါခင်ဗျာ၊ ဒါ မှန်သောသစ္စာစကားပါပဲ"

ဆန်ကွမ်းချိုမှာ ခေါင်းတစ်ခုလုံး ထူပူသွား၏။ သို့သော် သူ့စိတ်ကို ဖြေသည်။

"ဒါဟာ လမ်းစပဲ၊ ငါ့အာ စုံစမ်းချင်လို့ ဒီဂေဟာထဲ ဝင်လာတယ်၊ ငါက မစုံစမ်းရသေးဘဲနဲ့ သူတို့က ငါ့အတွက် လမ်းခင်းပေးလာတယ်"



သူသည် ထိုသို့ တွေးလိုက်ပြီးသည်နှင့် အိမ်တော်စောင့်ကို ခေါင်းညိတ်ပြသည်။

"ကောင်းပြီ၊ ကျုပ်လိုက်ခဲ့မယ်"

"တစ်ခုတော့ရှိတယ်"

အိမ်တော်စောင့်၏ စကားကြောင့် ဆန်ကွမ်းချို ခြေများ တန့်သွားရ၏။

"ဆိုပါဦး၊ ဘာရှိတာလဲ"

အိမ်တော်စောင့်က စိုးရိမ်တကြီး ပြော၏။

"ကျွန်...ကျွန်တော်နဲ့ လိုက်ရင် ခပ်ခွာခွာက ပါခဲ့ပြီးနောက်ခင်ဗျာ၊ ကျွန်တော့်အရိပ်အခြည်ကိုကြည့်ပြီး ကျွန်ရောက်ရှိသွားတဲ့ အခန်းထဲကို လိုက်ဝင်ပါ"

ဆန်ကွမ်းချိုက ခပ်ထန်ထန် မေးလေ၏။

"ဘာသဘောလဲဗျ၊ ခင်ဗျားတို့ပဲဖိတ်ခေါ်တယ်၊ ပြီး ကျုပ်က ခိုးကြောင်ခိုးဝှက် လိုက်ရမယ်ဆိုတော့..."

"ရှူး...တိုးတိုးပြောပါခင်ဗျာ၊ ဒါကလဲ အခြေအနေအရ တောင်းပန်ရတာပါ၊ ကျွန်တော်တို့ကို သခင်မလေးရဲ့လူတွေ တွေ့သွားရင် သခင်ကလေးဟာ ဆရာကလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



လုံးဝတွေ့ခွင့်ရတော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် တော
ခန်ရတာပါ”

ဆန်ကွမ်းချိ၏ သွေးများ ဆူပွက်စပြုလာသည်။ သူ
“ထန်ဟိုပါ ဝမ်မိသားစုထဲ၌ သခင်ကြီးဝမ်၏ သမီးက
ဘာပဲခြားခြား ဩဇာသက်ရောက်နေသည့်ကိစ္စတွင် များ
ပါဘူး၊ သရှိခဲ့ကြ၏။

ခု ကြားသိလိုက်ရသောစကားအရ သခင်ကြီး ဝမ်
ဆန၏ သမီးတို့သည် ဆန့်ကျင်ဘက်ဖြစ်နေလေပြီ။

“ရှင်းရှုက်၏လျှို့ဝှက်ချက်ကို သခင်ကြီး သားထံမှ သိခွင့်
ခင်ဗျားရဲ့ဆာည်။

အိမ်တော စံအရ သခင်ကြီးဝမ်၏သားသည် ညီမဖြစ်သူအား
ပြီး ခပ်တိုးတို့ ရကြောင်း သိသာထင်ရှားလေ၏။

ကွမ်းချိက ခေါင်းညိတ်လိုက်၏။

“ဆရာ
ကလေးက ာင်းပြီ၊ ခင်ဗျား ရှေ့ခပ်လှမ်းလှမ်းက သွားပါ
ာက်က အရိပ်အခြည်ကြည့်ပြီး လိုက်ခဲ့မယ်”

* * *



အိမ်တော်စောင့်သည် ဆန်ကွမ်းချိအား ဦးညွှတ်ဂါရဝပြုပြီးနောက် ထွက်ခွာသွားလေတော့၏။

ဝမ်ဂေဟာတူ ခေါ်တွင်နိုင်သည့် အလယ်ရှိ အဆောင်ကြီးထဲသို့ ဝင်လာသောအခါ ဂေဟာ သိုင်းသမားများ၏ လူးလာဆန်ခတ်ရှိနေသည်ကို တွေ့ရသည်။

သူကဲ့သို့ ဧည့်သည်တော်သိုင်းသမားများလည်း ရှိသဖြင့် ဆန်ကွမ်းချိသည် အိမ်ကြီးထဲ၌ ကျွန်ုပ်ရရဖြတ်ကျော်သွားနိုင်ခဲ့၏။ မည်သူကမျှ သံသယမဖြစ်ကြပေ။

ခန်းကြီးခန်းငယ်အသွယ်သွယ်ကို ဖြတ်ကျော်ခဲ့ပြီးနောက် လူသူကင်းရှင်းသည့် အခန်းတစ်ခန်းရှေ့သို့ ရောက်ရှိသွားသည်။

အိမ်တော်စောင့်က ဒီအခန်းထဲ ဝင်ဖြေပါဟူသော သဘောဖြင့် အချက်ပြလိုက်ပြီး ရှေ့သို့လျှောက်သွား၏။

ဆန်ကွမ်းချိသည် တံခါးကို နှစ်ချက်မျှခေါက်ပြီးတွန်းဖွင့်ဝင်သွား၏။

အခန်းထဲတွင် သခင်ကြီးဝမ်၏ သားသည် စိုးရိမ်ပူပန်သော မျက်နှာထားဖြင့် ဆန်ကွမ်းချိကို စောင့်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချို အခန်း၏အလယ်သို့ ရောက်သောအခါ လူငယ်က ထိုင်ခုံများကို ဝေ့ယမ်းပြပြီး...

"ထိုင်ပါဗျာ...ထိုင်ပါ"

ဆန်ကွမ်းချို ထိုင်ချသည်။ လူငယ်က ရေနွေးကြမ်း မန်နန်ကို လှမ်းပေးပြီး မေးခွန်းတစ်ခု မေးလေ၏။

"နောင်ကြီးရဲ့ဂိုဏ်းက နောင်ကြီးတစ်ယောက်ကိုပဲ စေလွှတ်လိုက်သလားခင်ဗျာ"

ထိုအချိန်တွင် ဆန်ကွမ်းချိုသည် လာမည့်ဘေး ပြေးတွေ့မည်ဟု ဆုံးဖြတ်ပြီးသည့်အလျောက် အတော်ကလေး တည်တည်ငြိမ်ငြိမ် ရှိနေခဲ့လေပြီ။

ဆန်ကွမ်းချိုက အေးအေးဆေးဆေးပင်ပြန်ကြည့်လိုက်၏။ ဆန်ကွမ်းချို၏ အေးဆေးတည်ငြိမ်သောအမူအရာကိုကြည့်ပြီး လူငယ်သည် ယုံကြည်အားကိုးလာဟန်ရှိလာ၏။

"ကျွန်တော့်နာမည် ဝမ်ကျင့်လန်ပါ၊ သခင်ကြီး ဝမ်ကျုံးထန်ရဲ့သားပါ၊ ကျွန်လုဂိုဏ်းချုပ် ဆရာကြီး 'ကျင်း'နဲ့ သုံးလေးကြိမ်လောက်လဲ တွေ့ဆုံခဲ့ဖူးပါတယ်"

"ဪ...ခင်ဗျားက ဂိုဏ်းချုပ်ကြီး ကျင်းနဲ့တောင်တွေ့ဆုံဖူးခဲ့သတဲ့"



"သုံးကြိမ်လောက်ပါခင်ဗျာ၊ ဒါထက် နောင်ကြီးရဲ့ အမည်ကိုရော သိခွင့်မရှိဘူးလားခင်ဗျာ"

"ကျုပ်ရဲ့ မျိုးရိုးအမည်ကတော့ 'ဆန်' ပါ၊ ဒီ တင်လုံးတည်းခေါ်လဲ ရပါတယ်"

"တာဝန်နဲ့လာတာလား၊ တာဝန်မဲ့လာတာလား၊ သိပါရစေခင်ဗျာ"

"တာဝန်နဲ့တော့ မဟုတ်ပါဘူး၊ လမ်းကြုံလို့ အတင်းမေးရင်း၊ ဂါရဝပြုရင်း ဝင်လာတာပါ၊ ဂိုဏ်းချုပ်ကြီး ကျင်းကိုယ်တိုင် ဒီသတင်းရမရ ဆိုတာ ကျုပ်လဲ မသိသေးပါဘူး၊ ဒါပေမယ့် ကျုပ်တို့ ဂိုဏ်းသားတွေက သူများထက် ဦးပြီး သတင်းရတတ်တာမို့ ဂိုဏ်းချုပ်ကြီး ကျင်းအနေနဲ့ သခင်ကြီးဝမ် ကွယ်လွန်တဲ့သတင်းကို ရပြီးနေလောက်ပါပြီ၊ ဘာကြောင့် ကိုယ်စားလှယ်အဖွဲ့ မလာတာလဲဆိုတာတော့ ကျုပ်လဲ မစဉ်းစားတတ်ဘူး"

"ဆရာကြီးကျင်း အခု ဘယ်မှာ စခန်းချနေပါသလဲခင်ဗျာ"

"ဒါ...ဒါတော့"

www.burmeseclassic.com



ဆန်ကွမ်းချိုမှာ ဂိုဏ်းချုပ်ကြီးကျင်း မည်သည့်အရပ်၌ စခန်းချနေသည်ကို လုံးဝ မသိရှိပေ။

သူ့အဖို့ အကြီးအကျယ်အခက်အခဲတွေ့နေသည်။

သို့သော်....

သူ့ဦးခေါင်းထဲ၌ ပြိုးခနဲပြက်ခနဲ အကြံကောင်း ဉာဏ်ကောင်းများ ဝင်လာ၏။

* * *

"ဒါ...ဒါတော့ ဘယ်ပြောလို့ဖြစ်ပါ့မလဲဗျာ၊ ဒါက ဂိုဏ်းရဲ့ ထိပ်တန်းလျှို့ဝှက်ချက်ပဲဗျ၊ တော်ရုံတန်ရုံ ဂိုဏ်းသားကိုတောင် အသိမပေးတဲ့အတွက် ဒီမေးခွန်းကိုတော့ မမေးပါနဲ့ဗျာ"

ဝမ်ကျင့်လန်က ပျာပျာသလဲပြောလေ၏။

"ကျွန်တော် ဒီလျှို့ဝှက်ချက်ကို သိချင်လို့မဟုတ်ပါဘူးဗျာ၊ ဆရာကြီးကျင်း ဘယ်နေရာမှာ ရှိတယ်ဆိုတာ သိရင် သူ့ဆီ အကူအညီ တောင်းနိုင် မတောင်းနိုင် တွက်ဆချင်လို့ပါခင်ဗျာ"



ဆန်ကွမ်းချိုသည် လူငယ်၏ စိုးရိမ်ပူပန်သော မျက်နှာ၊ အားငယ်ညှိုးလျှသော မျက်နှာကို တွေ့မြင်နေရသဖြင့် ကရုဏာသက်သွားသည်။

ဤလူငယ်သည် သူ့စွမ်းအားဖြင့် မဖြေရှင်းနိုင်သော ပြဿနာကြီးနှင့် ကြုံတွေ့နေရမည်မှာ သေချာနေလေပြီ။

ထို့ကြောင့် ဆန်ကွမ်းချို၏ သူရဲကောင်းစိတ်သည် ဟုန်းခနဲ ထတောက်လာသည်။

"ဟုတ်ကဲ့၊ ပြောမှာသာပြောပါဗျာ၊ ဂိုဏ်းချုပ်ကြီးကျင်း ရှိတဲ့နေရာကိုကျုပ်ရှာပေးပါ့မယ်၊ ရက်ပိုင်းအတွင်းမှာကို ခင်ဗျားအတွက် အကူအညီရစေရပါ့မယ်"

ဝမ်ကျင့်လန်က ခေါင်းခါရင်း...

"ခုတော့ နောက်ကျသွားပြီလို့ ထင်မိပါတယ်ဗျာ၊ ကျွန်တော့်အတွက် အခွင့်အရေး ဆယ်ရက်ရှိခဲ့တယ်၊ အခု ခုနစ်ရက် ကုန်ဆုံးသွားခဲ့ပြီးပြီ၊ ဒီ ခုနစ်ရက်အတွင်းမှာ ကျွန်ုပ် ဂိုဏ်းသားတစ်ယောက်ယောက်ကို မတွေ့ခဲ့တာဟာ ကျွန်တော့်အတွက် ကံဆိုးခြင်းတစ်ရပ်ပါပဲဗျာ၊ အခုဆို သုံးရက်ပဲ ကျန်တော့တာပေါ့"

ဆန်ကွမ်းချိုသည် ဝမ်ကျင့်လန်အား ပို၍ပို၍ ကရုဏာ သက်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားအခက်အခဲကိုပြောဗျာ၊ ဂိုဏ်းချုပ်ကြီးကျင်းကို မတွေ့လို့ ခင်ဗျား မနေမနားဖြစ်နေရဘူး၊ ကျုပ်ကိုယ်တိုင် ခင်ဗျားကို အကူအညီပေးမယ်"

ဆန်ကွမ်းချီ၏ ရဲဝံ့သော အာမခံစကားသည် ဝမ်ကျင့်လန်က သူ့အား အယုံအကြည် တိုးပွားစေ၏။

ဝမ်ကျင့်လန်၏စိတ်ထဲ၌ ဆန်ကွမ်းချီသည် ကျန်လုဂိုဏ်း၏ အရေးပါ အရာရောက်သော ပုဂ္ဂိုလ်အဖြစ် ထင်မှတ်ခဲ့၏။

သို့သော်....

ဝမ်ကျင့်လန်သည် ကျန်လုဂိုဏ်း၏ ရာထူးအဆင့် သတ်မှတ်သည့် 'အိတ်' အရေအတွက်အကြောင်းကိုလည်း ကြားဖူးထားသည်။

ဆန်ကွမ်းချီတွင် အိတ်ဟူ၍ တစ်အိတ်မျှမပါပေ။

အိတ်တစ်အိတ်မျှ မပါသောသူလည်း ကျန်လုဂိုဏ်း၏ အရေးပါအရာရောက်သူ ဖြစ်နိုင်သလားဟူ မဝံ့မရဲ တွေးမိသည်။

သို့သော်....

အမူအရာ အေးဆေးခြင်း၊ အပြောအဆို ရဲဝံ့ခြင်းတို့ကို ထောက်ပြီး ကျန်လုဂိုဏ်း၏ အရေးပါ အရာရောက်သော ပုဂ္ဂိုလ်ဟု သတ်မှတ်လိုက်ခြင်းဖြစ်သည်။



ဝမ်ကျင့်လန်သည် မျက်ရည်များ ယိုဝဲကျလာပြီး ဆန်ကွမ်းချီအား အားကိုးတကြီး ပြောလေ၏။

"သုံးရက်အတွင်းမှာ ဆရာလေးရဲ့ ကျန်လု ဂိုဏ်းသားတွေကို စုစည်းပါ၊ အထူးသဖြင့် အဆင့်မြင့် သိုင်းသမားအတော်များများကို စုစည်းထားပါ၊ ဘာဖြစ်လို့လဲ ဆိုတော့...."

ထိုစဉ်....

"ဒေါက်"

ဝမ်ကျင့်လန်၏ ပြတင်း တံခါးများကို အားလုံး ပိတ်ထားသည်။

ထိုတံခါးတစ်ချပ်ကို မည်သည့်နေရာမှ ပစ်ခတ်လိုက်မှန်း မသိသော ခဲ တစ်လုံးမှန်သံ ကြားရသည်။

ဆန်ကွမ်းချီအနေဖြင့်မူ တစ်စုံတစ်ဦး လက်ဆော့လိုက်ခြင်းကြောင့် တံခါးကို ခဲမှန်ခြင်းဖြစ်မည်ဟု မှန်းဆသည်။

သို့သော်....

ဝမ်ကျင့်လန်မှာမူ အကြီးအကျယ် ထိတ်လန့် မျက်နှာပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း....ဝမ်ကျွင့်လန် ဒီလောက် ထိတ်လန့်ပုံ ထောက်ရင် ဒါဟာ အချိန်းအချက်ပြုတဲ့ အချက်ပေးသံပဲဖြစ်ရမယ်"

သူတွေးနေစဉ်မှာ ဝမ်ကျွင့်လန်သည် မျက်ရည်များကို အင်္ကျီလက်စရှည်ဖြင့် ကပျာကယာ သုတ်လေ၏။

ထိုင်နေရာမှလည်း ကမန်းကတန်း ထသည်။

ထို့နောက် ဆန်ကွမ်းချီအား အံ့ဩဖွယ်စကားပြောလေတော့၏။

★

# အခန်း (၄၉)

## ဝမ်ဂေယာ၏ ဆုံးဖြတ်ချက်

"နောင်ကြီး ဆန်၊ ပြန်တော့မလို့လား ခင်ဗျ၊ ရောက်တုန်း ပေါက်တုန်း ထိုင်ပါဦး၊ အေးအေးဆေးဆေး စကား ပြောပါဦး"

ဆန်ကွမ်းချီသည် ရုတ်တရက် ပြောင်းလဲသွားသည့် ဝမ်ကျွင့်လန်၏အပြုအမူအတွက် ဘာပြန်ပြောရမည်မှန်း မသိဘဲ ဖြစ်သွားသည်။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



စောစောက ကြားလိုက်ရသည့် ခဲပေါက်သံနှင့် ဆက်စ... လေသလား ဟူ၍ တွေးတောမိ၏။

ထိုသို့ တွေးလိုက်မိသဖြင့် ဝမ်ကျင့်လန်၏မျက်နှာကို စူးစူး စိုက်စိုက် ကြည့်လိုက်သည်။

ဝမ်ကျင့်လန်၏ မျက်လုံးထဲ၌ တောင်းပန် တိုးလျှိုးသည့် အရိပ်အယောင်များကို မြင်လိုက်သည်နှင့် အခြေအနေတစ်... တစ်ရာ ထူးပြီကို ဆန်ကွမ်းချီ နားလည်လိုက်သည်။

အကင်းပါးသော ဆန်ကွမ်းချီသည် ရုတ်တရက်မတ်တတ်... ရပ်၍ ဝမ်ကျင့်လန်အား နှုတ်ဆက်၏။

"မထုင်တော့ဘူးဗျာ၊ ကြုံကြိုက်တုန်း ဝင်နှုတ်ဆက်... တာပါ၊ ကျုပ်ကို ခွင့်ပြုပါဦး"

သူသည် ပြောပြောဆိုဆို တံခါးပေါက်မှထွက်ရန် လှည့်... လိုက်သည်နှင့် တံခါးပေါက်ကို တွန်းဖွင့် ဝင်လာသော... အဖြူရောင်အင်္ကျီ ဝတ်ဆင်သည် မိန်းကလေးနှင့် တစ်ခါ... တည်း တန်းတိုးတော့သည်။

ဆန်ကွမ်းချီသည် ရုတ်တရက် အံ့ဩသွားသော်လည်း ချက်ချင်း ကွက်ခြေ ဆည်နိုင်သည်။



မိန်းကလေးက သူ့အား တံခါးပေါက်မှ လမ်းဖယ်ပေး... ရန် စောင့်ဆိုင်းသည်။

သို့သော်....

မိန်းကလေးက လမ်းမဖယ်။

"နောင်တော်ဆန်၊ ထိုင်ပါဦးရှင်"

ဆန်ကွမ်းချီသည် သူတို့ အခန်းတွင်း၌ ပြောနေသည့် ...ကားအချို့ကို ဤမိန်းကလေး ကြားသွားပြီဖြစ်ကြောင်း ...တိပြုမိလိုက်၏။

သို့သော် မည်သည့် အတိုင်းအတာအထိ ကြားသွားသည်... မှ မသိနိုင်သေး။

စောင့်ကြည့်ရဦးမည်ဟု တွက်သည်။

ဆန်ကွမ်းချီက လေသံမှန်မှန်ဖြင့် ပြောသည်။

"ကျုပ်မှာ အချိန်နဲ့သိပ်မရှိပါဘူး၊ ပြန်ခွင့် ပြုပါဦးလေ"

အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသည် မိန်းကလေးသည် ...ါးပေါက်မှ လုံးဝ မဖယ်ရှားဘဲ သူမ၏ အစ်ကိုတော်... အား လှမ်းမေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို၊ နောင်ကြီးဆန်ဆိုတဲ့ ညွှန့်သည်က ဘယ်က ခဏလောက် ထိုင်ခိုင်းပါဦး"

ဝမ်ကျင့်လန်မှာ လွန်စွာ စိတ်မသက်မသာ ဖြစ်သွား သည်။

သူ့မျက်နှာ၌ သူ၏စိတ်မသက်မသာဖြစ်မှုကို အထင်းသ ဖော်ပြနေသည်။

* * *

ဝမ်ကျင့်လန်က ခြောက်ကပ်သော လေသံဖြင့် လာသည်။

"ညီမလေး....သူက ကျွန်လုပ်ဂိုဏ်းကပါ၊ နောင်ဆ ဆန်လို့ခေါ်ပါတယ်၊ ညီမလေး ကြားပြီးတဲ့ အတိုင်းပါပဲ၊ မြန်ချင်ရင် ပြန်ပါစေ"

"အို....ညွှန့်သည်ကို ခဏကလေး ထိုင်ခိုင်းပြီး ပြန် ခိုင်းလို့ ဘယ် သင့်လျော်ပါ့မလဲ၊ ခဏ ထိုင်ခိုင်းပါ



မိန်းကလေး၏ လေသံက အနည်းငယ် မာလာသည်။
ဝမ်ကျင့်လန် မျက်နှာပျက်သထက် ပျက်လာသည်။

"နောင်တော်ဆန်၊ ခဏလောက် ထိုင်ပါဦးခင်ဗျာ၊ ကျွန်တော့် ညီမလေးက ညွှန့်ခံစကား ပြောချင်လို့တဲ့"

ဆန်ကွမ်းချီ မထိုင်ပေ။

အကျပ်အတည်း တစ်စုံတစ်ရာတွေ့ရတော့မည်ဟု စိတ်က အလိုလို သိနေသဖြင့် မထိုင်လိုတော့ပေ။

မိန်းကလေးက တံခါးကိုပိတ်ရပ်ရင်းမှ....

"ကျွန်လုပ်ဂိုဏ်းက ဝါစဉ်ကြီး ဆရာကြီး လေးငါးယောက် ဟာ ဖေဖေ့ မိတ်ဆွေကြီးတွေ ဖြစ်ပါတယ်၊ ဒီတော့ ကျွန်မ တို့ဟာ ရှင်နဲ့ သူစိမ်းတစ်ရံဆံတွေ ဘယ်ဟုတ်ပါတော့မလဲ၊ ထိုင်ပါဦးရှင်၊ ကျွန်မပြောစရာ ရှိလို့ပါ"

ဆန်ကွမ်းချီက သက်ပြင်းတစ်ချက်ချရင်း ထိုင်ခုံ၌ ပြန်ထိုင် ရလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ဒီမိန်းကလေးဟာ ထက်တယ်၊ ငါ့ကို စစ်စစ်ပေါက်ပေါက် မေးရင် ငါနဲ့ပြဿနာပေါ်မှာ သေချာတယ်၊ စကားမမှားအောင်တော့ ဂရုစိုက်မှ ဖြစ်လိမ့်မယ်"

ဆန့်ကွမ်းချီသည် မိန်းကလေးနှင့် ဆင်နွှဲရမည့် စကားစစ်ပွဲအတွက် စိတ်ထဲမှ ကျိတ်၍ ပြင်ဆင်နေမိသည်။

မိန်းကလေးသည် သူမ၏ ခန္ဓာကိုယ်ကလေးကို နွဲ့၍ လျှောက်လာပြီး သူမ၏ အစ်ကိုဘေးရှိ ထိုင်ခုံတွင် ဝင်ထိုင်သည်။

"ဟဲ...အစ်ကိုလဲထိုင်ပါဦး၊ ညီမက ဒီက နောင်တော်ဘားရှင်... ဆန်ကို နည်းနည်းပါးပါး မေးမလို့ပါ"

စမ်ကျောင့်လန်သည် အသက်ရှူကျပ်ဟန်ဖြင့်ပြတင်းတံခါးကို သွားဖွင့်သည်။ ထို့နောက် ညီမဖြစ်သူ၏ ဘေး၌ ဝင်ထိုင်သည်။

*　*　*



ဆန်ကွမ်းချီသည် မိန်းကလေးအား ခပ်တည်တည် စိုက်ကြည့်လျက် မေးခွန်းထုတ်လိုက်၏။

"ဟဲ...ဘာမေးမလို့လဲ"

မိန်းကလေးက ဆန်ကွမ်းချီ၏ တစ်ကိုယ်လုံးကို အပြုံးပြုံး လှန်လှန် အကဲခတ် ကြည့်သည်။

ထို့နောက် ခပ်အေးအေး မေးလေ၏။ သူမ၏ အသံက ကြည်လင်လှသည်။

"နောင်တော်ဆန်နဲ့ ကျွန်မအစ်ကို ခင်မင်ကြတာ ကြာပြီလားရှင်..."

ဆန်ကွမ်းချီက ခေါင်းခါ၏။

"မခင်မင်ပါဘူးဗျာ၊ ခင်ဗျားအစ်ကိုက ကျုပ်တို့ ဂိုဏ်းချုပ်ကြီးနဲ့ သုံးလေးကြိမ် တွေ့ဖူးတယ်ဆိုလို့ စကားစမြည်ပြောတာပါ၊ နောက်ပြီး ကျုပ်ဒီကို ဝင်လာတာကလဲ ထက်အမိန့်နဲ့လာတာ မဟုတ်ပါဘူး၊ လမ်းကြုံရင်း ဝင်လာတဲ့ သဘောပါ၊ ဒီလောက် ကြီးကြီးကျယ်ကျယ် ကျင်းပတဲ့ ဗျာပန အခမ်းအနားတစ်ခုကို မတက်ရောက်ဘဲနဲ့ ရှောင်လာခဲ့တယ်ဆိုရင် ကျုပ်ရဲ့အထက်က ဆရာကြီးတွေ ကျုပ်ကို အကြီးအကျယ် အပြစ်တင်တော့မှာပေါ့"

သူမက ပြုံး၍ မေးပြန်သည်။

www.burmeseclassic.com



"ကျွန်မတို့ရဲ့ ဖေဖေကြီး သေဆုံးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မရဲ့အစ်ကိုက ဘာတွေများ ပြောသေးသလဲ"

သူမ ပြုံး၍ပြောနေသော်လည်း လေသံကမူ အနည်းငယ် တင်းမာနေသည်။

စစ်မေးသည့် သဘောမျိုး သက်ရောက်နေ၏။

ဆန်ကွမ်းချိုကမူ မသိကျိုးကျွန်ပြု၍ ခပ်ရိုးရိုးပင် ပြောသည်။

"ခင်ဗျားအစ်ကိုက ဘာပြောရမှာလဲ၊ ခင်ဗျား တို့ရဲ့ အဖေဆုံးတာ ရောဂါတစ်ခုကြောင့် အမှတ်မထင် သေဆုံး သွားရတယ်ဆို...."

ဆန်ကွမ်းချိုသည် ဝမ်ကျင့်လန်အား လှမ်းကြည့်ပြီး မေး လိုက်လေ၏။

ဝမ်ကျင့်လန် ကိုုတ်၍သက်ပြင်းချလိုက်သည်ကို ဆန်ကွမ်း ချို တွေ့မြင်လိုက်ရ၏။

* * *



မိန်းကလေး၏လေသံသည် ချက်ချင်း ပျော့ပျောင်းသွား သည်။

"မှန်ပါတယ်၊ ကျွန်မတို့ရဲ့ဖေဖေဟာ အမှတ်မထင် သေ ဆုံးသွားခဲ့ပါတယ်၊ အသေးစိတ်ပြောပြဖို့ကတော့ မဖြစ်နိုင် ပါဘူးရှင်၊ ကျွန်မတို့မိသားစု အတွင်းရေးကလဲ ရှိနေပါ တယ်"

ဆန်ကွမ်းချိုက ခေါင်းညိတ်ရင်း....

"ဟုတ်ကဲ့၊ ကျုပ်ကလဲ ခင်ဗျားအစ်ကိုကြီးကို အတင်း အကျပ် မမေးပါဘူးဗျာ"

ဆန်ကွမ်းချိုသည် စကားဆုံးသည်နှင့် ထိုင်ရာမှ ထလိုက် သည်။

"ကဲ....ခင်ဗျားလဲ မေးချင်တာမေးပြီးပြီ၊ ကျုပ်လဲ သွား စရာ ရှိနေသေးတာမို့ ခွင့်ပြုပါဦး၊ ခုလို ဝမ်းနည်းစရာကြုံ တွေ့နေရတဲ့ အချိန်မှာ အနှောင့်အယှက်ပေးသလိုဖြစ်နေတဲ့ အတွက် သိပ်အားနာမိပါတယ်ဗျာ"

သူသည် ခြေလှမ်းကျဲကျဲလှမ်း၍ တံခါးဝဆီသို့ လျှောက် လာခဲ့၏။

သူ တံခါးဝသို့မရောက်မီ မိန်းကလေးက သူ့ရှေ့သို့ ခုန်ပျံရောက်ရှိလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နောင်တော်ဆန်....ခဏနေပါဦး"

ဆန်ကွမ်းချိုက သုန်သုန်မှုန်မှုန်ဖြင့် ပြန်မေးသည်။

"ခင်ဗျား ဘာပြောချင်လို့တုံး၊ မေးစရာ မြန်းစရာ မကုန်သေးဘူးလားဗျ"

"ကျွန်မ မေးစရာရှိနေတယ်"

"မေးစရာရှိရင် မြန်မြန်မေးဗျာ၊ ကျုပ်သွားစရာရှိသေးတယ်"

"ကျွန်မရဲ့ဖေဖေဟာ ကျွန်လုဂိုဏ်းက ဝါစဉ်ကြီး သိုင်းသမားကြီးတွေနဲ့ အလွန်ရင်းနှီးတယ်၊ နောင်တော်ဆန်ဟာ ဘယ်သူ့တပည့်လဲ၊ ဖြေပါ"

ဆန်ကွမ်းချို ရင်ထိတ်သွားသည်။

သူသည် ကျွန်လုဂိုဏ်းထဲမှ ဝါစဉ်ကြီး သိုင်းသမားကြီးများ၏ အမည်ကို လုံးဝမသိရှိပေ။

ဂိုဏ်းချုပ်ကြီး၏ မျိုးရိုးနာမည်ကိုတောင် ဝမ်ကျင့်လန်ထံမှ ကံအားလျော်စွာ သိရှိခဲ့ရခြင်း ဖြစ်သည်။

ဆန်ကွမ်းချိုသည် အကောင်းဆုံးဖြစ်နိုင်သည့် အဖြေကို ရွေး၍ ဖြေလေ၏။

"ခင်ဗျားရဲ့ မေးခွန်းကို မဖြေဘဲ နေခွင့်ရှိတယ်၊ ဒါပေမယ့် မိန်းကလေးရဲ့ ဖေဖေဟာ ကျုပ်တို့ ဂိုဏ်းဆရာကြီးတွေနဲ့ ရင်းနှီးတယ်ဆိုလို့ ကျုပ် ဖြေလိုက်မယ်၊ ကျုပ်က ဂိုဏ်းချုပ်ကြီးဖေဘားကလူပဲဗျ"



မိန်းကလေးသည် ရုတ်တရက် မျက်နှာပျက်သွား၏။

အဘယ်ကြောင့် မျက်နှာပျက်သွားသည်ကို ဆန်ကွမ်းချို မသိပေ။

သို့သော်....

သူမသည် ချက်ချင်း ဣန္ဒြေဆည်နိုင်သည်။

★

www.burmeseclassic.com

## အခန်း (၂၅၀)

### ကောထ်ကျွစ်သော တိုက်ပွဲ

"ဩော်.... ဒါကြောင့် နောင်တော်ဆန်က ဒီလောက် တင်းတင်းမာမာ ဖြစ်နေတာကိုး"

သူမသည် ရုတ်တရက် စကားဖြတ်ပြီး မေးလိုက်၏။

"ဒါဖြင့် ရှင်ဟာ လက်ယာ ကိုယ်ရံတော်လား၊ လက်ဝဲ ကိုယ်ရံတော်လား"

ဆန်ကွမ်းချီသည် ထိုအခါကျမှ ကျန်လူ ဂိုဏ်းချုပ်ကြီး၌ ကိုယ်ရံတော်နှစ်ဦးရှိကြောင်း သိသည်။



ယခင်က ဤသို့ လုံးဝမသိခဲ့ပေ။

စမ်ကျင့်လန်က ရုတ်တရက် ဝင်၍ ဆန်ကွမ်းချီအား အကာအကွယ်ပေးသည်။

"ညီမလေး.... နောင်ကြီးဆန်ကို စိတ် အနှောင့်အယှက် ဖြစ်အောင် မလုပ်ပါနဲ့၊ သူက ဒီကို ခဏတစ်ဖြုတ် ဝင်လာ တာပါ၊ ခဏတစ်ဖြုတ်ဝင်လာသူကို စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်ရင် ကျန်လူဂိုဏ်းက အစ်ကိုတို့ကို မျက်နှာ ပါဦးမယ်"

မိန်းကလေးက ခပ်ထန်ထန် ပြောလေသည်။

"အစ်ကို အသာ နေစမ်းပါ၊ ညီမလေး လုပ်နေတဲ့ အလုပ်ထဲ ဝင်မစွက်ပါနဲ့"

ဆန်ကွမ်းချီသည် မိန်းကလေး၏ စကားကို ဝေ့လည် ကြောင်ပတ် ဖြေလေ၏။

"ခင်ဗျားက ဒီမေးခွန်းကို ဘာဖြစ်လို့ မေးရတာလဲ၊ ဘာရည်ရွယ်ချက်နဲ့ မေးတာလဲ၊ ကျုပ်ကို ဒီလို မေးနိုင်ခွင့် မရှိဘူးဗျ"

မိန်းကလေးက အေးစက်စက် ရယ်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်တော့ ရှင် ဒီအခန်းက ထွက်ဖို့ စိတ်မကူးနဲ့တော့ရှင့်၊ ရှင်တို့ဂိုဏ်းကလူတွေ လာကယ်တဲ့အထိ စောင့်စေတော့"

ဆန်ကွမ်းချီ ဒေါသထွက်သွားသည်။

"ခင်ဗျားက ကျုပ်ကို ဖမ်းထားနိုင်လောက်တဲ့ အရည်အချင်း ရှိလို့လား၊ ခင်ဗျား ဒီလောက် စွမ်းလိမ့်မယ်လို့ လုံးဝ မထင်ဘူး"

မိန်းကလေးက ခနဲ့စကားဆက် ပြောလေ၏။

"ကောင်းပြီ၊ ရှင်က ကျွန်မကို အဆိပ်မဲ့တယ်လို့ ထင်နေတာပေါ့လေ၊ ရှင်အခု ထွက်သွားကြည့်စမ်း၊ တံခါးကို တစ်လှမ်း ခွာနိုင်ရင် ခွာကြည့်စမ်းပါ"

ဆန်ကွမ်းချီသည် ဤမိန်းကလေး၏ သိုင်းပညာထက်မြက်ပုံကို သိရှိသော်လည်း ကြောက်ရွံ့ခြင်းတော့ မရှိပေ။

ထိုးဖောက် ထွက်သွားခြင်း အတွက် အကျိုး ရှိမရှိသာ စဉ်းစားနေမိသည်။

သူသည် စဉ်းစားရင်း မိန်းကလေးကို စိုက်ကြည့်နေမိသည်။



တကယ်တမ်းတွင် မိန်းကလေးကို သူမမြင်ပါ။

"ရှင် ဘာကြောင့် ကျွန်မကို ဒီလောက် စိုက်ကြည့်နေရတာလဲ၊ ရှင့်မျက်စိက စည်းကမ်းမဲ့ လွန်းလှချည်လား"

ဆန်ကွမ်းချီမှာ မထင်မှတ်ဘဲ အပြစ်တင် ခံလိုက်ရသော အခါ အရှက်ရသွားမိ၏။

သို့သော်...

ရုပ်ဖျက်ဆေး လိမ်းထားသဖြင့် မျက်နှာနီမြန်းသွားခြင်း တော့ မရှိပေ။

မိန်းကလေးသည် ဆန်ကွမ်းချီ ငေးကြောင်နေခိုက် ရှတ်တရက် ခုန်ဝင်လာပြီး ဆန်ကွမ်းချီ၏ မင်သွေးကြောကို ထိုးပိတ်လိုက်သည်။

လျှပ်တစ်ပြက် တိုက်ခိုက်ခြင်းဖြစ်၍ ဝမ်ကျှင့်လန်သည် အထိတ်တလန့် အော်ဟစ်မိသည်။

"ညီမလေး...ညွှံသည်ကို ဘာလုပ်တာလဲ"

မိန်းကလေး၏ တိုက်ခိုက်မှုမှာ မမျှော်လင့်ဘဲ တိုက်ခြင်း၊ လျင်မြန်စွာ တိုက်ခိုက်ခြင်းတို့ကြောင့် တော် သိုင်းသမားသည် ချီမင်သွေးကြော အပိတ်ခံလိုက်ရသောင် ခန် လဲကျသွားမည်သာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့အော် ဆန်ကွမ်းချိုက တော်ရုံတန်ရုံ သိုင်းသမား မဟုတ်ပေ။

သေးဘက်သို့ ခြေလှမ်း သုံးလှမ်းအထိ ရွှေ့လျားပြီး ရှောင်တိမ်းသွားနိုင်သည်။

မိန်းကလေးသည် ဆန်ကွမ်းချို၏ ပေါ့ပါးစွာရှောင်တိမ်းမှုကို တွေ့ရသောအခါ ထိတ်လန့်သွား၏။

နှုတ်မှလည်း ပြောမိသည်။

"ဩော်....ကျွန်လုဂိုဏ်းချုပ်ကြီးရဲ့ ကိုယ်ရံတော်တွေဟာ ဒါကြောင့် နာမည်ကြီးနေတာကိုး၊ ကျွန်မရဲ့ တိုက်ကွက်ကို ရှင်ရှောင်နိုင်တဲ့အတွက် ဒီခေတ်မှာ နံပါတ်တစ် သိုင်းသမား အဖြစ် သတ်မှတ်လို့ရတယ်"

"ကျေးဇူးတင်ပါတယ်၊ ခင်ဗျားက ကျုပ်ကို ကောက်ကျစ် စဉ်းလဲစွာ တိုက်ခိုက်ခဲ့ပြီးပြီ၊ ခင်ဗျားဟာ မိန်းမသား ဖြစ်တဲ့အတွက် ဒီစဉ်းလဲမှုကို ကျုပ်ခွင့်လွှတ်တယ်၊ ကဲ....ဖယ် ပါ၊ ကျုပ်ကို သွားခွင့်ပြုပေတော့"

စဉ်းစားန်းကလေးက အေးစက်စက် ရယ်ပြီး....

"ဒီ လွယ်လွယ် ထွက်သွားနိုင်တယ်လို့ ထင်ရင် ရှင် သူသည် ၂၊ သည်။



"ခင်ဗျား လွန်နေပြီ"

"မလွန်ပါဘူး....တစ်ခုတော့ရှိတယ်၊ ရှင် ထွက်သွားချင် ရင် ကျွန်မနဲ့ သိုင်းကွက်သုံးဆယ် တိုက်ခိုက်ပါ၊ သိုင်းကွက် သုံးဆယ်အတွင်းမှာ ကျွန်မက ရှင့်ကိုမနိုင်ရင် ဒီအခန်းထဲက ရှင် ထွက်သွားပေတော့၊ ကျွန်မ မတားတော့ဘူး"

ဆန်ကွမ်းချိုသည် ခေတ္တမျှ စဉ်းစားလိုက်သည်။

သိုင်းကွက်သုံးဆယ်တိုက်ခိုက်ခြင်းဖြင့် သူမ၏ သိုင်းပညာ အတိမ်အနက်ကို စူးစမ်းသင့်သည်ဟု ယူဆ၏။

"ကောင်းပြီ၊ ခင်ဗျားက သိပ်ပြီး အမောက်ထောင်နေ တော့ ကျုပ်ကလဲ ပြန်ပြီး အမောက် ထောင်ပြရတော့မှာ ပါ၊ တစ်ခုတော့ ကြိုပြောထားမယ်၊ သိုင်းကွက်သုံးဆယ် ထက် မပိုရဘူးနော်၊ တစ်ကွက်မှ မပိုရဘူး"

မိန်းကလေးက ခေါင်းညိတ်သည်။

"စိတ်ချ၊ သိုင်းကွက်သုံးဆယ်ထက် လုံးဝ မပိုစေရဘူး၊ ဒါပေမယ့် ဒီအခန်းကကျဉ်းတယ်၊ အနောက်ဘက်က ခြံဝင်း ထဲ သွားပြိုင်ကြမယ်"

သူမသည် အခန်းတံခါးကိုတွန်းဖွင့်၍ အပြင်သို့ဦးဆောင် ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုသည် မိန်းကလေး၏ ကျောပြင်ကို ကြည့်၍ တီးတိုး မှတ်ချက်ချမိသည်။

"သူဟာ ပန်းကလေးလို လှပမယ့် မြွေဆိုးလို ကြောက်စရာ ကောင်းတဲ့ မိန်းကလေးပဲ"

ဆန်ကွမ်းချိုသည် သူမ၏ နောက်မှ လိုက်ပါသွားသည်။

သူမက ဒေါသ အလျှဉ်းမပါသည့် လေသံဖြင့် ဆန်ကွမ်းချိုအား ဆီးကြို၏။

"အခန်းအပြင်ဘက်ရောက်လာပြီ၊ ဒါဟာ စစ်တလင်းပဲ၊ ရှင်ကြပ်ကြပ်သတိထားပေတော့"

ဆန်ကွမ်းချိုက ခပ်တည်တည်ပင် ပြောသည်။

"လုပ်ပါလေ၊ စိတ်ကြိုက်တိုက်စမ်းပါ"

"နေစမ်းပါဦး၊ ရှင်က လက်ဝဲကိုယ်ရံတော်လား၊ လက်ယာ ကိုယ်ရံတော်လား"

"ဒါတွေမေးနေဖို့ အချိန် မဟုတ်တော့ဘူးလေ၊ ခင်ဗျား အနေနဲ့ သိုင်းကွက်သုံးဆယ် တိုက်နိုင်အောင် ပြင်ဆင်ပါ၊ တစ်ကွက်မှတော့ မပိုစေနဲ့၊ ကြောက်လို့ပြောတာ မဟုတ်ဘူး၊ အချိန်ကုန်မှာစိုးလို့ ပြောတာ"

မိန်းကလေးသည် ဆန်ကွမ်းချိုထံသို့ လျှပ်တစ်ပြက် ခုန်ဝင်ပြီးနောက် ရွှမ်ကျိုး သွေးကြောကို သူမ၏ လက်ညှိုး လက်ခလယ်ဖြင့် ထောက်သည်။



သူမသည် တိုက်ခိုက်ရင်း လှမ်းပြောသည်။

"ရှင့်ကို ကျွန်မ တစ်ခွန်းပဲမေးတယ်၊ ရှင်က အနည်းဆုံး သုံးခွန်းလောက် ဖြေတယ်၊ ဘာဖြစ်လို့ စကားတွေ ရှည်ရတာလဲ"

ဆန်ကွမ်းချိုက ရှောင်တိမ်းရင်း....

"ခင်ဗျားဟာ တကယ်မလိုပါဘဲ အသံမပေးဘာမပေးနဲ့ အမြဲတမ်း ဒီလိုပဲ တိုက်ခိုက်တတ်သလား"

သူမသည် ဆန်ကွမ်းချိုထံသို့ ကိုယ်တစ်ခြမ်းစောင်း ခုန်ဝင်ကာ တိုက်ကွက်ငါးမျိုးဖြင့် တိုက်ခိုက်၏။

သူမ တိုက်ခိုက်သည့် နေရာတိုင်းသည် ဆန်းကွမ်းချို၏ သေကွင်းမျှားသာဖြစ်သည်။

ရက်စက်သော တိုက်ကွက်များသာ ဖြစ်၏။

သူမ၏ လက်ညှိုး လက်ခလယ်သည် ဆန်ကွမ်းချို၏ မျက်လုံး နှစ်ဖက်ဆီသို့သွားသည်။

မျက်လုံးများကို ဖောက်ရုံသာ မဟုတ်၊ ဦးနှောက် အထိ ထိုးသွင်းနိုင်သည့် အင်အားပါသည်။

လက်ဝဲလက်က ရွှမ်ကျိုးသွေးကြောကို ထပ်ထိုးသည်။

သွေးကြောပြတ်သည်နှင့် သေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝဲယာ ခြေထောက်များက အောက်ပိုင်းသေကွင်းများကို ကန်သည်။

ပြန်၍ ခုန်အထွက်၌ သုံးစွဲသွားသည့် တံတောင်ဆစ်သာ အထိခံလိုက်ရပါက ဆန်ကွမ်းချို၏ ရင်တစ်ခုလုံး ပွင့်ထွက်သွားနိုင်သည်။

★

## အခန်း (၅၁)

### အဆုံးတြ

ဆန်ကွမ်းချိုသည် မိန်းကလေး၏ တိုက်ကွက်များကို အောင်မြင်စွာ ရှောင်တိမ်းနိုင်လိုက်၏။ ရှောင်တိမ်းရင်းမှ ထိတ်လန့်စွာ တွေးတောမိသည်။

"လွန်ခဲ့တဲ့လေးနှစ်တုန်းကသာ ဒီတိုက်ကွက်နဲ့ အတိုက်ခံရရင် ငါတော့ ဆယ်သက်မက သေနေလောက်ပြီ"

မိန်းကလေးသည် အခြားတစ်ဖက်၌ မတ်တတ်ရပ်၍ လှမ်းမေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာတွေစဉ်းစားနေတာလဲ၊ ဘာဖြစ်လို့ ကျွန်မကို မတိုက်ခိုက်တာလဲ"

"ခင်ဗျားရဲ့တိုက်ကွက်တွေ ဆန်းကြယ်တာကို အံ့သြထိတ်လန့်နေတာပါ၊ ကျုပ်တခြားကိစ္စတွေ မစဉ်းစားပါဘူး။ ခင်ဗျားရဲ့ သိုင်းပညာ တယ်ကောင်းတာပဲ"

"ကျေးဇူးပဲရှင်၊ ဒီလိုချီးကျူးတဲ့အတွက် ရှင့်ကို ခွင့်လွှတ်မယ်လို့တော့ မထင်နဲ့၊ သိုင်းကွက်သုံးဆယ်အတွင်းမှာ ရှင် ဖက်ရာနည်းနည်းကလေးမှ မရစေနဲ့၊ ရရင် ရှင်မလွှယ်ဘူး"

ပြောပြောဆိုဆို ဆန်ကွမ်းချီအား ခုန်အုပ်ပြန်၏။ ခက်ယာလက်ဝါးဖြင့် ရိုက်သည်။ ဆန်ကွမ်းချီက လက်ဝဲလက်ဖြင့် ခုခံသည်။

တံတောင်ဆစ်ဖြင့်တိုက်သည်။ ဆန်ကွမ်းချီကဖယ်ထုတ်၏။ ညာဒူးဖြင့်တိုက်သည်။ ဆန်ကွမ်းချီကိုယ်ကိုရို၍ရှောင်သည်။ ဘယ်ဒူးဖြင့်တိုက်သည်။ ကိုယ်ကိုရို၍ရှောင်သည်။ တစ်ချက်မျှမထိသောအခါ ညာဘက်က စွန်လက်သည်းကုတ်သိုင်းပညာဖြင့် ဆန်ကွမ်းချီ၏ မျက်လုံးကို နှိုက်သည်။ ဆန်ကွမ်းချီက ခေါင်းကိုနောက်ပြန်ချ၍ ရှောင်၏။



မိန်းကလေးသည် တစ်ကွက်မျှမထိသောအခါ နောက်သို့ ပြန်ခုန်ထွက်သွားပြန်၏။

ဆန်ကွမ်းချီက ရယ်ရင်း....

"ခင်ဗျားတိုက်တာ ခြောက်ကွက်ရှိသွားပြီ၊ နှစ်ဆယ့်လေးကွက်ပဲ ကျန်တော့တယ်"

မိန်းကလေးက ဒေါသဖြင့် ပြော၏။

"ရှင် ကျွန်မကို မတိုက်ခိုက်ဘဲ ဒီလိုပဲ ရှောင်နေတော့မှာလား၊ ရှောင်နေတဲ့အတွက် ကျွန်မကကြည့်ာမှာမဟုတ်ဘူး၊ ရှင် ဘာဖြစ်လို့ ရှောင်ရုံ ရှောင်နေရတာလဲ"

ဆန်ကွမ်းချီက....

"ခင်ဗျား အလုပ်မဟုတ်ပါဘူး၊ ခင်ဗျား အလုပ်က ကျုပ်ကို အကွက်သုံးဆယ်ပြည့်အောင် တိုက်ဖို့ပဲ"

"ရှင့်ကို ကျွန်မတစ်ခုမေးမယ်၊ ရှင် မှန်မှန်ဖြေရင် ဒီခြံထဲက ထွက်ခွာခွင့်ပေးမယ်၊ ရှင် လက်ယာကိုယ်ရံတော်လား၊ လက်ဝဲကိုယ်ရံတော်လား မှန်မှန်ပြော"

"ခင်ဗျား ကျုပ်ကိုတိုက်တာ ခြောက်ကွက်တောင်ရှိသွားပြီ၊ ဒီမေးခွန်းကို မေးဖို့မလိုတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သံသယ ရှိနေတယ်"

"ဒီသံသယကို ရှင်းဖို့အချိန်မရှိဘူးဗျ"

"ဒါပေမယ့် ရှင့်ပညာက အတော်ကလေး ကောင်းနေတယ်၊ ဂိုဏ်းချုပ်ကြီး ကျင်းရဲ့ကိုယ်ရံတော် ဖြစ်ကောင်းလဲ ဖြစ်နိုင်တာပဲ"

"ကျုပ်ဖညာက အသေးအဖွဲ့ပါ၊ စာမဖွဲ့လောက်ပါဘူး"

"ဟင်း-ဟင်း-ဟင်း၊မယုံစရာပဲ၊ထားပါလေ၊ ရှင် ကျွန်မအစ်ကိုဆီက ဘာသတင်းတွေ ရသွားသလဲ"

"ဒါကိုပဲ ခင်ဗျား အထပ်ထပ် မေးနေတာကိုး၊ ဘာသတင်းရရမှာလဲ၊ ဘာလဲ ခင်ဗျားတို့ရဲ့ ဖခင်ကြီးက ရိုးရိုးသားသား သေဆုံးတာ မဟုတ်ဘူးလား"

"တိတ်စမ်း၊ ရှင့်ပါးစပ်ပိတ်ထားစမ်း"

သူမသည် စကားမဆုံးမီ ဆန်ကွမ်းချီထံသို့ ခုန်ဝင်ဖောမြန်လေသည်။

သည်တစ်ကြိမ် သူမခုန်သည်မှာ အလွန်မြင့်သည်။



ဆန်ကွမ်းချီ၏ ခေါင်းပေါ်သို့ ကျော်ပြီး နောက်စေ့ကို ဆွဲကုတ်ခြင်း ဖြစ်သည်။

ဦးနှောက်ကုတ်ဆွဲ အဆိပ်လက်သည်း အမည်ရှိသော သိုင်းကွက်ဖြစ်၍ သာမန်ထိပ်သီးသိုင်းသမားသည် ဤသိုင်းကွက်ကို မသုံးနိုင်ပေ။ ထိပ်သီးအဆင့်ထက် ပိုသော သိုင်းသမားသာ ဤသိုင်းကွက်ကို သုံးနိုင်သည်။

ဆန်ကွမ်းချီ အဘယ်ကဲ့သို့ ရှောင်တိမ်းမည်နည်း။

* * *

ဆန်ကွမ်းချီသည် နောက်စေ့ကိုဆွဲကုတ်လာသော လက်သည်းများကို သူ့လက်ချောင်းကလေးများဖြင့် တောက်ထုတ်သည်။ သူ့ခန္ဓာကိုယ်ကိုလည်း တစ်ပါတည်း လှဲချထားတစ်ပတ်ကျွမ်း ထိုးချလိုက်ရ၏။

မိန်းကလေး၏လက်ဖျားသည် ထုံကျဉ်သလို ဖြစ်သွား၏။ သူမသည် လေထဲ၌ ပျံဝဲသွားပြီး တစ်ဖက်၌ မတ်တတ်ရပ်လျက် ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မျက်လုံးများ၌ မီးဝင်းဝင်းတောက်လျက် ရှိနေလေပြီ။

ဆန်ကွမ်းချိုက သူမထက် စောစီးစွာ ထ ရပ်ပြီး ဖြစ်လေသည်။

မိန်းကလေးအား 'ဘယ်လိုလဲ'ဟူသည့် အကြည့်မျိုးဖြင့် ကြည့်နေလေ၏။

* * *

စင်စစ် ဆန်ကွမ်းချိုသည် မိန်းကလေးအား ယုံဝ အထင်မသေးပေ။

ယခု တိုက်ကွက်များကို မြင်ပြီးနောက် ပို၍ပင် အထင်မသေးပေ။

ဤ တိုက်ကွက်များကို ဆာမန်ထိပ်အိုး သိုင်းသမားများ မတတ်ကျွမ်းနိုင်ပေ။



မည်သည့် ဆရာသမားက သူမအား ဤတိုက်ကွက်များ သင်ပေးထားသည်ကို ဆန်ကွမ်းချို တွေးမရဘဲ ရှိနေပါသည်။

သို့သော် သူသည် ကိုယ်ချင်းစာနာလျက် တစ်ခုတော့ တွေးသည်။

သူသည်ပင်လျှင် ယခင်က သိုင်းသမား ဝေါက်စကလေး တဝမျှသာ ရှိသည်။

သူ၏ ဆရာကြီးဟောင်း ရဲယိဖိန်ထံ၌ပညာရင်နို့ သောက်စို့ရာ၌ ကြိုးရေက အဆင့်မျှသာ တတ်ကျွမ်းခဲ့သည်။

ကံအားလျော်စွာ ပိုင်မဲ့စန်း သစ်တောအတွင်းရှိ ဘုရားကျောင်းပျက်သို့ ရောက်ရှိသွားရာမှ ထူးဆန်းသော ပလွေသံရှင် အဘိုးအိုကို တွေ့ရှိခဲ့ရသည်။

အဘိုးအိုက သူ့အား လိုလိုချင်ချင် သိုင်းပညာများမျှဝေပေးခဲ့သည်။

သိုင်း အကျော်အမော်တချို့ သိုင်းပညာများ တတ်ကျွမ်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမိန်းကလေးသည်လည်း သူ့ဘဝမျိုးမကြုံခဲ့ဟု မည်သူ အတပ်ပြောနိုင်ပါမည်နည်း။

စင်စစ် ဆန်ကွမ်းချီအနေဖြင့် ဤမိန်းကလေးနှင့် ဤသို့ ထိပ်တိုက် မတွေ့လိုချေ။

မသိမသာ ဤမိန်းကလေး၏နောက်သို့ လိုက်၍ စုံစမ်း လိုခြင်းသာ ရှိသည်။

ယခုမူ မမျှော်လင့်ဘဲ ထိပ်တိုက် တွေ့နေရသည်။

သူမ၏ ဇာစ်မြစ်ကို စုံစမ်းရန် အခက်အခဲ တွေ့ရုံမျှမက မိမိပါ မိမိ မသိအေးသော အရှုပ်အထွေးကြီးထဲ၌ မျောပါ သွားနိုင်ကြောင်း ဆန်ကွမ်းချီ သိနေမိသည်။

မိန်းကလေးကမူ မိမိအား ကျွန်လုဂိုဏ်းသား စစ်စစ်ဟု အထင်ရှိနေကာ သူမ၏ အစ်ကိုထံမှ သတင်း တစ်စုံတစ်ရာ ရရှိသွားပြီဟု ထင်နေ၏။

ထိုအချက်ကြောင့် ဤမျှ ရက်ရက်စက်စက် တိုက်ခိုက် နေခြင်းဖြစ်ကြောင်း ဆန်ကွမ်းချီ နားလည်နေသည်။

အကယ်၍ ဤမိန်းကလေးသာ သူမ၏အစ်ကို အခန်း ထဲသို့ စောစီးစွာမရောက်ရှိခဲ့ပါလျှင် သူမ၏အစ်ကို ဝမ်ကျင့်



လန့်သည် ဤ ဂေဟာအတွင်း၌ ဖြစ်ပျက်နေသည့် လျှို့ဝှက် ချက်များကို ပြောပြကောင်း ပြောပြနိုင်သည်။

ယခုသော် ကံကြမ္မာလှည့်ဖယ်သဖြင့် လျှို့ဝှက်ချက်ကိုမသိရ သည့်အပြင် သူကိုယ်တိုင် ကြီးကျယ်သော တိုက်ပွဲကြီးကို ဆင်နွှဲနေခဲ့ရပါလေ၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၂)

### စိတ်ပြောင်းသူ

ဆန်ကွမ်းချိက သူ အံ့ဩသည့် အချက်တစ်ချက်ကို မေးမြန်းလိုက်သည်။

"နေစမ်းပါဦး၊ ဒီ ခြင်းကြီးထဲမှာရှည့်သည်သိုင်းသမားတွေ အများကြီးရှိပါတယ်၊ ဘာဖြစ်လို့ အခု တစ်ယောက်မှ မတွေ့ရတော့တာလဲ"

မိန်းကလေး၏ မျက်လုံးထဲမှ ဒေါသ အရိပ်အယောင်များ ရုတ်တရက် ပျောက်သွားပြီး တခစ်ခစ်ရယ်လေတော့၏။



"ဘာလဲ၊ရှင်က အပြင်က သိုင်းသမားတွေဆီက အကူအညီ တောင်းချင်လို့လား"

ဆန်ကွမ်းချိက ခပ်အေးအေးပင် ပြောသည်။

"ကြုံကြုံဖန်ဖန်ဗျာ၊ ဒီလောက် များပြားတဲ့ လူတွေကို တစ်ယောက်မှ မတွေ့ရလို့ အံ့ဩပြီး မေးတာပါ"

"သူတို့အားလုံးကို တည်းခိုဆောင်တွေဆီ ပို့ထားတယ် ရှင့်၊ အခု ရှင်နဲ့ကျွန်မ တိုက်ခိုက်နေတာက အနောက်ဘက်အဆောင်ရဲ့ အနောက်ဘက်ပဲ၊ ဘယ်သိုင်းသမားမှ ကျွန်မတို့ကို မမြင်နိုင်ဘူး၊ ဘယ်သိုင်းသမားကမှလဲ လာမကူနိုင်ဘူးရှင့်"

သူမသည် တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် တွေတွေငေးငေး ဖြစ်သွားသည်။

ဆန်ကွမ်းချိက အသာ စောင့်ကြည့်နေသည်။

ထိုစဉ် မိန်းကလေးက...

"ကျွန်မ စိတ်ပြောင်းသွားပြီ"

"ခင်ဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်မ စိတ်ပြောင်းသွားပြီ၊ ပထမတုန်းကတော့ ကျွန်မစိတ်ထဲမှာ ရှင့်ကို အများကြီး သံသယ ရှိခဲ့တယ်၊ ကျွန်လုဂိုဏ်းသား ဟုတ်ချင်မှ ဟုတ်မယ်လို့ပေါ့"

"အခု ခင်ဗျား ယုံသွားပြီလား"

"အင်း....ရှင့်ပညာက အတော်အဆင့်မြင့်တော့ ဂိုဏ်းချုပ်ကြီး ကျင်းရဲ့ကိုယ်ရံတော် ဖြစ်နိုင်ဘယ်လို့ ကျွန်မလက်ခံလာပါပြီ၊ ဒါပေမယ့် တစ်ခုတော့ တိတိကျကျ မေးချင်တယ်"

ဆန်ကွမ်းချီ ဝမ်းသာသွားသည်။

ဆူဆူပူပူ မဖြစ်ဘဲ အေးအေးဆေးဆေးနှင့် ဤအခန်းထဲမှ ထွက်နိုင်ခဲ့လျှင် သူ့အတွက် အများကြီး အဆင်ပြေသည်။

လက်ရှိ ကြားသိထားသမျှတို့ကို အစ်ကိုကြီး တုထန်ဟိုအား ပြောပြပြီးနောက် နောက်တစ်ဆင့် တပ်မံ ကြံစည်နိုင်သည် မဟုတ်ပါလား။

ထို့ကြောင့် ဤ မိန်းကလေးနှင့် ပြေပြေလည်လည် ဆက်ဆံနိုင်ရန် ဆန်ကွမ်းချီ ကြိုးစား အားထုတ်တော့သည်။



"မေးပါ....ခင်ဗျား ဘာမေးချင်သလဲ၊ ကျုပ် ဖြေနိုင်ခွင့်ရှိသမျှကိုတော့ ဖြေပါမယ်"

"ကောင်းပြီ....ကျွန်မမေးမယ်၊ ရှင်ဟာ အထက်အမိန့်နဲ့ ဗျာပန အခမ်းအနားကို တက်ရောက်လာတာလား၊ ကိုယ့်သဘောနဲ့ကိုယ် တက်ရောက်လာတာလား"

ဆန်ကွမ်းချီက ပြုံးလိုက်၏။

"ခင်ဗျားက ကျုပ်ပြောခဲ့တဲ့ စကားတွေကို မမှတ်မိဘဲကိုး၊ ကျုပ်သဘောနဲ့ ကျုပ် တက်လာတာပါလို့ ပထမတွေ့စကတည်းက ကျုပ်ပြောပြီးခဲ့ပြီးပြီ၊ ကျုပ်ကို ကျုပ်တို့ဌာနချုပ်က စေခိုင်းခြင်းလဲမရှိပါဘူး၊ ဒါပေမယ့် ကျုပ်တို့ဂိုဏ်းရဲ့ သဘာဝအရ မစပ်စုလို့ မဖြစ်ဘူး၊ ဒါကြောင့်မို့ ဗျာပန အခမ်းအနားကို တက်ရောက်လာတာပါ"

မိန်းကလေးက သူ့အား ဂါရဝ ပြုတော့သည်။

ဆန်ကွမ်းချီ အံ့အား သင့်သွား၏။

ဤမိန်းကလေးသည် သူ့အား ဧည့်သည်တစ်ယောက်အဖြစ် ပထမဆုံး အသိအမှတ်ပြုခြင်းပင် ဖြစ်တော့သည်။

"ကျွန်မကို ခွင့်လွှတ်ပါရှင်၊ ကျွန်မအပြုအမူတွေဟာ ရိုင်းစိုင်းသလို ဖြစ်ခဲ့ပါတယ်၊ ကဲ....ကျွန်မရဲ့ ဧည့်ခန်းကို လိုက်ခဲ့ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ကိစ္စမရှိပါဘူး၊ ကျွန်တော်ခရီးဆက်စရာ ရှိနေ ပါတယ်"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲရှင်၊ ဧည့်သည်တစ်ယောက် ကို စော်ကားချင်တိုင်း စော်ကားပြီးမှ အရက်ကလေး တစ် ခွက်တောင် ဧည့်ခံမတိုက်ဘူးဆိုရင် ကျွန်မလောက် အိမ်ရှင် မပီသတဲ့လူ ရှိပါတော့မလား"

ဆန်ကွမ်းချီမှာ ငြင်းဆန်ရန် မတတ်နိုင်ဘဲ ရှိလေ၏။

"ကဲ…ကြွပါရှင်၊ ကျွန်မအစ်ကိုကိုလဲ ကျွန်မတောင်းပန် ရဦးမယ်ရှင့်"

ဆန်ကွမ်းချီသည် သူမ ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့ ရတော့သည်။

သူမ၏ဧည့်ခန်းမှာ ခမ်းနားလှသည်။

တစ်ခန်းလုံး ကြွေထည်ပစ္စည်းများဖြင့် ပြည့်နှက်နေလေ သည်။

ခေါင်းရင်းဘက်ရှိ အမွှေးတိုင်အိုးကြီးနှစ်လုံးမှ အမွှေး ရနံ့များ သင်းပျံ့ထွက်နေသည်။

မိန်းကလေးက ဆန်ကွမ်းချီအား နေရာ ချထားပြီး နောက် သူကိုယ်တိုင် ဧည့်ခံမည့်အစားအသောက်များကို ပြေးယူသည်။



"ကျွန်မတို့ ဂေဟာက အစေခံတွေလဲ ဖေဖေ ချောပန် ကိစ္စနဲ့အလုပ်များနေတော့ တကယ့်ကို မအားလပ်ရအောင် ရှိနေကြပါတယ်၊ ဒါကြောင့် ကျွန်မကိုယ်တိုင် အရက်အိုးနဲ့ ဟင်းလျာတွေ သွားယူရတာပါ"

ဆန်ကွမ်းချီက ဟိုဟိုသည်သည် လှမ်းကြည့်သည်။

"ဘာကိုကြည့်တာလဲရှင့်၊ အလိုရှိတာကိုပြောပါ၊ တတ် နိုင်သမျှ ကျွန်မဖြည့်ဆည်းပေးပါ့မယ်"

မိန်းကလေးသည် အလွန်တရာ သဘောကောင်းနေ၏။

ဆန်ကွမ်းချီမှာ မိန်းကလေးများနှင့် ရင်းနှီးကျွမ်းဝင်စွာ မနေဖူးသဖြင့် မနေတတ်မထိုင်တတ် ဖြစ်နေမိသည်။

"ဪ….ခင်ဗျားအစ်ကိုကို ကြည့်နေတာပါ"

"ကျွန်မအစ်ကိုလဲ ဧည့်သည်တွေဆီ လိုက်နှုတ်ဆက်နေ တာ ဖြစ်ပါလိမ့်မယ်၊ ဘော်ကြာလာပါလိမ့်မယ်၊ ကဲ…. အရက်သောက်ပါဦး"

ဆန်ကွမ်းချီသည် အရက်အသောက်တတ်သူ မဟုတ်ပေ။

အိမ်ရှင်က အထူးဂရုစိုက်၍ တိုက်နေသဖြင့် မသောက် လျှင် မကောင်းဘူးဟူသော အယူအဆဖြင့် မိန်းကလေး လှမ်းပေးအပ်သည့် အရက်ခွက်ကို လှမ်းယူလိုက်သည်။

မိန်းကလေးသည် ဟင်းလျာပန်းကန်များကိုလည်း ရှေ့သို့ တိုးပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"စားပါဦး၊ ညှော်သည်တွေ ဝင်လာမစဲ တသဲသဲ ဖြစ်နေ တော့ အရက်နဲ့ဟင်းလျာတွေလဲ အဆက်မပြတ်အောင် သ ယှောင်ချက်ပြုတ်ထားရပါတယ်"

ဆန်ကွမ်းချိုသည် သူတစ်ကြိမ်မျှမသောက်ဖူးသည့်အရက် ကို တစ်ချီတည်း မော့ချလိုက်တော့၏။

သူ့လည်ချောင်းထဲ၌ ထူပူသွားသည်။

"ကျုပ်က တစ်ခါမှအရက်မသောက်ဖူးဘူးဗျ၊ ခင်ဗျားကိုသို အားနာလွန်းလို့ သောက်လိုက်တာပါ"

မိန်းကလေး၏ မျက်လုံးထဲ၌ ကေ့ာက်ကျစ်သော အရိပ် အယောင်များ ပေါ်လာ၏။ သို့သော် ခေတ္တမျှသာ။

ဆန်ကွမ်းချိုက ပြောသည်။

"ကဲ....ကျွန်တော် အရက်လဲ သောက်ပြီးပြီ၊ ခရီးလဲ ဆက်စရာရှိသေးတော့ ကျွန်တော် ကိုခွင့်ပြုပါဦး၊ ခင်ဗျာ ရဲ့ အစ်ကိုကိုလဲ နှုတ်ဆက်ခဲ့ကြောင်း ခင်ဗျားပဲ ပြောပြလိုက် ပါဗျာ"

မိန်းကလေးက တခစ်ခစ်ရယ်၏။

"ရှင် ခရီးဆက်ဖို့မလိုတော့ပါဘူးလေ၊ ဒီမှာပဲ အေး အေးဆေးဆေး အနားယူ တော့"

"ဗျာ၊ ခင်ဗျား ဘာသဘောနဲ့ပြောတာလဲ"



"ရှင် ခရီးဆက်ဖို့မလိုတော့ဘူး၊ ရှင်သောက်တဲ့အရက် ထဲမှာ ကျွန်မဆေးခတ်ထားလိုက်ပြီ"

"ဘာ..."

ဆန်ကွမ်းချို၏အာမေဋိတ်သံအဆုံး တစ်အိမ်လုံးတုန်ဟည်း သွားမတတ် ထွက်ပေါ်လာ၏။

အာမေဋိတ်သံနှင့်အတူ ဆန်ကွမ်းချိုသည် မိန်းကလေးထံ ခုန်ပျံထွက်လာ၏။

သို့သော်....

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

### အတိတ်စေ့ဆေးဒဏ်

"ဝှန်း"

မိန်းကလေးက ထိုင်နေသည့်နေရာမှ လွယ်ကူစွာ ရှောင်ထွက်သွား၏။ ဤသို့ခုန်အုပ်လိုက်မည်ဟု သူမက ကြိုတင်တွက်ဆထားဟန်တူသည်။

ဆန်ကွမ်းချီမှာ မိန်းကလေးထိုင်သည့်ကုလားထိုင်ကို ခုန်အုပ်မိပြီးနောက် ဝရုန်းသုံးကား ပြိုလဲသွားတော့၏။

ထို့နောက် ပြိုလဲရာမှ ပြန်လည် မထလာနိုင်တော့ပေ။ ဆေးတန်ခိုးကြောင့် ဆန်ကွမ်းချီ မထနိုင်တော့။



မိန်းကလေးသည် တခစ်ခစ်ရယ်ပြီးနောက် ဆန်ကွမ်းချီကို ဆွဲထူလိုက်၏။

ဆန်ကွမ်းချီ မေ့မြောသွားခြင်း မရှိပါ။ သို့သော် သူ့မျက်လုံးများ ကြောင်နေပါသည်။

"နောင်တော်ဆန် ဆိုတဲ့ သိုင်းပညာရှင်ကြီးထပါဦးရှင့်၊ ဒီညွှန်းထဲမှာ ဒီပုံစံကြီးနဲ့လဲကျနေလို့ တော့မဖြစ်ဘူးရှင့်၊ ရှင့်ကို အခန်းလွတ်တစ်ခုထဲမှာ ခဏထည့်ပေးရမှာပဲ"

ဆန်ကွမ်းချီသည် ယိမ်းတိမ်းယိုင်တိုင်ဖြင့် မိန်းကလေး ဆွဲထူသည့်အတိုင်း ထလာ၏။

မိန်းကလေးက သူ့အား အခြား အခန်းတစ်ခန်းသို့ ဆွဲခေါ်သွားသည်။

အိပ်ခန်းတစ်ခန်းဖြစ်ပြီး ခုတင်တစ်လုံး အဆင်သင့်ရှိနေသည်။

သူမက ခုတင်ကို လက်ဖြင့်ပုတ်ပြပြီး...

"နောင်တော်ဆန်၊ ဟောဒီ ခုတင်ပေါ်တက်ပြီး ခဏတစ်ဖြုတ် အနားယူလိုက်ပါဦး၊ အတွင်းအား ကျင့်စဉ်လဲလေ့ကျင့်ပါဦး၊ မဟုတ်ရင် မူးတူး ယိုင်တိုင်နဲ့ အရက်သမားလို ဖြစ်နေဦးမယ်၊ အခုဟာက ဆေးစွမ်း တကယ်မပြဆေးဘူးရှင့်၊ ဆေးစွမ်းတကယ်ပြလာတဲ့အခါကျမှ ရှင်ဟာ လူကောင်းတစ်ယောက်လို ပြန်ဖြစ်လာလိမ့်မယ်၊ အဲဒီအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျွမ့် ရှင်သွားချင်တဲ့ ခရီးကို ဆက်သွားပေါ့ရှင်၊ အဲဒီအချိန်သွားလဲ နောက်ကျမယ် မထင်ပါဘူး"

ဆန်ကွမ်းချိုသည် သူမကို ငေးကြည့်နေ၏။

သူမက ခုတင်ကို လက်ဖြင့်ပုတ်ပြသောအခါ ခုတင်ပေါ်သို့ တက်၍ တင်ပျဉ်ခွေထိုင်သည်။

"ဟုတ်ပြီ၊ ရှင့်ဘာသာ အတွင်းအားကျင့်စဉ် လေ့ကျင့်ပေတော့"

ဆန်ကွမ်းချိုသည် မျက်လုံးများ စုံမှိတ်လိုက်တော့၏။

ထို့နောက်....

သူ၏ အတွင်းအား ကျင့်စဉ်ကို စတင် လေ့ကျင့်တော့သည်။

မိန်းကလေးသည် ခုတင်ဘေးရှိ စားပွဲအံဆွဲကို ဆွဲဖွင့်လိုက်သည်။

ချွန်ထက်သော ဓားမြှောင် တစ်ချောင်းနှင့် ဆေးပုလင်းတစ်ပုလင်း ထုတ်ယူသည်။

ဆန်ကွမ်းချိုကို လှမ်းကြည့်၏။

သူမ၏ မျက်လုံးထဲ၌ လူသတ်လိုသော အရိပ်အယောင်များ တဖျပ်ဖျပ် ပေါ်လာသည်။

ထိုစဉ် တံခါးအပြင်မှ ခြေသံကြားလိုက်ရသည်။



"ညီမလေး...ညီမလေး"

ဝမ်ကျင့်လန်၏ အသံတည်း။

"အစ်ကို ဝင်ခဲ့"

မိန်းကလေးက ညီမဟု ဆိုသော်လည်း လေသံက ပြတ်တောက်သည်။

ခြေသံ ပါလာသည်။

ဝမ်းနည်းခြင်း အထိမ်းအမှတ် ဝတ်ဆင်ထားသည့် ဝမ်ကျင့်လန်သည် အခန်းထဲသို့ မရဲတရဲ ဝင်လာ၏။

သူသည် မိန်းကလေး လက်ထဲ၌ရှိသော ဓားမြှောင်နှင့် ဆေးပုလင်းကိုကြည့်ကာ တွန့်သွားသည်။

ခုတင်ပေါ်၌ တင်ပျဉ်ခွေ၍ ထိုင်နေသော ဆန်ကွမ်းချိုကို တွေ့လိုက်ရသောအခါ ဝမ်ကျင့်လန် ပို၍ လန့်သွားလေ၏။

"ညီ....ညီမလေး၊ သူ....သူ"

မိန်းကလေးက ဟက်ခနဲ တစ်ချက်ရယ်သည်။

"သူနဲ့ ဘာဖြစ်လို့လဲ၊ အစ်ကို့ မိတ်ဆွေ နောင်တော်ဆန်ဆိုတဲ့ လူလေ"

"သူနဲ့ ညီမလေး မတိုက်ခိုက်ကြဘူးလား"

"တိုက်ခိုက်တာပေါ့၊ ခြောက်ကွက်ပဲ တိုက်ရတယ်၊ သူ လိမ္မာသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကျောင့်လန်၏ မျက်နှာ၌ လွန်စွာ စိတ် မသက်မသာ ဖြစ်သွားသည့် အမူအရာမျိုး ပေါ်လာ၏။

မိန်းကလေးက ထိုအမူအရာကိုကြည့်၍ ပြုံးလေ၏။

ဝမ်ကျောင့်လန်က တိုးတိုးပြော၏။

"သူမသေခင်ကဲ့ကိုအစ်ကိုဝမ်းသာပါတယ်၊ ညီမလေးသာ သူ့ကို သတ်မိရင် အကြီးအကျယ် ပြဿနာဖြစ်မှာ သေချာတယ်"

မိန်းကလေး၏ မျက်ခုံးများ မြင့်တက်သွား၏။

"ဘာဖြစ်လို့လဲ"

ဝမ်ကျောင့်လန်က သက်ပြင်းရှိုက်ရင်း ပြောသည်။

"ကျုန်လုဂိုဏ်းသားသုံးယောက်လာတယ်၊ သူတို့ ရှေ့က အဆောင်ထဲ ရောက်နေကြပြီ"

"ကျုန်လုဂိုဏ်းကဆိုတာ သေချာရဲ့လား"

"ကျုန်လုဂိုဏ်းသားတွေ ဘယ်လို ဝတ်ဆင်တယ်ဆိုတာ လူတိုင်းသိကြတာပဲ"

"သုံးယောက်တောင် လိုက်လာကြသလား"

"ဟုတ်တယ်၊ သုံးယောက်ပဲ"

"အဲဒီအထဲမှာ အစ်ကိုသိတဲ့လူများ ပါသေးသလား"

"တစ်ယောက်တော့ အစ်ကိုသိပါတယ်"



"အဲဒီ သုံးယောက်က ဒီလူအကြောင်း မေးသေးလား"

"မမေးပါဘူး"

"သူတို့ ဘာတွေပြောသလဲ"

"ဖေဖေ ဘယ်တုန်းက သေသလဲ၊ ဘယ်မှာမြှုပ်သလဲလို့ မေးတယ်၊ မြှုပ်တဲ့နေရာကို ပြပါလို့ပြောတယ်"

"ဘာလုပ်ကြမလို့တဲ့လဲ"

"သူတို့ကတော့ ဂါရဝပြုကြမလို့ ပြောတာပဲ"

"အစ်ကိုက မဖြစ်နိုင်တဲ့အကြောင်း ပြောခဲ့ပါလား၊ ဒါ ဟာ မိသားစုကိစ္စ ဖြစ်တဲ့အကြောင်း ရှင်းပြပါလား"

ဝမ်ကျောင့်လန်၏ မျက်နှာ၌ အလွန်တရာ စိတ်ဆင်းရဲသည့် အမူအရာမျိုး ပေါ်လာသည်။

သူက ခပ်တိုးတိုးလေး ပြော၏။

"အစ်ကို ရှင်းပြပါတယ်၊ ညီမလေး သွန်သင်ထားတဲ့ အတိုင်း တစ်သဝေမတိမ်း ရှင်းပြလိုက်ပါတယ်"

မောင်နှမနှစ်ယောက် ရှည်လျားစွာ အပြန်အလှန် ပြော နေကြသည့်တိုင် ဆန်ကွမ်းချိကတော့ မျက်လုံး ဖွင့်မကြည့် ပေ။

ခုတင်ပေါ်၌ အတွင်းအား ကျင့်မြဲကျင့်နေ၏။

မိန်းကလေးကရယ်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဒါထက် စောစောက အစ်ကိုပြောတဲ့ စကားထဲမှာ ပါတဲ့ ကျွန်လုဂိုဏ်းသား သုံးယောက်ထဲက တစ်ယောက်ကို အစ်ကိုသိတယ်လို့ ပြောတယ်၊ အဲဒီလူက ဘယ်အဆင့်ရှိသလဲ"

"ကျွန်လုဂိုဏ်းရဲ့ ဖလှကျင့်ရေးမှူးပါ"

"ရှင်...ဖလှကျင့်ရေးမှူးကြီးတောင် ဒီကိုလိုက်လာသတဲ့လား၊ သူ့နာမည်ကိုတော့ အစ်ကိုသိမှာပေါ့"

"သိပါတယ်၊ ကွမ်းစန်စင်ပေါ့"

"ဩော်....ကွမ်းစန်စင်တဲ့လား"

"သူ့ရာထူး အဆင့်မြင့်တယ် ဆိုတာလောက်တော့ ယေဘုယျ သိတယ်၊ တိတိကျကျတော့ မသိဘူး၊ ဘယ်အဆင့်ရှိမလဲ"

"ဂိုဏ်းချုပ်ကြီး ပြီးရင်တော့ ဒီပုဂ္ဂိုလ်ဟာ အကြီးမြင့်ဆုံး ပုဂ္ဂိုလ်လို့ မှတ်သားဖူးတာပါပဲ"

"အခု သူတို့ ဘယ်မှာလဲ"

"ရှေ့အဆောင်က ခန်းမကြီးထဲမှာပါ၊ ဦးလေး ကျောင်းရှောင်ဟိုက ဧည့်ခံစကားပြောနေပါတယ်၊ ရှောင်လင်ဆရာတော် နှစ်ပါးလဲ အဲဒီမှာ ရှိနေပါတယ်"

မိန်းကလေး မျက်မှောင်ကြုတ်သွားသည်။

"ဒီ ရှောင်လင်ဆရာတော် နှစ်ပါးဟာ ဘာဖြစ်လို့ ပြန်မကြွသွားသေးတာလဲ"



မိန်းကလေးသည် ဓားမြှောင်နှင့် ဆေးမှုန့်ပုလင်းကို သူ၏ အတွင်းအိတ်ထဲသို့ ထည့်၍ သိမ်းဆည်းလိုက်၏။

"လာ...သွားကြမယ်၊ ကွမ်းစန်စင် ဆိုတဲ့နာမည်ကို ကြားဖူးနေတာ ကြာပြီ၊ သူ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာ အခုတော့ ကိုယ်တွေ့ သိမြင်ရတော့မယ်"

ဝမ်ကျင့်လန်သည် ရုတ်တရက် ဆန်ကွမ်းချီအား လှမ်းကြည့်မိလေ၏။

ဆန်ကွမ်းချီသည် ခုတင်ပေါ်၌မျက်စိမှိတ်လျက် ထိုင်နေမြဲ ထိုင်နေသည်။

"ညီမလေး....သူ ဘာဖြစ်နေသလဲ"

ဝမ်ကျင့်လန်က မေးလိုက်၏။

"သူ ဘာမှ မဖြစ်ဘူး"

မိန်းကလေး၏ အဖြေကြောင့် ဝမ်ကျင့်လန်သည် ဆန်ကွမ်းချီအနီးသို့ ပြန်ကပ်သွားပြီး ခေါ်ပြန်၏။

"နောင်တော်ဆန်....နောင်တော်ဆန်"

နောင်တော်ဆန်ကား လုံးဝ မလှုပ်ချေ။

ဝမ်ကျင့်လန်သည် မိန်းကလေးအား မယုံသင်္ကာ မျက်နှာထားဖြင့် လှည့်ကြည့်လေ၏။

ဘာမျှ မမေးတော့ပေ။

မိန်းကလေးက ရယ်ပြီး...

"ညီမလေးကို ဘာမှ မယုံသင်္ကာ ဖြစ်မနေပါနဲ့၊ သူက ညီမရဲ့ဆေးကို သောက်ထားတယ်၊ ဒီဆေးက သူ့ကို ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



မပေးပါဘူး၊ ဒါပေမယ့် အခုအချိန်မှာတော့ အစ်ကို ဘယ်လိုပဲ ခေါ်ခေါ် သူကြားမှာ မဟုတ်ပါဘူး"

ဝမ်ကျင့်လန်မှာ တကိုယ်လုံး ထိတ်လန့်သွားသည်။ ခြောက်ကပ်သော လေသံဖြင့် ပြန်မေး၏။

"ညီမလေး သူ့ကို ဘာတွေ ကျွေးထားသလဲ"

"ဆေးက အန္တရာယ် မပေးပါဘူး၊ အတိတ်မေ့ဆေးပါ…."

"ညီမလေး ဘယ်လို လုပ်ထားတာလဲ၊ အခုဆိုရင် သူ့ဂိုဏ်းကလူတွေ လာနေပြီ၊ သူတို့က အစ်ကိုတို့ကို ပြဿနာ လုပ်တော့မှာပေါ့"

မိန်းကလေး၏ မျက်နှာမှာ ရုတ်ခြည်း တင်းမာသွားသည်။

"အစ်ကို စကားတွေလွန်နေပါပြီ၊ စကားပြောရင် ကြည့်ပြောပါ၊ ပြဿနာဖြစ်တော့ ဘာဖြစ်သလဲ၊ ကျွန်မပဲ ကြည့်ရှင်းရမှာပဲ"

ဝမ်ကျင့်လန် မျက်နှာပျက်သွား၏။ သူ ဆက်မပြောတော့ပေ။

ထိုစဉ် ဆန့်ကွမ်းချီထံမှ သက်ပြင်းချသံကြားရပြီး ဆန့်ကွမ်းချီ လှုပ်ရှားလာသည်ကို တွေ့ရ၏။

ဝမ်ကျင့်လန် ဝမ်းသာအားရ ပြောလေ၏။

"ဟော….နောင်တော်ဆန့် သတိရလာပြီ"

ဆန့်ကွမ်းချီ မျက်လုံး ဖွင့်ကြည့်၏။



သူ့မျက်လုံးများက တစ်မျိုးဖြစ်နေသည်။ သာမန်မျက်လုံးများ မဟုတ်ပေ။

သူသည် ခုတင်ပေါ်မှ ဆင်းလာပြီး ဝမ်ကျင့်လန်ဘေး၌ လာရပ်၏။

"နောင်တော်ဆန့်၊ နောင်တော်ဆန့် ကျွန်တော့်ကို သိသလား"

ဆန့်ကွမ်းချီသည် ဝမ်ကျင့်လန်အား လှမ်းကြည့်၏။

သို့သော် မှတ်မိ သိရှိပုံမရပေ။ ဝမ်ကျင့်လန် ဝမ်းနည်းကြေကွဲသွားတော့သည်။

"သွားရှာပြန်ပြီ တစ်ယောက်"

ထိုစကားကို ဝမ်ကျင့်လန် အသံထွက်၍ ပြောလိုက်ခြင်း မဟုတ်ပါ။

စိတ်ထဲမှ ရေရွတ်လိုက်ခြင်းသာ ဖြစ်ပါသည်။

သူ့စကားကြောင့် အဖြူရောင် အင်္ကျီ ဝတ်ဆင်သည့် မိန်းကလေး ဒေါသထွက်လာမည်ကို သူ မလိုလားပါ။

ဆန့်ကွမ်းချီသည် ဝမ်ကျင့်လန်အား ခပ်စိန်းစိန်း ကြည့်နေသည်။

ထို့နောက် ခပ်ဝေးဝေး တစ်နေရာ၌ သွားရပ်လေသည်။

ဝမ်ကျင့်လန်က….

"ညီမလေး၊ ညွှန်သည်တွေကို သွားတွေ့မယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"သွားတွေ့မယ်လေ၊ ဟောဒီက နောင်ကြီးဆန်ကိုလဲ ခေါ်သွားရ ဦးမယ်၊ ကျန်လူဂိုဏ်းက သူ့ဆရာသမားကြီးတွေနဲ့ တွေ့ပေးရဦးမယ်"

ဝမ်ကျင့်လန် လန့်သွား၏။

"ညီမလေး၊ ဆတီမေ့နေတဲ့ နောင်တော်ဆန်ကိုတွေ့ရင် ကျန်လူဂိုဏ်းက ဝါစဉ်ကြီးဆရာတွေက သိပ်စိတ်ဆိုးသွားလိမ့်မယ်၊ ညီမလေးအတွက် စေတနာနဲ့ ပြောတာပါ"

မိန်းကလေးသည် ဟက်ဟက်ပက်ပက် ရယ်လေတော့သည်။

"ညီမအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ဒီလူကိုတွေ့ပြီး ကျန်လူဂိုဏ်းက ဝါစဉ်ကြီး ဆရာကြီးတွေ ထိတ်လန့်သွားတာကို ညီမမြင်ချင်တယ်၊ သူတို့ ထိတ်လန့်တကြား ဖြစ်သွားပါစေ"

ဝမ်ကျင့်လန်က...

"ညီမလေး၊ ကျန်လူဂိုဏ်းရဲ့ လေ့ကျင့်ရေးမှူး ကွမ်းစန်စင်ဟာ သိုင်းလောက အတွေ့အကြုံ အင်မတန် ကြွယ်ဝတယ်လို့ အဆိုရှိပါတယ်၊ နောင်တော်ဆန် မေ့ဆေးဒဏ်ကြောင့် အခုလို ဖြစ်နေတယ်ဆိုတာ သူတို့ ရိပ်မိသွားမှာပေါ့၊ ဒီမေ့ဆေးကို ဘယ်သူခတ်တယ်ဆိုတာ သူ ချက်ချင်း စုံစမ်းမှာပဲ၊ အဲဒါဆိုရင် ပြဿနာဖြစ်ပြီလို့ မဆိုနိုင်ဘူးလား"

မိန်းကလေးသည် သည့်တစ်ကြိမ်တွင်တော့ ဝမ်ကျင့်လန်အား စိတ်မဆိုးတော့ပေ၊ ရယ်၍ပင် နေသေးသည်။



"ကဲ...ကဲ...အစ်ကို ရှေ့က ထွက်သွားစမ်းပါ၊ ညီမက သူ့ကိုခေါ်ထုတ်လာပါမယ်၊ ဟိုကျတော့ ဘယ်လိုလဲဆိုတာ စောင့်ကြည့်တာပေါ့"

ဝမ်ကျင့်လန်က...

"ညီမလေး၊ သူ့ကို ကျန်လူဂိုဏ်းသားသုံးယောက်နဲ့ တကယ်တွေ့ပေးတော့မလို့လား"

မိန်းကလေး၏မျက်နှာမှာ ရုတ်ခြည်း တည်ကြည်သွားသည်။

"ကျွန်မ ဘယ်တုန်းက ညာဖူးလို့လဲ"

ဝမ်ကျင့်လန် အထူးမပြောရဲတော့ချေ။

"ကောင်းပါပြီ၊ ညီမလေးသဘောပေါ့ပဲ"

သူမသည် ဆန်ကွမ်းချီ၏ ပခုံးကိုပုတ်၍ ပြောလိုက်၏။

"ကဲ...ကျွန်မနောက် လိုက်ခဲ့ပေတော့၊ ဟိုမှာ ဧည့်သည်တွေနဲ့ တွေ့ဆုံစရာကိစ္စရှိတယ်"

ဆန်ကွမ်းချီသည် ပြုံးရယ်ခြင်းမရှိသောမျက်နှာဖြင့် မိန်းကလေးနောက်သို့ လိုက်လာလေတော့သည်။

သူတို့သည် ဝမ်ဂေဟာ၏အနောက်ဘက် ဂေဟာမှထွက်၍ အရှေ့ဘက်အဆောင်သို့ လျှောက်လာကြသည်။

ဝမ်ဂေဟာတွင်၌ အဆောင်များ များစွာရှိရာ ၎င်းတို့သည် အဆောင်သုံးဆောင်ကို ဖြတ်ကျော်ခဲ့ကြရ၏။

www.burmeseclassic.com



နောက်ဆုံး၌ အရှေ့ဘက်အဆောင်သို့ ရောက်ရှိခဲ့ကြ၏။ အရှေ့ဘက်အဆောင်၏ ညှော်ခန်းထဲတွင် ရှောင်လင်ဆရာတော်နှစ်ပါး၊ ချင်းစိန် အဘိုးအိုနှစ်ဦးနှင့် ဂေဟာစောင့်သိုင်းသမားများကို တွေ့မြင်ကြရသည်။

တက်မုဆရာတော်၏ ဘေး၌ မုတ်ဆိတ်မွေး ထူထူနှင့် စတ်စုံအပြာရောင် ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ဦး ထိုင်နေသည်။

ထိုအဘိုးအိုသည် ဥပဓိရုပ် ကောင်းသော်လည်း သူဝတ်ဆင်ထားသည့် အပြာရောင်မှာ အရောင်အဆင်း မွဲခြောက်နေပြီး အဖာဘာစ်ရာဖြင့် ပြည့်နေ၏။

အခြားသူနှစ်ယောက်မှာ ထိုအဘိုးအိုကဲ့သို့ပင် ဟောင်းနွမ်းသောအဝတ်အစားများ ဝတ်ဆင်ထားကြသည်။

သို့သော် အသက်အရွယ်အားဖြင့်မူ ထိုအဘိုးအိုလောက် မကြီးရင့်ကြပေ။အသက်သုံးဆယ်ကျော်မျှသာရှိကြသည်။

ဈာဖနည့်ကြို ကျင်းရှောင်ဟိုသည် ထို မုတ်ဆိတ်ထူထူ အဘိုးအိုကို ညွှန်ခံစကားပြောနေ၏။

စကားပြောနေပုံကိုကြည့်ပါက တစ်ဦးနှင့်တစ်ဦးအလွန် ရင်းနှီးသည့်ပုံစံမျိုး တွေ့မြင်ရမည်။

ခန်းမထောင့်၏တစ်နေရာ လူဂရုစိုက်မခံရသည့် နေရာ၌ မျက်နှာညိုညိုနှင့် လူကြီးတစ်ယောက်ရှိနေပြီး ဆန်ကွမ်းချီအား မသိမသာ အကဲခတ်နေသည်။



သူအကဲခတ်ပုံကို မည်သူက ဂရုစိုက်သနည်း ဟူသော အကြည့်ဖြင့်လည်း ညှော်ခန်းထဲမှလူများကို မသိမသာ အကဲခတ်နေပေသေးသည်။

ထိုအချိန်မှာပင် ဝမ်ကျင့်လန်၊ မိန်းကလေးနှင့် ဆန်ကွမ်းချီတို့သည် ညှော်ခန်းထဲ ရောက်ရှိလာကြသည်။

ဝမ်ကျင့်လန်က လက်သီးဆုပ် ဂါရဝပြုပြီး—

"ကျွန်တော့်ဖေဖေ သေဆုံးတဲ့ ဈာပနကို ဆရာကြီးတို့ တက်ရောက်လာတဲ့အတွက် ကျေးဇူးတင်ကြောင်းသားဖြစ်တဲ့ ကျွန်တော် ဝမ်ကျင့်လန်က နှုတ်ခွန်းဆက်ပါတယ် ခင်ဗျာ"

"ကိစ္စမရှိပါဘူး တူမောင်၊ ကျုပ်တို့အတွက် ဘာပကာသနမှ မလိုပါဘူး"

ထိုအဘိုးကြီးကား ကျွန်လုဂိုဏ်းကြီး၏ လေ့ကျင့်ရေးမှူးကြီး ကွမ်းစန်စင်ဖြစ်တော့သည်။

ကျွန်လုဂိုဏ်းတွင် ဂိုဏ်းချုပ်ကြီးကျင်း၏နောက် ဒုတိယအကြီးမြင့်ဆုံးပုဂ္ဂိုလ်ကြီးဖြစ်ပေ၏။

ထိုင်ခုံလွတ်များတွင် ဝမ်ကျင့်လန်နှင့် မိန်းကလေးတို့ ဝင်ထိုင်ကြ၏။

ဆန်ကွမ်းချီမှာမူ ဤအခန်းထဲရှိလူများသည် သူ့နှင့်လုံးဝ မပတ်သက်ဟု ယူဆထားသည့်အလား ငေးကြောင်ကြောင် ရပ်နေသည်။

www.burmeseclassic.com



ကွမ်းစန်စင်က ချောင်းတင်ချက်ဟန့်ပြီးနောက်....

"ကျုပ်တို့ ဒီလာတာ ဈာပနအတွက်တော့ ဟုတ်ပါတယ်၊ တကယ်ရောက်ပြီး ပြန်ရုံတော့ မဟုတ်ပါဘူး"

ဝမ်ကျင့်လန်က ဦးညွတ်ဂါရဝပြုပြီး ပြန်မေး၏။

"ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီးဘာများ မိန့်ကြားချင်ပါသလဲ၊ မိန့်ကြားပါခင်ဗျာ"

ကွမ်းစန်စင်က....

"ကျုပ်တာ ကျုပ်တို့ဂိုဏ်းချုပ်ကြီးရဲ့အမိန့်အရ ဈာပနအခမ်းအနားအတွက် လက်ဆောင်အကူပစ္စည်း လာပို့ပေးခြင်းဖြစ်သလို ဇာမောင်ရဲ့ဖခင် ရုပ်ကလာပ်ကိုလဲ စစ်ဆေးကြည့်ရှုရပါမယ်"

ဝမ်ကျင့်လန်က အရေးတကြီး ပြောလေ၏။

"ဒါ...ဒါတော့ မဖြစ်နိုင်ဘူးဆရာကြီး"

"ဘာမဖြစ်နိုင်ရမှာလဲ၊ လောကမှာ မဖြစ်နိုင်တဲ့ကိစ္စဆိုတာ နည်းနည်းပဲ ရှိပါတယ်"

"ဒီ...ဒီလိုပါ၊ ကျွန်တော့်ဖခင်ကြီးရဲ့ ရုပ်ကလာပ်ကိုမနေ့ကပဲ သင်္ဂြိုဟ်ပြီးပါပြီ ခင်ဗျာ၊ မနေ့ညကပဲ မြေမြှုပ် သင်္ဂြိုဟ်လို့ ပြီးသွားပါပြီ"



ဝမ်ကျင့်လန်သည် သူ့ဖခင်၏ကိစ္စအတွက် ပူပန်နေသလို ဆန်ကွမ်းချိ၏ကိစ္စနှင့်ပတ်သက်၍ ကွမ်းစန်စင် ဘာများပြဿနာ လုပ်မည်နည်းဟူ၍ စိတ်ပူပန်နေရ၏။

ကွမ်းစန်စင်သည် ဆန်ကွမ်းချိအား တစ်ချက်မျှသာအကဲခတ်သည်။

နောက်ပိုင်း၌ လုံးဝ မကြည့်တော့ပေ။

ဆန်ကွမ်းချိနှင့် ကျန်လုဂိုဏ်း မည်သို့မျှ မဖတ်သက်ခြင်းကို စင်စစ်အားဖြင့် ဝမ်ကျင့်လန် သိမထားပေ။

တစ်ခုတော့ရှိသည်။

ဆန်ကွမ်းချိ ဝတ်ဆင်ထားသော ဈောင်းနှမ်း စုတ်ပြဲသည့် အကျီအဝတ်အစားများက ပြဿနာဖြစ်ကောင်း ဖြစ်နိုင်လေသည်။

သို့သော်....

ကွမ်းစန်စင်သည် ဆန်ကွမ်းချိနှင့်ပတ်သက်၍ မည်သည့်ပြဿနာမျှ မပြုလုပ်ပေ။

သူတို့ဂိုဏ်း၏ အဝတ်အစားများ ဝတ်ဆင်ထားသည့်အတွက်လည်း ပြဿနာ မဟုတ်ပေ။

ထိုစဉ် မိန်းကလေးက ရုတ်တရက် ဝင်ပြောလေသည်။

"အစ်ကို၊ ဖေဖေ့ရုပ်ကလာပ်တို့ မြေမြှုပ် သင်္ဂြိုဟ်ပြီးပြီပဲ၊ ဖေဖေ့ဈာပနအတွက် ဧည့်သည်တော်တွေ များများ

www.burmeseclassic.com



နေတာကိုက အားနာစရာ ကောင်းနေပါပြီ၊ ဒီတော့ ညွှန့်သည်တော်တွေကို ဆက်ပြီး ဒုက္ခမပေးပါနဲ့တော့၊ ပြန်ဖို့ စီစဉ်ပေးရင် ပိုကောင်းမယ်နဲ့ တူပါတယ်”

မိန်းကလေး၏ စကားကြောင့် အခန်းထဲရှိ လူ အတော်များများမှာ ဟယ်ခနဲ ဖြစ်သွားသည်။

အဘယ်မှာလျှင် ဟယ်ခနဲမဖြစ်ဘဲ နေမည်နည်း။

ညွှန့်သည်ကို ဓမ္မောင်းနှင်ထုတ်သူဟူ၍ ဤလောကၖ ရှား လှသည် မဟုတ်ပါလော။

ယခု ညွှန့်သည်ကိုနှင်ထုတ်နေသည့် အိမ်ရှင်ကို ရှားရှား ပါးပါး တွေ့နေရချေပြီ။

“အဟမ်း....အဟမ်း”

ကွမ်းစန်စင်က ချောင်းဟန့်လိုက်၏။

လူအားလုံး ကွမ်းစန်စင်ထံသို့ အာရုံ ရောက်သွားကြလေ သည်။

“နောင်ကြီး ဖမ်ကျုံးထန်ဆီမှာ ထက်မြက်တဲ့ သမီး ရတနာတစ်ယောက် ရှိတယ်လို့ ကြားသိထားရတယ်၊ အဲဒီ မိန်းကလေးပဲထား”

မိန်းကလေးက ခပ်တည်တည်ပင် ခေါင်းညိတ် အဖြေ ပေးလေ၏။

“ဟုတ်ကဲ့ ကျွန်မပါပဲ၊ ဆရာကြီးကတော့ ကျန်လူဂိုဏ်းက ခေါင်းဆောင်ရှေးမူကြီး ကွမ်းစန်စင် ဆိုတာများလား ရှင်”



အခန်းထဲရှိ သိုင်းသမားကြီးများသည် မိန်းကလေး၏ စကားများကို ကြားလိုက်ရသောအခါ အကြီးအကျယ် ထိတ်လန့်သွားကြရပြန်လေ၏။

* * *

ကျန်လူဂိုဏ်း၌ ကွမ်းစန်စင်၏ အဆင့်သည် အလွန်ပင် မြင့်မားလှ၏။

သာမန်ထိပ်သီး ဆရာကြီးများကပင် ကွမ်းစန်စင်အား နာမည်တပ်၍ ခေါ်လေ့မရှိကြပေ။

ဤ နုနယ် ဖူးမျစ်လှသော မိန်းကလေးက ဆရာကြီး ကွမ်းစန်စင်အား ‘ကွမ်းစန်စင်’ဟူ၍ ခေါ်ဝေါ်ရဲခြင်းသည် အခြားသော သိုင်းသမားကြီးများအတွက် အမှန်တကယ် ထိတ်လန့်စရာပင် ဖြစ်တော့သည်။

ကွမ်းစန်စင်သည် ဒေါသထွက်လျှင် မီး မှုတာင် ကဲ့သို့ တဝုန်းဝုန်း ပေါက်ကွဲတတ်သူ ဖြစ်သည်။

ဆယ်ကျော်သက်အရွယ် ဖူးမျစ်နုနယ်သော မိန်းကလေး က ဤသို့ ခေါ်ဝေါ်ခြင်းအတွက် စိတ်ဆိုး ဒေါသထွက်မည် ဆိုလျှင် ဒေါသ ထွက်နိုင်လောက်သည်။

သို့သော်....

ကွမ်းစန်စင် စိတ်မဆိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ကျုပ်နာမည်ကို ခုလို တိုက်ရိုက် အခေါ်မခံရတာ ကြာခဲ့ပြီ၊ နှစ်ပေါင်းလေးဆယ် ကြာမြင့်ခဲ့တဲ့ အချိန်အတွင်းမှာ ကျုပ်ရဲ့ ဂိုဏ်းချုပ်ကြီးကတောင် ကျုပ်ကို နောင်ကြီးကွမ်းလို့ပဲ ခေါ်ခဲ့တယ်"

အဘိုးကြီးသည် ငယ်ရွယ်သူ မိန်းမပျိုကလေးက သူ့ထိပ်ကို လက်ဖြင့်ခေါက်၍ ဆော့ကစားသည်ကို ခံလိုက်ရသည့်အလား တဟင်းဟင်း ရယ်မောနေလေတော့၏။

တက်မှုဆရာတော်နှင့် ဖန်မု ဆရာတော်သည် ဆရာကြီးကွမ်းစန်စင်၏ သည်းခံနိုင်မှုကို လွန်စွာ အံ့ဩကြလေသည်။

မိန်းကလေးသည် အခန်းထဲ၌ ဖြစ်ပေါ်နေသည့် အံ့ဩထိတ်လန့်မှုနှင့် ခွင့်လွှတ်မှုတို့ကို လုံးဝ ဂရုမစိုက်ချေ။

"ဆရာကြီး၊ ဒီလို မရယ်သင့်ပါဘူး၊ ဒီလိုနာမည်ခေါ်လိုက်တာက အပြစ်ကြီးတစ်ခု ကျူးလွန်ရာ ကျနေလို့လား"

ကွမ်းစန်စင်က အရယ်ရပ်လိုက်ပြီး....

"မိန်းကလေး မင်းခေါ်ချင်သလိုခေါ်ပါ၊ကျုပ်ကတော့ ဂရုစိုက်လှတယ် မဟုတ်ပါဘူး"

မိန်းကလေးက ခပ်တည်တည် ပြော၏။

"အမှန်အတိုင်းပြောရရင် ဆရာကြီး ဂရုစိုက်လဲ ကျွန်မကတော့ အရေးမစိုက်ပါဘူး"

ဤကား ကွမ်းစန်စင်အဖို့ ဒုတိယအကြိမ် အစော်ကားခံရခြင်းပင် ဖြစ်တော့သည်။



ပေါက်ကွဲလှ အခြေအနေကို ဝမ်ကျင့်လန်က အရေးအကြီး စင်၍ ထိန်းလိုက်လေ၏။

"ညီမလေး၊ ဆရာကြီးကို ဒီလိုမပြောရဘူးလေ"

သူသည် ကွမ်းစန်စင်အား ကပျာကယာ ဦးညွှတ်လျက်....

"ဆရာကြီးခင်ဗျာ၊ စိတ်မဆိုးဖို့ ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ"

ကွမ်းစန်စင်က ခပ်တိုးတိုးရေရွတ်လိုက်၏။

"တယ်ပြီး မိုက်ရိုင်းတဲ့ မိန်းကလေးပဲ၊ နောင်ကြီး ဝမ်ကျုံးထန်ရဲ့ သမီးဟာ ဒီလိုပဲတဲ့လား"

ကွမ်းစန်စင်သည် မိန်းကလေးကို စူးစူးစိုက်စိုက် ကြည့်ပြီးထပ်မံ မေးမြန်းလေ၏။

"မိန်းကလေး၊ မင်းဖခင်ရဲ့ အလောင်းကို ဘယ်မှာ မြှုပ်နှံသင်္ဂြိုဟ်လိုက်သလဲ၊ကျုပ်တို့ ဂါရဝပြုမယ်၊နောက်ပြီး ကျုပ်တို့ဂိုဏ်းချုပ်ကြီးဆီကို အစီရင်ခံရမယ်"

မိန်းကလေးက လှောင်ရယ် ရယ်တော့သည်။

"ခစ်...ခစ်...ခစ်၊ ဖေဖေ့ကို သချိုင်းဂူမှာ ကျောက်မျက်ရတနာ မျိုးစုံ မြှုပ်နှံပေးထားတယ်ရှင့်၊ တမလွန်ဘဝမှာ ချမ်းချမ်းသာသာ နေရအောင်ဆိုတဲ့ သဘောပေါ့၊ ဘာလဲ ရှင်တို့က အဲဒီ ကျောက်မျက်ရတနာတွေကို လိုက်ပြီး တူးယူမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဤကား မိန်းကလေး၏ ဒုတိယအကြိမ်မြောက် စော်ကားခြင်းပင် ဖြစ်တော့၏။ ကွမ်းစန်စင် စိတ်ဆိုးလေပြီ။

"လူကြီးသူမကို မရိုမသေ မလေးစားတဲ့ မိန်းကလေးကို မဆုံးမ မသွန်သင်လို့ မဖြစ်တော့ဘူး၊ သူ့ကို ဆုံးမလိုက်ကြစမ်း"

ကွမ်းစန်စင်က လက်ညှိုးထိုး၍ အမိန့်ပေးလိုက်သောအခါ သူ့နောက်၌ ထိုင်နေသည့်လူနှစ်ယောက်သည် လျှပ်တစ်ပြက် ခုန်အုပ်ကြတော့သည်။

သူတို့ လျင်မြန်ပုံက စံတင်လောက်၏။ ကွမ်းစန်စင်၏ သူ့ကို ဆုံးမလိုက်ကြစမ်းဆိုသည့် စကားမဆုံးမီမှာပင် တစ်ပြိုင်နက် ခုန်အုပ်ပြီး ဖြစ်နေကြသည်။

ဝမ်ကျင့်ချန်က အလန့်တကြား အော်လိုက်သည်။

"ဆရာကြီး၊ သူဟာ ကျွန်တော့်ညီမပါ"

မိန်းကလေးက 'အစ်ကိုဝင်မစွက်နဲ့'ဟု ပြောပြီး ထိုင်ရာမှ ခုန်ထွက်သွားသည်။ ကွမ်းစန်စင်၏ လူနှစ်ဦးမှာ သူတို့ထက် လျင်မြန်နေသည့် မိန်းကလေးကို မအုပ်မိဘဲ ဖြစ်သွားကြရ၏။

"သူတို့နှစ်ယောက်ကို တိုက်စမ်း"

ဆန်ကွမ်းချီသည် ကျွန်လုဂိုဏ်းသားနှစ်ဦးရှေ့သို့ ခုန်ထွက်လာ၏။ သူတို့သုံးဦးစလုံး ကျွန်လုဂိုဏ်းသားများ ဝတ်ဆင်ပုံအတိုင်း ဝတ်ဆင်ထားကြသဖြင့် ကွမ်းစန်စင်၏ လူနှစ်



ဦးက သူတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိကြတော့၏။

ဆန်ကွမ်းချီ၏မျက်နှာမှာ သူ၏မူလ မျက်နှာကဲ့သို့ ချောမောခြင်းမရှိပါ။ သူ၏ခန့်ညားသောဥဇ္ဇမိရုပ်သည် ပျောက်ကွယ်နေ၏။

ကျွန်လုဂိုဏ်းသား နှစ်ယောက်သည် သူတို့ ဂိုဏ်းဝင်အဝတ်အစားကို ဝတ်ဆင်ထားပြီး ကြောင်စီစီ ရှိနေသည့် လူငယ်တစ်ဦးအား မတိုက်ခိုက်လိုကြပေ။ ထိုလူငယ်အား တိုက်ခိုက်ခြင်းဖြင့် သူတို့၏ဂိုဏ်းသိက္ခာထိခိုက်မည်ကို စိုးရိမ်နေခဲ့ရကြ၏။

လက်ဝဲဘက်မှ ကျွန်လုဂိုဏ်းသားက မတိုက်ခိုက်မီ မေးမြန်းလေ၏။

"မင်း ဘယ်သူလဲ၊ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့၊ ငါတို့ ရိုက်ချက်တစ်ချက် မိသွားတာနဲ့ ဇီဝိန်ကြွေသွားမယ်"

သူတို့မေးမြန်းနေစဉ် ဆန်ကွမ်းချီက လျှပ်တစ်ပြက် ခုန်ဝင်လာလေ၏။ လက်ဝဲဘက်မှလူသည် မေးမြန်းနေခိုက် သူ့အား ဤသို့ ပြန်လှန်တိုက်ခိုက်လိမ့်မည်ဟု မယုံကြည်ချေ။

ထိုစဉ် ဆန်ကွမ်းချီ ရုတ်တရက် ခုန်ဝင်လာပြီး သူ့အား ထိုးနှက်တိုက်ခိုက်သောအခါ မည်သို့မျှ မခုခံနိုင်တော့ဘဲ လွင့်စဉ်ထွက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ ထထိုင်လိုက်သည်နှင့်နီရဲသောသွေးများကို 'ဝေါ' ခနဲ ထိုးအန်ချတော့သည်။

ရှောင်လင်ဂိုဏ်းမှ တက်မုဆရာတော်ကြီးနှင့် ဖန်မုဆရာတော်သည်လည်းကောင်း၊ ချင်းစိန် အဘိုးအိုနှစ်ဦးသည် လည်းကောင်း လျှပ်တစ်ပြက် အခြေအနေကြောင့် ငေးကြောင်ကြောင် ကြည့်နေမိကြ၏။

ကွမ်းစန့်စင်၏ လူနှစ်ယောက်အကြောင်းကို သူတို့ သိသွားကြသည်။

သို့သော် လူစိမ်းက ထိုလူနှစ်ယောက်ထက် အစွမ်းထက်နေချေတကား။

ညာဘက်မှလူသည် ငြိမ်၍ရပ်မနေတော့ပေ။ ဆန်ကွမ်းချီအား ဝင်ရောက်တိုက်ခိုက်တော့၏။

ဝက်မှခေါင်းသို့ဝင်လာသူအား ဆန်ကွမ်းချီက ကိုယ်တစ်ခြမ်းစောင်းရှောင်ကာ ပခုံးတိုလက်ဝါးဖြင့်ရိုက်ချသည်။ ဆန်ကွမ်းချီ၏လှုပ်ရှားမှုက သူ့ရန်သူထက် အဆပေါင်းများစွာ လျင်မြန်လှသဖြင့် ထိုလူမှာ ဝုန်းခနဲ လဲကျသွားတော့သည်။ အတွင်းဒဏ်ရာ ပြင်းထန်စွာ ရရှိသွားလေ၏။

ဆန်ကွမ်းချီသည် သူ့ပြိုင်ဘက်နှစ်ဦး လဲကျသွားသောအခါ ဆက်မတိုက်တော့ဘဲ ရပ်နေတော့၏။

တစ်ခန်းလုံးရှိ သိုင်းသမားများမှာ ဆန်ကွမ်းချီ၏ သိုင်းပညာ ထူးခြားထက်မြက်ပုံကို ငေးမောကြည့်လျက် အံ့ဩနေမိ၏။



သခင်ကြီးဝမ်ကျုံးထန်၏ သမီးဟု ယူဆထားရသည့် အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသည့် မိန်းကလေးသည် ခေါင်းတိုမော့၍ ရှေ့သို့ထွက်လာ၏။

သူမ၏မျက်နှာက ကွမ်းစန့်စင်မှအစ ဆရာတော်ကြီးများအဆုံး လူအားလုံးအား 'ကဲ-ဘယ့်နှယ်ရှိစ' ဟူသော သဘောမျိုး သက်ရောက်နေသည်။

သူမက လက်ကိုတစ်ချက်ဝှေ့ယမ်းပြီး....

"ကဲ....ပွဲပြီးသွားပြီ၊ ဒါဟာတရားသောတိုက်ခိုက်ပွဲပဲ၊ အခုအချိန်ကစပြီး ဖေဖေ့ရွာပနကို တတ်ရောက်လာတဲ့ သိုင်းသမားတိုင်း ကိုယ့်ရပ်ကိုယ့်ရွာနေကို ပြန်နိုင်ကြပါပြီ"

"ညီမလေး"

ဝမ်ကျင့်လန်က ရုတ်တရက်ထအော်၏။ မိန်းကလေးက ခက်ထန်စွာ ပြောလိုက်သည်။

"ရှင် ထိုင်နေစမ်းပါ"

ဝမ်ကျင့်လန်မှာ မည်သည့်စကားမျှဆက်မပြောရဲတော့ဘဲ ထိုင်ချလိုက်ရတော့သည်။

ဆရာကြီးကွမ်းစန့်စင်မှာမူ ကြက်သေသေပြီး ထိုင်နေမိသည်။

သိုင်းလောက အတွေ့အကြုံရင့်ကျက်သူဖြစ်သော်လည်း ဤမျှ မောက်မာသော မိန်းကလေးမျိုးကို မတွေ့ကြုံဖူးခဲ့သဖြင့် ကွမ်းစန့်စင် ကြက်သေသေသွားရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တက်မှုဆရာတော်သည် လက်အုပ်ချီပြီး ထလာလေ၏။

ကွမ်းစန်စင်က....

"ဆရာတော် ဘာမျှားမိန့်ကြားမလို့လဲဘုရား"

ဆရာတော်သည် ကွမ်းစန်စင်အား စိတ်မပူရန် အချက်ပြပြီး မိန်းကလေးဘက်သို့ လှည့်ပြီးစကားပြောလေ၏။

"ဒကာမလေး၊ ကိုယ့်ဖခင်ရဲ့ ဈာပနကို တက်ရောက်လာတဲ့ ဝါရင့် သမ္မာရင့် ဆရာတော်များနဲ့ ဆရာ့ဆရာကြီးများကို မောက်မာရိုင်းပျစွာ မဆက်ဆံသင့်ပါဘူး၊ ဒကာမလေး ပြောခဲ့တဲ့စကားကို ပြန်ရုပ်သိမ်းပါ"

မိန်းကလေးက ခပ်မာမာပင် ပြော၏။

"မရုပ်သိမ်းဘူး၊ အားလုံးပြန်သွားကြပါ"

ဆရာတော်က တည်ကြည်စွာ ဆက်ပြော၏။

"ဒကာကြီး ဝမ်ကျုံးထန်ဟာ သိုင်းလောကကို ကာကွယ်စောင့်ရှောက်ခဲ့တယ်၊ သိုင်းလောကသားတွေကို ကူညီရိုင်းပင်းခဲ့တယ်၊ သူ့ကျေးဇူးတွေကို ထောက်ထားပြီး သူ့ဈာပနကို တက်ရောက်လာခဲ့ကြခြင်း ဖြစ်တယ်"

မိန်းကလေးက လှောင်ရယ် ရယ်ပြီး....

"အဲဒါနဲ့ ကျွန်မဖေဖေရဲ့ အုတ်ဂူထဲက ရတနာတွေကို တူးယူကြမလို့ပေါ့လေ"

တက်မှု ဆရာတော်က...



"ဒကာမလေး၊ အမှန်တရားကို ဘယ်အခါမှ အုပ်ဆိုင်းလို့ မရပါဘူး။ အမှန်တရားဆိုတာ တစ်နေ့ပေါ်လာမှာ သေချာတယ်၊ ကျုပ်တာ လောကီကိစ္စတွေကို စိတ်မဝင်စားပေမယ့်လူသားတွေရဲ့အကျိုးကို ကာကွယ်စောင့်ရှောက်ဖို့ ပတ်သက်လာတဲ့အခါမှာတော့ ဘာကိုမှ ငြင်းပယ်ခြင်းမရှိကြပါဘူး၊ ဒကာကြီးဝမ်ကျုံးထန် ကွယ်လွန်တဲ့ကိစ္စမှာ ဒကာမလေးဟာ ကျုပ်တို့ကို မျက်လှည့်တစ်ခုပြသခဲ့တယ်၊ ဒါကို ကျုပ်တို့ ယုံမယ်များ ထင်သလား"

"မယုံရင်ကော ဘာဂရုစိုက်ရမှာလဲ၊ ဆရာတော်တို့ ပြန်ပေါ့၊ သူဘစ်ဖါးရဲ့ မိသားစုကိစ္စမှာ ဝင်မစွက်ကြစမ်းနဲ့"

"ကျုပ်တို့က တ မင်သက်သက် ဝင်စွက်နေတယ်လို့ ဒကာမလေး ထင်နေသလား"

"တမင် ဝင်စွက်နေတာမဟုတ်ရင် ဘာလို့ခေါ်မလဲ၊ ကာယကံရှင်ရဲ့ သမီးက ဆရာတော်တို့ကို ပြန်လွှတ်နေပြီ၊ ဒါတောင် မပြန်နိုင်သေးဘူး"

တက်မှုဆရာတော်က တသိမ့်သိမ့် ရယ်လိုက်၏။ မိန်းကလေးက ခက်ထန်မာကျောသလောက် ဆရာတော်က နူးညံ့ပျော့ပျောင်းနေသည်။

"ဒကာမလေး၊ ကျုပ်တို့ကို ဒကာမလေးရဲ့ ဖခင်ကြီးက ဒီဝမ်ဂေဟာကိုလာခဲ့ကြပါ၊ လာကူညီပါဦးလို့ ဖိတ်ခေါ်ခဲ့လို့ ကျုပ်တို့ လာခဲ့ကြပါတယ်ဆိုရင်တော့ ဒကာမလေး

www.burmeseclassic.com



အနေနဲ့ ဘာမှပြောစရာဆိုစရာ ရှိမယ်မထင်ဘူး၊ ပြောစရာကော ရှိပါသေးသလား"

တက်မှုဆရာတော်၏ စကားများသည် အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသည့် မိန်းကလေး၏ နားထဲသို့ မိုးကြိုးဖစ်သလို မြည်ဟည်း ဝင်ရောက်သွားလေ၏။

သို့သော် သူမသည် လွယ်လွယ်နှင့် အလျှော့ပေးမည့်သူ မဟုတ်ပေတကား။

စာစဉ်-၄ ဆက်လက်ဖတ်ရှုပါရန်

စာရှုသူများ၏ မေတ္တာကို ခံယူလျက်

ထက္ကသိုလ် နေ့ထင်းဧအောင်

BURMESE CLASSIC

www.burmeseclassic.com